


# မန်းတင်

# ခရီးသည် မောင်ပြုံးချို

ဒုတိယအကြိမ်

နးသည်မောင်ပြုံးချို
ကိုယ အကြိမ်၊ ၂၀၀၄ ခုနှစ် ဇူလိုင်လ၊ အုပ်ရေ ၅၀၀

ဖုံးပန်းချီ   သန်းမြင့်အောင်

က်နှာဖုံးခွင့်ပြုချက်အမှတ် ၂၂၃/ ၂၀၀၄(၂)နှင့် စာမူခွင့်ပြုချက်အမှတ်
;၆/ ၂၀၀၃(၅)တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉
မ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်
တွင်းစာသားကို ဦးရှိန်ဘီး(၀၆၇၅၉)၊ ဝင်းလိုက်မိတ်အော့ဖ်ဆက်၊
်မရေတပ်စက်မှုလက်မှုတပ်၊ အောက်ပုဇွန်တောင်လမ်း၊ သံလျက်စွန်း၊
ပ်တာထောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

န်ဖိုး ၁၂၀၀ ကျပ်

ရမီစာပေ
၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၄၊ ကမ္ဘာ့အေးစေတီတော်မုခ်ဦးဈေးတန်း၊ ရန်ကုန်
၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
mail paramibk@myanmar.com.mm

# မာတိကာ


| | | |
|---|---|---|
| ၁။ | အလံတောင်သို့ | ၅ |
| ၂။ | ရေညိုပျံ့သင်း ညောင်ရွှေအင်း | ၁၉ |
| ၃။ | တောနှင့် တောင်စွယ် ရေပြင်ကျယ် | ၃၅ |
| ၄။ | တောင်တိုမှ အင်းတိမ်သို့ | ၄၅ |
| ၅။ | အင်းလေးတိုက်တေးပွဲ | ၅၄ |
| ၆။ | မိုးညိုလမ်း | ၆၉ |
| ၇။ | ရေကြီးချိန် | ၈၂ |
| ၈။ | နှိုခဲ့ဖူးသည့်အရိပ် | ၉၄ |
| ၉။ | အပြန်လမ်း | ၁၀၅ |
| ၁၀။ | ရေစီးသန်သန် အားမာန်နှင့်ဆန် | ၁၁၇ |
| ၁၁။ | မိခင်ဦးခေါင်းချရာ | ၁၂၈ |
| ၁၂။ | ဒုလ္လဘ | ၁၄၀ |
| ၁၃။ | ဒုလ္လဘ [၂] | ၁၅၄ |
| ၁၄။ | ဒုလ္လဘ [၃] | ၁၆၅ |
| ၁၅။ | ဒုလ္လဘ [၄] | ၁၇၄ |
| ၁၆။ | အဘိုးကြီးအို ခါးမကုန်း | ၁၈၈ |

# ခရီးသည်

သွားသော် ရောက်၏
ပေါက်သည့်ခရီး
ချည်းနှီးမဖြစ်
အမြင်သစ်ကို
တွက်စစ်မှတ်သား
သုတပွား၏ ။
ပွားသည့်သုတ
မှတ်သားရသော်
လောကအလယ်
ပညာကြွယ်၏ ။
ကြွယ်သည့်ပညာ
ပဒေသာကို
သင့်ရာပိုင်ပိုင်
သုံးပြနိုင်၏ ။ ။

မန်းတင်

၂၄-၁-၈၉

# အလံတောင်သို့

၁၉၆၄ ခု၊ ဆောင်းရာသီ။

နှင်းမှုန်တွေ ဝေနေသော နံနက်စောစောအချိန်တွင် မောင်ပြုံးချိုတို့အဖွဲ့သည် ရန်ကုန်မှ သာယာဝတီသို့ ခရီးထွက်လာကြသည်။ အဖွဲ့တွင် ဗဟိုရုပ်ရှင်မှ ဦးခင်မောင်လတ် ခေါင်းဆောင်သော ရုပ်ရှင်ရိုက်ကူးသူသုံးဦး၊ အသံလွှင့်ဌာနခွဲမှ ဦးတင်ဦး၊ ဦးသန်းစိန်သစ်၊ ပြန်ကြားရေးဌာနခွဲမှ ဗိုလ်ကြီးစံဝင်း၊ ဦးမြင့်ဦးနှင့် ဓာတ်ပုံဆရာ ဦးစံဝင်းတို့အပြင် ကားမောင်းသူ နှစ်ဦးပါဆိုလျှင် ၁၂ ဦး ပါဝင်လေသည်။

ခရီးထွက်လာခြင်း၏ ရည်ရွယ်ချက်မှာ ၁၂၉၂ ခု၊ တောင်သူလယ်သမားအရေးတော်ပုံနှင့် စပ်လျဉ်း၍ အချက်အလက်များ စုဆောင်း၍ မှတ်တမ်းတင်ကြရန် ဖြစ်လေသည်။

"ရန်ကုန်မြို့ထဲမယ် အနေကြာပြီး ရုံးနဲ့အိမ်၊ အိမ်နဲ့ရုံးပဲ အချိန်ကုန်နေရတဲ့ လူတွေအဖို့ တစ်ခါတစ်ခါ ဒီလိုခရီးထွက်ရတာ အလွန်ကောင်းတယ်" ဟု ဗိုလ်ကြီး စံဝင်းက ပြောလေသည်။ မှန်ပါသည်။ မောင်ပြုံးချိုအဖို့လည်း ရွှင်လန်းနေပါသည်။ ကျေးရွာများရှိ တောင်သူလယ်သမားများနှင့် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်ကာ ထွေရာလေးပါး စကားမပြောခဲ့ရသည်မှာ ကြာမြင့်ပါပြီ။ နယ်တွင် ကာလကြာမြင့်စွာ နေထိုင်ခဲ့ရသူအဖို့ မကြာခဏပင် ထိုရသာထူးကို ရန်ကုန်မြို့မှနေ၍ တမ်းတခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြို့ထဲက ထွက်နိုင်ရန်ပင် အခွင့်အရေး မရခဲ့။

ယခု ထိုအခွင့်အရေးကို ရပြီဖြစ်သောကြောင့် ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေလေသည်။ သာယာဝတီသည် မောင်ပြုံးချိုအဖို့ ဇာတိချက်ကြွေ မွေးရပ်မြေပင် မဟုတ်သော်လည်း တိုင်းပြည်တာဝန်ထမ်းခဲ့သည့် ဘဝတစ်လျှောက်တွင် အကြာဆုံးနေထိုင်ခဲ့သောဒေသ ဖြစ်သည်။ ထို့ကြောင့် သံယောဇဉ်အများဆုံး ငြိတွယ်သော ခရိုင်လည်း ဖြစ်သည်။ ထို့ပြင် မိတ်ဆွေရင်းချာများ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း၊ ခရိုင်ဝန် ဦးမြသိန်း၊ မြို့ပေါ်ရှိ အခြားမိတ်ဆွေဟောင်းများနှင့်လည်း တွေ့ဆုံလိုလှသောအကြောင်းလည်း ပါဝင်သည်။

ရန်ကုန်မြို့နယ်နိမိတ်ကိုကျော်လွန်၍ တောဘက်သို့ရောက်လျှင် သစ်ပင်ဝါးပင်ကြီးများ အုပ်ဆိုင်းနေသော ရွာကြီးများကို တွေ့ရသည်။ ထိုရွာကြီးများကို ကျော်၍ ကြည့်လိုက်လျှင် မျက်စိတစ်ဆုံး စပါးလယ်ကွင်းကြီးများတွင် ရိတ်ပြီး စပါးပင်တို့မှ ကျန်ရစ်ခဲ့သော စပါးရိုးပြတ်တို့သည် ကွင်းလုံးပြည့် မတ်မတ်ထောင်လျက် ရှိကြကုန်သည်။ ထိုလယ်ကွင်းကြီးထဲတွင် ပေါက်ခါစ လှည်းလမ်းကြောင်းနှစ်သွယ်အတိုင်း ကောက်ရိုးများကို မို့မို့မောက်မောက် သယ်လာသော လှည်းတစ်စီးသည် ခပ်လှမ်းလှမ်း ရွာတစ်ရွာမှ လမ်းမကြီးဘက်ဆီသို့ မောင်းလာသည်ကို တွေ့ရသည်။

အချို့ရွာများ၏ ပြင်ပတွင် ညီညာမာကျောသော တလင်းပြင်ပေါ်တွင် အဆင့်ဆင့်တင်ထားသည့်ကောက်လှိုင်းပုံကြီးများကို တွေ့မြင်ရသည်။ တစ်ဖက်တွင်ကား လယ်သမားသည် ဝေ့ကာပတ်ကာ တံဖျာတဝင့်ဝင့်နှင့် "ဟဲ့… အို ဘယ့်နယ်" ဟူသောအသံများဖြင့် အော်ငေါက်ရင်း စပါးနယ်နေသည်။ အခြားတစ်ဖက်တွင်မူ နယ်ဖတ်ပြီး စုပေါင်းထားသော စပါးပုံတို့မှ စပါးတို့ကို အမှိုက်အမှုန်များ ကင်းစင်စေအံ့သောငှာ လှေ့စင်မှ လှေ့ချနေသည်ကိုလည်း တွေ့သည်။ အမှိုက်သရိုက်တို့သည် လေတွင် လွင့်ပါသွား၍ စပါးစေ့တို့သာလျှင် တလင်းပေါ်သို့ အပုံလိုက် ကျဆင်းလျက် ရှိကုန်၏။

ယခင်ကဆိုလျှင် သည်အချိန် သည်အခါတွင် ဘယ်တုန်းကမှ လယ်ထဲသို့ မဆင်းခဲ့သော လယ်ရှင်ဖြစ်စေ လယ်ရှင်၏ကိုယ်စားလှယ်ဖြစ်စေ လှည်းယဉ်ကြော့ကြော့နှင့် ရောက်ရှိလာပြီးလျှင် လယ်သီးစားခကို တင်းကြီးကြီးနှင့်

ခြင်ယူတတ်ကြသည်။ မိုးလေဝသမှန်၍ စပါးထွက်ကောင်းလျှင် ကောက်စိုက်ခ၊ လယ်ရိတ်ခနှင့် ချေးကြွေးများ ပေးရန်နှင့် ဝမ်းစာအတွက် အနည်းငယ် ကျန်ရှိပေမည်။ မိုးလေဝသ မမှန်၍ အထွက်လျော့လျှင် လယ်သမားအဖို့ လယ်ခပေး၍ ကြွေးဆပ်လိုက်သောအခါ ခက်ရင်းနှင့် ကောက်ဆွပင် ပြောနိုင်မှ ကျန်ရှိတော့သည်။

မောင်ပြုံးချိုတို့အဖွဲ့သည် သာယာဝတီသို့ နံနက်ကိုးနာရီခန့်တွင် ရောက်ရှိသွားကြသည်။ ဝွေးချောင်း ဂရန်အတွင်းရှိ တပ်စခန်းတွင် နံနက်စာ စားပြီး ဖားရွှေကျော်ရွာသို့ ခရီးထွက်ခဲ့ကြလေသည်။

ဖားရွှေကျော်သည် ၁၂၉၂ ခုနှစ် တောင်သူလယ်သမား အရေးတော်ပုံတွင် အထူးနာမည်ကြီးခဲ့သော ရွာဖြစ်သည်။ ထိုရွာတွင် မောင်ပြုံးချိုတို့တစ်တွေသည် တောင်သူလယ်သမားအရေးတော်ပုံတွင် ပါဝင်ခဲ့ကြသူ ဂဠုန်သူပုန်ဟောင်းကြီးများနှင့် တွေ့ဆုံရလေသည်။ ရေတိုက်ရွာမှ ဦးဘိုးထိန်၊ ဦးလှိုင်၊ ဦးမိုးသီး၊ ဦးအုန်းဖေနှင့် ဦးသူငယ်တို့သည် အသက် ၅၀ ကျော် ၆၀ ကျော် အရွယ်များ ဖြစ်ကြသော်လည်း ကျန်းမာသန်စွမ်းလျက်ပင် ရှိကြသည်။ လွန်ခဲ့သော ၃၅ နှစ် အရေးတော်ပုံ ဖြစ်စဉ်ကဆိုလျှင် သူတို့သည် အသက်အရွယ်အားဖြင့် ၂၀ ကျော် ၃၀ မျှသာ ရှိကြဦးမည်။ ဝံသာနုစိတ်ဓာတ် ပြင်းထန်နေချိန်ဖြစ်သည်။

နယ်ချဲ့အစိုးရ လက်ပါးစေ စစ်ပုလိပ်များက နှိပ်စက်ကလူ ပြုပုံများကို ပြောကြားကြလေသည်။

ဦးဘိုးထိန်မှာ ရမ်းသွေးပါသူ ဖြစ်သည်။ သူ့ကို ရမ်းဘိုးထိန်ဟု ခေါ်ကြသည်။ ယခု အသက် ၅၇ နှစ် ရှိပြီး အရေးတော်ပုံတုန်းက သူ့အသက်သည် ၂၂ နှစ်သာ ရှိသေးသည်။ မောင်ပြုံးချိုသည် နှုတ်ခမ်းမွေး ဖြူဖြူကားကားနှင့် သူ့ရှေ့တွင်ထိုင်နေသောဦးဘိုးထိန်ကို ကြည့်၍ လွန်ခဲ့သော ၃၅ နှစ်က လူငယ် မောင်ဘိုးထိန်ကို မြင်ယောင်နေသည်။

"ဟိုတုန်းကတော့ သေရမှာလည်း မကြောက်ဘူး။ စိတ်မြဲကိုယ်မြဲပဲ။ လဆန်း ၄ ရက်နေ့ည ထောင်သွားဖောက်မယ်ဆိုတုန်းကလည်း ပါတာပေါ့၊ လမ်းမယ် သူကြီးကိုဝိုင်းနှက်နဲ့ တွေ့ပြီး ရုတ်ရုတ်သဲသဲဖြစ်တာနဲ့ ပြန်လာခဲ့ရ

တယ်။ ၅ ရက်နေ့ည ဖားရှေကျော်တိုက်ပွဲမှာလည်း ပါတာပဲ။ ၇ ရက်နေ့ကျတော့လည်း ပါတာပဲ။ ၁၂ ရက်နေ့ တိုက်ပွဲတုန်းကတော့ တောင်ပေါ်ကျန်ခဲ့တယ်"ဟု ပြောလေသည်။

အလံတောင်စခန်း ပျက်သွားသောအခါ ဦးဘိုးထိန်သည် တင်းကုပ်ကြီး အရှေ့လှည်းစခန်း မြောင်စခန်းတွင် ဆရာစံနှင့် ခွဲကြသည်။ ကိုးလလောက်ကြာသောအခါမှ လက်နက်ချ ဝင်ရောက်လာရာ တရားစွဲဆိုခြင်း ခံရပြီး တစ်သက် တစ်ကျွန်း ဒဏ်ပေးခံရသည်။ သာယာဝတီထောင်တွင် တစ်နှစ်ခွဲ၊ တစ်ကျွန်းတွင် ငါးနှစ်ကြာမှ ဘုရင်နန်းတက်ပွဲတွင် လွတ်လာခဲ့သည်။

ဦးအုန်းဖေသည် အသက် ၆၅ နှစ် ရှိပြီဖြစ်၍ ထိုစဉ်က အသက် ၃၀ အရွယ်သာ ရှိသေးသည်။ အလံတောင် စခန်းပြိုပျက်ပြီးနောက် တောထဲတွင် အဖွဲ့သားများနှင့်အတူ တိမ်းရှောင်နေရပြီး အတန်ကြာမှ လက်နက်ချဝင်ခဲ့သည်။ တရားရုံးတွင် သေဒဏ်ပေးခဲ့ပြီးနောက် အသနားခံလွှာတင်ရာတွင်မှ တစ်သက်တစ်ကျွန်းဒဏ် ပြောင်းလဲပေးခဲ့သည်။

ဦးလှိုင်၏ အသက်မှာ ယခု ၅၉ နှစ် ရှိပြီ ဖြစ်သည်။ ပြာသိုလဆန်း ၅ ရက်၊ ၇ ရက် တိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ သူလည်း တစ်သက်တစ်ကျွန်း ခံရသူ ဖြစ်သည်။

ဘကြီးတို့သည် မောင်ပြုံးချိုတို့နှင့် တွေ့ဆုံ၍ ဆရာစံခေါင်းဆောင်ခဲ့သော တောင်သူလယ်သမား တော်လှန်ရေး အရေးတော်ပုံကြီးမှ အတွေ့အကြုံ အဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုရသောအခါ ၃၅ နှစ်ခန့် ပြန်၍ ငယ်သွားကြလေသည်။

ထိုစဉ်က နယ်ပိုင်၊ မြို့ပိုင်နှင့် သူကြီးတို့က နယ်ပုလိပ်၊ စစ်ပုလိပ်တွေကို ခေါ်လာ၍ မည်သို့မည်ပုံ နှိပ်စက်ညှဉ်းပန်းပြီး လူခွန်တော်တောင်းပုံ၊ တောင်သူလယ်သမားတို့က မည်သို့မည်ပုံ မပေးဘဲ ငြင်းဆန်နေကြပုံ၊ ပစ္စည်းတွေကို သိမ်းပုံ စသည်တို့ကို ပြောဆိုနေကြရာ ကြားရသူများပင် ကြက်သီးတဖြန်းဖြန်း ထမိလေသည်။

"ဝံသာနုအသင်းတွေ ဆုံးဖြတ်ထားတဲ့အတိုင်း လိပ်ကိုအခွံခွာရင် သေမယ်ဆိုလို့ အင်္ဂလိပ်အစိုးရကို အခွန်မပေးဘဲ နေခဲ့တာပေါ့။ တချို့များ ငွေ

ငါးကျပ်လောက်အတွက် နွားတစ်ကောင်လုံး ဆုံးသွားခဲ့ကြတယ်"ဟု တစ်ဦးက ပြောလေသည်။

"နိပ်စက်တာတော့ မပြောနဲ့တော့၊ ကမ်းကို ကုန်နေတာပဲ၊ စားနေတဲ့ ထမင်းပွဲတောင် ပန်ချာပီစစ်ပုလိပ်တွေက ခြေထောက်နဲ့ ကန်ပစ်တယ်"ဟု တစ်ယောက်က ပြောလိုက်လျှင် အခြားတစ်ယောက်က "ဒါ ဘာဟုတ်သေးလဲ၊ ကျုပ်တို့အိမ်များ သောက်ရေအိုးထဲခြေဆေးသွားတယ်"ဟု ပြောရာ အခြားတစ်ယောက်က "ဒါ ဘာဟုတ်သေးလဲ၊ ကျုပ်တို့အိမ်များ ငါးပိအိုးကို ကျင်ငယ်နဲ့ ပန်းသွားတယ်" စသည်ဖြင့် ထိုစဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုကြသည်။ ထို့နောက် တိုက်ပွဲဖြစ်ခဲ့သော နေရာများကို သွားရောက်ကြည့်ရှုကြသည်။ ဂျွန်သူပုန်ဟောင်းကြီးများသည် ဗြိတိသျှ အစိုးရတပ်များ မည်သို့မည်ပုံ တက်လာ၍ မိမိတို့က မည်သို့ တိုက်ခိုက်ကြသည်ကိုပါ စိတ်ပါလက်ပါ ပြောပြကြသည်။

ထိုနေရာမှ နေ၍ အင်းကောက်ကြီး၊ ရေတိုက်ရွာများဘက်သို့ လှမ်းမျှော်၍ ကြည့်မိသည်။ မြစိမ်းရောင်သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသော ရွာကြီးများသည် ရွှေဝါရောင် စပါးရိုးပြတ်တော အလယ်တွင် ထည်ဝါစွာ တည်ရှိနေသည်။

ရွာများကို ကျော်၍ မျှော်လိုက်လျှင် ပဲခူးရိုးမတောင်တန်းကြီးသည် ညနေခင်းနေရောင်ခြည်တွင် မှိုင်းညိုညို့ ဖြစ်နေလေသည်။ ဂျွန်သူပုန်တို့သည် ဤအနီးအနားပတ်ဝန်းကျင်မှ ထွက်၍ ရိုးမတောင်တန်းတောင်ရိပ်ကို ခိုခဲ့ကြသည်။ နယ်ချဲ့တပ်များကို ရရာလက်နက် စွဲကိုင်၍ ဤလယ်ကွင်းများတွင် တိုက်ပွဲဆင်ခဲ့ကြသည်။ ရွှေဝါရောင် ရိုးပြတ်တောဝယ် သူတို့၏သွေးတို့ဖြင့် ဆွတ်ဖျန်းခဲ့ကြသည်။

နောက်တစ်နေ့တွင် မောင်ပြုံးချိုတို့တစ်တွေသည် တပ်မတော်နှင့် ခရိုင်ဝန်တို့၏ စီစဉ်ပေးချက်အရ သဲဖြူရွာသို့ သွားကြပြီးလျှင် ထိုနယ်တစ်ဝိုက်ရှိ ဂျွန်သူပုန်ဟောင်းကြီးများနှင့် တွေ့ဆုံမေးမြန်းကြပါသည်။ သဲဖြူရွာသည် ပြည်လမ်းဘေးတွင် ကပ်လျက် ရှိသည်။ သာယာဝတီမှ ထွက်လာလျှင်ပင် ပြည်လမ်းဘေးတစ်လျှောက်၌ တွေ့ရှိရသော ဂုံမင်းမြောင်၊ သင်တောရိုး၊ အင်း

ရွာ၊ ကျွဲသတ်၊ လိပ်ဥကုန်း အစရှိသော ကျေးရွာများမှ တောင်သူလယ်သမား တို့သည် ဓားကို ကိုင်စွဲ၍ နယ်ချဲ့ကို တော်လှန်ခဲ့ကြသည်။

သဲဖြူရွာထိပ် ပြည်လမ်းတစ်ဖက်တွင်ရှိ အစိုးရစပါးဒိုင်တွင်ကား စပါး တင်လာသော လှည်းတွေနှင့် ဝိုင်းဝိုင်းလည် ပြည့်နှက်လျက် ရှိလေသည်။ တောင်သူလယ်သမားကြီးတို့သည် မိမိတို့လုပ်အားဖြင့် ရရှိသော စပါးရွှေဝါ တို့ကို လှည်းများဖြင့် တိုက်လာ၍ အစိုးရ စပါးဒိုင်တွင် ရောင်းချနေခြင်း ဖြစ်လေသည်။ တောင်လို မောက်နေသော စပါးပုံကြီးများသည် နေရောင်တွင် ရွှေရောင်လို ဝါဝါဝင်းနေသည်ကို အဝေးကပင် မြင်ရလေသည်။

သူတို့အဖွဲ့သည် သဲဖြူရွာအတွင်းရှိ သူကြီးအိမ်တွင် စတည်းချပြီးနောက် ဂျွန်သူပုန်ဟောင်းကြီးများ ဖြစ်ကြသော အုန်းပင်စုရွာမှ အောင်ဇေယျ၊ နော် ရထာ ဘွဲ့ရ ဦးပန်းစိန်၊ အင်းရွာ အလယ်စုမှ ရဲကျော်နော်ရထာဘွဲ့ရ ဦးကြက် တော၊ ဇရပ်မြောင်မှ ဦးစံဦး၊ ဦးကျော်ခင်၊ လိပ်ဥကုန်းမှ ဦးအောင်သာ၊ သာစည်မှ ဦးချစ်ရေး၊ ဒုဒိုမှ ဦးထွန်းမောင်၊ တင်းကုပ်ကြီးမှ ဦးဖိုးသင်း၊ ဦးတော်ရင်၊ သဲဖြူမှ ဦးမောင်ဟန်၊ ဦးမောင်သိန်းလေးနှင့် ဦးပန်းသီတို့ကို တွေ့ဆုံဆွေးနွေး၍ သူတို့၏ကိုယ်တွေ့အဖြစ်အပျက်များကို နာယူ မှတ်သားကြလေသည်။

ဦးပန်းစိန်မှာ ဆရာစံ၏ ရင်းနှီးသော လက်ရုံး ဗိုလ်ကြီးတစ်ဦး ဖြစ်၍ ထိုစဉ်က ဗိုလ်ပန်းစိန်၊ ဗိုလ်ပန်းချိန်ဟု နာမည်ကြီးခဲ့သော ညီအစ်ကို နှစ်ယောက် အနက် တစ်ယောက် ဖြစ်လေသည်။ အလံတောင်တိုက်ပွဲပြီးသည့်နောက် ၁၀ ရက်ခန့်အကြာတွင် ဆရာစံသည် ရုပ်ဖျက်၍ သာယာဝတီမှ ထွက်သော အခါ ဦးပန်းစိန်၊ ဦးပန်းချိန်တို့ ညီအစ်ကိုသည် ဝက်လှကလေး ဘူတာအထိ လိုက်၍ ပို့လိုက်ရသည်။ ဦးပန်းချိန်ကား ကွယ်လွန်သွားရှာလေပြီ။ ဦးပန်းစိန် သည် ယခုအချိန်တွင် အသက် ၆၂ နှစ်ရှိပြီ ဖြစ်သော်လည်း သန်မာတုန်းပင် ရှိသေးသည်။

ဦးကြက်တောသည် ၆၄ နှစ်ရှိ ကရင်အမျိုးသားတစ်ဦး ဖြစ်သည်။ စိတ်ဓာတ် အလွန်ပြင်းထန်သော ဝံသာနု ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ဆရာစံအား သာယာဝတီနယ်တွင် တော်လှန်ပုန်ကန်မှုအတွက် စည်းရုံးရေး လုပ်ငန်းများ လုပ်ကိုင်ရန် အင်းရွာမန်ကျည်းကုန်း ဘုန်းကြီးကျောင်းသို့ စတင်

ခေါ်ဆောင်လာခဲ့သူမှာ ဦးကြက်တောပင် ဖြစ်သည်။ တောင်ညိုဘုရားတွင် ဥပုသ်ကြီးဝင်သောအခါတွင် လည်းကောင်း၊ အလံတောင်တွင် အောင်မြေပန္နက် ရိုက်သောအခါတွင် လည်းကောင်း ဦးကြက်တောသည် ဆရာစံနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ရောက်ရှိနေကြသော ဂဠုန်သူပုန်ဟောင်းကြီးများသည် တောင်သူလယ်သမားစစ်စစ်ကြီးများသာ ဖြစ်၍ ယခုလည်း လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးနေကြတုန်းပင် ဖြစ်သည်။ သူတို့သည် လွန်ခဲ့သော ၃၅ နှစ်က နယ်ချဲ့အစိုးရလက်ထက် စစ်ပုလိပ် သံဖိနပ်အောက်တွင် ပြားပြားဝပ်၍ အနင်းခံနေရသောအချိန်က အကြောင်းများနှင့် စပ်လျဉ်း၍ မိမိတို့၏ အတွေ့အကြုံများကို အမျိုးမျိုးပြောဆိုလျက် ရှိကြသည်။

"ဟိုတုန်းကတော့ဟော၊ ဒီလိုအမျိုးမျိုး နှိပ်စက်တာကို ခံနေရတာထက် သေတာ ကောင်းပါသေးတယ် ဆိုပြီး ထချကြတာပဲ။ တို့လူတွေထဲကလည်း သေလိုက်ကြတာ အတုံးအရုံးပေါ့။ တိုက်ပွဲမယ် မသေပြန်တော့လည်း ကြိုးစင်တက်ရမှာပဲလို့ တစ်ထစ်ချ တွက်ထားတာပဲ"ဟု ဘကြီးတစ်ယောက်က ပြောကြားလေသည်။

"ဟုတ်တာပေါ့ဗျာ။ ကျုပ်တို့ ဒီလို အသေခံပြီး လုပ်ခဲ့လို့လည်း တစ်စတစ်စနဲ့ စည်းရုံးမှုအင်အားတွေ တိုးတက်လာပြီး လွတ်လပ်ရေး ရခဲ့တာပဲ။ လွတ်လပ်ရေးရခဲ့လို့လည်း တောင်သူလယ်သမားတွေရဲ့ ဘဝဟာ တဖြည်းဖြည်း ကောင်းလာတာပေါ့"

"ဟိုတုန်းကဆိုရင် ဒီအချိန်အခါမျိုးမယ် ပွဲစားတွေ ခြေချင်းရှုပ်နေတာပဲ။ တို့လယ်သမားတွေဟာလည်း ဘယ်လောက်ညှဲ့သလဲဆိုရင် ပွဲစားပေးတဲ့ဈေးပဲ ရောင်းကြတာပဲ၊ ပွဲစားတွေက ဈေးတင်နှိမ်တာ မဟုတ်သေးဘူး၊ ခြင်တော့လည်း ရောမ တင်းကြီးနဲ့ ခြင်ယူတာပဲ"

"ငွေရှင်ကြေးရှင်တွေ ခေါင်းမဖော်နိုင်တာကတော့ အစိုးရက မိုးတွင်းစိုက်ပျိုးတာကစ ရိတ်သိမ်းပြီးတဲ့အထိ စိုက်ပျိုးစရိတ်တွေကို အလုံအလောက်ပေးထားတာကိုး။ ဟိုတုန်းကတော့ နယ်ချဲ့အစိုးရက စိုက်ပျိုးစရိတ်ဆို နှစ်ပြားလောက်ပေးတော့ တို့လယ်သမားတွေ ဘယ်ရမလဲ။ အာမခံကောင်းကောင်း

ပေးနိုင်ပြီး မြို့အုပ်တွေ နယ်ပိုင်တွေနဲ့တည့်တဲ့ လယ်ပိုင်ရှင်တွေလောက်သာ ရတာ။ အဲဒီတော့ တို့လယ်သမားတွေကလည်း စိုက်ရေးပျိုးရေးအတွက် လယ်ရှင်တို့ ငွေချေးစားတဲ့ ချစ်တီးတို့ကို အားကိုးကြရတော့ သူတို့ တောင်းသမျှကို ပေးကြရတာပေါ့။ တစ်ခါတလေများ စပါးပေးဆိုပြီး မိုးဦးကျက သုံးဆယ့်ငါးကျပ်လောက် ယူထားရင် စပါးပေါ်တဲ့အချိန်မှာ တစ်ရာကျော်လောက်တန်တဲ့ စပါးတင်းတစ်ရာကို ပေးကြရတယ်၊ အဲဒီတော့ လယ်ခတို့ မိုးတွင်းကျကောက်စိုက်ခတို့ ကောက်သိမ်းချိန် လယ်ရိတ်ခတို့ ပေးလိုက်လို့ ရှိရင်တို့လယ်သမားတွေအဖို့ ဘာမှ မကျန်တော့ဘူး”

“အခုတော့ ဒိုဒုက္ခတွေက ကောင်းကောင်းကြီး လွတ်လာပါပြီ။ နောက်ဆိုရင် တို့တောင်သူလယ်သမားတွေရဲ့ဘဝဟာ ကောင်းလာတော့မှာပါပဲ ကွာ” ဟု ပြောဆိုကြရာ တစ်ယောက်သောသူက “အေးကွာ၊ ဟုတ်တော့ ဟုတ်ပါရဲ့၊ တို့ဘဝဟာ အရင်နဲ့စာရင် တော်တော်တိုးတက်လာပါပြီ” ဟု ပြောဆိုလေသည်။

ထိုနေ့တွင် တောင်သူလယ်သမား ဘကြီးများနှင့် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်ကာ ရင်းရင်းနှီးနှီး ဆွေးနွေးမှတ်သားခဲ့ကြပြီးနောက် သူတို့အဖွဲ့သည် ညနေစောင်းမှ သဲဖြူရွာမှ ထွက်ခဲ့ကြလေသည်။ နေညိုညိုချိန်တွင် ရွာထိပ် စပါးဒိုင်တွင် နံနက်က စပါးလာချနေကြသည့် လှည်းများ ပြန်ကုန်ကြပြီဖြစ်၍ ရှင်းလင်းလျက် ရှိလေသည်။

နောက်တစ်နေ့တွင် အနီးအနားတစ်ဝိုက်မှ ကျန်ရှိနေသေးသော တောင်သူလယ်သမား သူပုန်ဟောင်းကြီးများ ဖြစ်ကြသည့် ဦးချစ်ပု၊ ဦးကန်ဖေတို့ကို တွေ့ဆုံကြသည်။ အစိုးရဘက်မှ ပါဝင်ခဲ့ကြပြီး ယခု အငြိမ်းစားယူနေကြသည့် ပုလိပ်အရာရှိဟောင်းများဖြစ်ကြသော ဦးချစ်၊ ဦးဟာမစ်နှင့် သာယာဝတီထောင်မှူးလေးအဖြစ် အမှုထမ်းခဲ့သော အငြိမ်းစားထောင်ပိုင်ဝန် ဦးစိန်၊ ဖိမ်ဇာသူကြီး၏သား ဦးသောင်းတင် အစရှိသူများကိုလည်း တွေ့ဆုံပြီး ဆွေးနွေး၊ သူတို့အတွေ့အကြုံများကို မှတ်သားကြသည်။

ညနေစောင်းတွင် အလံတောင်သို့ ခရီးဆက်ခဲ့ကြသည်။ သာယာဝတီမှ အရှေ့ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

သာယာဝတီမှ အရှေ့ဘက်သို့ ထွက်ခွာလာသည့်အခါ ၁၉၃ဝ ပြည့် တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင်ကြီး ဆရာစံနှင့် အပေါင်း အပါတို့အား ချုပ်နှောင်ထားခဲ့ရာ ကြိုးစင်တင်၍ သတ်ခဲ့ရာဖြစ်သော အုတ်တံ တိုင်း နီနီကြီးဖြင့် အကျဉ်းထောင်ကြီးသည် နောက်တွင် တဖြည်းဖြည်း ဝေး၍ ကျန်ခဲ့သည်။ ဇိမ်ဇာရွာနားမှဖြတ်လျက် စမ်းတွင်းရွာဘက်သို့သွားလျက် ရှိ ခဉ် မောင်ပြုံးချိုတို့နှင့်အတူ ပါလာသော ဂျွန်သူပုန်ဟောင်းကြီးများ ဖြစ်ကြ သည့် ဦးဘိုးထိန်၊ ဦးလှိုင်၊ ဦးအုန်းဖေတို့က ၁၉၃ဝ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ညက အဖြစ်အပျက်များကို ပြန်ပြောင်း ပြောဆိုသွားကြသည်။

"ကျွန်တော်တို့တစ်တွေ ဆရာစံ အမိန့်အရ အဲဒီ ၉၂ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့ညက ထောင်ကိုဖွင့်ဖို့ လာကြတော့ ဇိမ်ဇာသူကြီး ဦးဖိုးညွန့်နဲ့တွေ့တာ ဟောဟိုနားမှာပေါ့"ဟု ဆိုကာ ရွာထိပ်ရှိ လယ်ကွင်းကန်သင်းရိုးကို လက်ညှိုး ညွှန်ပြလေသည်။

"တကယ်ဆိုတော့ ကျွန်တော်တို့က သူ့ကို ရန်မမူချင်ပါဘူး။ ကျွန်တော် တို့တာဝန်က သာယာဝတီထောင်သွားပြီး ဖွင့်ဖို့ပဲ၊ သူ့ကိုလည်း သူကြီး၊ သူကြီး လမ်း သူကြီးသွားပါလို့ဆိုတာ မရဘူး၊ သူကြီးက ပြူးပြဲလုပ်ပြီး နှစ်လုံးပြူးနဲ့ပစ် မယ်လုပ်တော့ ကျွန်တော်တို့လူတွေကလည်း စိတ်တက် ကြွနေတုန်း ဝိုင်းခုတ် ကြတာပေါ့၊ အဲဒီလိုဖြစ်တာနဲ့ ကျွန်တော်တို့ကို တာဝန် ပေးလိုက်တဲ့ ထောင် ဆီကိုလည်း မရောက်တော့ဘူး"ဟု ပြောပြလေသည်။

မှောင်စပျိုးချိန်တွင် မောင်ပြုံးချိုတို့အဖွဲ့သည် လှည်းလမ်းကူးရွာသို့ ရောက်ကြလေသည်။ လှည်းလမ်းကူးရွာတွင် ပုန်ကန်ထကြွနေချိန်က ဆရာ စံ၏ မြင်းစေကျော်အဖြစ် ဆောင်ရွက်ခဲ့သူ ဦးရေအေးနှင့် တွေ့ရှိရလေသည်။ ဦးရေအေးသည် ထိုအချိန်က တောခေါင်းတစ်ဦး ဖြစ်သည်။ သူပုန်ထချိန်၌ ပုန်ကန်သူများနှင့် ပူးပေါင်း၍ အရေးကြီးသော သတင်းများကို အလံတော်သို့ မြင်းနှင့် အလျင်အမြန် သွားရောက်ပေးပို့ရန် တာဝန်ကို ထမ်းဆောင်ခဲ့ရသူ ဖြစ်သည်။ အလံတောင်ကို နယ်ချဲ့အစိုးရတပ်တို့ တက်ရောက်ဖျက်ဆီး ပြီးနောက် ခေတ္တ တိမ်းရှောင်နေရာမှ ရာဇဝတ်ဝန်ကြီး ဦးအုန်းကျော်က ခေါ် ယူပြီးလျှင် အထူးပုလိပ်ခန့်ထားခြင်း ခံရသည်။ ဦးအုန်းကျော် သထုံသို့ ပြောင်း

သွားသောအခါ၌လည်း သူနှင့်လိုက်ပါသွားပြီးနောက် လက်ကိုင်တုတ်အဖြစ် အသုံးပြု၍ သထုံနယ်အတွင်းရွာများသို့ လှည့်လည်၍ လက်နက်အင်အားမရှိဘဲ မိုက်ရူးရဲသဘောဖြင့် သူပုန်မထသင့်ကြောင်း တရားများကို လိုက်လံ၍ ဟောပြောခဲ့ရသူ ဖြစ်သည်။

မောင်ပြုံးချိုတို့အဖွဲ့သည် ထိုနေ့ည လှည်းလမ်းကူး တပ်မတော်ကင်းစခန်းတွင် အိပ်ကြသည်။ ရွာထိပ်စေတီဖွေးဖွေးနှင့် လရောင်အောက်မှ ကင်းစခန်းသည် သာယာလှသည်။ တောင်ခြေနှင့်နီးပြီး လေတဟူးဟူး တိုက်ခတ်နေသောကြောင့် သာယာဝတီမှာထက် အအေးပိုလေသည်။

နောက်တစ်နေ့နံနက် ငါးနာရီခန့်တွင် အလံတောင်သို့ တက်ရန် ထွက်ခွာခဲ့ကြသည်။ လှည်းလမ်းကူးရွာမှ ထွက်လျှင် ချောင်းတစ်ခုကို ကူးကြရသည်။ မိုးတွင်းအခါတွင် ရေပြည့်နေမည် ဖြစ်သော်လည်း ယခုအချိန်တွင် အေးမြသောရေသည် ခြေချင်းဝတ် သာသာလောက်သာ နစ်မြုပ်ပြီး စီးဆင်းလျက် ရှိသည်။ သူတို့သည် ဗိုလ်မျိုးညွန့်ခေါင်းဆောင်သော ရဲဘော်များနှင့်အတူ ဦးဘိုးထိန်၊ ဦးလှိုင်နှင့် ဦးအုန်းဖေတို့ကို လမ်းပြစေလျက် နှင်းမှုန်မှုန်များ ကြားတွင် ရွာများ၊ လယ်ကွင်းများ၊ ချောင်းများ၊ တောများကို ဖြတ်ကျော်ပြီးလျှင် အလံတောင်သို့ ရှေ့ရှုလာကြရာ ရေကြည်ဝစခန်းသို့ နံနက် ခုနစ်နာရီ ခွဲခန့်တွင် ရောက်ရှိလာကြသည်။ ထိုနေရာသည် ရေကြည်ချောင်းနှင့် သုံးဆယ်ချောင်းတို့ ဆုံရာဖြစ်၍ ချောင်းတစ်ဖက်သို့ ကူးလိုက်သည်နှင့် တစ်ပြိုင်တည်း အလံတောင် နယ်နိမိတ်သို့ ရောက်ရှိသွားလေသည်။ ၁၉၃၀ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့၊ ၁၂၉၂ ခု ပြာသိုလဆန်း ၁၃ ရက်နေ့ နံနက်တွင် နယ်ချဲ့အစိုးရတပ်များ အလံတောင်ကို ဖြိုဖျက်ရန်အတွက် ချီတက်လာရာတွင် ဤနေရာမှ တောင်သူလယ်သမားတပ်များက ခုခံ တိုက်ခိုက်ခဲ့ကြသည်။

မောင်ပြုံးချိုတို့သည် ထိုချောင်းကို ဖြတ်ကူးမိလျှင် မတ်စောက်သော တောင်တစ်လုံးကို စတင်၍ တွေ့ကြရလေသည်။ တောင်မှာ အလွန်မတ်စောက်နေသည်။ သစ်ပင်ချုံကြားကို တိုးလျက် မော့မော့ကြီးတက်ကြရာတွင် ကျင့်သားမရှိသူများအဖို့ ပင်ပန်းလှသည်။ တောင်ထိပ်သို့ ရောက်သောအခါ အတော်ပင် မောပန်းနေကြပြီဖြစ်၍ ခေတ္တမျှ နားနေကြလေသည်။ တောင်တက် တောင်

ဆင်း ကျင့်သားရနေသော တပ်မတော်ရဲဘော်များအဖို့ကား မည်သို့မျှ ထူးခြားခြင်းမရှိ။ အသက် ခြောက်ဆယ်တွင် ဦးဘိုးထိန်၊ ဦးလှိုင်နှင့် ခြောက်ဆယ်ကျော် ဦးအုန်းဖေမှာလည်း မဖြုံလှ။ ရန်ကုန်မှလာသူတို့သာ ဟိုက်နေကြသည်။ ထိုမှတစ်ဖန် တောင်ရိုးအတိုင်း လျှောက်သွားကြပြီးနောက် ဒုတိယတောင်ဖြစ်သော သေ့ခံတောင်ကို တက်ကြရပြန်သည်။ ထိုတောင်လည်း ပထမတွေ့ရှိရသော တောင်ကဲ့သို့ပင် ချုံပိတ်ပေါင်းတွေ ဖုံးလွှမ်းလျက် မတ်စောက်သော တောင်တစ်လုံးပင် ဖြစ်သည်။ တောင်ထိပ်သို့ ရောက်သောအခါ မောင်ပြုံးချိုသည် ခြေလက်ပင် မသယ်ချင်လောက်အောင် မောပန်းနေလေသည်။ အာတွေလည်း ခြောက်နေပါပြီ။ ဦးတင်ဦးက သူ့အိတ်ထဲမှ ဘီစကွတ်မုန့်နှစ်ချပ်ကို လှမ်းပေးသည်။ မျိုမကျနိုင်။ ဗိုလ်မျိုးညွန့်က ပါလာသော ရေဘူးမှရေကို ကမ်းလေသည်။ သဘောရှိသာ သောက်လိုက်ရလျှင် တစ်ဘူးလုံး ကုန်သွားနိုင်ပါသည်။ သို့သော် ချွေတာ၍ အနည်းငယ်သာ သောက်ရသည်။ ထိုတောင်ထိပ်တွင် ဘုရားတည်ရန် အုတ်များချထားသည်ကို တွေ့ရသည်။ ထိုနေရာတွင် ခေတ္တနားနေပြီးနောက် အနည်းငယ် အမောပြေ၍ ခရီးဆက်ရန် ထိုတောင်ထိပ်မှ ကြည့်လိုက်သောအခါ နက်ရှိုင်းသော တောင်ကြားအတွင်းသို့ ဆင်းရမည်ဖြစ်ပြီး တစ်ဖက်ရှိ မတ်စောက်လှသော အလဲတောင်သို့ တက်ရမည်ကို တွေ့မြင်ရသောအခါ နေရာမှ မထချင်လောက်အောင် မောပန်းသွားလေတော့သည်။ သို့သော်လည်း ဤနေရာကို ရောက်ပြီးမှ အလဲတောင်သို့ မရောက်ခဲ့ဟုဆိုလျှင် ရာဇဝင် ရိုင်းတော့မည်ဟူသော စိတ်ဓာတ်ဖြင့် ထိုသေ့ခံတောင်မှ တဖြည်းဖြည်း ဆင်းခဲ့ကြပြီးနောက် မတ်စောက်သော အလဲတောင်ကို မော့၍ တစ်လှမ်းချင်း တက်ခဲ့ရာ နံနက် ကိုးနာရီအချိန်ခန့်တွင် ဆရာစံတဲနန်း စိုက်ထူခဲ့ရာ အလဲတောင်ထိပ်သို့ ရောက်ရှိလေတော့သည်။ သူတို့ရောက်ရှိသောအခါ အချို့ ခံနိုင်ရည်ရှိသောသူများသည် ထိပ်သို့ ရောက်ရှိနှင့်ပြီဖြစ်၍ ဓာတ်ပုံ ရိုက်ခြင်း၊ အချက်အလက်များ စုဆောင်းခြင်း စသော ကိစ္စများကို ပြုလုပ်ဆောင်ရွက်လျက် ရှိကြသည်။

ဆရာစံ တဲနန်းတည်ဆောက်ရာ နေရာသည် ကျဉ်းမြောင်းလှသည်။ အလျားပေ ၃၀၊ အနံ ၁၀ ပေခန့်သာ ရှိသည်။ ကျောက်သားပကတိဖြစ်၍ တက်သွားလျှင် ယာဘက်တွင် အလွန်မတ်စောက် နက်ရှိုင်းသော ချောက်ကြီး

ရှိသည်။ ထိုနေရာသို့အရောက် တက်ရန်အတွက်လည်း တစ်ယောက်ချင်းသာ တက်၍ ရစေသော နေရာကို ဖြတ်သွားရသည်။ အကယ်၍သာ ထိုစဉ်အချိန်ကတည်းက စည်းရုံးရေးခိုင်ခိုင် လက်နက်အင်အား ကောင်းကောင်းဖြင့် ခုခံမည်ဆိုပါက နယ်ချဲ့အစိုးရတပ်သည် တောင်ထိပ်သို့ တက်ရန် လွယ်ကူမည်မဟုတ်ဘဲ အကျအဆုံးများစွာဖြင့် ဆုတ်ခွာရမည် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်အခါက တောင်သူလယ်သမားတို့၏ လက်တွင် လက်နက်အင်အားကောင်းလည်း မရှိ၊ စည်းရုံးရေးအခြေလည်း မခိုင်၊ တစ်ဦးချင်းရှိ သူရသတ္တိတစ်ခုတည်းဖြင့်သာ ခုခံရသောကြောင့် တာရှည်စွာ မခုခံနိုင်ဘဲ ဆုတ်ခွာရခြင်းဖြစ်ပေသည်။

မောင်ပြုံးချိုတို့သည် ထိုတောင်ထိပ်တွင် တစ်နာရီခန့် နားပြီးနောက် တဖြည်းဖြည်း ပြန်ဆင်းခဲ့ကြသည်။ အတက်တွင် မောပန်းသလောက် အဆင်းတွင် မမောပန်းလှ။ သို့သော် ခက်ခဲစွာ ဆင်းကြရသည်။ မတ်စောက်သော တောင်ကမ်းပါးယံတွင် ခြေကုပ်မမိဘဲ ချော်၍ လဲကျသွားသည်။ ချော်၍ကျလာသောအခါ အနီးရှိ သစ်ပင်ကို ကိုင်စွဲ၍ ထိန်းရသည်။ ရုတ်တရက် သတိမမူဘဲ အနီးတွင်ရှိသော ဆူးပင်ကို ဆွဲမိပြန်လျှင်လည်း မသက်သာလှ၊ တစ်ခါတစ်ရံ ဆွဲထားသော သစ်ပင်သည် ပြုတ်၍ ပါလာသောကြောင့် လူရော သစ်ပင်ပါ လိမ့်ကျသွားတတ်သည်။

တောင်ပေါ်တွင်ကျမှ နံနက်စာ စားကြမည်ဟု မိုးလင်းကတည်းက ဘာမှ မစားခဲ့ရသူအဖို့ တောင်ကိုလည်း တက်ရသဖြင့် မောပန်းလှသောကြောင့် ဆာလောင် မွတ်သိပ်လှပြီ။ အစာဆာသည်ထက် ရေဆာသည်က ပို၍ဆိုးသည်။ ဗိုလ်မျိုးညွန့်နှင့် အချို့ရဲဘော်တို့ ယူဆောင်လာသော ရေဘူးများမှာလည်း မောင်ပြုံးချိုတို့ ဝိုင်းသောက်သည်နှင့် ကုန်လေတော့သည်။ ရေကြည်ဝစခန်းသို့ ရောက်သောအခါ ၁၂ နာရီ ထိုးပေပြီ။

ရေကြည်ချောင်းနှင့် သုံးဆယ်ချောင်းဆုံရာ ရေကြည်ဝတွင် ကြည်လင်သော ရေအလျဉ်သည် တသွင်သွင် စီးဆင်းလျက် ရှိသည်။ သူတို့တစ်တွေသည် ကမ်းစပ်ရှိ ကျောက်တုံးများ ကျောက်စရစ်ခဲများပေါ်တွင် ထိုင်ရင်း နံနက်စာအတွက် အသင့်ယူဆောင်လာခဲ့သော ပေါင်မုန့်နှင့် ငါးသေတ္တာကို

စားသောက်ကြလေသည်။ ဆာလောင်မွတ်သိပ်နေကြသောကြောင့် အများအပြား စားနိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း မောပန်းပြီး အဆာလွန်၍ အာခေါင်များ ခြောက်သွေ့နေသောကြောင့် မနည်းကြီး မျိုချနေကြရသည်။ ယမန်နေ့က ကိုစံဝင်းကြော်လာသည့် ငါးပိကြော်မှာလည်း သဲနှင့် တရှပ်ရှပ် ဖြစ်နေပါသည်။ ဤသို့ မောပန်းနေသော အချိန်မျိုးတွင် အချဉ်အငန်ကို များစွာ တောင့်တလျက် ရှိသည်။ လာဘ်မြင်လှသော ကိုစံဝင်းသည် သူယူဆောင်လာသော သံပရာတစ်ခြမ်းဖြင့် ငါးသေတ္တာတုံးများနှင့် သဲရှပ်ရှပ် ငါးပိကြော်ပေါ်တွင် အနည်းငယ်စီ ညှစ်ချပေးလေသည်။ အားလုံးပင် ပျော်ပျော်ပါးပါး ဝိုင်း၍စားကြသည်။ အိုးကြီးကြီးဖြင့် တည်ထားသော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်ခတ်ပြီးလျှင် ရဲဘော်တို့၏မတ်ခွက်များဖြင့် ရေနွေးကြမ်းများကို အားရပါးရသောက်ကြလေသည်။ အချို့လည်း မတ်ခွက်ကို ကိုယ့်အလှည့်ရောက်အောင် မစောင့်နိုင်ကြတော့ဘဲ ငါးသေတ္တာဘူးခွံများကို ဆေးပြီး ရေနွေးကြမ်းအပြည့်ထည့်ကာ တဖူးဖူးမှုတ်လျက် သောက်နေကြသည်။ လက်ဖက်ခြောက် ကောင်းသည် မကောင်းသည်ကိုအပထား၍ မောင်ပြုံးချိုတို့အဖို့ တစ်သက်နှင့်တစ်ကိုယ် ဤမျှလောက် အရသာရှိသော လက်ဖက်ရည်ကြမ်းမျိုးကို မသောက်ဖူးချေ။ သူတစ်ဦးတည်းပင် မတ်ခွက်နှင့် နှစ်လုံးကုန်အောင် သောက်လိုက်လေသည်။ အချိန်အနည်းငယ်အတွင်း ရေနွေးကြမ်းအိုးကြီးတစ်ခုလုံး တက်တက်ပြောင်လို့ သွားလေတော့သည်။

နေရာတွင် ခေတ္တနားနေကြပြီးနောက် ခရီးစဉ်အတိုင်း ပြန်လာကြရာတွင် အရေးတော်ပုံအတွင်းက သစ်တောအရာရှိ မစ္စတာဖီးကလစ်ကို သတ်ခဲ့သော ဝဲရွာသစ်တော ဗိုလ်ရုံနေရာသို့ ဝင်ရောက်ကြည့်ရှုကြသည်။ ထိုနေရာတွင် မည်သည့်အဆောက်အအုံမျှ မရှိတော့ဘဲ တောကြီး ဖြစ်နေလေသည်။ ထိုမှတစ်ဆင့် ပြန်လာကြရာ လှည်းလမ်းကူးရွာသို့ ညနေ သုံးနာရီအချိန်တွင် ရောက်ရှိကြလေသည်။

တပ်စခန်းတွင် ခေတ္တခဏ နားနေကြပြီးနောက် ညနေစောင်းတွင် သာယာဝတီဘက်သို့ ပြန်လည်ထွက်ခွာလာကြသည်။

မောင်ပြုံးချိုတို့အဖွဲ့သည် တဖြည်းဖြည်းနှင့် အလံတောင်မှ ဆေး၍ဆေး၍ လာခဲ့လေသည်။ သာယာဝတီနားသို့ ရောက်ရှိလာသောအခါ အုတ်တံတိုင်း

နီနီကြီးနှင့် ထောင်ကြီးကို လှမ်း၍ မြင်ရပြန်သည်။ သူတို့သည် ထောင်ကြီးနှင့် ပတ်ဝန်းကျင်ရှိ လယ်ကွင်းများကို ကြည့်ရင်း လွန်ခဲ့သော ၃၅ နှစ်က ဤ လယ်ကွင်းများတွင် မိမိတို့အသက်သွေးတို့ဖြင့် စတေးကာ အင်္ဂလိပ် နယ်ချဲ့ စနစ်အား တော်လှန်ပုန်ကန်ခဲ့ကြကုန်သော တောင်သူလယ်သမားများကို မြင် ယောင်မိသည်။ ထောင်ကြီးအတွင်းတွင် ကြိုးစင်၌ မိမိတို့၏ အသက်များကို စတေး၍ သွားကြကုန်သော ဆရာစံနှင့်တကွ သူ၏ အပေါင်းအဖော်များကို သတိရမိကြလေသည်။

သာယာဝတီမြို့ အဝင်ဝသို့ ရောက်သောအခါ သူတို့တစ်တွေသည် လယ်ကွင်းများ၊ ကျေးရွာများ၏ နောက်ကျော ခပ်လှမ်းလှမ်းဝယ် နေဝင်ချိန် တွင် ညို့မှိုင်းနေသည့် ပဲခူးရိုးမ တောင်တန်းကြီးနှင့် အလံတောင်ကို လှမ်းမျှော် ၍ ကြည့်မိကြလေသည်။

အလံတောင်ထိပ်မှ မီးရောင်သည် ဝင်းဝင်းထိန် တောက်ပြောင်လျက် ရှိသည်ကို မြင်ယောင်မိ၏။

ထိုမီးရောင်ကား မြန်မာသက္ကရာဇ် ၁၂၉၂ ခု၊ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ်က တောင်သူလယ်သမားတို့၏ သွေးတို့ဖြင့် ထွန်းညှိခဲ့သော မီးရှူးတန်ဆောင် တည်း။

ထိုမီးရှူးတန်ဆောင်သည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက် လုံးတွင် တပ်ဦးမှ ထွန်းလင်းလိုက်ပါလာ၍ ဘယ်သောအခါမှ ငြိမ်းလိမ့်မည် မဟုတ်။ ထိုမီးရောင်သည် မြန်မာ့သမိုင်းစဉ်တွင် ထာဝရ ထိန်လင်း တောက် ပြောင်နေမည်သာတည်း။

# ရေညိုပျံ့သည်းညောင်ရွှေအင်း

## (၁)

မောင်ပြုံးချိုတို့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်သည် တောင်ကမ်းပါးယံကို ကျွေ့ကာပတ်ကာ ဆင်းလာလေသည်။ လက်ဝဲဘက်တွင် တောင်နံရံ၊ လက်ယာဘက်တွင် ချောက်ကြီးများ ရှိသည်။ ထိုချောက်ကြီးများကို လွန်ကာ ကြည့်လိုက်လျှင် စိမ်းလန်းနေသည့် ချိုင့်ဝှမ်းပြင်ကျယ်ကြီးကို တွေ့မြင်ရသည်။ ချိုင့်ဝှမ်းကြီးတစ်ခုလုံး ရွာကြီးရွာငယ် စိုက်ခင်း ပျိုးခင်းတွေနှင့် ပြည့်နေလေသည်။ မိုးရာသီမို့ မျက်စိတစ်ဆုံး မြင်ကွင်းကြီးတစ်ခုလုံး စိမ်းစိမ်းစိုစို နေလေသည်။ အချို့အနိမ့်ပိုင်းများတွင် ရေတွေ တင်နေသဖြင့် အိုင်ကြီးသဖွယ် ဖြစ်နေလေသည်။ တောင်ရိုးတစ်ခိုတွင်မူ စိမ်းစိုရုံတင်မက ညို့ညို့မှိုင်းနေပါသည်။ အချို့နေရာတွင်ကား တောင်ခိုးတွေ ရစ်ဆိုင်းနေလေသည်။ သူတို့သည် တောင်ကြီးမှ ရွှေညောင်ဘက်သို့ ဆင်းလာနေခြင်း ဖြစ်သည်။ နံနက်စောစောပိုင်းက မိုးသည်းထားသည်။ ယခု စဲသွားပါပြီ။ သို့သော် မိုးတိမ်တွေ အုပ်ဆိုင်း နေဆဲ။ အချို့မိုးတိမ်များသည် တောင်တန်းကြီးများ၏ ပတ်ဝန်းကျင်တွင် တရိပ်ရိပ် ပြေးလွှားနေကြလေသည်။ မောင်ပြုံးချိုတို့သည် မိုးတိမ်များကို အပေါ်မှစီး၍ မြင်နေကြရလေသည်။

မောင်ပြုံးချို၏ လက်ယာဘက်မှ ထိုင်ကာ မော်တော်ယာဉ်ကို မောင်းလာသူမှာ ငယ်ရွယ်သူ ဖြစ်သည်။ သူသည် ကျင်လည်စွာပင် တောင်ကို ကွေ့လိုက် ပတ်လိုက်နှင့် မောင်းလာလေသည်။ တစ်နေရာတွင် သနပ်ခက်တွေ

တင်လာသော လော်ရီကားတစ်စီး လမ်းဘေး ချောက်ထဲ လိမ့်ကျနေသည်ကို တွေ့ရသည်။

“ဖက်ပိုတွေ တင်လာတဲ့ ကားကြီး မနေ့က ချောက်ထဲကျသွားတာ ခင်ဗျ၊ ချောက်က သိပ်မနက်လို့ တော်သေးတာပေါ့၊ ကားပေါ် ပါသွားတဲ့ လူသုံးယောက်စလုံး ဘာမှ မဖြစ်ဘူး”ဟု ယာဉ်မောင်းသူ မောင်ကြည်လှိုင်က ပြောပြသည်။ သည်တော့မှပင် မောင်ပြုံးချို စိုးရိမ်လာသည်။

“အေး…အေး မင်းလည်း ဖြည်းဖြည်းမောင်း၊ ကျသွားရင် မသက်သာဘူးနော်”ဟု သူက ဆိုသည်။

“ကိစ္စမရှိပါဘူး၊ ဒီလမ်း ကျွန်တော် မောင်းနေကျပါ”ဟု မောင်ကြည်လှိုင်က စိုးရိမ်တတ်ရန်ကော ဟူသော သဘောဖြင့် ပြန်ပြောသည်။

မော်တော်ယာဉ်ပေါ်တွင် အခြားနှစ်ယောက်လည်း ပါလာသေးသည်။ ကဗျာဆရာ မောင်တင်မြိုင် (အင်းလေး) နှင့် မိုင်းပွန်မှ ကျောင်းသား မောင်ဝင်းမြင့်တို့ ဖြစ်လေသည်။ မောင်တင်မြိုင်သည် မိုင်းပွန်တွင် ကျောင်းဆရာလုပ်နေသည်။ သူသည် အင်းလေးကန်ကြီးအတွင်းရှိ အင်းခြံရွာဇာတိဖြစ်သည်။ မောင်ဝင်းမြင့်သည် မောင်တင်မြိုင်၏ တပည့်ဖြစ်သည်။ ယခုနှစ်တွင် (၈) တန်းအောင်၍ တောင်ကြီးတွင် ကျောင်းလာနေသူ ဖြစ်သည်။ သူသည် အင်းလေးသို့ တစ်ခေါက်မှ မရောက်ဖူးသေး။ ယခု သူ့ဆရာနှင့်အတူ မရောက်ဖူးသေးသည့် ဒေသသို့ လေ့လာရန် လိုက်ပါလာခြင်း ဖြစ်သည်။ တကယ်တော့ မောင်ပြုံးချိုပင်လျှင် မောင်တင်မြိုင်အဆွယ်ကောင်း၍ ဤသို့ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

“ဆရာ…ဝါဆိုလပြည့်မယ် ကျောင်းနှစ်ရက် ဆက်ပိတ်မယ်။ ဆရာ အားရင် အင်းလေးထဲက ကျွန်တော်တို့ရွာကို တစ်ညလောက် သွားအိပ်ကြရအောင်။ ဆရာလည်း အေးအေးဆေးဆေး လေ့လာနိုင်တယ်။ မေးချင် မြန်းချင်တာတွေရှိလည်း မေးနိုင် မြန်းနိုင်တာပေါ့။ ကျွန်တော်လည်း ရွာမရောက်တာကြာပြီ။ ဒီလို အခါကြီး ရက်ကြီးမျိုးမယ် ရွာကို သိပ်ရောက်ချင်နေတယ်”

သည်လို မောင်တင်မြိုင်က ဆိုနေသောကြောင့် မောင်ပြုံးချို ခရီးထွက်လာခဲ့မိခြင်း ဖြစ်လေသည်။

တောင်ကမ်းပါးယံတွင် နေကြာရိုင်းပင်တွေနှင့် ဖုံးလွှမ်းနေလေသည်။ ိုးအကုန် ဆောင်းအကူးရောက်လျှင် လမ်းဘေးတစ်လျှောက်လုံး အပွင့်ငယ် ငယ် နေကြာပန်းတွေနှင့် ဝါဝါဝင်းနေပေတော့မည်။

မြေပြန့်သို့ရောက်သော် ခပ်သွက်သွက် မောင်းလာကြသည်။ ဝဲယာတွင် ရွာတွေကား အဆက်မပြတ်။ အချို့နေရာတွင် ဈေးကလေးများရှိ၍ ရောင်းသူ ဝယ်သူတွေနှင့် စည်ကားနေသည်။ များမကြာမီ ရွှေညောင်သို့ ရောက်တော့ သည်။ ရွှေညောင်သည် ရှမ်းပြည်နယ်တောင်ပိုင်း မီးရထားလမ်းဆုံမြို့ ဖြစ် သည်။ မောင်ပြုံးချိုတို့ ငယ်စဉ်က ရွှေညောင်နှင့် ညောင်ရွှေ မကြာခဏ မှား သည်။ တစ်နေရာတည်း ထင်သည့်အခါ ထင်သည်။ ရွှေညောင်ကို ညောင်ရွှေဟု မှားရေးသည်။ ညောင်ရွှေကို ရွှေညောင်ဟု မှားရေးသည်။ အင်္ဂလိပ်စာလုံးနှင့် ရေးသောအခါတွင်လည်း မြန်မာအသံအတိုင်း မထွက်သဖြင့် မကြာခဏ အခက်အခဲ တွေ့ရသည်။

ရွှေညောင်မှ လမ်းမကြီးအတိုင်း ဆက်သွားလျှင် ဟဲဟိုး၊ အောင်ပန်း၊ ကလောတို့သို့ ရောက်ရှိသွားမည် ဖြစ်သည်။ ထို့ကြောင့် မောင်ပြုံးချိုတို့ မော် တော်ယာဉ်သည် ညောင်ရွှေသို့ သွားရန် ရွှေညောင်တွင် လမ်းခွဲ၍ သွားလေ သည်။ ခွဲလာသော လမ်းသည် လမ်းမကြီးလို မကျယ်လှ။ အဖုအထစ် ချိုင့် တွေ ခွက်တွေလည်း များလှသည်။ မော်တော်ယာဉ်ကလည်း အကြမ်းစား။ ထို့ကြောင့် ခပ်ဖြည်းဖြည်းမောင်းရသည်။ ဖြည်းဖြည်းမောင်းသည့် အထဲက တဝုန်းဝုန်းမြည်သည်။ မြောက်၍မြောက်၍ သွားအောင် ဆောင့်လှသည်။ အိမ် မှ သုံးဆောင်လာသော အာဟာရတို့သည် မကြာမီ ကြေညက်ကုန်ပါတော့ မည်။ လမ်းဘေးတွင် ရေသွယ်မြောင်းများ ရှိသည်။ မိုးတွင်းမို့ ရေတွေနှင့် ပြည့်နေပါသည်။ အချို့နေရာများတွင် လှေလှော်၍ပင် သွားနိုင်ပါသည်။ ထို မြောင်းဘေးတွင် အေးအေးဆေးဆေးထိုင်ကာ ငါးမျှားနေသူများကိုလည်း တွေ့ ရသည်။ အချို့နေရာများတွင် အုတ်ဖုတ်သည့် အုတ်ကျင်းများ ရှိသည်။ အုတ် ဖုတ်လုပ်ငန်းကို စုပေါင်း လုပ်ကိုင်ကြခြင်း ဖြစ်သည်။ အုတ်သည် အဆောက် အအုံများ တည်ဆောက်ရာတွင် အလွန် လိုအပ်သည့် ပစ္စည်းဖြစ်ပါသည်။ ထို့ကြောင့် အုတ်ထုတ်လုပ်ရေး လုပ်ငန်းသည် အလွန် အရေးကြီးပါသည်။

သို့သော် အုတ်ဖုတ်လုပ်ငန်းကို စနစ်တကျဖြစ်အောင် ဖန်တီးပေးဖို့ လိုသည်။ စည်းစနစ်မရှိ၊ တူးချင်သည့်မြေကို တူးကာ ဖုတ်ချင်သည့် နေရာတွင် ဖုတ်နေကြမည် ဆိုပါက သီးနှံစိုက်ပျိုးရေးအတွက် အလွန်အရေးကြီးသည့် မြေယာများ ပျက်စီးယိုယွင်းကုန်မှာ စိုးရပါသည်။

မကြာမီ စေတီငယ်များ ဝိုင်းရံနေသည့် ပုထိုးတစ်ဆူကို လမ်း၏ လက်ယာဘက်တွင် တွေ့မြင်ရသည်။ ဗောရိသ ဘုရားဟု ကမ္ပည်းထိုးထားသည်ကို တွေ့ရသည်။

"အင်္ဂလိပ် မဟာမင်းကြီး တစ်ယောက်ရေးတဲ့ စာအုပ်တစ်အုပ်ထဲမယ် အင်္ဂလိပ်စစ်တပ်ဟာ ဒီဘုရားအနီးမယ် တစ်ညစခန်းချပြီး ရပ်ဆောက် စော်ဘွားရဲ့ တပ်တွေနဲ့ ကူကြိုးမယ် တိုက်ကြတယ်လို့ ပါတယ်" ဟု မောင်ပြုံးချိုကသူ ဖတ်ဖူးသည်ကို သတိရ၍ ပြောပြလေသည်။

ထိုမှလွန်၍ တစ်ဖက်သို့ ချိုးလိုက်သောအခါ ရွှေရန်ပြေဘုရားသို့ ရောက်ပြန်သည်။ အနီးတွင် ယိုယွင်း ယိမ်းယိုင်နေပြီဖြစ်သော ကျောင်းအိုကြီးတစ်ခုကို တွေ့ရသည်။ ပန်းပု ပန်းခက် စသည်တို့ဖြင့် တန်ဆာဆင်ထားသည့် ရှေးကျောင်းကြီး ဖြစ်သည်။ လမ်းတစ်ဖက် ကနားဖျင်းထိုးကာ လုံမပျိုတစ်စုသည် ထိုကျောင်းအိုကို ပြုပြင်ရန်အတွက် ခရီးသွားများထံမှ အလှူခံနေကြသည်။ ကျောင်းပေါ်တွင်မူ သီတင်းသီလ ဆောက်တည်ရန် ရောက်ရှိနေကြသည့် သက်ကြီးရွယ်အိုများကို တွေ့ရသည်။

"ရွှေရန်ပြေဆိုတော့ ငြိမ်းချမ်းရေး အထိမ်းအမှတ်ပဲ"ဟု မောင်ပြုံးချိုက ဆိုသည်။

"ဟုတ်ပါလိမ့်မယ်"ဟု မောင်တင်မြိုင်က ဆိုသည်။

"ဟိုး ရှေးရှေး ပဒေသရာဇ်ခေတ်တုန်းက စော်ဘွားတွေ တစ်နယ်နဲ့တစ်နယ် စစ်ခင်းကြပြီး ဒီနေရာမယ် စစ်ပြေငြိမ်းရေး လုပ်ကြသလား မသိဘူး"ဟု မောင်ပြုံးချိုက သူတွေးရသလောက် မှတ်ချက်ချလိုက်သည်။

ထို့နောက် ဆက်လက်၍ တွေးပြန်သည်။

ဟိုတုန်းက ပဒေသရာဇ်မို့ အချင်းချင်း တိုက်ကြ ခိုက်ကြသည်။ နယ်ချဲ့ကြသည်။ မိမိသြဇာတိက္ကမ ကြီးမားရေးကို ဦးတည်၍ စစ်ဆင်ကြသည်။

ခေတ်တွေကား အမျိုးမျိုး ပြောင်းခဲ့လေပြီ။

သို့သော် အတိုက်အခိုက် အသတ်အဖြတ်ကား မရပ်ကြသေးပါတကား။

၂

ညောင်ရွှေကို လှမ်းမြင်နေရပါပြီ။

လမ်းဘေးဝဲယာတွင် ရေတွေနှင့် ဖွေးနေသည်။ လက်ယာဘက်တွင် လယ်ကွင်းကြီးများ ရှိသည်။ မိုးဦးကျစပင် ဖြစ်သော်လည်း ထိုလယ်များတွင် စပါးများ စိုက်သိမ်းပြီးကြပါပြီ။ ရေတွေ လွှမ်းနေ၍ ကောက်ပင်များကို အရင်းမှ မရိတ်နိုင်။ ရိုးတံရှည် အနံ့များကိုသာ ဖြတ်၍ စုစည်းကာ ဝါးတန်းများပေါ်တွင် စောက်ထိုးချ လှန်းထားကြလေသည်။ တပေါင်း တန်ခူးတွင် ရေသွင်းစိုက်ပျိုးခဲ့သော စပါးများကို ယခု မိုးဦးကျတွင် ရိတ်သိမ်းထားကြခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုသည် တန်းပေါ်တင်ကာ နေလှန်းထားသည့် စပါးနှံများကို ကြည့်နေရာမှ ညောင်ရွှေကို လှမ်းမျှော်ကြည့်မိပြန်သည်။ သည်အခါတွင် ညောင်ရွှေနှင့် ပတ်သက်၍ သူဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူးသမျှတွေကို ပြန်ပြောင်းစဉ်းစားမိပြန်လေသည်။ သူ၏စိတ်အစဉ်တွင် ညောင်ရွှေ၏ သမိုင်းကွက်အချို့သည် တစ်ခုပြီးတစ်ခု ထင်ယောင် မြင်ယောင်လာပြန်သည်။ ညောင်ရွှေကို ရှမ်းစော်ဘွားကြီး ဆီဆိုင်ဖ ဆိုသူက မြန်မာသက္ကရာဇ် ၇၂၁ ခု(ခရစ်နှစ် ၁၃၅၉ ခုနှစ်) တွင် တည်သည်။ ထိုအရပ်တွင် ရွှေရောင်အဆင်းရှိသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့သောကြောင့် နိမိတ်ကောင်းယူကာ ဤညောင်ရွှေမြို့ကို တည်သည်ဟု ဆိုသည်။ စော်ဘွားကြီး ဆီဆိုင်ဖမှ အစပြု၍ လွတ်လပ်ရေး ရရှိ၍ ပြည်ထောင်စု မြန်မာနိုင်ငံ တည်ထောင်သော ၁၉၄၈ ခုနှစ်အထိ စော်ဘွားပေါင်း ၃၂ ဆက် အုပ်စိုးခဲ့လေသည်။

၁၈၈၅ ခုနှစ် ဗြိတိသျှတို့ အထက်မြန်မာပြည်ကို သိမ်းပိုက်၍ သီပေါဘုရင်ကို ဖမ်းဆီးခေါ်ဆောင်သွားစဉ်က ညောင်ရွှေစော်ဘွားမှာ စောမောင် ဖြစ်သည်။ ထိုစဉ်က စောမောင်သည် မန္တလေးတွင် ရောက်ရှိနေချိန် ဖြစ်သည်။ သီပေါဘုရင်ထံ အခစားဝင်ရန် ရောက်ရှိနေခြင်း ဖြစ်သည်ဟု ဆိုသည်။ တိုင်း

ရေး ပြည်ရေး ရှုပ်ထွေးလာသောအခါ သူသည် ရှမ်းပြည်နယ်သို့ ပြန်လာသည်။ ပြန်လာသောအခါ မင်းတုန်းဘုရင်၏ မိဖုရားငယ်တစ်ဦးဖြစ်သူ လဲချာမိဖုရားနှင့် သားတော်ကို ခေါ်ဆောင်လာသည်။ သူ၏မူလအကြံအစည်မှာ မိဖုရားနှင့် သားတော်ကို အမည်အားဖြင့် ဦးဆောင်စေကာ ရှမ်းစော်ဘွားများကို စည်းရုံးပြီး မန္တလေးကို ဗြိတိသျှတို့လက်မှ ပြန်လည် တိုက်ခိုက်သိမ်းယူရန် ဖြစ်သည်။ သို့သော် သူကြံစည်သလို ဖြစ်မလာ။ တိုက်ပွဲတစ်ခုတွင် သူ၏ ခြေထောက်နှစ်ဖက်စလုံး ဒဏ်ရာ ရရှိသောကြောင့် မန္တလေးသို့ တိမ်းရှောင်ကာ ဆေးဝါးကုသနေရသည်။ သည်အချိန်တွင် တိုက်ပွဲများကို ဦးဆောင်ရန်နှင့် ကိစ္စအဝဝကို စီမံခန့်ခွဲရန်အတွက် သူ၏ ညီတော်တစ်ဦးဖြစ်သူ စောအုံ အား အကူအညီတောင်းကာ လွှဲအပ်ထားခဲ့လေသည်။

စောအုံသည် အခိုက်အတန့်အားဖြင့် ရန်သူများကို အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် သူသည် ရရှိထားပြီးဖြစ်သော စော်ဘွား၏ စည်းစိမ်ကို မစွန့်လွှတ်လိုတော့ချေ။ ထို့ကြောင့် စောမောင်အား ညောင်ရွှေသို့ ပြန်မလာရန် အကြောင်းကြားလိုက်လေသည်။ ညောင်ရွှေသည် စောမောင်နှင့် မသက်ဆိုင်။ မိမိသာလျှင် ညောင်ရွှေ၏ စော်ဘွားဖြစ်သည်ဟု ကြေညာလေသည်။

ထိုအချိန်တွင် ဗြိတိသျှတို့အား တိုက်ခိုက်၍ ဘုရင်နန်းဆက်ကို ပြန်လည်ထူထောင်ရန် အင်အားစုကာ အန်တုနေကြသည့် အဖွဲ့အစည်းများတွင် လင်းပင်မင်းသား၏ ဂိုဏ်းသားများလည်း ပါဝင်သည်။ ထိုဂိုဏ်းတွင် လင်းပင်မင်းသားက ဦးဆောင်၍ ရှမ်းစော်ဘွားများပင် ပါဝင်လေသည်။ စောအုံအား မိမိတို့နှင့် ပူးပေါင်း၍ ဗြိတိသျှတို့အား တိုက်ခိုက်ရန် သိမ်းသွင်းကြသည်။ စောအုံသည် ဗြိတိသျှတို့၏ အင်အားကို ရိပ်စားမိသည်။ မိမိကိုယ်တိုင်က သူတစ်ပါး၏ နေရာကို ဝင်ရောက် သိမ်းပိုက် ရယူထားသူ ဖြစ်သည်ကိုလည်း သတိမေ့မထား။ စော်ဘွားအဖြစ်နှင့် ဆက်လက် နေထိုင်လိုလျှင် ဗြိတိသျှတို့ ကိုသာ အားကိုးရမည်ဟု ယူဆသည်။ ထို့ကြောင့် လင်းပင်ဂိုဏ်းသားတို့၏ သိမ်းသွင်း စည်းရုံးခြင်းကို လက်မခံဘဲ တင်းမာစွာ ငြင်းဆိုလိုက်သည်။ မိမိသည် ဗြိတိသျှဘက်တော်သား ဖြစ်သည်ဟု ကြေညာသည်။ ဗြိတိသျှ မဟာမင်း

...ဆဲ အကူအညီတောင်းဆိုလိုက်သည်။ သို့သော်လည်း ဗြိတိသျှတို့သည် ...တောင်းဆိုသည့်အကူအညီကို ချက်ချင်း မပေးနိုင်။ မပေးလိုသေး၍ သို့တည်း ...တ်၊ စောအုံဘက်မှ ကူညီသင့် မသင့် အချိန်ယူ၍ စဉ်းစားနေသောကြောင့် ...ည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် "ယာလည်း ညက်စေ၊ ကြက်လည်းမော ...ရန်" အချိန်ဆွဲခြင်းလည်း ဖြစ်နိုင်သည်။ ဗြိတိသျှတို့သည် မိမိတို့ အသုံးချ၍ ...မည့်သူဘက်မှသာ ကူညီလိုသော ဆန္ဒ ရှိသည်။

ဗြိတိသျှစစ်တပ်များ ရုတ်တရက် ရောက်မလာဘဲ အချိန်ဆွဲနေသည် ...နိုအမျှ စောအုံ၏အခြေအနေသည်လည်း တစ်နေ့တခြား ဆိုးရွားလာလေ ...သည်။ ရပ်စောက်စော်ဘွားနှင့် လင်းပင်ဂိုဏ်းသားများသာမက ပတ်ဝန်းကျင် ...စ်ဝိုက်မှ စောအုံနှင့် ပုဂ္ဂိုလ်ရေးအရ မသင့်မြတ်သည့် စော်ဘွားများကလည်း ...ညောင်ရွှေကို ဝိုင်းတိုက်နေကြသည်။ စောအုံအဖို့ စစ်ရေးအန္တရာယ်များသာ ...က စားနပ်ရိက္ခာပြတ်၍ ငတ်မွတ်ခေါင်းပါးသည့် ဘေးကိုလည်း ရင်ဆိုင်နေ ...ရသည်။ သည်အတိုင်းသာဆိုလျှင် ညောင်ရွှေသည် နောက်ထပ် သုံးရက်ပင် ...တောင့်ခံနိုင်တော့မည် မဟုတ်။ ညောင်ရွှေမြို့နှင့် အင်းလေးကန်တစ်ဝိုက်ရှိ ...ယ်မြေများမှအပ ကျန်ဒေသများအားလုံးကို စောအုံ၏ ရန်သူများက သိမ်း ...ိက်ထားပြီး ဖြစ်နေလေသည်။ စောအုံအဖို့ အားကိုးစရာ ဟူ၍ ဗြိတိသျှစစ်တပ် ...သာလျှင် ရှိပါတော့သည်။ ဗြိတိသျှတပ်သာ အချိန်မီ ရောက်မလာလျှင် ညောင် ...ရွှေကို စောအုံ လက်လွှတ်ရပေတော့မည်။ စော်ဘွားအဖြစ်မှလည်း ရွေ့လျော ...သွားမည်။ သည်တွင်မက မိမိနှင့်တကွ အိမ်ထောင်သားစုအားလုံး၏ အသက် အန္တရာယ်ကိုပင် စိုးရိမ်နေရပါပြီ။ ထို့ကြောင့် စောအုံသည် ဗြိတိသျှတို့ထံ မိမိအား အမြန်လာရောက် ကူညီပါမည့် အကြောင်းကို အသနားခံ တောင်းပန် ...လေသည်။ အပြင်းအထန် နားပူရလေသည်။ သူ့အဖို့ ဗြိတိသျှစစ်တပ်မှ အပ ...အားကိုး တွယ်တာရာ မရှိတော့ပြီ။

စောအုံ၏ ကြိုးပမ်းချက်သည် အလဟဿမဖြစ်။ ကြိုးစားရကျိုးနပ် ...သည်ဟု ဆိုရပေမည်။

၁၈၈၇ ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဗိုလ်မှူးကြီးစတက်မင်း ဦးစီး ...ချုပ်ချုပ်သော ဗြိတိသျှတပ်ကြီးသည် ဟဲဟိုးသို့ ရောက်ရှိလာလေသည်။ နောက်

တစ်နေ့တွင် ညောင်ရွှေနှင့် သုံးမိုင်ခန့်သာ ကွာဝေးသည့် ဇောရိသဘုရားသို့ ချီတက်လာကြသည်။ ရပ်စောက်စော်ဘွားစောဝိုင်း၏ တပ်များကလည်း တစ်ဖက်တွင် သုံးမိုင်ခန့်ပင် ဝေးကွာသည့် ကူကြိုးတွင် တပ်စွဲလျက် ရှိသည်။ ဗြိတိသျှတပ်သည် ညောင်ရွှေနှင့် ကူကြိုးအကြား အလယ်ဗဟိုလောက်တွင် ရောက်ရှိနေခြင်း ဖြစ်သည်။ ကူကြိုးသည် ညောင်ရွှေစော်ဘွား၏နယ်ဖြစ်သည်။ စတက်မင်းက ရပ်စောက်စော်ဘွားအား ထိုနေရာမှ ဆုတ်ခွာသွားရန် အရေးဆိုလိုက်သည်။ မိမိ၏ အကြောင်းကြားစာကို ရပ်စောက် စော်ဘွား စောဝိုင်းထံ သွားရောက် ပေးပို့မည့် ပုဂ္ဂိုလ်ကို ရှာသည်။ သွားရောက်ပုံသူ တစ်ဦးမျှ မတွေ့ရ။ ဘုန်းတော်ကြီးများကပင်လျှင် ထိုစာကို ယူဆောင်ကာ သွားရောက် မပေးလိုကြချေ။

ရပ်စောက်စော်ဘွား စောဝိုင်းကလည်း ဗြိတိသျှတပ်တို့သည် စောအုံဘက်မှနေ၍ မိမိတပ်များအား တိုက်တော့မည်ကို သိသည်။ သို့သော် ကူကြိုးမှ ဆုတ်ခွာခြင်းမရှိ။ မဆုတ်ခွာသည့်အပြင် ခုခံတိုက်ခိုက်ရန်ပင် ပြင်ဆင်နေကြောင်း သူတို့၏ လှုပ်ရှားမှုကို တွေ့မြင်ရခြင်းအားဖြင့် သိနိုင်လေသည်။

ဗြိတိသျှတပ်သည် ကူကြိုးကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တိုက်ခိုက် သိမ်းပိုက်ရန် စီစဉ်လေသည်။ ထိုနေ့ နံနက်စောစောတွင် ဗိုလ်မှူးကြီး စတက်မင်း[၁] ကိုယ်တိုင် ခေါင်းဆောင်လျက် ကူကြိုးကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ အမြောက်နှစ်လက်ဖြင့် ပေတစ်ထောင်ခန့် ကွာဝေးသော တောင်တန်းမှ လှမ်းပစ်ပေးသည်။ ခြေလျင် တပ်သားများသည် လေးဖက်လေးတန်မှ တက်ရောက်တိုက်ခိုက်သည်။ မြင်းတပ်များက လက်ဝဲဘက်မှ လှည့်ပတ်တက်ရောက်တိုက်ခိုက်သည်။ ရပ်စောက်စော်ဘွား၏ တပ်များကလည်း ကြံ့ကြံ့ခိုင်ခိုင်ခုခံတိုက်ခိုက်ကြသည်။ သို့သော် လက်နက်အင်အားကြီးမားသည့်ဗြိတိသျှတပ်ကို ကြာရှည်စွာ ခုခံမနေနိုင်။ အကျအဆုံးများစွာနှင့် ဆုတ်ခွာကြရလေသည်။

"ဤတိုက်ပွဲတွင် ရန်သူတို့ဘက်မှ ၂၄ ယောက် ကျဆုံး၍ အများအပြား ဒဏ်ရာရရှိပြီးလျှင် သူတို့နယ်သို့ ဆုတ်ခွာစဉ်တွင်လည်း လမ်းခရီးတွင် ရရှိ

၁။ Colonel Stedman

ခဲ့သော ဒဏ်ရာများကြောင့် အတော်များများ သေဆုံးကြသည်ဟု သိရသည်။ ဒုန်ပ်တို့ဘက်မှ သုံးယောက်သာ အနည်းငယ်စီ ဒဏ်ရာရရှိသည်” ဟု ဗြိတိသျှ ဟာမင်းကြီး ဆာချား (လ်) ကရော့စဝိတ်[၁] က သူ ရေးသားသည့် “မြန်မာပြည် ကို ငြိမ်ဝပ်ပိပြားရေး ရရှိအောင် ဆောင်ရွက်ခြင်း[၂] ဟူသောစာအုပ်တွင် ဂုဏ်ယူ ကာ ဖော်ပြထားလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ဂေါ်ရခါးတပ် ဘင်ခရာအဖွဲ့က ဦးဆောင်တီးမှုတ်ကာ ဗြိတိသျှတပ်ကြီးသည် ညောင်ရွှေမြို့တွင်းသို့ အောင်လံ လွှင့်ကာ ကြွားကြွားဝင့်ဝင့် ချီတက် ဝင်ရောက်လာလေသည်။ ဗိုလ်မှူးကြီး ခတက်မင်းမှ အစ ဗြိတိသျှအရာရှိများမှာမူ စော်ဘွားစောအုံ စီစဉ်ပေးသည့် ဆင်များကို စီးနင်းကာ အောင်နိုင်သူများအဖြစ်ဖြင့် ဦးခေါင်းမော့ ရင်ကိုကော့ ၍ မြို့တွင်းသို့ ဝင်လာကြကုန်သည်။ မိမိတို့ တိုင်းရင်းသား မျိုးချစ်တပ်သား များ၏သွေးဖြင့် ခြေဆေးကာ အောင်ပွဲခံလိုက်သော လူမျိုးခြား ဗြိတိသျှတပ် ကြီးကို စော်ဘွားစောအုံသည် သူကိုယ်တိုင် ရှေ့ဆောင်ကာ ညောင်ရွှေမြို့တွင်း သို့ ခေါ်သွင်းလာခဲ့လေသည်။

“စော်ဘွားစောအုံသည် ဗြိတိသျှ အရာရှိများအား ရှမ်းအမျိုးသားတို့၏ ဓားကောင်းသောက်ဖွယ်များနှင့် အစွမ်းကုန် ကျွေးမွေးပြုစု ညှော်ခံလေသည်” ဟုလည်း ဗြိတိသျှတို့ မှတ်တမ်းတွင် တွေ့ရှိရလေသည်။

စော်ဘွားစောအုံသည် ဤသို့လျှင် မိမိ၏ ပဒေသရာဇ် စည်းစိမ်တည် မြဲရေးအတွက် ဗြိတိသျှတို့နှင့် ပူးပေါင်းကာ အချင်းချင်း ပြန်လှန် တိုက်ခိုက် ခဲ့သော်လည်း နောက်ပိုင်းတွင် ဆရာနှင့်တပည့် အပေးအယူ မသင့်မြတ်တော့ ဘဲ သဘောကွဲလွဲလာလေသည်။ စောအုံကလည်း မိမိစည်းစိမ် တည်မြဲရေး အတွက် ဗြိတိသျှတို့အား ပူးပေါင်းခဲ့သလို ဗြိတိသျှတို့ကလည်း ပုဆိန်ရိုးအဖြစ် အသုံးပြုရန်သာ စောအုံကို အကူအညီပေးခဲ့ခြင်း ဖြစ်လေသည်။ ဗြိတိသျှတို့ က ခန့်ခွဲတောင်းဆိုလာသည့် ဆက်ကြေးများကိုလည်း စောအုံသည် ပြည့်ပြည့် ဝဝ မပေးလို။ မိမိအပေါ် အစစ ခြယ်လှယ်လာသည်ကိုလည်း မခံလို။ အခါ

၁။ Sir Charles Crosthwaite

၂။ The Pacification of Burma

အခွင့်သင့်လျှင် အင်အားစု၍ ဖိဆန်တော်လှန်ရန် အကြံထုတ်နေလေသည်။ ဗြိတိသျှတို့စစ်ဆင်ရေးတွင်လည်း အရင်ကလို အကူအညီ မပေးတော့ဘဲ ခပ်ခွာခွာ ပြုလုပ်လာလေသည်။

သည်အချိန်တွင် တိမ်းရှောင်နေခဲ့သောစော်ဘွားစောမောင်သည် ဗြိတိသျှတို့နှင့် အပေးအယူလုပ်လျက် ရှိသည်။ ဗြိတိသျှတို့က စောအုံကို အသုံးချ၍ မရသောအခါ စောမောင်ကို ပုဆိန်ရိုးအဖြစ် အသုံးချရန် စိတ်ကူးရလာဟန် ရှိသည်။ စောမောင်ကလည်း မိမိစွန့်ပစ်ခဲ့ရသော ညောင်ရွှေဟော် နန်းတွင် ပြန်လည်စံမြန်းလိုသည်။ မိမိ ခံစား စံစားခဲ့ရသော ပဒေသရာဇ် စည်းစိမ်ကို အဘယ်မှာလျှင် တသသနှင့်ပြန်မရလိုဘဲ ရှိအံ့နည်း။ စောစောပိုင်းက ရှမ်းပြည်နယ်မှ အင်အားစုကာ မန္တလေးကို ဗြိတိသျှတို့ လက်တွင်းမှ ပြန်လည် သိမ်းယူရန် ဟူသော အကြံအစည်များသည် ပျောက်ကွယ်ကုန်လေပြီ။ အခြေအနေမှာ တစ်မျိုး ပြောင်းသွားပြီ ဖြစ်သည်။

နယ်ချဲ့တို့သည် စောမောင်အား စော်ဘွားနေရာ လစ်လပ်လျက်ရှိသော မိုးမိတ်တွင် စော်ဘွားခန့်၍ စမ်းသပ်ကြည့်သည်။ ဤသို့ စမ်းသပ်ကြည့်သော်လည်း အောင်မြင်ခြင်းမရှိဟု ဆိုသည်။ နောက်တစ်ဖန် ရပ်စောက်နယ်တွင် စော်ဘွားရာထူးကို အပ်နှင်းပြန်သည်။ သည်တစ်ခါတော့ စောမောင်က လက်မခံ၊ ငြင်းဆိုလိုက်သည်။ နောက်ဆုံးတွင် စောမောင်သည် ညောင်ရွှေသို့ပြန်လည် ရောက်ရှိလာပြီး ဟော်နန်းတွင် စံမြန်းရလေသည်။

စော်ဘွားစောမောင်သည် မည်သို့မည်ပုံ ညောင်ရွှေဟော်နန်းသို့ ပြန်လည် ရောက်ရှိလာသနည်း။ စော်ဘွားစောအုံသည် မည်သည့် အရပ်သို့ ရောက်သွားပါသနည်း။ ဤနေရာတွင် အဆက်ပြတ်နေပါသည်။ မောင်ပြုံးချို ဖတ်ရှုရသော စာအုပ်များတွင် ဤအခန်းဆက် ပျောက်နေပါသည်။ နောက်ပိုင်းတွင် စောအုံ၏တပ်များနှင့် စောမောင်၏တပ်များ တိုက်ကြ ခိုက်ကြသေးသည်ဟုလည်း ပြောကြသည်။ စောအုံသည် ညောင်ရွှေမှ ဆုတ်ကာ အင်းလေးဒေသကို အခြေပြု၍ ခုခံသည်ဟုလည်း ဆိုကြသည်။ သေချာသည့်အချက်တစ်ခုတော့ ရှိပါသည်။ ညောင်ရွှေဟော်နန်းပေါ်မှ စော်ဘွားစောအုံ ပျောက်ကွယ်၍ စော်ဘွားစောမောင် ရောက်ရှိလာခြင်းပင် ဖြစ်ပေသည်။ ယခုအခါတွင် ယဉ်ကျေးမှုပြ

ဘုံကုတ်အဖြစ် ထားရှိသော ဟော်ပေါ်သို့ တက်သွားလျှင် ရွှေရောင်ဝင်းဝင်းနှင့် ဘာပလ္လင်ရှေ့မှ ညောင်ရွှေ စော်ဘွားကြီး ဆာစောမောင်နှင့် မဟာဒေဝီတို့၏ ဆေးရောင်စုံ ပန်းချီပုံတူကားချပ်ကြီးများကို တွေ့ရပေမည်။ သူတို့သည် တည် ငြိမ်သော ဣန္ဒြေဖြင့် ဧည့်သည်များကို ကြည့်နေကြလေသည်။ ဆာစောမောင် သည် ဗြိတိသျှအစိုးရ၏ ချီးမြှင့်မြှောက်စားခံရသည့် စော်ဘွားများတွင် တစ်ဦး အပါအဝင် ဖြစ်လေသည်။

"ရွှေရိုး" အမည်ခံ ဆာဂျော့စကော့[၁] က ၁၉၁၁ ခုနှစ်တွင် ဒုတိယ အကြိမ် ထုတ်ဝေသည့် "မြန်မာပြည်၏ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် ဗဟုသုတ လက်စွဲ"စာအုပ်၌ ညောင်ရွှေနယ်၏ အကြောင်းကို ဤသို့ မှတ်တမ်းတင် ဖော်ပြထားသည်။

ညောင်ရွှေ။ ။၁၈၉၁ ခုနှစ်တွင် ကောက်သည့် သန်းခေါင်စာရင်းအရ လူဦးရေ ၉၃၃၃၉ ရှိသည်။ အကျယ်အဝန်း စတုရန်းမိုင် ၂၄၀၀၊ အခွန်ကောက် ခံရငွေ စုစုပေါင်း ကျပ် ၁၆၃၄၄၆၊ ဗြိတိသျှ အစိုးရသည် ဆက်ကြေး ကျပ် ၇၅၀၀၀ ရရှိသည်။ အကြီးအကဲအမည် စောမောင်၊ အသက် ၅၉ နှစ်၊ (၁၉၀၈ ခု)၊ ရှမ်းအမျိုးသား ဗုဒ္ဓဘာသာ၊ ရာထူးဆက်ခံမည့်သူ မရွေးချယ်ရသေး။ စော်ဘွားဘွဲ့ကို ရသည်။ စီ၊ အိုင်၊ အီး(၁)၊ ကေ၊ အက်(စ)၊ အမ် (၂) ဘွဲ့များနှင့် ဒေလီ ဒါဘာ ဂုဏ်ထူးတံဆိပ်များကိုလည်း ရသည်။ ဂုဏ်ထူး အမြှောက် ကိုးချက် ပစ်ဖောက်ခွင့် ရှိသည်။ ထိုဒေသရှိ အင်းလေးကန်ကြီးသည် ထင်ရှား ကျော်ကြားသည်။ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ပေ ငါးထောင်ကျော် ခန့်စီ မြင့်မားသည့်တောင်တန်းကြီးများနှင့် ကာဆီးထားသော အင်းလေးကန် ကြီးမှ ရေများသည် နန်းဖလူးချောင်းမှ တောင်ဘက်ရှိ ကရင်နီပြည်သို့ စီးဆင်း သွားပြီး မြေအောက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားသည်။ ထိုဒေသတွင် နေထိုင် ကြသူများသည် ရှမ်း၊ အင်းသား၊ မြန်မာ၊ တောင်သူ၊ တောင်ရိုး၊ အိန္ဒိယတိုင်းသား များ ပါဝင်ပြီး ရောထွေးနေသည်။ မီးရထားလမ်း ပေါက်သွားလျှင် ထိုဒေသ သည် စီးပွားရေးအားဖြင့် စည်ပင် ဝပြောလာပေလိမ့်မည်။ လက်ရှိ အခြေအနေ အရ ရှမ်းပြည်နယ်တစ်ခုလုံးရှိ စော်ဘွားနယ်များအနက် အခွန်အကောက်တွင်

---

[၁] Sir James Geoge Scott (Shway Yoe)

ခုတိယလိုက်သည့်နယ် ဖြစ်သည်။ စော်ဘွားသည် အရည်အချင်းနှင့် ပြည့်စုံ၍ ဉာဏ်အမြော်အမြင်ရှိသည်။ စပါးကို အဓိက စိုက်ပျိုးကြသည်။ ဂျုံကိုလည်း ကောင်းစွာ စိုက်ပျိုးနိုင်သည်။ အင်းလေး ဒေသတစ်ဝိုက်တွင် ကြံ၊ နာနတ်၊ ကွမ်းနှင့် အုန်းများ စိုက်ပျိုးသည်။

၃

မောင်ပြုံးချိုတို့သည် ညောင်ရွှေမြို့ကို ဖြတ်ကာ ရေဆိပ်သို့ လာကြသည်။ မြို့တွင်းတစ်နေရာတွင် စောင့်လျက်ရှိသည့် ကိုခင်မောင်ဖြူကို ဝင်၍ ခေါ်ရသေးသည်။ သူသည်လည်း အင်းသားတစ်ဦးပင် ဖြစ်သည်။ တက္ကသိုလ်တွင် စီးပွားရေးဘွဲ့အတွက် စာမေးပွဲ ဖြေဆိုထားသူ ဖြစ်သည်။ အင်းလေးဒေသတွင် လုပ်ကိုင်ကြသည့် “ရေခြံလုပ်ငန်း” အကြောင်းကို စာတမ်းပြုစု တင်ပြထားဖူးသူလည်း ဖြစ်သည်။ ရေခြံဆိုသည်မှာ ရေထဲတွင် လုပ်ကိုင် စိုက်ပျိုးသည့် ဥယျာဉ်ခြံလုပ်ငန်းပင် ဖြစ်သည်။ သည်အကြောင်းတွေကို သူ့အား မေးရမြန်းရပေမည်။

ဖောင်တော်ပြန် ရေဆိပ်တွင် စက်လှေကို မောင်းပို့ကြမည့် ကိုဖိုးဆောင်နှင့် ကိုပေါ်တို့ အသင့်စောင့်နေကြသည်။ ရေဆိပ်တွင် အဆင်းအတက် လွယ်ကူရန် ဇရပ်လိုလို အဆောက်အအုံငယ်တစ်ခု ဆောက်လုပ်ထားသည်။ ထိုနေရာတွင် အခိုက်အတန့် နားလိုက နားနေနိုင်သည်။

“ဟိုဘက်က ဖောင်တော်ဆိုက်ဆိပ် ခင်ဗျ။ သီတင်းကျွတ်လပြည့်မယ် ဖောင်တော်ဦးဘုရားများကို ကရဝိက် ဖောင်နဲ့ ပင့်လာပြီး ဟိုဘက်က ဆိပ်မယ် ဆိုက်ပါတယ်။ အဲဒီကမှ ရုပ်ပွားတော်များကို အထူးပြုပြင်ထားတဲ့ ဗြာသာဒ် ယာဉ်များနဲ့ မြို့ထဲ လှည့်ပါတယ်။ မြို့ထဲက စံကျောင်းတော်မယ် တစ်ညနားနေပြီး ပြန်ကြွတဲ့အခါမတော့ ဒီ ရေဆိပ်က ကရဝိက်ဖောင်ပေါ် ပြန်ကြွပါတယ်။ ဒါကြောင့် ဟိုဘက်က ရေဆိပ်ကို ဖောင်တော်ဆိုက်ဆိပ်လို့ ခေါ်ပြီး ဒီဆိပ်ကို ဖောင်တော်ပြန်ဆိပ်လို့ ခေါ်ပါတယ်”ဟု မောင်တင်မြိုင်က မောင်ပြုံးချိုအား ဤသို့ ရှင်းပြသည်။

သီတင်းကျွတ်လပြည့်ရက်များတွင် မောင်ပြုံးချို ဤနေရာသို့ ရောက်ဖူးပါသည်။ အင်းလေးအတွင်းရှိ ရွာတစ်ရွာမှ တစ်ရွာသို့ ဒေသစာရီ ကြွချီသောဘုရားပွဲတော်များကို ပင့်ဆောင်လာသည့် ကရဝိက်ဖောင်တော်ကြီး ချောင်းအတွင်းသို့ ဝင်လာချိန်တွင် လူထုပရိသတ်ကြီးမှာ ကမ်းနားညွတ်မျှ သော်ကားလှသည်။ ဖောင်တော်ကြီးကို အင်းထဲရှိ ရွာအသီးသီးမှ လှေများစွာတို့က ဆွဲယူလာကြသည်။ လှေများကိုလည်း အင်းသားများသည် ခြေထောက်ဖြင့် ညီညာစွာ လှော်၍ ဖောင်တော်ကြီးကို တရိပ်ရိပ် ဆွဲလာရာ သာယာသောနံနက်ခင်းတွင် အမြင်တစ်မျိုးဆန်း၍ ကျက်သရေ ရှိလှပါသည်။

မောင်ပြုံးချိုသည် စက်လှေထဲသို့ ဆင်းလာရင်း ယမန်နှစ်က သူမြင်ခဲ့ဖူးသည့် မြင်ကွင်းကို ပြန်ပြောင်း မြင်ယောင်နေလေသည်။

ယခုမူ ချောင်းရိုးတစ်လျှောက် ဆိတ်ငြိမ်နေပါသည်။

သူတို့တစ်တွေ လှေပေါ်တွင် ထိုင်မိသည်နှင့် ပုံပိုင်းတွင် ထိုင်နေသောကိုပေါ်သည် ပုံချိတ်စက်ကို နှိုးလေတော့သည်။ ကိုဖိုးဆောင်သည် ဦးဘက်မှ ထိုင်ကာ လမ်းပြမည် ဖြစ်သည်။

"ဒီနေ့ ဥပုသ်နေ့မို့ အသွားအလာ သိပ်မရှိဘူး" ဟု မောင်တင်မြိုင်က မှတ်ချက်ချသည်။

မှန်ပေသည်။ နေ့တိုင်းဆိုလျှင် ချောင်းထဲတွင် ဥဒဟိုသွားလာနေကြသည့် စက်လှေတွေ အများပင် တွေ့ရမည် ဖြစ်သည်။ သူတို့စက်သံများသည် ချောင်းရိုးတစ်လျှောက်တွင် ဆူညံနေမည် ဖြစ်သည်။ အင်းလေးကန်အတွင်းရှိ ကျေးရွာအသီးသီးမှ ညောင်ရွှေသို့ သွားသူများ၊ ညောင်ရွှေမှ အင်းလေးထဲရှိ ရွာအသီးသီးသို့ သွားသူများ၊ တစ်ရပ်တစ်ကျေးမှ ဘုရားဖူးရန် ဗဟုသုတရှာမှီးရန် လာရောက်သူများကို တင်ဆောင်လာသည့် စက်လှေများသည် ချောင်းထဲတွင် တစ်စီးနှင့် တစ်စီး မတိုက်မိရန်ပင် သတိနှင့် ရှောင်ကြ တိမ်းကြရပါသည်။ ယခုမူ မောင်ပြုံးချိုတို့ စက်လှေမှ အသံသာလျှင် ထွက်ပေါ်နေသည်။ တစ်ခါတစ်ရံ ညောင်ရွှေဘက်သို့ လာနေသည့် စက်လှေသံကို ကြားရသည်။ အချို့နေရာများတွင်ကား ဘုရားသွား ကျောင်းတက်သွားနေသည့် လှေငယ်များကို တွေ့ရသည်။ ဆွမ်းအုပ်ကို ပြင်ကာ လှူဖွယ်တန်းဖွယ်ရာများကို ယူ

ဆောင်လာသည်။ လှေဝမ်းထဲတွင် အဘိုးအဘွား သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ထိုင်လျက် ပဲ့တွင် လူရွယ်တစ်ဦးသည် မတ်တတ်ရပ်ကာ ခြေထောက်နှင့် လှော်ခတ်သွားသည်။ ဆွမ်းအုပ်နီနီကို အမေ ရွက်မလာ။ အမေသည် ငွေဆွမ်းကလပ်ကို လှေနှင့် တင်ယူလာပါသည်။

မောင်ပြုံးချိုတို့ စက်လှေသည် ဤကဲ့သို့သော လှေငယ်များကို တွေ့လျှင် စက်အားကို လျှော့ပေးသည်။ ဤသို့မှ လျှော့မပေးဘဲ စက်ကုန်ဖွင့်၍ မောင်းလျှင် ချောင်းထဲတွင် လှိုင်းထန်ထန်ထ၍ လှေငယ်ကို ရိုက်ခတ်မည် ဖြစ်သည်။ ထိုလှိုင်းဂယက်ကြောင့် လှေငယ်သည် မှောက်သွားနိုင်သည်။ မမှောက်သော်လည်း ပြင်ထားသည့် ဆွမ်းတော်ပွဲတွေ ဖိတ်စဉ်ကုန်နိုင်ပါသည်။ "ငါ့လှေငါထိုး ပဲ့ခူးရောက်ရောက်" ဟူသော စိတ်ဓာတ်မျိုး ထား၍မဖြစ်။ "လွတ်လပ်တယ် ဆိုပြီး သူတစ်ပါး ထိခိုက်မယ့် အလုပ်မျိုးတွေကို မဆင်မခြင် မလုပ်ရဘူး" ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်ကို သူသည် ရုတ်တရက် သတိရလိုက်လေသည်။

ချောင်းသည် ကျဉ်းသည်။ ကျဉ်းသည့်အထဲ ဗေဒါပင်တွေလည်း ပြည့်ကျပ်နေသည်။ ထို့ကြောင့် စက်လှေကို ခပ်ဖြည်းဖြည်း မောင်းရသည်။ တစ်ခါတစ်ရံ ဗေဒါတောကို လှေပင် တိုး၍မရ။ ထိုးဝါးနှင့် ထိုးနေရသည်။ သို့သော် ဗေဒါများသည် မြစ်ဝကျွန်းပေါ်ဘက်တွင် တွေ့ရသည့်ဗေဒါတွေလို သန်သန်မာမာ မရှိလှ။ အရွက်ကြီးများသည် စိမ်းစိမ်းညိုညို ထောင်၍မနေ။ ဝါကျင်ပြတ်တောက်၍ ညှိုးနွမ်းကြကုန်သည်။

"ဒီက ဗေဒါတွေလည်း မသက်သာလှဘူး၊ လှေသမားတွေရဲ့ အတွန်းအထိုးကို ခံရတယ်၊ ပဲ့ချိတ်စက်တွေရဲ့ အတွန်းအထိုးကို ခံရတယ်၊ ပဲ့ချိတ်စက်တွေရဲ့ ခုတ်တာဖြတ်တာကို ခံရတယ်၊ ဒါကြောင့် မလန်းဆန်းနိုင်ကြဘူး၊ ဗေဒါက တစ်ပင် နှစ်ပင်၊ စက်လှေတွေက အများကြီး"ဟု မောင်တင်မြိုင်က ဗေဒါတွေကို ကရုဏာသက်သလို ပြောနေလေသည်။

"ဒါပေမဲ့ သူတို့တစ်တွေကတော့ ပန်းတွေ ပန်လျက်ပါပဲ" မောင်ပြုံးချိုက ချောင်းကမ်းစပ်တစ်လျှောက်တွင် ပွင့်လန်းနေကြသော ဗေဒါပန်းပြာပြာတွေကို ကြည့်၍ ဆရာဇော်ဂျီ၏ ကဗျာကို ရည်ညွှန်းကာ ပြောလိုက်သည်။

ထိုနောက် ကိုခင်မောင်ဖြူက ကျွန်းမျောတွေအကြောင်း ပြောပြန်သည်။ သို့မဟုတ်စ်ခါ ရေခြံအကြောင်း ရောက်သွားပြန်သည်။ မောင်တင်မြိုင်က အင်းလေးကန်ကြီးအကြောင်း၊ ပတ်ဝန်းကျင်ရှိ စေတီပုထိုးများအကြောင်း၊ အင်းလေးကန်ထဲရှိ ရွာတွေအကြောင်း၊ အင်းသားတွေ အကြောင်း၊ သူတို့၏ အလုပ်အကိုင်၊ သူတို့၏စီးပွားရေးအကြောင်း စသည်ဖြင့် အကြောင်းမျိုးစုံကို ပြောဆိုသကြသည်။ ပြော၍ဆို၍ကား ကုန်နိုင်ဖွယ်မရှိ။ အင်းလေးကန်တွင်းရှိ ရေကို့သည် ခန်းနိုင်မည် မဟုတ်သလို သူတို့ ပြောဆိုစရာ အကြောင်းအရာများသည် ကုန်နိုင်မည်မဟုတ်။

မောင်ပြုံးချိုတို့ စက်လှေသည် အင်းဦးသို့ ရောက်အောင် တချုတ်ချုတ်မြည်ကာ ချောင်းကျဉ်းထဲတွင် ဗေဒါတောကို တိုး၍ သွားနေလေသည်။ ကိုပေါ်သည် စက်ကို ပိတ်လိုက် ဖွင့်လိုက် မတင်လိုက်နှင့် ရေနှင့် ဗေဒါအနေအထားကို ကြည့်၍ မောင်းနေရလေသည်။ ဘေးပတ်ဝန်းကျင်တွင် ကျွန်းမျောတွေရှိသည်။ ကျွန်းမျောဆိုသည်မှာ ရေပေါ်တွင် မျောကာ ရွှေ့လျား၍ရသောကျွန်းများ ဖြစ်သည်။ ထိုကျွန်းမျောများပေါ်တွင် ဟင်းသီးဟင်းရွက်ဟင်းသီးခင်းတွေကို တွေ့ရသည်။ ခရမ်းချဉ်ပင်တွေကို အများဆုံး စိုက်ပျိုးကြသည်။ အချို့ကျွန်းမျောများကား မပြုပြင်ရသေးသည့် အရိုင်းများ ဖြစ်သည်။ စပါးပင်လိုလို၊ ကိုင်းပင်လိုလို၊ မြက်ပင်လိုလို အပင်တွေနှင့် ရှုပ်ထွေးနေလေသည်။

“အဲဒါ ဘာပင်တွေလဲဗျ၊ ကိုင်းပင်တွေလား”ဟု မောင်ပြုံးချိုက မေးသည်။

“မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်တို့က မပိတ်ဆီးလို့ ခေါ်တယ်၊ မြန်မာအသံနဲ့ဆိုရင်တော့ ပိတ်သီးပေါ့၊ အပေါ်က အခွံတွေကို ခွာလိုက်ရင် အထဲမယ်ဖြူဖြူနုနု အူတိုင်ရှိတယ်၊ အဲဒါကို ကျွန်တော်တို့ ဟင်းချက်စားတယ်”ဟု မောင်တင်မြိုင်က ပြောပြလေသည်။

ကိုခင်မောင်ဖြူက ကျွန်းမျောတွေအကြောင်း ပြောပြန်သည်။ ထိုကျွန်းမျောတွေကို လိုသလောက် ဖြတ်တောက် ရွှေ့ယူသွားပြီး သီးနှံပင်များ စိုက်ပျိုးနိုင်အောင် မည်သို့မည်ပုံ ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရပုံများကို ရှင်းပြနေလေသည်။

သည်အချိန်တွင် မောင်ပြုံးချိုတို့ စက်လှေသည် ချောင်းကျဉ်းကျဉ်း ဇေဒါတောမှ ထွက်ကာ အင်းလေးရေပြင်ကျယ်ကြီးသို့ ရောက်လာလေသည်။ ကိုပေါ်သည် စက်ကုန်ဖွင့်လိုက်သည်။ စက်လှေသည် ဖောင်တော်ဦးဘုရားကို ဦးတည်ကာ အင်းလေးရေပြင်ကို ရှပ်လျက် အရှိန်ပြင်းစွာ ပြေးနေလေသည်။

# တောနှင့်တောင်စွယ် ရေပြင်ကျယ်

၁

မောင်ပြုးချိုတို့ စက်လှေသည် အင်းလေးကန် ရေပြင်ကျယ်ကို ရုပ်တိုက်မြေး နေလေသည်။ လှေဝမ်းဗိုက်နှင့် တိုက်သဖြင့် လှေအောက်မှ ရေတို့သည် ဝဲယာတွင် ဖြာတက်နေလေသည်။ ရေပန်းပွားတို့သည် နောက်ဘက်တွင် ထိုင်နေသူများအား ပက်ဖျန်းလျက် ရှိသည်။ ထို့ကြောင့် အသင့်ပါလာသော မိုးကာအင်္ကျီများကို ခြုံထားကြရလေသည်။

အင်းသားများ ဖြစ်ကြသည့် မောင်တင်မြိုင် (အင်းလေး) နှင့် ကိုခင်မောင်ဖြူတို့သည် အင်းလေး၏ အကြောင်းကို ပြောပြရင်း လိုက်ပါလာကြသည်။ ပွဲချိတ်စက်သံက ဆူညံနေသဖြင့် ပြောရသူအဖို့ တိုးတိုးသက်သာပြော၍ မဖြစ်၊ ခပ်ကျယ်ကျယ် အသံပြု၍ ပြောကြရသည်။ သူတို့နှစ်ဦးသည် တစ်ယောက်တစ်လဲ အင်းလေး၏ အကြောင်းကို မောရမှန်းမသိ ပန်းရမှန်းမသိ ပြောလာကြလေသည်။

၂

အင်းလေးကန်သည် တောင်နှင့် မြောက် အလျားလိုက် ၁၁ မိုင်ခန့် ရှည်လျားသည်။ အနံအားဖြင့် အရှေ့နှင့် အနောက် လေးမိုင်ခန့် ကျယ်သည်။ ရေ၏ အတိမ်အနက်မှာ ရာသီလိုက် ပြောင်းလဲတတ်သည်။ တပေါင်း တန်ခူး ရေနည်းချိန်တွင် အနက်ဆုံး ၁၂ ပေခန့်သာ ရှိသည်။ ပျမ်းမျှအားဖြင့် ခုနစ်ပေခန့်သာ နက်သည်။ မိုးနှောင်းအချိန် သီတင်းကျွတ် တန်ဆောင်မုန်းတွင် အနက်ဆုံး

နေရာ၌ ပေ ၂၀ ကျော် ရှိသည်။ ဘူမိဗေဒ ပညာရှင်တို့၏ အဆိုအရ အင်းလေးကန်သည် ရှေးနှစ်ပေါင်းဆယ်သန်းခန့်ကပင် တည်ရှိခဲ့သည်။ ထိုစဉ်က အလျား ၃၆ မိုင်ခန့် ရှိ၍ ရှစ်မိုင်ခန့်ကျယ်ဝန်းခဲ့သည်။ နောက်မှ တဖြည်းဖြည်း ကော၍ ကျဉ်းပြီး တိမ်လာသည်ဟု ယူဆရသည်။ ကန်၏အနေအထားမှာ မြောက်ဘက်တွင် ကျယ်၍ တောင်ဘက်တွင် ကျဉ်းသွားသည်။ ကန်ကြီးကို အရှေ့ဘက်နှင့် အနောက်ဘက်မှ တောင်ပြာတန်းကြီးများက ညှပ်ကာ ပိတ်ဆီးကာဆိုင်းထားသည်။ အုံ့မှိုင်းပြာရီနေသောတောင်တန်းကြီးများသည် ကြေးမုံပြင်လို ကြည်လင်နေသော အင်းလေးရေမျက်နှာပြင်တွင် အရိပ်ထင်နေလေသည်။

ပတ်ဝန်းကျင် တောင်တန်းကြီးတွေပေါ်က စီးဆင်းလာသော ရေများသည် ဤချိုင့်ဝှမ်းတွင် ပေါင်းစည်းစုဝေးပြီး ကန်ကြီးကို ဖန်တီးထားခြင်းဖြစ်လေသည်။

"ဒီအင်းထဲ စီးဆင်းလာတဲ့ ချောင်းတွေထဲက ထင်ရှားတဲ့ ချောင်းတွေကတော့ တာယောချောင်း၊ သန်တောင်ချောင်း၊ ငါးမြောင်းချောင်း၊ အင်းတိမ်ချောင်း၊ ဘီလူးချောင်းတို့ပါပဲ"ဟု ကိုခင်မောင်ဖြူက ပြောပြလေသည်။ ချောင်းများသည် တောင်ပေါ်မှ စီးဆင်းလာရသည့်အတွက် မိုးရာသီတွင် အချို့ချောင်းများသည် ရေစီးသန်လှသည်။ ဘူမိဗေဒပညာရှင်များ အဆိုအရ အင်းလေးကန်တွင်းသို့ နှစ်စဉ် ရေပမာဏ ကုဗပေ သန်းလေးသောင်း စီးဝင်သည်ဟု ဆို၏။ ထိုရေများနှင့် ပါလာသော နုန်းများ အင်းလေးထဲတွင် အနည်ထိုင်မှုသည် တစ်နှစ်လျှင် ကုဗပေ နှစ်ဆယ့်နှစ်သန်း ရှိသည်ဟု ခန့်မှန်းကြလေသည်။ ထိုနုန်းမြေများကြောင့် အင်းလေးကန်၏ အောက်အခြေ မြေပြင်သည် တဖြည်းဖြည်း မြင့်မားလာလေသည်။ သက်ကြီးရွယ်အိုများ၏ ပြောစကားအရ အင်းလေး၏ ရေမျက်နှာပြင်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ယခုထက် နိမ့်သည်ဟု ဆိုသည်။ နုန်းများကို ဆယ်ယူနိုင်ခြင်း မရှိပါက နောင် နှစ်ပေါင်း ၅၀၀ ကျော်လောက် ကြာလျှင် အင်းလေးကန်ကြီး ကောသွားနိုင်ပါသည်ဟုလည်း ဆိုပါသည်။

မောင်ပြုံးချိုတို့ စက်လှေသည် ခေါင်တိမ်၊ လင်းကင်း၊ ကြေးစားကုန်းရွာများဘေးမှ ကပ်၍ ခုတ်မောင်းလာခဲ့လေသည်။

"အင်းထဲမယ် ဒီလိုအိမ်ဆောက်နေတဲ့ ရွာတွေ ဘယ်လောက်များသလဲ" ဟု မောင်ပြုံးချိုက မေးသည်။

"စုစုပေါင်းဆိုရင် ရှစ်ဆယ်ထက် နည်းမယ် မထင်ဘူး"

ရေးသမိုင်း အဆိုအရ အင်းထဲတွင် စတင်၍ ရွာတည်စဉ်က လေးရွာသာ ရှိသည်ဟု သိရသည်။ မူလအစ တည်ထောင်ခဲ့သည်ဆိုသော ရွာများမှာ အင်း၏ တောင်ပိုင်းတွင် ရှိသော ဟဲယာ၊ နန်းပန်၊ နောင်ဘောနှင့် ရွာကြီးပန်းပုတို့ ဖြစ်သည်။ ထိုမှ တစ်စတစ်စ ဆွေစဉ်မျိုးဆက် ပြန့်ပွားပြီး ရွာတွေ များလာသည်။ ထိုသို့ အင်းတဲတွင် မူလပထမ စတင်တည်ထောင်ခဲ့သည့် ရွာလေးရွာကို အစွဲပြု၍ "အင်းလေးရွာ" ဟု ခေါ်တွင်ခဲ့သည်ဟု ဆိုလေသည်။

"ပထမ အင်းလေးရွာတွင် တစ်ရွာအပါအဝင်ဖြစ်သော ဟဲယာ ရွာမကို တည်သော ခုနှစ်မှာ မြန်မာသက္ကရာဇ် ၈၇၂ ခုနှစ် (အေဒီ ၁၅၁၀) ဖြစ်ကြောင်း အင်းလေးရွာမှ မှတ်တမ်းတစ်ခုက ဆိုပေသည်။ သို့ရာတွင် အင်းဝခေတ်မတိုင်မီ ပုဂံခေတ်ကပင် အင်းလေးဒေသသို့ အင်းသားများ စတင် ရောက်ရှိသည်ဟု ယူဆပါက ပိုမိုသင့်လျော်မည်။ ရှေးမြန်မာအနွယ်တို့မှာ မေခနှင့် မေလိခ မှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းပြီး ထိုမြစ်ဝှမ်းတွင် အခြေစိုက်နေခဲ့ကြသူများလည်း ရှိသည်။ အချို့မှာ ဇော်ဂျီ၊ ပန်းလောင်မြစ်ကြောင်း အရှေ့သို့ တက်၍ ယခုအခါ ရှမ်းပြည်နယ်တွင် မြေလပ်နယ်ဟု ခေါ်သော ရွာငံ၊ ပင်းဒယ၊ ပွေးလှ ဒေသများတွင် အခြေစိုက်ခဲ့သူများအနက်မှ အချို့မှာ အင်းလေးရွာသို့ တဖြည်းဖြည်း ဆင်းသက်ပျံ့သွားခဲ့ကြသည်ဟု ယူဆလျှင် သင့်လျော်ဖွယ်ရာ ရှိပေသည်။ ဓနုလူမျိုး၊ တောင်ရိုးလူမျိုးနှင့် အင်းသားလူမျိုးတို့မှာ အခေါ်အဝေါ် များစွာ တူညီမှု ရှိနေသည်"ဟု ၁၉၆၆ ခုနှစ် တောင်ကြီးခရိုင်ဝန် ဦးဘရီဦးဆောင် ပြုစုခဲ့သော တိုင်းရင်းသား လူမျိုးစုများ လေ့လာရေး စာတမ်းတွင် ဖတ်ရှုရသည်။

အင်းသားတို့၏ ပင်ရင်း ဇာစ်မြစ်နှင့် သမိုင်းကိုကား အမျိုးမျိုး ယူဆကြသည်။ အတိအကျ မပြောနိုင်ကြသေးချေ။ အချို့က အင်းလေးသားများသည် မြောက်ထားဝယ် အဆက်အနွယ်များ ဖြစ်သည်ဟု ဆိုကြသည်။ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာတွင် ပါလာကြသည့် ထားဝယ်သားများ

အခြေစိုက်နေခဲ့ရာမှ ဆင်းသက်ပေါက်ပွားလာသူများ ဖြစ်သည်ဟု အများက ယုံကြည်ကြသည်။ အချို့ကလည်း အရှေ့မြောက်ဘက်မှ "တိဗက်တို ဘာမင်" အုပ်စုတွေ လမ်းခွဲပြီး ဤဒေသသို့ ရောက်လာကြသည်ဟု ယူဆကြသည်။ ထိုအုပ်စုထဲတွင် ဒေသသုံး မြန်မာစကားကို ပြောဆိုနေကြသော တောင်ရိုး၊ ဓနု၊ အင်းသားအစရှိသော တိုင်းရင်းသားတွေ ပါဝင်သည်ဟု ဆိုသည်။ အခြား ပညာရှင်တစ်ဦးကမူ ၁၅ ရာစုနှစ်တွင် ဟံသာဝတီပျက်ချိန်၌ တိုင်းပြည် မငြိမ် မသက် ဖြစ်သည့်အတွက် မြန်မာလူမျိုးတို့သည် သံလွင်မြစ် အနောက်ဘက် ကမ်းသို့ ခိုလှုံရန် ရောက်ရှိလာကြသည်ဟု ယူဆသည်။ အထူးသဖြင့် ပင်းတယ နှင့် အင်းလေးဒေသတွင် အလုံးအရင်းနှင့် ခိုလှုံကြသည်ဟု ဆိုပါသည်။

"အင်းလေးဒေသမယ်ရှိတဲ့ ရွှေအင်းတိမ် ဘုရားကျောက်စာအရဆိုရင် ရွှေအင်းတိမ်ဘုရားကို သာသနာသက္ကရာဇ် ၂၀၀ ကျော်မယ် အသောကမင်း က တည်တယ်၊ အဲဒါကို နရပတိစည်သူမင်းကြီးက ပြုပြင်တယ်၊ တစ်ခါ သက္ကရာဇ် ၁၁၄၇ ခုမှာ ဘိုးတော်ဘုရားပြုပြင်တယ်လို့ သိရတယ်၊ အဲဒီရွှေအင်း တိမ်ဘုရား အဆောက်အအုံတွေမှာလည်း ပုဂံလက်ရာတွေကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ပုဂံခေတ်မတိုင်မီ ဒါမှမဟုတ် ပုဂံခေတ်လောက်ကတည်းက အင်းလေးဒေသမှာ လူတွေ နေထိုင်ကြပြီလို့ မှတ်ယူနိုင်မယ် ထင်ပါတယ်"ဟု မောင်တင်မြိုင်က သူ့ထင်မြင်ချက်ကို ပြောပြလေသည်။

သမိုင်းဆိုသည်မှာ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် တိတိကျကျ ပြောဆိုနိုင်ရပေမည်။ အမှတ်အသား အထောက်အထား ခိုင်ခိုင်လုံလုံ မရှိလျှင် ကား ဤသို့သာ ကိုယ့်အယူအဆနှင့် ကိုယ် ရေးသားပြောဆိုနေကြမည် ဖြစ်ပေ သည်။ ဟိုပုဂ္ဂိုလ် ပြောသလိုလည်း ဖြစ်နိုင်သည်။ သည်ပုဂ္ဂိုလ်ပြောသလိုလည်း ဖြစ်နိုင်သည်နှင့်ပင် တင်းတိမ်ရပေတော့မည်။ ယခုအခါတွင် မြန်မာ သမိုင်းကို မြန်မာအထောက်အထားနှင့် မပြနိုင်ကြဘဲ လူမျိုးခြားတို့ ရေးသားထားသည့် စာရွက်စာတမ်း စာအုပ်များကို ကိုးကားနေကြရလေသည်။

မောင်ပြုံးချိုတို့ စက်လှေသည် မြေနီကုန်းရွာ အရှေ့ဘက်မှ ဖြတ်ကာ ငါးဖယ်ချောင်းရွာ မြောက်ဘက်မှ ကပ်သွားပြီး လယ်သစ်ရွာထဲသို့ ဝင်လာကြ လေသည်။ ရွာတိုင်းလိုလိုပင် တိတ်ဆိတ် ငြိမ်သက်နေသည်။ လပြည့် ဥပုသ် နေ့ဖြစ်သောကြောင့် ဘုရားနှင့် ကျောင်းများသို့ သွားနေကြဟန် ရှိသည်။

ရေထဲတွင် ဆောက်လုပ်ထားသည့် အိမ်များသည် အများအားဖြင့် ခိုင်ခံ့ကြီးမားလှသည်။ ရေတက်လာလျှင် ကြမ်းနှင့် လွတ်အောင် ဆောက်ကြရသဖြင့် ခြေတံရှည်အိမ်ကြီးများ ဖြစ်သည်။ လူတစ်ရပ်ကျော် အမြင့်တွင် ပထမထပ်အဖြစ် ကြမ်းခင်းသည်။ နောက်တစ်ဖန် ဒုတိယထပ် တက်ပြန်သည်။ ထို့ကြောင့် အိမ်ကြီးအိမ်ကောင်းများသည် မြင့်မားသည့် သုံးထပ်အိမ်ကြီးများ ဖြစ်လေသည်။ မှန်ပြတင်း လေဝင်ပေါက် စသည်တို့ဖြင့် စနစ်တကျ ဆောက်လုပ်ထားကြသည်။ ကျယ်လည်း ကျယ်ဝန်းလှသည်။ အချို့မှာမူ သုံးဆင့်ထပ်နစ်ဆောင်ပြိုင်များ ဖြစ်လေသည်။ ရွာထဲရှိ အိုးအိမ်အဆောက်အအုံများကို ကြည့်ရခြင်းအားဖြင့် အင်းလေးဒေသ၏ စီးပွားရေးသည် အတော်အတန်မြင့်မားသည်ဟု ယူဆရပေမည်။

"အင်းသားများမှာ လုံ့လဝီရိယ ရှိသည်။ အလုပ်ကို အားစိုက်ခွန်စိုက်လုပ်သူများ ဖြစ်သည်။ အများအားဖြင့် ရိုးသားကြပြီး ဉာဏ်ပညာ ထက်မြက်ကြသည်။ ယဉ်ကျေးဖော်ရွေမှု ရှိသည်။ ဗုဒ္ဓ ဘာသာဝင်များ ဖြစ်ပြီး ဘာသာရေးတွင် များစွာ ကိုင်းရှိုင်းသည်။ စကားပြောရာတွင် ရိုင်းစိုင်းသည်ဟု ထင်ရသော်လည်း ဒေသဓလေ့ ထုံးစံဖြစ်၍ ရိုင်းသည်ဟု မပြောသာပေ" ဟု လေ့လာရေး စာတမ်းတွင် ဖတ်ရှုရသည်။

မောင်ပြုံးချိုသည် သူတို့အချင်းချင်း ပြောဆိုနေကြသော စကားများကို မကြာခဏ နားစိုက်ထောင်မိသည်။ အများအားဖြင့်ကား နားလည်သလိုရှိပါသည်။ ပုဂံခေတ်ကျောက်စာတွေထဲက အသံမျိုးတွေကို ကြားရသည်။ အင်္ဂလိပ်ဘာသာနှင့်သင်ရသည့် ပါဠိအသံမျိုးတွေလည်း ပါသည်။ ရရစ် ယပင့်သံကို လသံထွက်သည်။ ကျောင်းကို လောင်း၊ ပြာကို ပလာဟု အသံထွက်သည်။ 'အိုက်'သံကို 'အိတ်'သံဖြင့် ဆိုသည်။ 'သစ်သား' ကို 'ဆစ်သား'ဟု အသံထွက်သည်။

"ကျွန်တော်တို့ ပြောတာတွေ နားလည်သလား"ဟု မောင်တင်မြိုင်က မေးသည်။

"လုံးစေ့ပတ်စေ့တော့ မဟုတ်ဘူး၊ အတော်တော့ နားလည်သား" ဟု မောင်ပြုံးချိုက ဆိုသည်။

"ပြီးတော့ ကျွန်တော်တို့ ပြောတာတွေ ရိုင်းတယ်လို့ မထင်ဘူးလား"

"ဘာပြုလို့လဲ"

"ကျွန်တော်တို့မယ် ကျွန်တော်တွေ ခင်ဗျားတွေ မပြောဘူး၊ နင်နဲ့ငါ လို့ပဲ ပြောတယ်၊ စောစောက ကျွန်တော့်အဒေါ်ကြီး ပြောနေတာ ဆရာ ဂရု မစိုက်မိဘူးလား၊ သူ့ကို ကျွန်တော်က နင်နဲ့ငါနဲ့ ပြောတာ အကြောင်းမသိရင် ရိုင်းသလို ဖြစ်နေမှာပေါ့၊ အဖေအမေနဲ့ ပြောရင်လည်း သည်လိုပဲပြောပါတယ်"

"တကယ်တော့ နင် ငါ ဆိုတဲ့ စကားလုံးဟာ မရိုင်းပါဘူး၊ ဟိုရှေးရှေး တုန်းကဆိုရင် နင်နဲ့ ငါနဲ့ပဲ ပြောလာကြမှာပါပဲ။ နောက် ပဒေသရာဇ်ခေတ် ထွန်းကားလာတော့မှပဲ သူတို့အမျိုးအနွယ်ကလွဲလို့ ကျန်တဲ့လူတွေဟာ ကျေး တော်မျိုး ကျွန်တော်မျိုးတွေ ဆိုပြီး ကျွန်တော် ကျွန်မ ဆိုတဲ့ စကားဖြစ်လာတာ ထင်တာပဲ၊ ပြီးတော့ သခင်ဘုရားကနေ ခင်ဗျား၊ အရှင်က ရှင်ဆိုတာတွေ ပြောင်းလာတာ နေမှာပေါ့"ဟု မောင်ပြုံးချိုက ပြောပြလေသည်။

စက်လှေသည် ဟဲယာရွာမအတွင်းသို့ ဝင်လာသည်။ ထိုရွာသည် ပထမ စတင်တည်ထောင်သည့် အင်းလေးရွာတွင် တစ်ရွာ အပါအဝင် ဖြစ်သည်။ အိမ်ကြီး အိမ်ကောင်းတွေနှင့် မြိုင်ဆိုင်လှသည်။

"ဒီဒေသတစ်ဝိုက်မယ် စီးပွားရေး အခြေအနေ အတော်ကောင်းတယ် ထင်တယ်"ဟု မောင်ပြုံးချိုက မှတ်ချက်ချသည်။

"အင်းသူအင်းသားတွေဟာ အလုပ်ကို အင်မတန် ကြိုးစားပြီး လုပ်ပါ တယ်။ တောင်သူ လယ်သမားများတွေ အနေနဲ့လည်း မြေပြန့်က လူတွေထက် ကြိုးစားကြရတယ်။ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးတဲ့နေရာတွေမလည်း ကုန်းပေါ် မယ် လုပ်ကိုင်ရတာထက် ခက်ခက်ခဲခဲ လုပ်ကြရတယ်။ ကျွန်းမျောတွေကို စိုက်နိုင် ပျိုးနိုင်အောင် ဘယ်လို ပြုစုပျိုးထောင်ရတယ်။ ရေခြံတွေကို ဘယ်လို လုပ်ရတာဆိုတာ ဆရာ့ကို လိုက်ပြဦးမယ်" ဟု မောင်တင်မြိုင်က ပြောလေ သည်။

ကုန်ရောင်း ကုန်ဝယ် လုပ်ငန်းများတွင်လည်း အင်းသားတွေ ဇွန့်ဇွန့် စားစား လုပ်ကိုင်ကြကြောင်းကို ကိုခင်မောင်ဖြူက ပြောပြပြန်သည်။ အင်းသား တို့နှင့် ပတ်သက်၍ မှတ်တမ်းတစ်ခုတွင် ဤသို့ ရေးသားထားသည်ကို မောင်ပြုံး ချို ဖတ်ရှုဖူးပါသည်။

"အင်းသားတို့သည် စွန့်စွန့်စားစား သွားလာ ရှာဖွေလုပ်ကိုင်ကြသည်။ ...ဒယား၊ ရခိုင်တို့အထိ ခြေကျင် သွားရောက် ရောင်းဝယ်မှုပင် ရှိသည်။ ...များရေးတွင် လာဘ်မြင်သူများ ဖြစ်သဖြင့် ရှမ်းပြည်နယ်၏ ဂျပန်များဟုပင် ...ခေါ်ခံရသည်။ အဝတ်အစားနှင့် အစားအသောက်တွင် ချွေတာသည်က ...များသည်။ ရွှေ ငွေ လက်ဝတ် လက်စား စုဆောင်းသည်။ ဘာသာရေး၊ ကုသိုလ် ...ရေးတွင်ကား ရက်ရက်ရောရော လှူဒါန်းကြသည်။ ပညာရေးနှင့် ကျန်းမာရေး ...တွင် များစွာ နိုးကြားသည်။ အကူအညီပေးသည်။ အခြားဒေသများထက် ...ကျောင်းတွေများသည်။ ခေတ်ပညာတတ် အတော်အတန်များသည်။ ကျန်းမာ ...ရေးဘက်တွင်လည်း အထူးပင် အားပေးသည်"

"အင်းလေးကန်မယ် နေထိုင်တဲ့ လူဦးရေဟာ ၁၉၇၂ ခုမှာ လက်ခံထား ...တဲ့ စာရင်းအရ အိမ်ထောင်စုပေါင်း ၁၉၃၆၅ နဲ့ လူဦးရေ ၈၂၅၈၇ ယောက် ...ရှိပါတယ်။ ရွာပေါင်း ၈၄ ရွာမယ် အသက်မွေးဝမ်းကျောင်းတစ်ခုစီကို ခေါက် ...လုပ်ကိုင်ကြတယ်။ ဥပမာ ရွာမမှာ ပန်းထိမ်၊ အင်းပေါခုံမှာ ပိုးထည်ရက် ...ခြင်း၊ အင်းခြိန့် ဇရပ်ကြီးမှာ စက်ချုပ်လုပ်ငန်း၊ ဆည်ခေါင်းရွာမှ ပန်းဘဲလုပ် ...ငန်း၊ သာလေးလယ်ခြေရွာမှာ ပန်းတဉ်းလုပ်ငန်း၊ ဘုရားဆင်းတုတော်နှင့် ...က်ဆိုင်တဲ့ လုပ်ငန်းတွေပါ။ သိမ်ထောင့်ရွာမှာ ရွက်ဖျင်ထီး၊ ကြည်းပေါခုံ ...ရွာမှာ ဝါးကပ်၊ ခမောက်၊ ယိုင်၊ ဖျာ၊ မြွေမွေးရွာမှာ ရေခြိလုပ်ငန်း စတာတွေ ...လုပ်ကိုင်ကြပါတယ်။ လုပ်ငန်းတစ်ခုစီကို ခေါက်ချလုပ်ကိုင်ပြီး ရွာသားအချင်း ...ချင်း လုပ်ငန်းပေါ် ပြိုင်ဆိုင်မှုတွေ ရှိတာမို့ ထွက်သမျှ ပစ္စည်းတွေဟာ အဆင့် အတန်း မြင့်ကြပါတယ်"ဟု ကိုခင်မောင်ဖြူက ရှင်းပြလေသည်။

"ရွာတွေ အတော်များများဟာ စိုက်ရေးပျိုးရေးကို အရင်ကထက် ပို ...လုပ်လာတာကို တွေ့ရတယ် ဆရာ။ ဒီလုပ်ငန်းက အရင်းအနှီး စိုက်ထုတ်ရတာ ...အကုန်အကျများတယ်။ လူလည်း အတော် ပင်ပင်ပန်းပန်းလုပ်ရတယ်။ ဒါဆ ...ဖြစ်ထွန်းရင် အတော်အကျိုးရှိတော့ တချို့လူတွေဟာ သူတို့ မူလလုပ်ငန်း ...ဖက်စပ်ပြီး စိုက်ပျိုးရေးကို လုပ်ကိုင်လာကြတယ်။ တချို့လည်း မူလ လုပ် ...ငန်းကို မလုပ်တော့ဘဲ ဒီလုပ်ငန်းကိုပဲ ကိုယ်ဖိရင်ဖိလုပ်နေတာကို တွေ့ရတယ်" ...ဟု မောင်တင်မြိုင်က ဆိုသည်။

"အထူးသဖြင့်တော့ ဓရမ်းချဉ်ပင်တွေကို သိပ်စိုက်ကြတယ် ဆရာ၊ ဒီက ဓရမ်းချဉ်က အလုံးကြီးတယ်၊ အနှံထူတယ်၊ အရသာရှိတယ်၊ ပြီးတော့ တခြားဒေသတွေမယ် မထွက်တဲ့ အချိန်ကျမှ ဒီက ထွက်တော့ ဈေးကောင်း ရတယ်"ဟု ကိုခင်မောင်ဖြူက ပြောပြလေသည်။

"ကျွန်းမျောတွေပေါ်မယ် စိုက်ကြ ပျိုးကြပုံတွေကို ပြောပြပါဦး"ဟု မောင်ပြုံးချိုက ဆိုသည်။

"အဲဒါ အတော် စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ကျွန်းမျောတွေ ပြုစု ပျိုးထောင်ပုံ ရေခြံလုပ်ငန်းအကြောင်းတွေကို ကျွန်တော် စာတမ်း ပြုစုထားတာ ရှိတယ်၊ ဆရာ့ကို ပေးပါ့မယ်၊ ဖတ်ကြည့်ပါဦး၊ အခုလည်း ကျွန်တော်တို့ လက်တွေ့ လိုက်ပြမယ်"ဟု ကိုခင်မောင်ဖြူက ပြောလေသည်။

စက်လှေသည် သာလေးရွာကို ဖြတ်ပြီး ဖောင်တော်ဦးဘုရား ရုပ်ပွား တော်များ ကိန်းအောင်းစံပယ်ရာ ကျောင်းတော်ဆီသို့ သွားနေလေသည်။

တန်ဆောင်းထိပ်သို့ ရေဆိပ်တွင် လှေကို ကပ်၍ တက်လာကြသည်။ ဈေးတန်း ဝဲယာတွင် လွယ်အိတ်များ၊ ပင်နီဖျင်များ၊ ရှမ်းအမျိုးသား အင်္ကျီ ဘောင်းဘီစုံများ၊ ဓား၊ ကတ်ကြေး၊ ကွမ်းညှပ် အစရှိသည့် သံထည်ပစ္စည်းများ တည်ခင်းထားသည့် ဆိုင်များကို တွေ့ရသည်။ ရင်ပြင်တော်တွင် တရားပွဲ ကျင်းပနေသည်။ ရဟန်းတော်တစ်ပါးသည် တရားပလ္လင်ပေါ်တွင် ထက်ဝယ် ဖွဲ့ခွေ ထိုင်လျက် ဗုဒ္ဓမြတ်စွာ ဓမ္မစကြာ ဟောတော်မူသည့် အကြောင်းကို ဟောကြားလျက် ရှိသည်။ ပတ်ပတ်လည် ကြမ်းပြင်ပေါ်တွင် အမျိုးသား အမျိုးသမီး တစ်ရာကျော်ခန့်သည် ဝပ်တွားကာ တရား နာနေကြလေသည်။ တရားဟော ပုဂ္ဂိုလ်ကလည်း မြန်မာသံ ပီသစွာနှင့် ဟောနေသည်။

ဖောင်တော်ဦး ရုပ်ပွားတော်ငါးဆူ စံပယ်ရာ ဂန္ဓကုဋီတိုက်ကို ဖွင့်ထား လေသည်။ ရွှေသက်န်းအထပ်ထပ် ကပ်ထားသဖြင့် ရုပ်ပွားတော်တို့၏ ပုံ သဏ္ဌာန်ပင် မပေါ်တော့ချေ။ ရွှေတုံးရွှေခဲကြီးတွေလို ဖြစ်နေကြပါပြီ။

မောင်ပြုံးချိုတို့သည် ဘုရားအား ဝတ်ပြုကာ ဈေးတန်းအတိုင်း ပြန်ဆင်းလာခဲ့ကြလေသည်။ တစ်ဖက်ရှိ ဈေးဆိုင်တန်းသို့ ဝင်ကာ အကြော် စားရင်း လက်ဖက်ရည်ကြမ်းသောက်ကြသည်။ စားရင်း သောက်ရင်း ထွေရာ

လေးပါး စကားပြောကာ နားနေကြသည်။ ပြောကြ ဆိုကြသည့် အထဲတွင် ဖောင်တော်ဦး ရုပ်ပွားတော်များ၏ အကြောင်းလည်း ပါလာလေသည်။

## ၃

ဖောင်တော်ဦး ရုပ်ပွားတော်များမှာ ငါးဆူ ရှိသည်။ သက်န်းနက်သားဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်များ ဖြစ်သည်။ ပုဂံခေတ် အလောင်းစည်သူ မင်းကြီး ဖောင်စကြာနှင့် တိုင်းခန်း လှည့်လည်ရာတွင် ဖောင်တော်ဦးမှ အမြဲ ပင့်ဆောင်လာသည်။ ထို့ကြောင့် ထိုရုပ်ပွားတော်များကို ဖောင်တော်ဦးဘုရား များဟု ဘွဲ့မည်တွင်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အလောင်းစည်သူမင်းသည် ဖောင်တော်ဖြင့် မော်ဘီ၊ နန်းပန်၊ မိုင်း သောက်၊ ရွှေလင်းပေါ၊ နန်းကောင်း၊ ရပ်စောက်၊ မိုင်းကိုင်၊ လွှမင်းကုန်း၊ ဘောင်ပိုင်း၊ ခေါင်တိုင်၊ သံတောင်၊ အင်းတိမ်း၊ တောင်တို ဒေသများသို့ ရောက်၍ ရောက်ရှိသည့် နေရာတိုင်းတွင် ဘုရားစေတီများ တည်သည်။ တောင် ကြီးမှ တစ်ဖန် အင်းလေးကန်၏ အရှေ့ဘက်ကမ်းရှိ သလဲဦးသို့ ရောက်ရှိလာ ပြီး အတန်ကြာအောင် စံနေတော်မူသည်။ ထိုဒေသမှ ပုဂံသို့ ပြန်မကြွမီ အလောင်းစည်သူမင်းကြီးသည် သူ၏ ဖောင်တော်ဦးတွင် အမြဲ ပင့်ဆောင်လာ ခဲ့သော ဗုဒ္ဓရုပ်ပွားတော်ငါးဆူကို ထိုအရပ်ဒေသရှိ လူအများ ကိုးကွယ်နိုင်ရန် ထားခဲ့သည်ဟု သမိုင်းအရ သိရလေသည်။

"အထက်မြန်မာပြည်ဓာဇက်တီးယားထဲမှာတော့ ထားဝယ်က အလောင်း စည်သူရဲ့ ဖောင်တောင်နဲ့ ပါလာတဲ့ ထားဝယ်သားတွေကို ဒီအရပ်မယ် ထားခဲ့ တယ်လို့ ဆိုတာပဲ" ဟု မောင်ပြုံးချိုက သူ ဖတ်ဖူးသည်ကို ပြောပြလေသည်။

သူတို့သည် လှေဆိပ်သို့ ပြန်ဆင်းလာကြပြီး ခရီးဆက်ကြပြန်သည်။ ကုန်းပေါ်ရှိ ရွာများတွင် ရွာလမ်းနှင့် တူသော ရွာလယ်ချောင်းအတိုင်း ထွက် လာကြသည်။ ဝဲယာကမ်းစပ်တွင် အိမ်တွေ စီနေသည်။ အိမ်တိုင်းမှာပင် လှေငယ်ကလေးများ ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ အိမ်တိုင်း လှေရှိ မှ ဖြစ်မည်။ လှေမရှိလျှင် တစ်ရွာမှ တစ်ရွာသို့ သွားရန်မလွယ်။ တစ်အိမ်နှင့်

တစ်အိမ် ကူးရန်ပင် လှေမရှိ မဖြစ်။ အချို့တတ်နိုင်သူများက ပွဲချိတ်စက်များ တပ်ကာ အသုံးပြုကြသည်။ မတတ်နိုင်သူများကား ခြေနှင့် လက်ကို အသုံးပြုကာ လှော်ခတ်သွားကြရသည်။

သူတို့သည် ကြာတောရွာကို ကွင်းသွားပြီး နမ့်ပန်ရွာလယ်မှ ဖြတ်မောင်းလာကြသည်။ ထိုရွာတွင် ယခင်က လက်ထောက်မြို့ပိုင်ရုံး စိုက်ခဲ့သည်။ အိမ်ကြီး အိမ်ကျယ် အိမ်မြင့်တွေ့ပေါလှသည်။ နမ့်ပန်၏ ငါးရက်တစ်ဈေးသည်လည်း အလွန်စည်သည်ဟု သိရလေသည်။ ထိုမှလွန်သော် အင်းလေးရေပြင်ကျယ်တွင် စက်ကုန်ဖွင့် မောင်းလာကြသည်။ ဆည်ခေါင်း၊ အင်းပေါခုံ၊ တောင်ပို့နီ၊ မိုင်ပျိုး စသော ရွာများကို ကွင်း၍ မောင်းလာကြသည်။ တစ်ရွာပြီး တစ်ရွာ အဆက်ပြတ်သည် မရှိ။ စက်လှေသည် ရေပြင်ကို ရှပ်တိုက်ကာ ပြေးနေသည်။ တစ်ရွာပြီး တစ်ရွာ နောက်တွင် ကျန်ရစ်သည်။ ဟဲလုံ၊ ဆီဆုံ၊ မန်ကျည်းဆိပ်၊ လွယ်မော၊ ကျွဲတူး၊ ထိုရွာများကို လွန်သော် အင်းလျားရွာကို လှမ်းမျှော်၍ မြင်ရသည်။ ဘုရားပုထိုး ဇရပ် တန်ဆောင်းတွေနှင့် မြိုင်လှသည်။ တောင်တိုကိုလည်း အဝေးမှ တွေ့ရသည်။

"ဆရာ...အင်းလျားက ဆရာဦးသန်းမောင်တို့အိမ် ဝင်ပြီးရင် တောင်တိုဘုရား တက်ကြရအောင်" ဟု မောင်တင်မြိုင်က ဆိုသည်။

ထို့ကြောင့် မောင်ပြုံးချိုတို့ စက်လှေသည် အရှိန်သတ်၍ ရွာထဲသို့ တဖြည်းဖြည်း ဝင်လာကြလေသည်။

# တောင်တိုမှအင်းတိမ်သို့

အင်းလေးကန်အတွင်းရှိ အင်းလျားရွာမှ လှမ်းမျှော်ကြည့်လိုက်လျှင် တောင်တို၏ ရှုခင်းကို အထင်းသား မြင်ရလေသည်။

တောင်တိုသည် ဘုရား ပုထိုး တန်ဆောင်းတွေနှင့် လှပ တင့်တယ်လှသည်။ တောင်တန်းမှ ထွက်ပြူလာသော တောင်စွယ်တစ်ခုသည် ဓားနှင့်ဖြတ်ထားသလို ခပ်တိတိ တိုတိုကလေး ဖြစ်နေသည်။ ထို့ကြောင့် ထိုတောင်စွန်းတောင်စွယ်ကလေးကို တောင်တိုဟု ခေါ်ကြသည်။ သစ်ပင်ကြီးငယ် တို့နှင့် စိမ်းလန်းနေသည်။ ဘုရားပုထိုး ပြာသာဒ် တန်ဆောင်းတွေကလည်း မြိုင်လှသည်။ အင်းလေးကန်အတွင်း အဝေးကပင် တောင်တိုတစ်ခို၏ အလှ အပကို မြင်နိုင်လေသည်။ တောတောင်တို့၏သဘာဝအလှကို လူတို့ ဖန်တီးထားသည့် ရောင်စုံ အဆောက်အအုံ ပသာဒတွေနှင့် ပေါင်းစပ်ပြီး လှသည်ထက် လှအောင် ဖြစ်နေသည့် ရှုခင်းဖြစ်လေသည်။ ပန်းချီဆရာတစ်ဦး၏ လက်ရာ ပန်းချီကားချပ်ကြီးလို ဖြစ်နေပါသည်။ ဖြူလွလွ တိမ်တွေရစ်ဆိုင်းနေသည့် မိုးကောင်းကင်ကို နောက်ခံထားသောကြောင့် ပိုလှနေပါသည်။

မောင်ပြုံးချိုတို့ စက်လှေသည် ဈေးဆိပ်တွင် ဆိုက်ကပ်ကြသည်။ ဈေးဆိုသော်လည်း ဈေးဆိုင်တဲများသာ ရှိသည်။ ရောင်းသူ ဝယ်သူ တစ်ဦး တလေမျှ မရှိပါ။ ငါးရက်တစ်ဈေးဖြစ်သောကြောင့် ဈေးနေ့ကျမှသာ စည်ကားမည့် ဈေးဖြစ်သည်။ သူတို့ ဈေးထဲမှ ဖြတ်လျှောက်ကာ တောင်ပေါ်သို့ တက်လာကြသည်။ အနီးအနားတွင် ဘုန်းတော်ကြီးကျောင်းများလည်း ရှိသည်။ အခါကြီး

ရက်ကြီးဖြစ်သဖြင့် ဆွမ်းကျွေး တရားနာ စသည်တို့မှ ပြန်ကြွလာသည့် ရဟန်းတော်များကို တောင်အတက် အဆင်းတွင် တွေ့ရသည်။ ရဟန်းတော်များနှင့် လမ်းခရီးတွင် ဆုံလာလျှင် မောင်ပြုံးချိုတို့နှင့် လိုက်ပါလာသူ အင်းလျားရွာမှ ကျောင်းဆရာ ဦးသန်းမောင်သည် လမ်းဘေးတွင် ထိုင်လျက် လက်အုပ်ချီနေလေသည်။ မောင်ပြုံးချိုတို့လည်း သူ့လိုပင် ထိုင်၍ လက်အုပ်ချီကြရသည်။ ဘုန်းတော်ကြီးများမှာ အများအားဖြင့် ဆရာ ဦးသန်းမောင်အား သိကျွမ်းသူများဖြစ်၍ အာလာပသလ္လာပ စကားများကို ပြောဆိုကြသည်။ ဤဒေသရှိ တိုင်းရင်းသားများသည် ရဟန်းသံဃာများကို အထူးပင် ရိုသေ ကိုင်းရှိုင်းကြသည်ကို တွေ့ရသည်။

မောင်ပြုံးချိုတို့သည် ဘုရားပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ ဇရပ် တန်ဆောင်းစေတီများကား ပျက်စီးယိုယွင်းကုန်ကြပါပြီ။ အချို့ဇရပ်များကိုမူ ထပ်မံ ပြုပြင်ထားကြသည်။ သို့သော် ပျက်စီးသမျှကိုကား ထိန်းသိမ်း မွမ်းမံခြင်း မပြုနိုင်ကြတော့ပါ။

"ဒီဘုရားလည်း အလောင်းစည်သူမင်းကြီး တည်ခဲ့တာဆိုပဲ၊ နောက်ပိုင်းမတော့ ဒီအရပ်က ချမ်းသာကြွယ်ဝတဲ့ အမျိုးသမီးကြီးတစ်ဦးက ထပ်မံပြုပြင်ထားပါတယ်"ဟု ဦးသန်းမောင်က ပြောပြလေသည်။

တစ်နေရာတွင် ကျောက်စာများကို တွေ့ရသည်။ နောက်ပိုင်း ပြုပြင်မွမ်းမံသည့် အကြောင်းများကို ကမ္ပည်းထိုးထားခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုတို့သည် လာလမ်းအတိုင်း ရေဆိပ်အထိ ဆင်းလာကြလေသည်။ စက်လှေဖြင့် အင်းလျားရွာထဲသို့ ဝင်လာကြသောအခါ အိမ်ကြီးတစ်အိမ်တွင် ဆိုက်ကပ်ကြသည်။

"ဒီရွာထဲမတော့ ဒီအိမ်ကြီးဟာ အကြီးဆုံးပဲ" ဟု ကိုခင်မောင်ဖြူက မှတ်ချက်ချသည်။ မှန်ပေသည်။ အိမ်ကြီးသည် ရေလယ်တွင် ထီးတည်းကြီးပေါ်နေသည်။ မောင်ပြုံးချိုတို့ အိမ်ပေါ်သို့ တက်သွားကြသောအခါ အသက် ၅၀ ကျော်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးက ခရီးဦးကြိုပြုလျက် ရှိသည်။ အသံဝဲဝဲဖြင့် စကားဆိုသည်။ မောင်တင်မြိုင်နှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သဖြင့် ရင်းနှီးခင်မင်ကြသည်။ အခန်းကျယ်ကြီး၏ နံရံတွင် ချိတ်ဆွဲထားသည့် ပန်းချီ

ကားကြီးသည် ဆေးရောင်တွေ စိုလျက်ပင် ရှိပါသေးသည်။ မန္တလေးခေတ် က မင်းဆွေမင်းမျိုး၏ အိမ်ထောင်သားစုတစ်စုပုံ ဖြစ်သည်ဟု ယူဆရသည်။ အခ်တိုက် အဆောက်အအုံတစ်ခုနှင့် မျက်နှာစာတွင် အမျိုးသားက ထိုခေတ် က အမျိုးသား ဝတ်စုံဖြစ်သော အချိတ်ပုဆိုး ထိုင်မသိမ်းအင်္ကျီ ခေါင်းပေါင်းကို ဝတ်ဆင်ထားသည်။ အမျိုးသမီးလည်း အချိတ်ထဘီနှင့် ရင်ခွဲအင်္ကျီကို ဝတ်ဆင်ထားသည်။ အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးပင် ကုလားထိုင်ပေါ်တွင် ထိုင်နေကြသည်။ အမျိုးသား၏ပေါင်ပေါ်တွင် တစ်နှစ်သားအရွယ် ကလေးငယ် တစ်ဦး ထိုင်နေသည်။ ရှစ်နှစ်သားခန့်ရှိ ယောကျ်ားကလေးတစ်ဦးက သူတို့ နှစ်ဦးကြားတွင် ရပ်နေသည်။ ပုဆိုးခါးတောင်းကျိုက်နှင့် လုလင်တစ်ဦးကမူ ကုလားထိုင်ခြေရင်းတွင် ဒူးတုပ်ကာ ထိုင်နေသည်။ မင်းစေလုလင်တစ်ဦးဟု ထင်ရပါသည်။

"ကလေးငယ်ကို နို့တိုက်ပြီးစ သူ့ခင်ပွန်းကို လှမ်းပေးလိုက်တဲ့သဘော ဖြစ်ပါလိမ့်မယ်"ဟု အောက်မေ့ရပါသည်။

ပန်းချီကားကို မှန်ပေါ်တွင် ရေးဆွဲထားခြင်း ဖြစ်၍ ပြောင်းပြန်လှန်ကာ ပေါင်သွင်းထားခြင်း ဖြစ်သည်။ အပေါ်ဘက်တွင် "ဆရာပုံ၏တပည့် သောင်ပင်ဈေး ဆရာသူ" ဟူသော ကမ္ပည်းကို တွေ့ရသည်။ ရှေးဟောင်းမြန်မာ ပန်းချီလက်ရာတစ်ခု ဖြစ်သောကြောင့် အများပြည်သူတို့အတွက် ယဉ်ကျေးမှု ပြတိုက်လို နေရာမျိုးတွင် ရှိသင့်ကြောင်း အပြန်ခရီးတွင် မောင်ပြုံးချိုတို့ ဘမ်တွေ အချင်းချင်း ဆွေးနွေးလာကြလေသည်။

၂

ညနေစောင်းတွင် ထိုရွာမှ ပြန်ထွက်လာကြသည်။ ဘုရား၊ ပုထိုး၊ ပြာသာဒ်၊ စေတီ တန်ဆောင်းတွေနှင့် မြိုင်လှသော တောင်တိုရှုခင်းသည် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်သည်။ စက်လှေကို လာလမ်းအတိုင်းပင် ရေပြင်ကျယ်ကို ဖြတ်မောင်းလာကြသည်။ မောင်တင်မြိုင်နှင့် ကိုခင်မောင်ဖြူတို့သည် သူတို့

သိသမျှ အင်းလေးအကြောင်းတွေ တစ်ယောက်တစ်လှည့် ပြောလာကြပြန်သည်။ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သူတို့ ပြောကြားလာသည့်အကြောင်းအရာများသည် မောင်ပြုံးချိုအဖို့ အသစ်အဆန်းတွေချည်း ဖြစ်နေလေသည်။

"ဒီအကြောင်းအရာတွေကို သက်ဆိုင်လို့ လေ့လာတဲ့ လူနည်းစုကလွဲလို့ ဘယ်သူမှ သိပ်သိကြမှာ မဟုတ်ဘူး"ဟု မောင်ပြုံးချို က မှတ်ချက်ပြုသည်။

"ကျွန်တော်တို့ဆီက ပုဂ္ဂိုလ်တွေကသာ စိတ်မဝင်စားကြတာပါ။ နိုင်ငံခြားကတော့ ဒီဒေသကို မကြာခဏ လာပြီး သုတေသန ပြုကြပါတယ်"ဟု မောင်တင်မြိုင်က ဆိုသည်။

"ဘယ်သူတွေ လာသွားကြသလဲ"

"ဂျပန်ပြည် အိုဆာကာတက္ကသိုလ်က ပါမောက္ခ အိုနိတုရ၊ အင်္ဂလန်က ဗျွန်အိုဂဲ၊ ပြင်သစ်က ဒေါက်တာဘာနေ့တို့ စနီးမောင်နဲ့တို့ ဒီအင်းထဲမှာ အကြာကြီးနေပြီး လေ့လာမှတ်သားသွားကြတယ်။ ဒါ ကျွန်တော်သိသလောက် ပြောတာ၊ ကျွန်တော် မသိတာတွေ ရှိကောင်း ရှိဦးမယ်။ သူတို့ လေ့လာတယ် ဆိုတာလည်း တကယ်ကို နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့စပ်စပ် လေ့လာတာ၊ ဒီက လူတွေနဲ့ အတူနေ အတူစား၊ အတူအိပ်၊ အတူ အလုပ်လုပ်ပြီး လေ့လာတာ ဗျွန်အိုဂဲဟာ တစ်ခေါက်တောင် မဟုတ်ဘူး။ နှစ်ခေါက် ရှိသွားပြီ။ ကျွန်တော့ အမျိုးသမီးရဲ့ မိဘများအိမ်မယ် နေသွားတယ်၊ သူလာကတည်းက သူ့အတွက် ဘာမှ အထူးလုပ်ပေးဖို့ မလိုဘူး။ သူဟာ ပဲပုပ် ငါးပိနဲ့ အပူအစပ် ကလွဲရင် အကုန်စားပါတယ်လို့ ပြောထားတယ်။ အဲဒီတော့ အဲဒီသုံးခုကလွဲရင် ချက်ကျွေးသမျှတွေကို အိမ်သားများနဲ့အတူ တစ်ဝိုင်းတည်း လက်နဲ့ပဲ စားတာပဲ။ သူဟာ မြန်မာစာမယ် တချို့မြန်မာစာပေ လိုက်စားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထက်တောင် နှံ့စပ်မယ်ထင်တယ်။ စကားပြောတာ လေယူလေသိမ်းကအစ မြန်မာပဲ၊ လူမမြင်ရဘဲ သူစကားပြောသံကြားရရင် ဘယ်သူမှ သူ့ကို လူမျိုးခြားလို့မပြောနိုင်ဘူး။ သူ့မြန်မာနာမည်က ကိုလှသိန်းတဲ့။ ပြီးတော့ ဒီက လူတွေမယ်ပြောင်ခေါ်ပြီး တွင်နေတဲ့နာမည်တွေ ရှိတတ်ကြတယ်။ သူကလည်း အဲဒီလိုနာမည်တစ်ခု ပေးပါဆိုလို့ အယ်ဆိန်းဂေါင်းကျား လို့ မှည့်ပေးထားတယ်"

"အယ်ဆိန်းဂေါင်းကျားဆိုတဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ"

"အယ်ဆိန်း ဆိုတာကတော့ အင်းသားစကားနဲ့ ကိုသိန်းပေါ့ ဆရာ၊ ခေါင်းကျားဆိုတာကတော့ သူ့ဦးခေါင်းက ဆံပင်တွေက အဖြူ အနက် ရောပြီး ကြောင်ကြောင်ကျားကျား ဖြစ်နေတယ်။ ဒါကြောင့် အယ်ဆိန်းဂေါင်းကျား ဆိုတာ မြန်မာလိုဆိုတော့ ကိုသိန်းခေါင်းကျားပေါ့ဆရာ"ဟု ရှင်းပြလေသည်။

"သူက စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး၊ ဒီနာမည်ကို သူ သဘောကျပါတယ်၊ အခု အင်္ဂလန်က နေပြီး အင်းထဲကို စာရေးရင် ဒီနာမည်နဲ့ပဲ ရေးပါတယ်"

"အိုနီတုရဆိုတဲ့ ဂျပန်ပါမောက္ခရော ဘာတွေ လေ့လာသွားလဲ" မောင်ပြုံး ချိုက မေးသည်။

"သူလည်း ဂျွန်အိုဂဲလိုပဲ၊ ဘာသာဗေဒ လေ့လာတာပါပဲ။ သူလည်း အတော်တော်တဲ့ ပုဂ္ဂိုလ်ပါ။ ဘာသာပေါင်းစုံ အတော်များများ တတ်ပါတယ်။ သူတို့ဆီမယ် ပါမောက္ခဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အနည်းဆုံး ဘာသာငါးမျိုး လောက်တော့ တတ်ရတယ်တဲ့။ ဥပမာ မြန်မာပြည်အကြောင်း လေ့လာမယ် ဆိုရင် လူမျိုးပေါင်းစုံ ရေးသားပြုစုတဲ့ စာအုပ် စာတမ်းတွေကို မူလပင်ရင်း စာရေးဆရာ ရေးတာတွေကို လေ့လာတယ်။ တစ်ဆင့် ဘာသာပြန်ထားတာ တွေကို မလေ့လာဘူး။ မြန်မာပြည်အကြောင်း သုတေသနပြုမယ်ဆိုရင် အီတာလီလူမျိုး၊ ဒတ်(ချ)လူမျိုး ရေးထားတာတွေရှိရင် မူလစာအုပ်စာတမ်းတွေ ကို ဖတ်ရှုလေ့လာတယ်။ တစ်ဆင့်ဘာသာပြန်ထားတာတွေကို မလေ့လာ ဘူး။ ဒါကြောင့် ဘာသာစာပေများများ တတ်ထားဖို့ လိုတယ်တဲ့။ အိုနီတုရ နဲ့ ဂျွန်အိုဂဲတို့လည်း ဒီမယ်တွေ့သွားကြသေးတယ်။ မြန်မာစာပေနဲ့ ပတ်သက် ပြီး တော်ရုံလူကို အိုနီတုရဟာ အထင်မကြီးပေမဲ့ ဂျွန်အိုဂဲနဲ့ တွေ့လိုက်တော့ ငြိမ်းမွမ်းသွားတယ်"

"ပြင်သစ် ဓနိးမောင်နှံအကြောင်း ပြောပါဦး"

"သူတို့ကတော့ ပြင်သစ်တက္ကသိုလ်တစ်ခုကပါ၊ တက္ကသိုလ်နာမည်က တော့ ကျွန်တော် မေ့နေပြီ။ ဒေါက်တာဘာနော့က မနုဿဗေဒကို လေ့လာ တယ်။ သူ့ဓနိးကတော့ ဘာသာဗေဒကို လေ့လာပါတယ်။ ဒီက လူတွေက တော့ သူတို့ လင်မယားကို ဦးဘဲနော့နဲ့ ဒေါ်ဘဲနော့လို့ပဲ ခေါ်ပါတယ်။ ဦးဘဲ

နှာက မနုဿဗေဒကို လေ့လာတာဆိုတော့ ဒီအင်းလေးဒေသမယ် လူတစ်ယောက် မွေးဖွားတာက အစ သေပြီး သင်္ဂြိုဟ်တဲ့အထိ ဖြစ်စဉ်တွေကို တိတိကျကျ သုတေသနပြုပါတယ်။ မီးနေခန်း၊ မီးဖိုချောင်၊ မင်္ဂလာဆောင်၊ ရှင်ပြုပွဲ၊ သချိုင်းကုန်းမကျန် လိုက်ပြီး လေ့လာတာပဲ။ ဓာတ်ပုံ ရိုက်တန်ရိုက်၊ ပုံဆွဲတန်ဆွဲနဲ့ မှတ်သားသွားတာတွေလည်း မနည်းပါဘူး။ နောက်နှစ်ပေါင်းအတော်ကြာတဲ့အခါ အင်းလေးအကြောင်း သိချင်ရင် သူတို့ရေးတာတွေကိုပဲ ရှာဖတ်ရမယ် ထင်တယ် ဆရာ"

ပြောရင်းဆိုရင်း အင်းခြံရွာသို့ ရောက်လာကြသည်။ မောင်တင်မြိုင်တို့ အိမ်တွင် ညအိပ်ကြမည် ဖြစ်သည်။

၃

အင်းလေးကန်၏ နံနက်ခင်းသည် သာယာလှသည်။ ပြတင်းမှ လှမ်း၍မြင်ရသော ရေပြင်ကျယ်ကြီးသည် မှန်သားလို ကြည်လင်နေသည်။ ပတ်လည်ဝိုင်းနေသည့် တောင်တန်းကြီးများသည် ပြာမှိုင်းနေသည်။

မောင်ပြုံးချိုတို့သည် အင်းခြံရွာအတွင်းမှ စက်လှေဖြင့် ထွက်ခွာလာခဲ့ကြသည်။ ခဏကြာသော် ရွာအပြင်သို့ ရောက်၍ ချောင်းငယ်အတွင်းသို့ ဝင်လာကြသည်။

"ဒါ အင်းတိမ်ချောင်းပဲ ဆရာ"ဟု မောင်တင်မြိုင်က ပြောသည်။

ချောင်းရေသည် ကော်ဖီရည်ရောင်လို နွံ့နှစ်ရောင်လို ညိုနေသည်။ ရေစီးကလည်း သန်လှသည်။ မောင်ပြုံးချိုတို့ လှေသည် ဒလဟောစီးဆင်းနေသော ရေယာဉ်ကို စက်အားဖြင့် တိုးကာ ဆန်တက်နေသည်။ လူအားဖြင့်သာ လှော်တက်ရလျှင် ထိုရေစီးကို လွယ်လွယ်ကူကူ တိုးနိုင်မည် မဟုတ်။

"ဒီဒေသမယ် ရေးက သတ်မှတ်ချက် တစ်ခုရှိတယ် ဆရာ။ ဒီအင်းတိမ်ချောင်းကို လှေတစ်စင်းနဲ့ တစ်ယောက်တည်း လှော်ခတ်ပြီး တက်နိုင်တဲ့လူကိုမှ လူလားမြောက်တယ်လို့ အသိအမှတ်ပြုသတဲ့" ဟု မောင်တင်မြိုင်က ပြောပြလေသည်။

ဤမျှ အစီးသန်နေသည့်ရေကို ဆန်၍ လော့ခတ်တက်ရန်ကား အတော် ခက်မှ အောင်မြင်နိုင်ပေမည်။ ဖွဲ့သာ မဟုတ်။ ခွန်အားဗလလည်း ကောင်း ပေဦးမည်။ လှေတစ်စင်းကို တစ်ဦးတည်းလော့၍ အင်းတိမ်ချောင်းကို ဆန် တက်နိုင်သည့် ယောကျ်ားပျိုကို အဘယ်မှာလျှင် အားကိုး အားထားပြုထိုက် သူဟု အသိအမှတ်မပြုဘဲ နေနိုင်အံ့နည်း။

ဝဲယာတွင် လယ်ကွင်းကြီးများကို တွေ့မြင်ရသည်။ ဝါဆိုဝါခေါင်သည် အောက်မြန်မာပြည် ဒေသများတွင် ကောက်စိုက်ချိန် ဖြစ်သည်။ သို့သော် အင်းလေးဒေသတွင်ကား ကောက်သိမ်းချိန် ဖြစ်နေပါသည်။ မိုးတွင်းသမယ ဖြစ်၍ လယ်ကွင်းတွေထဲတွင် ရေတွေနှင့် ပြည့်နေသည်။ ရေထဲမှာပင် လယ် သမားကြီးများသည် စပါးနှံများကို ဖြတ်ယူနေကြသည်။ ထို့နောက် ရိုးတံကို စည်းကာ ဝါးတန်းများပေါ်တွင် ခွတင်၍ နေလှန်းထားကြလေသည်။ အင်းလေးပတ်ဝန်းကျင်တွင် စပါးများကို တပေါင်း တန်ခူးလောက်တွင် စိုက် ၍ ဝါဆို ဝါခေါင်လောက်တွင် ရိတ်သိမ်းကြသည်။ ထို့ကြောင့် အစိုးရဒိုင်တွင် ပါးလာရောင်းရမည် ဆိုသော ပြာသို တပို့တွဲတွင် လယ်သမားတို့ လက်ထဲ စပါးမရှိတော့ပေ။

အင်းတိမ်ရွာနှင့် ဆည်မရွာကို လွန်ပြီး ချောင်းအကွေ့ သဲသောင်ကမ်း တွင် စက်လှေကို ဆိုက်ရောက်သည်။ ကမ်းစပ်နှင့် မနီးမဝေးတွင် ဈေးကွက် သည်။ ဈေးကွက်တွင်းတွင် ဈေးနေ့မဟုတ်သဖြင့် ရောင်းသူဝယ်သူ တစ်ဦး လေမျှမရှိ။ ခြောက်သွေ့လျက် ရှိသည်။ မောင်ပြုံးချိုတို့သည် ဈေး ဆိုင်တဲများ ကြားမှ လျှောက်လာကြသည်။ သဲချောင်းပြန့်ကျယ်ကျယ်ကို တွေ့ရပြန် သည်။ ထိုချောင်းကို တံတားပေါ်မှ ဖြတ်ကူးလာကြသောအခါ တစ်ဖက်ကမ်း ရှိ ရွှေအင်းတိမ်ဘုရား စောင်းတန်းဝသို့ ရောက်လာကြသည်။

ဘုရားသို့ တက်ရောက်ရာ စောင်းတန်းသည် အင်္ဂတေတိုင်ဖွေးဖွေး စီရရီဖြင့် ခိုင်မာတောင့်တင်းလှသည်။ စီတန်းကာ တောင်ပေါ်သို့ မြင့် တက်သွားသည့် အင်္ဂတေတိုင်ကြီးများသည် တစ်မျိုးလှနေပါသည်။

"ဘုရားပွဲကျရင် ဒီနေရာတွေမယ် သိပ်စည်ကားတာပေါ့"ဟု မောင်တင် မြင့်က ပြောပြလေသည်။ ထို့ကြောင့်ပင် စောင်းတန်းဝဲယာကို အဖိများချကာ ထားကြလေသည်။

ရွှေအင်းတိမ်ဘုရား၏ ပတ်ဝန်းကျင်တွင် စေတီငယ်တွေ မှိုလိုပေါက်နေပါသည်။ အများအားဖြင့်ကား ပြိုကျပျက်စီးနေကြပါပြီ။ မောင်ပြုံးချိုတို့သည် အာရုံခံဇရပ်အတွင်းမှ ဘုရားကို ကန်တော့ပြီးလျှင် ကုန်းတော်ပေါ်တွင် လှည့်ပတ် ကြည့်ရှုကြသည်။ ဇရပ်ကြီး၏ အထက်နံရံတွင် မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီး ဘုရားပုထိုးများ၏ ပုံတူများကို တွေ့ရသည်။ အာရုံခံဇရပ်၏ လက်ဝဲဘက်တစ်နေရာတွင် ရွှေအင်းတိမ်ဘုရား ကျောက်စာကို တွေ့ရသည်။ မောင်တင်မြိုင်သည် ထိုကျောက်စာကို ကြိုးစားပမ်းစား ဖတ်ရှုနေလေသည်။

"...ဘုရားရှင် သာသနာတော် ၂၀၀ ကျော် ရောက်သောအခါ အင်းလေးရွာအရပ်၌ ဓမ္မာသောကမင်း တည်ထားသော ရွှေအင်းတိမ် စေတီတော်ကို နော်ရထာမင်း ထပ်ဆင့် တည်ထား၍ ဝတ်မိုး ဝတ်မြေ အရံစောင့် ကျွန်သီးတော် လှူတော်မူသတည်း"

"...လှူတော်မူရင်းတိုင်၊ အရံစောင့်ကျွန်သီးတော် ၅၀၀ တည်း၊ ယခုရှိ အရံစောင့်ကျွန်သီးတော်ကား အိမ်ခြေ ၆၄၊ ကျား ၁၀၆၊ မကြီး ၉၅၊ ကျားငယ် ၅၃၊ မငယ် ၇၊ မုဆိုးဖို မပါ ဦးရေ ၄ စုပေါင်း ၂၃၁ တည်း"

"...ဘုရားဆုကို ပန်ဆင်တော်မူသည့်အတိုင်း သက္ကရာဇ် ၁၁၄၇ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၉ ရက် ၅ တေးနေ့ နံနက် ၄ ချက်တီးကျော် ၃ နာရီတစ်ပါဒ် ၈ ဗီဇနာပြန်ပြည့် ခရာပြည့်တွင် အမရပူရမြို့ကြီးတည်၊ ရွှေနန်းသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား၊ ရွှေကရားနှင့် ရေစက်သွန်း၍ ကျောက်စာ မော်ကွန်းအသစ် ထုလျက် ဆင့်လျက် လှူဒါန်းတော်မူပြန်သတည်း။ ၁၁၅၅ ခုနှစ်ကစ၍ ကျောက်ထက် အက္ခရာ တင်ထားတော်မူသည် ပြီး၏"

မောင်တင်မြိုင်သည် ကျောက်စာကို ခပ်တိုးတိုးဖတ်ရင်း ရေးမှတ်နေသည်။ သည်အတိုင်းဆိုလျှင် ရွှေအင်းတိမ်ဘုရားတွင် အရံစောင့် အသည်တော်များ ရှိသည်မှာ ထင်ရှားသည်။ ထို့ပြင် ရွှေအင်းတိမ်ဘုရားကို သာသနာသက္ကရာဇ် ၂၀၀ ကျော်တွင် အသောကမင်းတရားကြီး တည်ထားသည်။ ပုဂံခေတ်တွင် နရပတိစည်သူမင်းကြီးက ပြုပြင်မွမ်းမံသည်။ ထို့နောက် မြန်မာ

သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် ဘိုးတော်ဘုရားက ပြုပြင်ပြီး ရေစက်သွန်းချသည် ဟု သိရပေသည်။

ဘုရားရင်ပြင်တော်တွင် ဝေယျာဝစ္စ လုပ်ကိုင်နေကြသည့် ရှမ်းအမျိုးသား ကြီး နှစ်ဦးကို တွေ့ရသည်။ သူတို့သည် နန်းဟူးရွာမှ ဦးဖိုးရုံနှင့် ဆည်မရွာမှ ဦးဖိုးအောင်တို့ ဖြစ်သည်။ နှစ်ဦးစလုံးပင် ဘုရား ဂေါပက လူကြီးများ ဖြစ်ကြသည်။ မောင်ပြုံးချိုတို့သည် သူတို့နှစ်ဦးနှင့် ဝိုင်းဖွဲ့ကာ ထွေရာလေးပါး စကား ပြောနေကြလေသည်။ သူတို့သည် ပတ်ဝန်းကျင် ကျေးရွာများ အခြေအနေနှင့် ဘကွ ရွှေအင်းတိမ်ဘုရားသမိုင်း၊ ဖောင်တော်ဦးဘုရားသမိုင်း၊ တိုင်း ရင်းသား လူမျိုးတို့၏ ဓလေ့ထုံးစံများပါ မကျန် ပြောပြနေကြသည်။

"ဆရာ ပြန်ကြမှထင်တယ်၊ နေလည်း တော်တော်မြင့်လာပြီ"ဟု မောင် အောင်မြင့်က သတိပေးလေသည်။

သည်တော့မှပင် မောင်ပြုံးချိုသည် မထချင်သေးဘဲ နေရာမှ ထရလေ သည်။ တကယ်ဆိုတော့ သည်လို နေရာမျိုးတွင် သည်လို အမျိုးသားကြီးတွေ နှင့် စိတ်အေးလက်အေး ဆွေးနွေးဖို့ ကောင်းသည်။ လေ့လာမှတ်သားဖို့ ကောင်း သည်။ သို့သော်လည်း ကာလဒေသ အခြေအနေအရ မောင်ပြုံးချိုတို့အဖို့ ထိုနေရာတွင် ကြာရှည်စွာ မနေသင့်ပါ။

"ဘယ်က လာကြပါသလဲ၊ ဘာအလုပ်အကိုင် လုပ်ကြပါသလဲ"ဟု ဦးဖိုးအောင်က မေးသည်။ မောင်ပြုံးချိုတို့က ဆင်ဝှေ့ရန်ရှောင် ဖြေကြသည်။

သူတို့သည် ဂေါပကလူကြီးနှစ်ဦးအား ကျေးဇူးတင်စကား ပြောကာ နှုတ်ဆက်၍ ခပ်သုတ်သုတ်ပင် စောင်းတန်းမှ ပြန်ဆင်းလာကြလေသည်။

# အင်းလေးတိုက်တေးပွဲ

"ကျွန်တော်က အနည်းဆုံး လက်ထောက် မြို့ပိုင်ရုံးစိုက်တဲ့ ရွာတော့ ရောက်အောင် သွားခဲ့သဗျ"

မောင်ပြုံးချိုသည် ရောဝတီတိုင်းတွင် တိုင်းမင်းကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ဤသို့ ကြွားလုံးထုတ်ခဲ့သည်။ ယခု သူသည် တိုင်းမင်းကြီးအဖြစ်မှ တစ်ဖြစ်လဲကာ ပြည်နယ်ဦးစီးမှူးအဖြစ်နှင့် မောတို့ဌာနီ ရှမ်းပြည်နယ်သို့ ရောက်လာသည်မှာ ခြောက်လခန့် ရှိပါပြီ။ မြို့နယ်ဦးစီးမှူးများ ရုံးစိုက်ရာမြို့များသို့ပင် နံ့စပ်အောင် မရောက်နိုင်သေး။ မြို့နယ်ရုံးများကို ထားဘိဦး။ ယခင်က ခရိုင်ဝန်များ ရုံးစိုက်ရာ မြို့ကြီးများကိုပင် စေ့ငအောင် မရောက်ရှိသေး။

"သွားရေး လာရေးကလည်း ခက်ပါဘိဗျာ၊ တစ်နာရီလောက် အလုပ်လုပ်ဖို့ကိစ္စကို တစ်နေ့လုံး ခရီးသွားရတယ်" ရောဝတီတိုင်းတုန်းက မောင်ပြုံးချို ဤသို့ ညည်းညူခဲ့သည်။ ရေလမ်းခရီးများသော ဒေသဖြစ်၍ ရေယာဉ်များကို သုံးရသည်။ ရေယာဉ်များသည် မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ တို့ကဲ့သို့ အဘယ်မှာလျှင် ခရီးပေါက်အံ့နည်း။ ယခု ရှမ်းပြည်နယ်သို့ ရောက်သော် ရေလမ်းဟူ၍ကား မရှိပါ။ မော်တော်ကား၊ မီးရထား၊ လေယာဉ်များ ဖြင့်သာ ခရီးသွားရသည်။ သို့သော် ပြည်နယ်ကြီးက ကျယ်ဝန်းလှပါဘိသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်း၊ သွားချင်တိုင်း သူ့ရဲကောင်း လုပ်သွားနေလို့က လည်း မဖြစ်၊ ထို့ကြောင့် သွားချင်တိုင်း ခရီးမပေါက်။

ယောာ ဒီနေ့လည်း ခရီးထွက်မည် ပြုပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ပျက်ရပြန်လေပြီ။ ရုံးပိတ်ရက်လည်း ဖြစ်သည်။ အိမ်တွင်လည်း ဧနီး သားသမီး

မြဲတွေ မရှိကြ။ ဘယ်လိုလုပ်၍ အချိန်တွေကို အသုံးပြုမည်နည်း။ "စာအုပ်ဟာပေ လူ့မိတ်ဆွေ" ဤသို့ ရွတ်ဆိုရင်း စာအုပ်စင်နားသို့ သွားကပ်မိသည်။ သူသည် စာအုပ်ထူထူကြီးတွေကြားမှ စာအုပ်ပါးကလေးတစ်ခုကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူသည် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ထိုကဗျာစာအုပ်ငယ်ကို နိဒါန်းအမှာကအစ နိဂုံးအဆုံးထိ စိတ်ပါဝင်စားစွာ ဖတ်နေမိလေသည်။ မည်မျှ ကြာသွားသည်မသိ၊ မောင်ပြုံးချိုသည် ကဗျာ စာအုပ်ငယ်ကလေးထဲတွင် နစ်မြုပ်နေပါသည်။ ပတ်ဝန်းကျင်ကို သူမမြင်။ အနီးအနားမှ ထွက်ပေါ်နေသည့်အသံများကိုလည်း သူမကြား။ သူဖတ်နေသည့် စာအုပ်ထဲက လှုပ်ရှားနေသည်ကို မြင်သည်။ သီဆိုနေကြသည်ကိုသာ ကြားသည်။ ဖွဲ့ဆိုထားသည့်ရနံ့ကို ရှူရှိုက်မိသည်။ ဖွဲ့ဆိုထားသည်ကိုသာ ထိတွေ့သည်။ သူ၏ အာရုံတို့သည် စာအုပ်ထဲတွင် နစ်မွန်းနေလေသည်။

ထိုစာအုပ်ငယ်ကို ပြုစုသူ မောင်တင်မြိုင် (အင်းလေး) သည် သူ့ဇာတိဖြစ်သော အင်းလေးကန်ကြီးအကြောင်း၊ အင်းသားတို့အကြောင်း၊ အင်းသူအင်းသားများ ရွတ်ဆိုခဲ့ကြသော တိုက်တေးများအကြောင်း၊ စပါးရိတ်သိမ်းပြီးစ ညချမ်းချိန်ခါ လသာသာတွင် ကျင်းပလေ့ရှိသော တေးတိုက်ပွဲများအကြောင်းကို စီကာပတ်ကုံး ပြောပြနေလေသည်။ စိတ်ဝင်စားဖွယ်ကောင်းပါဘိသည်။

"တချို့က အင်းသားတွေဟာ ထားဝယ် အဆက်အနွယ်တွေရယ်လို့ဆိုကြပါတယ်။ ဒါကတော့ အင်းလေး သက်ကြီးရွယ်ကြီးတွေ ပြောနေကြတဲ့အချက်ပါ။ တချို့ကတော့ အင်းသားတွေဟာ ပုဂံသားတွေပဲလို့ ယူဆကြပါတယ်"ဟု အစချီလိုက်သည်။ ထို့နောက် ဆက်လက်၍ သမိုင်း သုတေသီတို့၏အင်းလေးနှင့် ပတ်သက်သော အယူအဆများကို ပြောဆိုပြန်လေသည်။

အင်းသားများသည် ပုဂံသားတွေပင် ဖြစ်သည်ဟု ယူဆသည့်အထဲတွင် ပါမောက္ခလု(စ်)တို့လည်း ပါဝင်သည်။ အချို့ကမူ အရှေ့မြောက်ဘက်မှ မြန်မာပြည်တွင်းသို့ ရောက်ရှိလာကြသော "တိဗက်တိုဘာမင်" အုပ်စုတွေထဲမှ လမ်းကွဲသွားပြီး ဤဒေသသို့ ရောက်ရှိလာကြသည်ဟု ယူဆကြသည်။ ထိုအုပ်စုထဲတွင် ဒေသသုံး ဗမာစကားကို ပြောဆိုနေကြသည့် တောင်ရိုး၊

ခနေ၊ အင်းသားတို့ ပါဝင်သည်ဟု ဆိုပါသည်။ အချို့ကမူ ၁၅ ရာစု အကုန် ဟံသာဝတီ ပျက်သောအခါ တိုင်းပြည် မငြိမ်သက်သည့်အတွက် မြန်မာလူမျိုးတို့သည် သံလွင်မြစ်အနောက်ဘက်ဒေသတွင် ခိုလှုံကြရာတွင် အင်းလေးနှင့် ပင်းတယဘက်သို့ အများအပြား ရောက်ရှိလာကြသည်ဟု ယူဆကြသည်။

"အင်းလေး ဒေသမှာ ရှိတဲ့ ရွှေအင်းတိမ်ဘုရား ကျောက်စာအရ ဆိုရင် ရွှေအင်းတိမ် ဘုရားကို သာသနာသက္ကရာဇ် ၂၀၀ ကျော်မယ် အသောကမင်းက တည်တယ်၊ အဲဒါကို နရပတိစည်သူမင်းကြီးက ပြုပြင်တယ်။ တစ်ခါ သက္ကရာဇ် ၁၁၄၇ မှာ ဘိုးတော်ဘုရားက တစ်ဖန် ပြုပြင်တယ်လို့ သိရပါတယ်။ အဲဒီ ရွှေအင်းတိမ်ဘုရား အဆောက်အအုံတွေမှာလည်း ပုဂံလက်ရာတွေကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ပုဂံခေတ် မတိုင်မီ ဒါမှမဟုတ် ပုဂံခေတ်လောက်ကတည်းက အင်းလေးဒေသမှာ လူတွေ နေထိုင်ကြပြီလို့ မှတ်ယူနိုင်မယ်ထင်ပါတယ်"ဟု မောင်တင်မြိုင်က သူ့ယူဆချက် ကို ပြောပြနေပါသည်။ သို့သော် တွေ့ရှိရသော အထောက်အထားမျိုးစုံကို အခြေပြုပြီး သုံးသပ်ပါက ကုန်းဘောင်ခေတ်ဦးတွင် အင်းလေးနှင့် ပြည်မသည် အဆက်အသွယ် အလွန်များခဲ့သည်မှာ ထင်ရှားသည်ဟု ဆိုလေသည်။

"ကုန်းဘောင်ခေတ်ဦးဟာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်က တိုးတက်တာနဲ့အမျှ ကောက်စိုက်မ တေးသံ၊ မောင်းထောင်းတေးသံ၊ ဗုံကြီးသံတွေဟာလည်း လယ်ကွင်းထဲမှာ တညံညံ ပျံ့လွင့်နေတဲ့ ကာလပါ" ဟု မောင်တင်မြိုင်က ပြောပြလေသည်။

သူပြောသွားသည့် အချက်အလက်များကို အခြေပြု၍ အင်းလေးတိုက်တေးများသည် ကုန်းဘောင်ခေတ် ကျေးလက်တေးသံများမှ စတင် ပြန့်ပွားလာသည်ဟု ယူဆရပေသည်။ အဘယ်ကြောင့်ဆိုသော် တိုက်တေးကဗျာတွေမှာ ကောက်စိုက်မ တေးသံ၊ ဗုံကြီးသံတွေရဲ့ အငွေ့အသက်တွေကို တွေ့နေရပါသည်ဟု မောင်တင်မြိုင်က ဆိုလေသည်။

တောင်တန်းပျော်များ ဖြစ်ကြသော ရှမ်း၊ တောင်ရိုး၊ ခနေ၊ ပအို့ အစရှိသည့် တိုင်းရင်းသားများမှာလည်း အလားတူ ကဗျာရွတ်ဆိုပွဲများ ကျင်းပလေ့ရှိကြလေသည်။ ရွတ်ဆိုကြသည့်အခါတွင် အမျိုးသားများက တစ်ဖက်၊

အမျိုးသမီးများက တစ်ဖက် တစ်လှည့်စီ အပြိုင်အဆိုင် ဆိုကြသည်။ အမျိုးသား အမျိုးသမီး အချင်းချင်း အပြိုင်ရွတ်ဆိုကြသည့် ဓလေ့လည်း ရှိသည်။ သည်လို ပွဲများတွင် ကဗျာများကို စတင်မရွတ်ဆိုမီ သူရသသတိနတ်သမီးကိုလည်း ပူဇော် ပသကြသည်။ အပြိုင်ရွတ်ဆိုကြသောအခါတွင် တစ်ဖက်က ရွတ်ဆိုလိုက်သော ကဗျာကို တခြားတစ်ဖက်က ဆီလျော်အောင် ပြန်ပြီးမရွတ်ဆိုနိုင်ပါက ပရိသတ် ၏ ပြက်ရယ်ပြုခြင်းကို ခံရသည်။

"ကဗျာ ရွတ်ဆိုကြတဲ့ အလေ့အထဟာ တိုင်းရင်းသားတိုင်းမှာ ရှိတဲ့ ရှေးကျတဲ့ အလေ့အထတစ်ခု ဖြစ်နိုင်ပါတယ်" ဟု မောင်တင်မြိုင်က ရှင်းပြ နေလေသည်။

အင်းလေး တိုက်တေးတွေကို ဘယ်အချိန်အခါက စပြီး ဆိုကြသည်ကိုမူ သူ တိတိကျကျ မပြောမပြနိုင်။ သူတို့ ငယ်ငယ်က တေးတိုက်ပွဲတွေ ကျင်းပနေ ခြင်းကိုသာ သူသိခဲ့သည်။

"တိုက်တေးတွေကို ဘယ်သူတွေ ဆိုကြသလဲ"

"တိုက်တေးတွေကို ရွတ်ဆိုကြတဲ့ သူတွေဟာ များသောအားဖြင့် အမျိုး သမီးတွေပါ၊ တိုက်တေးပွဲဟာ ပျိုရွယ်တဲ့ အမျိုးသား တိုက်တေး ဆိုသူကတစ် ဖက်၊ အမျိုးသမီး တိုက်တေးဆိုသူက တစ်ဖက် လက်တန်းကဗျာ ရွတ်ကြတဲ့ ကဗျာရွတ်ပွဲကြီးပါပဲ"ဟု မောင်တင်မြိုင်က ပြောပြလေသည်။

"အဲဒီလို သီဆိုနေသူရဲ့ နောက်မှာလည်း အရေးမလှရင် ဖေးမပေးဖို့ အားထောက် တေးကူ စတဲ့ တိုက်တေးဆိုသူတွေကိုလည်း တွေ့ရပါတယ်"ဟု ဆက်လက်၍ ပြောပြလေသည်။ မောင်ပြုံးချိုသည် ငေးမောကာ တွေးတော နေလေသည်။

*

ပမြတ်သာစွ တန်ဆောင်လ။

နေမင်းသည် အနောက်ဘက် တောင်တန်းပြာအောက်သို့ ငုပ်လျှိုးသွား လေပြီ။ သို့သော် တောင်တန်းတစ်ခိုတွင် မီးလျှံကဲ့သို့ နီရဲနေဆဲပင် ဖြစ်သည်။ သည်အချိန် တိမ်တောက်သည့်အခါတွင် ညောင်ရွှေမြို့နယ် အင်းလေးကန်

ကြီးကို ရောင်ပြန်ဟပ်လျက် ရှိသည်။ ထိုအချိန်တွင် အင်းလေးကန် ပတ်ဝန်းကျင်ရှိ ရွာကြီးရွာငယ် အသွယ်သွယ်မှ လှေကြီး လှေငယ်တို့သည် လုလင်ပျို လုံမပျိုများကို တင်ဆောင်လျက် တစ်နေရာသို့ ရှေးရှုလော်ခတ်သွားနေကြသည်။ လုံမပျိုများသည် ဖြီးလိမ်းဝတ်စား အလှပြင်လာသလို လုပင်ပျိုများသည် ဝတ်ကောင်းစားလှများကို ဆင်ယင်လာကြသည်။ လှေတစ်စင်းနှင့်တစ်စင်းနီးကပ်သွားသောအခါတွင် တစ်ဦးကိုတစ်ဦး လှမ်း၍ နှုတ်ဆက်သံများ၊ သရော်သံများ၊ ရယ်သွမ်းသွေးသံများကို ကြားရသည်။ အချို့လည်း ခြေဖြင့်လော်ခတ်သူအချင်းချင်း မခံချင်အောင် ပြောဆိုကြကာ အပြိုင် လော်ခတ်သွားသည်များကို တွေ့ရသည်။

"ဟော့ မကြီး၊ ကိုဖိုးပန်ရဲ့ အလှူတုန်းက ကျုပ်တို့အမျိုးသားတွေဘက်က ရှုံးသွားပေမဲ့ ဒီပွဲမတော့ ကျုပ်တို့က နိုင်ဖို့ သေချာပါတယ်"ဟု လှေတစ်စင်းပေါ်မှ လုလင်ပျိုတစ်ယောက်က အနီးကပ်လာသော အခြားလှေတစ်စင်းပေါ်မှ လုံမပျိုတစ်သိုက်ကို လှမ်းပြောလေသည်။

"အမယ် ကိုတို့က အထင်မကြီးလိုက်ပါနဲ့ဦး၊ ကိုရွှေထွန်းတို့ အိမ်ဆောက်တဲ့ ပွဲတုန်းက ကိုတို့ပဲ ရှုံးတယ် မဟုတ်လား"ဟု တစ်ဖက်မှ သွက်လက်ချက်ချာလှသော လုံမပျိုတစ်ဦးက ပြန်ပြောလိုက်လေသည်။

"အမယ် သူတို့က နိုင်တာကိုသာ မှတ်မိနေတာ၊ ရှုံးတာကိုတော့ မေ့လိုက်ပြီပေါ့လေ၊ ဟော့ ဘုရားပွဲတုန်းက တို့က အနိုင်ယူလိုက်တယ် မဟုတ်လား" ဟု ပြောလိုက်ရာ အမျိုးသားတစ်သိုက်က တဟားဟားနှင့် လှောင်ရယ်ရယ်လိုက်ကြလေသည်။

"ကြွားမနေပါနဲ့ဦးလေး ဒီနေ့ည ကြည့်ကြသေးတာပေါ့"ဟု အမျိုးသမီးများက လှမ်းအော်ပြောရင်း လှေနှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း အလှမ်းကွာဝေးသွားလေသည်။

သည်အချိန်တွင် အနောက်ဘက် တောင်တန်းကြီးသည် ပြာရာမှ ညို၊ ညိုရာမှ မှောင်လာလေသည်။ အရှေ့ဘက် တောင်တန်းတစ်ဝိုက်မှာမူ အလင်းရောင် ဖြာလာသည်ကို တွေ့ရသည်။ မကြာမီပင် လပြည့်ဝန်းကြီးသည် တောင်ထိပ်ကို မေးတင်ကာ ထွက်ပြူလာလေသည်။

အင်းလေးကန်ကို အခြေပြုနေကြသည့် အင်းသားတို့သည် တိုက်တေး
သို့ သွားနေကြခြင်း ဖြစ်ပါသည်။

မောင်ပြုံးချိုလည်း သူတို့တစ်တွေနှင့်အတူ မောင်တင်မြိုင် ခေါ်ဆောင်
သို့ လိုက်ပါလာလေသည်။ လရောင်ဟပ်သော အင်းလေးကန်ကြီး၏ ရေ
ပြင်ကျယ်သည် တဖျပ်ဖျပ်လက်နေသည်။ ခြေဖြင့် ခတ်လိုက်သော တက်က
က်လိုက်သဖြင့် လှုပ်ရှားသွားသော ရေပြင်တွင် ပေါလွင်နေသည့် လမင်း
သည် ဆတ်ဆတ်ခါမျှ တွန့်လိပ် လှုပ်ရှားနေပြန်သည်။

မောင်ပြုံးချိုတို့ တိုက်တေးပွဲ ကျင်းပမည့် နေရာသို့ ရောက်သောအခါ
ရိသတ်တွေ အတော်စုံနေပြီ။ ထိုနေ့ည တိုက်တေး ရွတ်ဆိုကြမည့် အမျိုးသား
ော အမျိုးသမီးပါ အင်းလေးဒေသတစ်ဝိုက်တွင် နာမည်ကျော်များ ဖြစ်ကြ
သည့်အတွက် အားတက်သရော လာရောက် နားထောင်ကြခြင်း ဖြစ်လေသည်။
ချောင်းငယ်၏အရှေ့ဘက်ကမ်းတွင် အမျိုးသမီးများက နေရာယူထားကြသည်။
အနောက်ဘက်ကမ်းတွင်မူ အမျိုးသားများက နေရာယူထားကြသည်။ လမင်း
သိန့်ထိန်သာနေသည့်အထဲက အောက်လင်း ဓာတ်မီးကြီးများ ထွန်းထားသော
ကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေသော ပရိသတ်ကို အထင်းသား တွေ့မြင်နေရလေ
သည်။

"ဒီလိုချောင်းတစ်ဖက်တစ်ချက်စီ နေရာယူတာမျိုး မဟုတ်ဘဲ တစ်ခါ
ကလေ အမျိုးသားစာဆိုနဲ့ ပရိသတ်က ချောင်းကမ်းပေါ်က နေရာယူပြီး အမျိုး
သမီးတွေက ချောင်းထဲက လှေတွေပေါ်မယ် နေရာယူတာမျိုးလည်း ရှိပါတယ်။
ါမှမဟုတ်လည်း အမျိုးသမီးတွေက အိမ်ပေါ်က နေရာယူပြီး အမျိုးသားတွေ
က ရေပြင်မယ် လှေတွေနဲ့ နေရာယူကြတာမျိုးလည်း ရှိတယ်"ဟု မောင်တင်
မြိုင်က ပြောပြလေသည်။

ချောင်းကမ်းဘေး ဝဲယာတွင် ကွမ်းဆေးလက်ဖက် ရေနွေးကြမ်းတို့ဖြင့်
ဧည့်ခံနေကြသည်ကိုလည်း တွေ့ရသည်။ ခင်းထားသော ဖျာတွေပေါ် ပရိသတ်
တွေနှင့် ပြည့်သိပ်နေပါသည်။ တိုက်တေးပွဲသည် အင်းလေးနေ ပျိုရွယ်သူတို့၏
အသည်းစွဲ အလေ့အထတစ်ခုပါတကား။

အင်းလေးဒေသတစ်ဝိုက်တွင် တန်ခူး ကဆုန်လောက်က စ၍ လယ်ယာများကို စိုက်ပျိုးခဲ့ကြရာ သီတင်းကျွတ် တန်ဆောင်မုန်းဆိုလျှင် ရိတ်သိမ်း၍ ပြီးကြလေပြီ။ ဤသို့လုပ်ငန်းခွင်သိမ်း၍ အားလပ်ကြသည့်အချိန်တွင် အင်းလေး၏ သဘာဝအလှသည် ရှုမငြီးအောင် ဖြစ်နေသည်။ ကြာဖြူ ကြာနီ ကြာပဒုမ္မာ အစရှိတဲ့ ကြာမျိုးစုံတွေကလည်း အင်းလေးကန် အနှံ့အပြားတွင် ဖူးကြ ပွင့်ကြကုန်သည်။ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ကင်းစင်လှသဖြင့် ကောင်းကင်ယံတွင် လမင်းကြီးကလည်း ထိန်ထိန်သာနေသည်။ သည်လို သဘာဝလောကကြီး တစ်ခုလုံး သာယာလှပသော အချိန်အခါမျိုးတွင် တိုက်တေးပွဲကို မြိုင်မြိုင် ဆိုင်ဆိုင်ကြီး ကျင်းပကြမြဲ ဖြစ်လေသည်။

အင်းလေးဒေသမှာ ရှိသော ပန်းပဲ၊ ပန်းထိမ်၊ ရက်ကန်း၊ ရေလုပ်သား အစရှိတဲ့ လုပ်သားများလည်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဘာသာရေး ရက်မြတ်ကြီးများ ဖြစ်သည့်အတိုင်း အားလပ်ခွင့်ယူကြလေသည်။

"ဒါတွင် မကသေးပါဘူး၊ အင်းတိမ်ဘုရား ဆွမ်းကြီးလောင်းပွဲ၊ သန်းတောင်ဘုရား ဆွမ်းလောင်းပွဲတွေမှာလည်း တိုက်တေးပွဲ ကျင်းပလေ့ ရှိပါတယ်" ဟု မောင်တင်မြိုင်က ပြောပြလေသည်။

ထို့ကြောင့် တိုက်တေးပွဲ ကျင်းပခြင်းသည် တစ်နှစ်ပတ်လုံး ဝမ်းရေးအတွက် ပင်ပင်ပန်းပန်း လုပ်ကိုင်လာခဲ့ရသမျှကို အားလပ်သည့်အချိန်တွင် တိုက်တေးတွေကို နားထောင်ရင်း အပန်းဖြေကြခြင်း ဖြစ်သည်။ ဘာသာရေး အလှူပွဲတွေမှာလည်း တိုက်တေးကို ရွတ်ဆိုနားထောင်ရင်း ပျော်ရွှင်မှုကို ဖြစ်စေကြသည်။

"ကဗျာသီဆိုနားဆင်မှုမှာ ဝါသနာထုံတဲ့ တိုင်းရင်းသားတစ်စုရဲ့သဘောဆိုရင်လည်း ရနိုင်ပါတယ်။ လူပျိုအပျိုတွေသာ သီဆိုနားဆင်ကြတဲ့ အတွက်လည်း လူမှုရေးကိစ္စတစ်ရပ်အဖြစ် ယူရင်လည်း ရနိုင်ပါသေးတယ်" ဟု မောင်တင်မြိုင်က ရှင်းလင်း တင်ပြလေသည်။ ထိုခဏ၌ လှုပ်လှုပ်ရွရွ ဖြစ်နေသော ချောင်းဘေးဝဲယာမှပရိသတ်ကြီးသည် မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်ကျသွားလေသည်။

"စတော့မယ်...စတော့မယ်" အနီးမှ လုံမပျိုတစ်ဦး၏ ပြောသံကို ကြားရသည်။

"တိုက်မယ်တဲ့ တိုက်မယ်
ယောက္ခမ လေ့ဦးဆိုး
ကျိုးအောင် တိုက်မယ်။
တိုက်ပါ့မယ် မိငယ်မို့ ကောင်လုံး
ယောက္ခမလေ့ဦးဆိုးကိုလ
(မကြီးရယ်) ကျိုးအောင် တိုက်ဦး"

ချောင်း၏ယာဘက်ရှိ အမျိုးသားတို့ဘက်မှ ထွက်ပေါ်လာသည့် တေးသံဖြစ်ပါသည်။ အသံသည် မကျယ်လောင်လှသော်လည်း သာယာသည်။ သီဆိုပုံသည်ကြည်ခဲ့ညားသည်။ အမျိုးသားပရိသတ်သည် ခပ်လှုပ်လှုပ် ရယ်မောရင်း သြဘာပေးကြသည်။

တစ်ဖက်မှ အမျိုးသမီး တိုက်တေးစာဆိုကို ခနဲ့လိုက်ခြင်း ဖြစ်သည်။ အမျိုးသမီး၏လှေကို ယောက္ခမလှေဟု ဆိုလိုက်သည်။ အမျိုးသမီးကို သွယ်ဝိုက်သောစကားဖြင့် သူ့ချစ်သူဟု ဆိုလိုက်ခြင်း ဖြစ်သည်။ ထို့အပြင် အမျိုးသမီး၏ လှေဦးပိုင်းသည် နိုင်နိုင်မာမာမဟုတ်၊ ဆွေးနေသည်ကိုလည်း အမျိုးသားစာဆိုက သတိထားမိဟန် တူပါသည်။

"ဆွေးမြည့်နေတဲ့ လှေဦးပိုင်းကျိုးသွားအောင် တိုက်သလို အမျိုးသမီးတိုက်တေးအဆိုကို ဒီတိုက်ပွဲမှာ မရှုမလှ ရှုံးသွားအောင် တိုက်မယ်လို့ စိန်ခေါ်လိုက်တာပဲ"ဟု မောင်တင်မြိုင်က ပြောပြနေပါသည်။

ချောင်း၏ ဝဲဘက်တွင် ရှိနေသော အမျိုးသမီးတိုက်တေး စာဆိုကလည်း မိမိအား ခနဲ့သွားပုံကို သတိပြုမိဟန် ရှိသည်။ သူ့စိတ်ထဲတွင် အမျိုးသားတိုက်တေးစာဆို၏အသံသည် ကြည်လင်ပြတ်သားမှု မရှိဟု ယူဆသည်။ သူ့အိတ်ဝန်းကျင်တစ်ဝိုက်တွင် ကျက်စားနေသည့် ကြက်သူငယ်၏ အသံကို လည်း သတိရသည်။ ဤအချက်ကို တိုက်ကွက်ဆင်ပြီးလျှင် တေးတစ်ပုဒ်ကို ထိထိမိမိ ပြန်၍ ဆိုလိုက်လေသည်။

"အသံက မကျယ့်တကျယ်
ကြက်သူငယ်ပ မခြား။
တေးမယ်ကို မရှက်လိုက်
တေးတိုက်မယ်လား"

အမျိုးသမီး၏ အသံသည် ပျော့ပျောင်း သာယာလှသည်။ ဤသို့ ထိထိမိမိ ချေပသီဆိုလိုက်သောတေးသံကြောင့် အမျိုးသမီးဘက်ကသာမက အမျိုးသားများဘက်ကပါ တဝါးဝါးနှင့် ရယ်မောကြရာ အတောမသတ်အောင် ဖြစ်သွားလေသည်။ အုန်းကျွက်ကျွက်ညံ ရယ်သံများသည် အင်းလေးကန်ကြီး တစ်ခုလုံးကို ရိုက်ခတ်သွားလေသည်။

ထို့နောက်တွင်ကား တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် သီဆိုနေကြသည်မှာ သာယာနာပျော်ဖွယ် ကောင်းလှပါသည်။ လုလင်ပျိုလုံမပျိုများ ဖြစ်သည့်အတွက် သူတို့တေးများတွင် ချစ်ရေးကြိုက်ရေးတွေ အများဆုံး ပါသည်။ တစ်ခါတစ်ရံလည်း မခံချိမခံသာ ခနဲ့လိုက်သည့် အသံများကိုလည်း ကြားလိုက်ရသည်။ ချောင်းကမ်းဘေး ဝဲယာမှ ပရိသတ်သည်လည်း ငြိမ်သက်စွာ နားထောင်နေကြရာမှ တစ်ခါတစ်ရံ ဟာသ ပါလာသော တေးသွားကြောင့် ဝါးခနဲ ရယ်မောလိုက်ကြသည်။ တစ်ခါတစ်ရံလည်း အားပေး အားမြှောက် လုပ်ပေးသည့် အသံများကို ကြားရသည်။

အမျိုးသားများဘက်မှ တေးသံ ထွက်လာပြန်သည်။

"အသံကြား

သနားလိုက်ပါဘိ မကြီးရယ်။

မောင်လေးခင် ရေပူငါး

အားနွဲ့လှတယ်။

သနားရင်ကွယ်

ကယ်ပါတော့ မဖုန်း။

မောင်လေးခင် ရေပူငါးလို

(မကြီးရယ်) အားနွဲ့လို့နုံး

တေးဆုံးသွားသည်နှင့် မကြာမီပင် အမျိုးသမီးဘက်မှ တေးသံသည် အားကျမခံ ထွက်ပေါ်လာသည်။

"မောင်ကြီးကို မြင်တဲ့နေ့

မမေ့တဲ့ မယ့်ရွှေရင်

ခွဲလို့ပြချင်။

မယ့်ရွှေရင် ပြချင်တဲ့မယ်က
မောင်ကြီးကို မြင်တဲ့နေ့
ဖုန်းမယ် မမေ့"

သည်တစ်ခါတော့ အမျိုးသားဘက်က ခပ်ထေ့ထေ့ တေးသွား ထွက်ပေါ်လာသည်။

"ချစ်သူကို နောက်မှာ ထားပါလို့
မောင်တို့နား ပျိုလေးဟန်
လေးမယ်တို့ဉာဏ်။
အတန်တန် ပိုလျှံတဲ့စကား
မောင်ကြီးကို အယုံကျူး
(မကြီးရယ်) ရူးအောင်လို့လား"

သည်လိုစနဲ့လိုက်သောအခါ အမျိုးသမီးက စိတ်မဆိုးသည့်အပြင် သူဟာ အပျိုစစ်ပါလို့ ဤသို့ ပြန်ပြောလိုက်လေသည်။

"အပျိုဆို အပျိုဆုံးပါပဲ
တစ်ကိုယ်လုံး ပျိုပါတယ်
ဖုန်းမောင်ကြီးရယ်
ပျိုပါတယ် တကယ်မို့ မယ်က
မယုံရင် ရွှေစာကျမ်း
(မောင်ကြီးရယ်) ထမ်းပြမယ်ပေါ့"

သည်လို အမျိုးသမီးက ဆိုလိုက်သောအခါ နှစ်ဖက်စလုံး တဝါးဝါး ရယ်မောကြပြန်သည်။

ထို့နောက် အမျိုးသားက အပေါ်ယံ ရွှေမှုန်ကြဲသော်လည်း အထဲက နောက်ချေးများ ခံထားသလော၊ အပြင်က သဘောကောင်း မနောကောင်းဟု ထင်ရသော်လည်း အတွင်းက သဘောဆိုး မနောဆိုး ဖြစ်နေမည်လောဟု မယုံသင်္ကာစိတ်ဖြင့် ဤသို့ ဆိုပြန်သည်။

"မကြီးတို့ ဥပမာ
သဖန်းလို အပြင်ရဲ

အထဲက ပိုးပါ
သဖန်းလို ပုံပမာ
မြင်တာနဲ့ ပေါ်ချော
အထဲမှာ ဝင်လို့ကြည့်
ပိုးရှိသဘော"

သည်လိုမောင်က ခနဲ့လိုက်သောအခါ မယ်ကမောင် ထင်သလို မဟုတ်ကြောင်းကို ဥပမာ တင်စား၍ပင် ပြန်လည် ဖြေကြား ပြောဆိုပြန်သည်။

"မကြီးတို့ ဥပမာ
ငှက်ပျောလို ခွံဝါမျိုး
ပိုးမရှိပါ။
ငှက်ပျောလို ပုံပမာ
ခွံဝါလိုက်ပါဘိ။
အထဲမှာ ဝင်လို့ကြည့်
(မောင်ကြီးရယ်) ပိုးပါ့မရှိ"

မောင်ကတစ်ဖန် မယ်သည် လပြည့်ဝန်းကြီးနှင့် တူပါသည်။ လပြည့်ဝန်းကြီးကို ကြယ်တာရာတွေ ဝိုင်းရံသလို ချစ်သူတွေ ဝိုင်းရံနေပါသည်။ မောင့်မှာတော့ မယ်နှင့် ဖူးစာရေစက် မပါလို့လားမသိ။ အနားသို့ မသိနိုင်။ ပဒုမ္မာရွှေကြာပန်းကို လှမ်းမခူးနိုင်သလို အဝေးကပင် စိတ်ကူးနှင့် ငေးကြည့်နေရမှာပါဟု အားလျော့သောအသံဖြင့် ခနဲ့လိုက်ပြန်သည်။

သည်တော့ မယ်က မောင့်ကို အားပေးစကား ပြောပြန်သည်။ မောင်သာ တကယ်ကြံရင် လမင်းကြီးကိုပင် ကိုင်ပြီး လှုပ်နိုင်ပါတယ်။ မောင်သာ ကြိုးစား ကြံဆောင်ခြင်း မရှိလျှင် တစ်သက်ပန်လုံး တစ်ဦးနှင့်တစ်ဦး ဖူးစာဆုံဖို့ မလွယ်လှပါ။ သည်လိုပဲ မြင်ရုံသာ မြင်နေရပြီး မကြင်ရဘဲ အဝေးက လှမ်းနေရမှာပါပဲဟု ပြန်ပြောလေသည်။

မောင်။ ။ "ရွှေလမှာ ကြယ်တွေ ဝိုင်းပါလို့
မောင်ကြံတိုင်း မယ်မပါ
ဝေးတဲ့ ဖူးစာ။
ရွှေဖူးစာ မပါလို့ထင်ရဲ့

ပဒုမ္မာကြာညိုဖူးကိုလ
(မကြီးရယ်) ဝေးက စိတ်ကူး။

…သ်။ ။ ရွှေလမင်း တုန်ကာလှုပ်ပါလို့
အဟုတ်များ မောင်မကြဲ
တိုးလို့ပူပန်။
တစ်သက်ပန် ပေါင်းကံနဲ့မမျှ
မြင်ရုံသာ တရေကျွမ်းကိုလ
(မောင်ကြီးရယ်) လွမ်းရရုံပေါ့"

သည်ကဲ့သို့ပင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ချစ်ရေး ကြိုက်ရေး …ာနှင့် ရောပြွမ်းသော တေးများကို အပြန်အလှန် သီဆိုနေကြသည်မှာ သာယာ …ပျော်ဖွယ်ကောင်းလှပါသည်။ ဥပမာ ဥပမေယျတွေကလည်း လှိုင်လှသည်။ …နဲ့သံလေးတွေလည်း ပါသည်။ မခံချင်အောင် စလိုက်သည့် အခါလည်း ရှိ…သည်။

…မောင်။ ။ "သည်မောင်ကို ရမလားလို့
တစ်ညများ တစ်ခါနှစ်ခါ
လိမ်းတဲ့ နံ့သာ။
မောင်မလာ နံ့သာတဲ့အရှုံး
ပါးပေါ်မှာ နံ့သာစက်ကိုလ
(မကြီးရယ်) ညည်းရှုက်ပါဦး"

သည်လိုဆိုလိုက်သောအခါ မယ်အဖို့ အတော်ခံပြင်းသွားမည်ကား …ွဲ့ပေ။ ထို့ကြောင့် သူကလည်း အားကျမခံ ဤသို့ ပြန်ဆိုလိုက်လေသည်။

…သ်။ ။ "သည်မယ်ကို ရမလားလို့
အင်္ကျီများ တစ်ထေ နှစ်ထေ
လဲလှယ်လို့နေ၊
လဲလို့သာနေ၊ မယ်ကိုလေရဘဲ
ရွှေအင်းတိမ် ကန်တော်ပွဲမှာ
(မောင်ကြီးရယ်) ကြွေးတွေက ဝဲ"

သည်လို အမျိုးသမီးဘက်က အနိုင်မခံ အရှုံးမပေးဘဲ ပြန်၍ တိုက်လိုက်သောအခါ နှစ်ဖက်စလုံးမှ ပရိသတ်ကြီးသည် တဟားဟား တဝါးဝါးနှင့် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပြန်လေသည်။

ချစ်ရေးကြိုက်ရေးတွေကိုကား စကားလက်ဆုံ ပြော၍ပင် မကုန်နိုင်ကြပါ။ ပတ်ဝန်းကျင်ဒေသ သဘာဝ လောကတွင် မြင်ကြားရသမျှတွေကို ဥပမာ တင်စား၍ သီဆိုကြသည်။ အင်းလေးကန်၊ တော တောင်၊ လမင်းနှင့် ကြယ်တာရာများ၊ ငါး၊ နွယ်တန်းများ၊ စံပယ်ကြက်ရုံး၊ ကြာမျိုးစုံ အစရှိသော ပန်းများ၊ ဗျိုင်း အစရှိသော ကျေးငှက်များ ပါဝင်လေသည်။ အင်းလေးဒေသမှာ တည်ရှိသည့် ရွှေအင်းတိမ်ဘုရား၊ ဖောင်တော်ဦးဘုရား တို့ကိုလည်း တိုင်တည်ဖွဲ့ဆိုကြသည်။

တိုက်တေးများတွင် ချစ်ရေးကြိုက်ရေး အများဆုံးပါဝင်သော်လည်း တစ်ဖက်နှင့်တစ်ဖက် ပညာစမ်းသည့် သဘောဖြင့် စကားထာဝှက်ကြသည့် တေးများကိုလည်း ကြားကြရပါသည်။

မောင်။ ။ "ငယ်တော့ကာ ချိုကိုင်လို့
ကြီးတော့ကာ ချိုမပါ
မေးတဲ့ ပုစ္ဆာ။
သည်ပုစ္ဆာ ဖြေနိုင်ရင် ဖြေကြ
ရွှေတစ်ရာ ငွေတစ်သောင်း
လောင်းမယ် ခုည"

မယ်။ ။ "မခက်ခဲ
ဉာဏ်တွဲလို့ ဖြေပါ့မယ်၊
ပွဲလာသူ လူအများ
ကြားနာကြကွယ်။
ဖြေပါမယ် မောင်ငယ်က ကြိတုန်း
ထက်ကောင်းကင် ထွန်းတဲ့လ
ဝင်းပနေတုန်း"

သည့်နောက် မောင်က ဆက်လက်၍ ရေမှာနေပြီး ကုန်းမှာ ဥသည့် ငှက်လေးချောင်းသတ္တဝါသည် ဘာသတ္တဝါလဲဟု မေးသည်။ မယ်က လိပ်ဟု ဖြေသည်။

တစ်ဖန် မောင်က အပြင်က ဆူးတွေနှင့် အုပ်နေပြီး အတွင်းက ရွှေလို ဝင်းနေသည်မှာ ဘာလဲဟု မေးသည်။ မယ်က ပိန္နဲသီးဟု ဖြေလိုက်သည်။

လမင်းသည် မောင်ပြုံးချိုတို့ ဦးခေါင်းပေါ် ရောက်နေပါပြီ။ ထိန်ထိန် သာနေဆဲပင် ဖြစ်ပါသည်။ ခုနစ်စဉ်ကြယ်လည်း အမြီးထောင်နေပါပြီ။ သန်း ခေါင်ကြက်တွန်သံများလည်း တိုက်တေးသံများကြားမှပင် စူးစူးရှရှ ထွက်ပေါ် လာကြပါသည်။ မောင်ပြုံးချိုတို့သည် လရောင်အောက်တွင် အင်းလေးရေပြင် ကို လှေဖြင့် ဖြတ်ကူးကာ ညောင်ရွှေမြို့သို့ ရေးရှုလာနေကြလေသည်။ တိုက် တေးပွဲကား မပြီးဆုံးသေးပါ။ နှစ်ဖက်စလုံး ဖွဲကောင်းကောင်းနှင့်ပင် မိုးလင်း သည်အထိ တိုက်နေကြမည်ဖြစ်သည်။ မောင်ပြုံးချိုတို့သည် ညောင်ရွှေနှင့် နီး၍ နီး၍ လာသည်နှင့်အမျှ တေးသံတို့သည် ဝေး၍ဝေး၍ ကျန်ရစ်လေသည်။ နောက်ကြာသော် လုံးဝ ပျောက်ကွယ်သွားပါတော့သည်။

မှန်ပါသည်။ အင်းလေးဒေသတွင် တိုက်တေးသံတွေ ပျောက်ကွယ် ခဲ့နှံပါပြီ။

"အင်းလေး တေးတိုက်ပွဲတွေ တိမ်ကောသွားရပုံဟာလည်း အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ပြည်မမှာ ပြဇာတ် စာအုပ်တွေ အတော်ခေတ်စားခဲ့တာကို အမှတ်ရပါလိမ့်မယ်"ဟု အစချီကာ မောင်တင်မြိုင်က တိုက်တေးသံတွေ တိတ်ဆိတ်ကုန်သည့်အကြောင်းကို ပြောပြ ပါသည်။

ပြဇာတ်စာအုပ်များအပြင် ကဗျာလင်္ကာစာအုပ်များ၊ ဓာတ်စက်များ အစရှိသည့် ဖြေဖျော်မှုတွေလည်း အင်းလေးဒေသသို့ ရောက်လာကြလေသည်။ အင်းသူအင်းသားများသည်လည်း ဓာတ်ပြားသီချင်းများကို နားထောင်လာ ကြတ်ကြသည်။ ပြဇာတ်များ၊ ကဗျာလင်္ကာများကို သံနေသံထားနှင့် ဖတ်သူ က ဖတ်ပြပြီး နားထောင်သူများက ဝိုင်းအုံနားထောင်ကြသည်။ ပြဇာတ်ထဲမှ ဆုမ်းချင်း၊ ငိုချင်းတွေကို ကျက်မှတ် ရွတ်ဆိုလာကြသည်။ "စာအုပ်တေး"

တွေကို ရှုတ်ဆိုရသည်မှာ "တိုက်တေး"များကို ဖွဲ့နွဲ့သီဆိုရသည်ထက် လွယ်ကူသည်။ ကဗျာဖွဲ့ရန် စိတ်ကူးစိတ်သန်းလည်း မလို။

"ဒီလိုနဲ့ပဲ အင်းလေးကျေးတောနေတို့ရဲ့ အာရုံမှာ တေးတိုက်ပွဲဟာ တဖြည်းဖြည်း ပျောက်ကွယ်လာပါတော့တယ်၊ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီမှာပဲ အင်းလေး တေးတိုက်ပွဲတွေဟာ အတော်တိမ်ကောနေပါပြီ၊ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့လည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွေ ပြောင်းလဲတာနဲ့ဆိုတော့ တေးတိုက်ပွဲတွေ ပြန်လည် အသက်မဝင်တော့ပါဘူး။ လုံးဝ ပျောက်ကွယ်သွားပါတော့တယ်။ အင်းလေးတိုက်တေးတွေသာ ပြန့်ကျဲလို့ ကျန်ရစ်ပါတော့တယ်"ဟု မောင်တင်မြိုင်က နိဂုံးချုပ်လိုက်လေသည်။

မှန်ပါသည်။ အင်းလေးတိုက်တေးတွေ ပြန့်ကျဲနေခဲ့သည်။ ပြန့်ကျဲနေသော တေးတွေကို မောင်တင်မြိုင်သည် လိုက်လံ စုဆောင်းသည်။ စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

မောင်ပြုံးချိုသည် သူလက်ဆောင်ပါးခဲ့သော "အင်းလေးတိုက်တေးများ" စာအုပ်ငယ်ကို ဖတ်ရှုရင်း "အင်းလေးတေးတိုက်ပွဲ"သို့ စိတ်ကူးနှင့် ရောက်ဖူးသွားခြင်း ဖြစ်ပါသတည်း။

# မိုးညိုလမ်း

၁

မောင်ပြုံးချိုနှင့် မိုးညို

မိုးညိုနှင့် မောင်ပြုံးချို

ခွဲမရ ဆက်စပ်လျက် ရှိလေသည်။

မောင်ပြုံးချိုသည် နှစ်ပေါင်းသုံးဆယ်ကျော်မျှ ကာလပတ်လုံး တိုင်းခရိုင် မြို့နယ်များစွာသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။ အချို့နေရာများတွင် လအနည်းငယ်မျှသာ နေထိုင်ခဲ့ရပြီး အချို့ဒေသများတွင် နှစ်နှစ်သုံးနှစ် စသည်ဖြင့် နေထိုင်ခဲ့ရသည်။ ထိုထိုသော မြို့ရွာဒေသများအနက် မိုးညိုကို သူ သံယောဇဉ် အရှိဆုံး ဖြစ်သည်။

သူသည် မိုးညိုသို့ ၁၉၄၆ ခု၊ မတ်လတွင် မြို့ပိုင်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာခဲ့သည်။ ထိုမြို့နယ်တွင် သုံးနှစ်မျှ နေထိုင်ခဲ့ရပြီး တစ်သက်တာ မမေ့နိုင်သည့် အတွေ့အကြုံတွေနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ပျော်ခဲ့သည်လည်း ရှိသည်။ စိတ်ညစ်ခဲ့ရသည်လည်း ရှိသည်။ အထိတ်တလန့် နေခဲ့ရသည်လည်း ရှိသည်။

မိုးညိုသည် ပဲခူးတိုင်း သာယာဝတီခရိုင်တွင် ချောင်ကျလှသည့် မြို့နယ်တစ်ခု ဖြစ်သည်။ သွားရေး လာရေး ခက်သည်။ ထိုမြို့နယ်သို့ ဝန်ထမ်းများ မသွားလိုကြ။ မိုးညိုသို့ တာဝန်ထမ်းဆောင်ရန် ပို့လျှင် "မဲဇာ" ပို့သည်ဟု ပြောစမှတ် ပြုကြသည်။

ထိုစဉ်က မိုးညှိမြို့သည် ဧရာဝတီမြစ်ကမ်းနှင့် မိုင်ဝက်ခန့် ဝေးသည်။ ဟင်္သာတသို့ အစုန် ပြည်သို့ အဆန်သင်္ဘောများကို စီးလိုလျှင် ခြောက်အိမ်တန်းရွာသို့ ရောက်အောင် လမ်းလျှောက်ကြရသည်။ မီးရထားဖြင့် ပြည်ဘက်သို့လည်းကောင်း၊ ရန်ကုန်ဘက်သို့လည်းကောင်း သွားလိုလျှင် မင်းလှဘူတာသို့ ရောက်အောင် ခက်ခဲစွာ သွားကြရသည်။ မိုးတွင်းခါတွင် လှေဖြင့် ဧဒါတော အင်းချောင်းများကိုဖြတ်လျက် အင်းပုတ်ကုန်းရွာ ရောက်အောင် သွားရသည်။ ထိုမှတစ်ဆင့် မင်းလှသို့ မြင်းလှည်းနှင့်ဖြစ်စေ ခြေကျင်ဖြစ်စေ ခရီးဆက်ရသည်။

နွေခါတွင်မူ မိုးညှိမှ မင်းလှအထိ ကိုင်းတော ချိုင့်ဝှမ်းများကို ဖြတ်သန်းပြီး လှည်းဖြင့် သွားရသည်။ ယခု မင်းလှမှ မိုးညှိအထိ နွေရော မိုးပါ သွားလာနိုင်သည့် မော်တော်ကားလမ်းပေါက်နေပြီဟု သိရသည်။ မောင်ပြုံးချိုအဖို့ ဝမ်းမြောက် မဆုံး။ မိုးညှိသို့ တစ်ခါ တစ်ခေါက်ရောက်အောင် သွားဦးမည်ဟု စိတ်ကူးထားသည်။ ယခုတော့ သူရောက်လိုသည့် မိုးညှိသည် ဧရာဝတီမြစ်ထဲ ပုံ၍ပုံ၍ မျောပါသွားနေပြီဟု ကြားသိရသည်။ သူနေခဲ့သည့် အိမ်ပင်မရှိတော့ပြီ ဆိုပါကလား။ သူ့မိတ်သင်္ဂဟတွေ၏ အိမ်များလည်း မြေနေရာပင် မကျန်တော့။ သူသွားလျှင် တည်းခိုစရာ အိမ်ပင် ရှိပါဦးမလား။ မီးလောင်သည်ကမှ မြေနေရာ ကျန်သေးသည်။ မီးလောင်မြေပေါ်တွင် တဲထိုး၍ နေနိုင်သေးသည်။ ရေစား၍ပျက်ရသော မြေနေရာပင် မကျန်တော့ပါတကား။ အိမ်ဆောက်ရန် ထားဘိဦး။ ထိုင်စရာ ရပ်စရာ နေရာပင် မရှိတော့ပြီ။

မောင်ပြုံးချိုသည် သူ့ဆွေမျိုးသားချင်းတွေလို ချစ်ခင်ကြသော မိုးညှိသူ မိုးညှိသားများကို သွားရောက်တွေ့ဆုံလိုသည်။ အခြေအနေအရပ်ရပ်ကို လေ့လာပြီး အားပေးသမှု ပြုလိုသည်။ သို့သော် တော်တော်နှင့် မရောက်ဖြစ်။ ရပ်ဝေးမှ သတင်းကိုသာ နားထောင်နေရသည်။ ကြားရသည့်သတင်းက လည်း စိတ်အားငယ်စရာ။ နေ့စဉ်ပင် ရေတိုက်စား၍ အလံပေါင်းများစွာ ပြိုနေသည်။ ဈေးလည်း ပါသွားပြီ။ ရဲဌာနနား ကပ်နေပြီ။ ဆေးရုံနား နီးနေပြီ။ သည်လိုနှင့် မိုးအကုန်တွင် မြစ်ရေစီးကြမ်းရာမှ နသွားသည်။ ကမ်းအပြိုလည်း ရပ်သွားသည်။ အိမ်ရော မြေပါ ပြုတ်ပြုတ်ပြုန်းသွားသူများအတွက် လယ်ကွက်တွေထဲတွင် အိမ်ရာကွက်များ ရိုက်ကာ ချထားပေးသည်ဟု ကြားရလေသည်။

ရန်ကုန်မြို့ရှိ မိုးညှိအသင်းက တတ်နိုင်သမျှကို ကူညီထောက်ပံ့မှု ပြုကြသည်။ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များကို တင်ပြကြသည်။ သူတို့လည်း မိုးညှိသို့ သွားရောက်ကာ လေ့လာပြီး ဆောင်ရွက်ဖွယ် ရှိသည်များကို ဆောင်ရွက်ကြသည်။ အထက်အဖွဲ့အစည်းသို့ တင်ပြရန် ရှိသည်များကို တင်ပြကြသည်။

သည်လိုနှင့် ဆောင်းရာသီသို့ ကူးပြောင်းခဲ့လေသည်။ မိုးညှိအသင်း၊ လူကြီးများ မိုးညှိသို့သွားကြရန် စီစဉ်ကြသည်။ ကောက်ခံ ရရှိထားသော ထောက်ပံ့ငွေကို မြို့နယ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များသို့ အပ်ကြမည်။ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော အထက်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများကို ဆုပေးကြမည်။ မောင်ပြုံးချိုကိုလည်း သူတို့နှင့် လိုက်ပါရန် ဖိတ်မန္တကပြုလေသည်။

၂

တစ်နေ့သော နံနက်ခင်း။

ကြည့်မြင်တိုင်ဘူတာမှ ထွက်ခွာသည့် ပြည်ရထားဖြင့် မိုးညှိအသင်း ဥက္ကဋ္ဌခေါင်းဆောင်သော အဖွဲ့သည် လိုက်ပါလာကြလေသည်။ မောင်ပြုံးချိုလည်း သူတို့နှင့်အတူ ပါလာလေသည်။ ရထား မထွက်မီ ဘူတာထဲတွင် မိုးညှိသား မောင်ဉာဏ်မြင့်က သူ့သမီးနှင့်အတူ လာရောက်ပြီး မုန့်ဟင်းခါး ကျွေးလေသည်။ သူသည် သခင်လှရှိန်၏သား ဖြစ်သည်။ သခင်လှရှိန်သည် မိုးညှိမှ နိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ဗမာအစည်းအရုံးတွင် တက်ကြွသော မြို့နယ် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ စစ်အတွင်းတွင် အာရှလူငယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဖက်စစ်ဂျပန်ကို တော်လှန်သောအခါ သူခေါင်းဆောင်ခဲ့သည်။ စစ်ပြီးနောက်တွင်း မိုးညှိမြို့နယ်၏ ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဖြစ်လာသည်။ တောင်သူလယ်သမား အစည်းအရုံး ဥက္ကဋ္ဌလည်း ဖြစ်သည်။ ၁၉၄၉ ခု၊ တစ်နိုင်ငံလုံး ပြောက်ထဲကျဖို့ လက်နှစ်လုံးလောက်လိုတော့သည်ဆို သော အချိန်အခါက မြို့ကာကွယ်ရေးကို ဆောင်ရွက်နေစဉ် အချင်းချင်း လက်ချက်ဖြင့် ကျဆုံးခဲ့ရသူ

ဖြစ်သည်။ ထိုစဉ်က မောင်ဉာဏ်မြင့်သည် ကလေးအရွယ်ပင် ရှိသေးသည်။ ယခုတော့ သူ့သမီးများပင် အပျိုကြီးဖားဖား ဖြစ်နေလေပြီ။

မိုးညိုသွားအဖွဲ့သည် မီးရထားတွင် ရိုးရိုးတန်းမှပင် လိုက်ပါလာကြသည်။ တွဲမှာ သန့်သန့်ရှင်းရှင်း မရှိလှ။ အချို့ ပြတင်းပေါက်များ ဖွင့်မရ။ အချို့လည်း ဖွင့်ပြီးလျှင် ပြန်ပိတ်မရ။ ထိုင်ခုံတွေကလည်း ကြမ်းပိုးတွေနှင့် အပြည့်။ ထို့ကြောင့် သူတို့က မောင်ပြုံးချိုကို အားနာဟန် ရှိသည်။

"ဒီလို ခရီးမသွားရတာ ကြာပြီ၊ တစ်ခါတလေ ဒီလိုအများနဲ့ ရောလိုက်တာ ကောင်းတယ်၊ အတွေ့အကြုံရတာပေါ့" ဟု မောင်ပြုံးချိုက ဆိုသည်။

မှန်ပေသည်။ သည်လို ရထားတွဲထဲတွင် အလွှာမျိုးစုံက ခရီးသည်များကို တွေ့မြင်ရသည်။ ပြောကြဆိုကြသည်မှာလည်း စုံလို့။ အရောင်းအဝယ်အကြောင်း၊ သားရေးသမီးရေး၊ အိမ်နီးနားချင်းများအကြောင်း ရပ်ကွက်ထဲမှ သမဝါယမအကြောင်း၊ ရပ်ကွက်ကောင်စီ လူကြီးတွေအကြောင်း။

ကောင်းသည်က နည်းနည်း၊ ဆိုးသည်တွေက များသည်။ အမျိုးစုံ ကြားရသည်။ တွဲထဲတက်ရောင်းကြသည့် ဈေးသည်ပေါင်းစုံကိုလည်း တွေ့ရသည်။ ရထားတစ်ခါရပ်လျှင် တစ်ဦးဆင်းပြီး တစ်ဦးတက်လာတတ်သည်။ မုန့်ရောင်းသူ၊ သကြားလုံးချိုချဉ်ရောင်းသူ၊ လျက်ဆားရောင်းသူ၊ ရှူဆေးရောင်းသူ၊ သူတို့ပစ္စည်းကို အော်ဟစ် ရောင်းချကြသည်။ တစ်ယောက်တစ်မျိုး အသံမျိုးစုံ ကြားရသည်။

သည်အထဲ တောင်းရမ်းသူတွေကလည်း လာသေးသည်။ သီချင်းဆို၍တောင်းသူ၊ မယ်ဒလင်တီး၍ တောင်းသူ၊ တယောထိုး၍ တောင်းသူ၊ ရင်ဘတ်ကို လက်ဝါးဖြင့် တီးခတ်၍ တောင်းသူ၊ မျက်စိမမြင်သူ၊ ဆွံ့အသူ၊ ကလေးအရွယ် လူမမည်မှအစ အဘိုးအို အမယ်အိုအထိ၊ ဆုတောင်းကို သံနေသံထားနှင့် ရွတ်ဆို၍ တောင်းသူ။ တောင်းသူတွေ အစားစား များလှပါဘိ။

သည်တွင် မပြီးသေး။ အလှူခံတွေလည်း တွဲပေါ်တက်လာကြသည်။ ဟိုဘုရားပြင်ရန်၊ သည်ကျောင်းဆောက်ရန်နှင့် အလှူခံပုံးကို တချောက်ချောက် ခေါက်လာတတ်သည်။ တကယ်ပဲ ပြင်ကြ ဆောက်ကြမှာလား မသိ။

တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ မီးရထားသည် ဘူတာစဉ်

ရပ်ပြီး ခပ်မှန်မှန် ခုတ်မောင်းလာသည်။ မောင်ပြုံးချိုသည် စစ်အတွင်းမှစ၍ သည်လမ်းတွင် မီးရထားဖြင့် မကြာခဏ ခရီးသွားခဲ့ဖူးသည်။ သစ်၊ ဝါးတင်သော တွဲပက်လက်ကြီးပေါ်တွင် ထိုင်စီးခဲ့ဖူးသည်။ ကျွဲတွေ နွားတွေ တင်သော တွဲတွင်လည်း စီးခဲ့ဖူးသည်။ ဆန်အိတ်တွေ တင်သည့် တွဲနှင့်လည်း လိုက်ခဲ့ဖူးသည်။ တစ်လမ်းလုံး ထိုင်စရာမရသဖြင့် ရပ်၍လည်း လိုက်ခဲ့ဖူးသည်။ တံခါးဆေါက်မှ တက်မရ၍ ပြတင်းမှလည်း ကျော်တက်ခဲ့ရဖူးသည်။ အထက်တန်းတွဲတွင် ဟန်ကျပန်ကျ လိုက်ခဲ့ဖူးသည်လည်း ရှိသည်။ ကာလ ဒေသ ပယောဂကို အခြေပြု၍ ကျင့်သုံးခဲ့ရသည်။ မောင်ပြုံးချိုသည် ဈေးသည်တို့အော်သံ၊ သူတောင်းစားတို့ တောင်းဆိုသံများကို နားထောင်ရင်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်က အတွေ့အကြုံများကို စဉ်းစားမြင်ယောင်လာလေသည်။

သာယာဝတီသို့ ရောက်သော် လှမ်းမျှော်ကြည့်မိသည်။ ဂျပန်ခေတ်က သူ မြို့ပိုင်ဘဝဖြင့် စတင် ရောက်ခဲ့သည့်မြို့။ စိုစိုပြည်ပြည် စည်စည်ကားကားမရှိလှ။ ၁၉၅၈ ခုနှစ်က သူ ခရိုင်ဝန်အဖြစ် နေထိုင်ခဲ့သော တိုက်အိမ်ကားမရှိတော့ပြီ။ ထိုနေရာများတွင် အဆောက်အအုံသစ်များ ရောက်ရှိနေလေပြီ။ သာယာဝတီသည် ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်စဉ်ကပင် သုံးဆယ်၊ လက်ပံတန်းလောက် မစည်ကားလှ။ ယခု မြို့နယ်အဆင့်ရုံးများသာ ရှိတော့သဖြင့် ပို၍ခြောက်သွေ့နေလေပြီ။ အစိုးရအဆောက်အအုံတွေကတော့ ထီးတည်းကြီးတွေကျန်နေသေးသည်။ ၁၉၃၁ ခုနှစ်က ရှမ်းပြည်နယ်တွင် ဆရာစံအား ဖမ်းမိ၍ သာယာဝတီသို့ ခေါ်ဆောင်လာသောအခါ ဤနေရာ၌ ဘူတာမှပင် ဆင်းသည်။ ဆရာစံအား တရားစစ်ဆေးခဲ့ရာ ရုံးကြီး။ ဆရာစံအား ကြိုးပေးသတ်ရာ ထောင်ကြီး။ ထိုအဆောက်အအုံများသာလျှင် သမိုင်း၏ မှတ်တိုင်ကြီးများအဖြစ်ဘည်ရှိနေလေသည်။

ဘူတာအလွန် ဂေါက်သီးကွင်းကိုလည်း စောင်းငဲ့၍ ကြည့်မိပြန်သည်။ မောင်ပြုံးချို ဂေါက်သီးတုတ်ကို စကိုင်ခဲ့သော နေရာ။ သစ်တောအရာရှိကြီးများဖြစ်ကြသော ဦးအောင်တင်၊ ဦးမြင့်ဆွေ၊ ဦးကျော်ဖံတို့က သူ့ကို ဂေါက်ရိုက်နည်း ပြသသင်ကြားပေးကြသည်။ ဂေါက်ကွင်းကလည်း နွားစားကျက်

ကို ဖြစ်သလို ဖန်တီးထားရသော ကွင်းဖြစ်၍ အဆင့်အတန်းမမီလှ။ မောင်ပြုံးချို ရိုက်လိုက်သော ဂေါက်သီးလုံးသည် ချုံတောတိုးလိုတိုး၊ ဖွက်ထဲ နှစ်လိုနှစ် ဖြစ်ရသည်။ မကြာခဏ ဂေါက်သီးလုံး ပျောက်ရသည်။ သို့သော် ဂေါက်သီး အိတ်ထမ်းခ ကယ်ဒီကြေး သက်သာလှသဖြင့် တော်သေး၏။ ဂေါက်သီးလုံး ဈေးလည်း မကြီးလှသေး။ ကိုးကျင်းအတွက် အိတ်ထမ်းခကလည်း နှစ်ဆယ့် ငါးပြားသာ ပေးရသည်။ သည်လောက်နှင့်ပင် ထမ်းချင်သူတွေ များလှသည်။ အနီးအနားရွာမှ လူငယ်လေးတွေ အလုအယက် လာထမ်းနေကြသည်။ သူတို့ အထဲမှ တစ်ဦးသောသူငယ်ကလေးကို မောင်ပြုံးချို သတိရနေသည်။ ဂေါက် သီးရိုက်ချိန်ကျလျှင် ထိုသူငယ်ကလေးသည် မောင်ပြုံးချို အိမ်ပေါက်ဝတွင် လာစောင့်နေတတ်သည်။

“မင်းနာမည် ဘယ်သူလဲ” မောင်ပြုံးချိုက မေးလိုက်သည်။

“ဆပ္ပလိုင်း... ”သူက ပြုံးပြုံးကြီး ဖြေသည်။

“ဘယ့်နှယ် နာမည်က အဆန်းပါလားကွ၊ ဘာကြောင့် ဆပ္ပလိုင်းလို့ မှည့်တာလဲ”

“ကျွန်တော် မွေးတုန်းက ဆပ္ပလိုင်းတွေ ကောင်းစားနေတဲ့ အချိန်ဗျ” ဟု သူက သွက်လက်စွာ ဖြေလေသည်။

“ခု မင်းအသက် ဘယ်လောက်လဲ”

“ဆယ့်တစ်နှစ်...”

မောင်ပြုံးချိုသည် စိတ်တွက် တွက်လိုက်သည်။ ဆပ္ပလိုင်းသည် ၁၉၄၇ ခုနှစ်လောက်က မွေးခဲ့သူ ဖြစ်သည်။ သူ၏ ဒုတိယသားနှင့် မတိမ်းမယိမ်း ဖြစ်သည်။

ယခုဆိုလျှင် ဆပ္ပလိုင်းသည် ၃၃ နှစ်အရွယ် ရှိနေပေတော့မည်။ ဘယ် ဆီ ဘယ်ဌာနများ ရောက်နေသည် မသိ။ အိမ်ထောင်ရက်သားကျပြီး သား သမီးတွေနှင့် ဖြစ်နေလောက်ပြီ။ မောင်ပြုံးချိုသည် တွေးပြီး လိုက်ပါလာလေ သည်။

လက်ပံတန်းသို့ ရောက်သော် နံနက်စာ စားကြသည်။ နေလည်းအတော် မြင့်နေလေပြီ။ အသင်း ဥက္ကဋ္ဌကြီး ဦးမောင်မောင် ယူဆောင်လာသည့် ဆီထမင်း

နှင့် ငါးကြော်သာ ခံမနေလျှင် သည်အထိ နေနိုင်မည်မဟုတ်။ ယခုတော့ အိုက်ကြီးလောက်က ဆီထမင်း ဝင်နေသဖြင့် ကောင်းကောင်းပင် မဆာလှ။ သို့သော် ကိစ္စတစ်ခု ပြီးသွားအောင် ထမင်းထုပ် ဝယ်၍ စားလိုက်ကြရသည်။ ဆောသည့်အထဲ ဆန်ကလည်း ကြမ်းကြမ်း၊ အေးနေသည်။ ကြက်သားဟင်းက သည်း ဆီမရွှဲ၊ အရည်ကျဲကျဲ၊ သည်အထဲ ကြက်ကြီးကလည်း ဘိုးတော်ဘုရား လက်ထက်က ကြက်၊ သက်ကြီးဝါကြီးမို့ ကန်တော့၍ ကိုက်ရသည်။ ထမင်း သုတ်ကို ရေနွေးကြမ်းနှင့် မျှောချသော်လည်း မဝင်လှ။ နာမည်ကျော် လက်ပံ တန်းထမင်းထုပ်သည် အထင်ကြီးသလောက် မဟုတ် ဖြစ်နေလေသည်။

မောင်ပြုံးချိုသည် တွေးရင်းငေးရင်း စားနေလေသည်။ သူ စစ်အတွင်း က လက်ပံတန်းသို့ လက်ထောက်မြို့ပိုင်အဖြစ် ရောက်ခဲ့ပုံ၊ သူနှင့်အတူ တွဲ လုပ်ဖူးသည့် မြို့ပိုင်ကြီးများ ဖြစ်ကြသော ဦးဖေနှင့် ဦးထင်ပေါ်၊ စားမ ခေါင်းဆောင် ဦးမောင်ကြီး၊ မျိုးချစ် ဂဠုန်တပ်ဗိုလ် ဦးမှတ်ကြီး၊ မီးသတ် ဦးစီး ဦးသန့်၊ ဂျပန်လူလျှို စာအုပ်ကို ဘာသာပြန်သူ ဦးဘတင်၊ သူတို့ကို မြင်ယောင်လာသည်။ သူတို့အထဲမှ ဦးဖေ တစ်ယောက်သာ အသက်ထင်ရှား ရှိတော့သည်။ ဦးသန့်တစ်ယောက်တော့ ရှိသေးလား မသိ။ ပထမဇနီးဆုံး ပြီးသည့်နောက် ရဲအရာရှိကတော်ဟောင်း မုဆိုးမကြီးတစ်ဦးနှင့် လက်ဆက် ခဲ့ကြောင်း သိရသည်။ ရှိသေးလျှင်တော့ သန်တုန်းမြန်တုန်း ဖြစ်ပေလိမ့်မည်။

သူ မေ့၍မရသည့် အပျိုကြီး အိမ်ထောင်စုကိုလည်း သတိရနေသည်။ ၂ လမ်းမှ ဒေါ်ရင်၏ အိမ်ထောင်စု ဖြစ်သည်။ ထိုစဉ်က ဒေါ်ရင်သည် အသက် ၅၀ ကျော် အပျိုကြီးဖြစ်၍ ၂၀ ကျော် ၃၀ တွင်း တူမ အပျိုကြီးတွေနှင့်အတူ နေသည်။ စစ်ပြေးလာကြသူတွေ မောင်တွေ ယောက်မတွေလည်း ရှိနေကြ သည်။ မောင်ပြုံးချိုလက်ထောက် မြို့ပိုင်ကလေးအဖြစ် လက်ပံတန်းသို့ ရောက် လာသောအခါ မြို့ပိုင်ကြီး ဦးထင်ပေါ်နှင့် ဆက်သွယ်ပြီး ထိုအိမ်ထောင်စု၏ အရိပ်အာဝါသကို ခိုဝင်ခဲ့ရသည်။ ယခုတော့ အဒေါ်အပျိုကြီး သာမက တူမ အပျိုကြီးနှစ်ဦးလည်း ကွယ်လွန်ကုန်ကြလေပြီ။ သူတို့ထဲမှ တူမ အပျိုကြီးတစ်ဦး တော့ အိမ်ထောင်ကျပြီး ရန်ကုန်တွင် နေထိုင်လျက် ရှိကြောင်း သိရလေသည်။

သည်အထဲ ဖုံးချည်၊ စက်သေနတ်ပစ်သံများကို ကြားယောင်မိပြန် သည်။ ၁၉၄၃ ခုနှစ်က လက်ပံတန်းတွင် အင်္ဂလိပ် အမေရိကန်ဗုံးတွေ အကြီး

အကျယ် ချသဖြင့် အိမ်တွေ မီးလောင်ပျက်ပြုန်းပြီး လူတွေ အမြောက်အမြား သေကြေကြရကုန်သည်။ မောင်ပြုံးချိုတို့ အိမ်ထောင်သားစုပင် ကံကောင်းထောက်မ၍ သေတွင်းမှ လွတ်ကင်းခဲ့ရသည်ကိုလည်း တွေးလာခဲ့မိလေသည်။

မီးရထားသည် ဘူတာတွင်းမှ တရွေ့ရွေ့ ထွက်ခွာလာသည်။ မောင်ပြုံးချိုသည် ရထားလမ်းဘေးရှိ တည်းနိုရိပ်သာ အဆောက်အအုံကို လှမ်းကြည့်မိလိုက်သည်။

စစ်အတွင်းက ဂျပန် ကင်ပေတိုင်တို့ ရုံးစိုက်ခဲ့သည့် အဆောက်အအုံ၊ ထိုသုံးနှစ်အတွင်းက ငရဲဘုံကလေး။

## ၃

မင်းလှသို့ ရောက်သော် နေ့တစ်နာရီကျော်လေပြီ။ ထိုမှတစ်ဆင့် ရရာကားဖြင့် မိုးညှိုသို့ ခရီးဆက်ရမည်။ ကိုယ့်အထုပ်ကိုယ် ဆွဲပြီး ရထားပေါ်မှ ဆင်းခဲ့ကြသည်။ ဈေးအနီး လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်နေသည့် လော်ရီကားကြီးပေါ်သို့ တက်ကြသည်။ ထိုနေ့အဖို့ မိုးညှိုသွားမည့်ကား ထိုတစ်စီးသာ ရှိသည်။

မောင်ပြုံးချိုသည် လူတွေ ပစ္စည်းတွေနှင့် ပြွတ်သိပ်ဖြစ်နေသော လော်ရီမြင့်မြင့်ကြီးပေါ်သို့ ဘယ်လို တက်ထိုင်ရမည်နည်းဟု အရိပ်အခြည်ကို ကြည့်နေလေသည်။

"ဆရာရှေ့ခန်းမှာ ထိုင်ပါ၊ နေရာလုပ်ထားပါတယ်" ဟု ဆိုကာ အတူပါလာသူတစ်ဦးက ကားမောင်းမည့်သူ ထိုင်မည့်ဘက်သို့ လှည့်သွားလေ သည်။

ရှေ့ခန်းတွင် လူငယ်နှစ်ဦး နေရာယူထားကြရာ တစ်ဦးက ဖယ်ရှားပေးလေသည်။

မောင်ပြုံးချိုသည် မြို့ပေါ်ရှိ အသိမိတ်ဆွေများကို သွားရောက် တွေ့ဆုံလိုသည်။ သို့သော် အချိန်မရ။ ကားကလည်း ဘယ်အချိန် ထွက်မည်ကို မမှန်းဆနိုင်။ ထွက်သွားလို့ ကျန်ရစ်လျှင် ထိုနေ့အဖို့ မိုးညှိုရောက်တော့မည် မဟုတ်။

နာရီဝက်လောက်ကြာမှ စတင် ထွက်ခွာလာလေသည်။ မြို့အတွင်းမှ အနောက်ဘက်သို့ လမ်းမကြီးအတိုင်း ထွက်ခွာလာသောအခါ ဂျပန်ခေတ်

သူနေခဲ့ဖူးသည့် ဆရာဦးသာခု၏အိမ်ကို ကားပေါ်မှ လှမ်းကြည့်သည်။ ...င်းစွာမမှတ်မိတော့။ သူနေခဲ့စဉ်က ထိုအိမ်သည် မြို့အစွန်ဆုံးတွင် ရှိ ...သည်။ ထိုအိမ်၏ တစ်ဖက်တွင် လယ်ကွင်းသာ ရှိသည်။ ယခုတော့ အိမ်တွေ ...နေလေပြီ။ အိမ်တွေသာမက ဆန်စက်တစ်လုံးပင် ရှိနေလေပြီ။ ဆောက် ...သည့် အိမ်တွေကလည်း ခပ်ဆင်ဆင်တွေ ဖြစ်နေသဖြင့် ဦးသာခု၏အိမ်ကို ...မရ ဖြစ်နေလေသည်။

မြို့ပြင်သို့ ရောက်သော် ကြို့ကုန်းရွာကြီးကို လှမ်းမျှော်၍ ကြည့်သည်။ ...ရွာမှ သူကြီး ဦးစိုးဝင်းနှင့် သူ့ညီ သခင်ထွန်းရုံကြီးကို မြင်ယောင်နေလေ ...သည်။ သူတို့ ညီအစ်ကို နှစ်ယောက်စလုံးပင် ဖက်ဆစ်တော်လှန်ရေးအတွက် ...ကူအညီပေးခဲ့ကြသည်။ ယခုတော့ နှစ်ဦးစလုံး မရှိကြတော့ပြီ။ ဦးစိုး ...သည် အသက်အရွယ်ကြီးရင့်၍ ကွယ်လွန်သွားရသော်လည်း သခင်ထွန်းရုံ ...ကား လွတ်လပ်ရေးရစ သောင်းကျန်းမှု အရှိန်တက်နေစဉ် က ပျောက်ချင်း ... ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။ ရောင်စုံလက်နက်ကိုင်တို့၏ ...က်ချက်။

ကညင်ပင်လမ်းဆုံသို့ ရောက်သောအခါ ကားသည် ယာဘက်ရှိ မြေညီ ...မ်းဘက်သို့ ချိုးကွေ့ မောင်းနှင်သွားလေသည်။ လမ်းသည် ကြမ်းစ ပြုလာ ...ပြီ။ ဖုန်တထောင်းထောင်းနှင့် ချိုင့်ခွက်တွေကို ကျော်လွှားသွားရသည်။

"လမ်းက တကယ်ကြမ်းပါကလား"

မောင်ပြုံးချိုက ရေရွတ်လိုက်သည်။

"အင်းပုတ်ကုန်းလွန်ရင် ဒီထက်ဆိုးဦးမယ်" အနားကပ်ထိုင်လာသူ ...အားပေးစကား ပြောသည်။

"မကြာခင်တော့ ကောင်းလာမယ်ထင်တယ်၊ ကျောက်တွေ ချထား ...ပြီ"

မောင်ပြုံးချိုက လမ်းဘေးတွင် ပုံထားသည့် ကျောက်တုံးပုံကြီးများကို ...ညွှန်း၍ ပြောလိုက်သည်။

"ဟာ... ဒီကျောက်ပုံကြီးတွေ ချထားတာ ကြာပါပြီ၊ ကျောက်ခဲတွေ ... ခဲသာတာ၊ ဆွေးရမယ့် ပစ္စည်းဆိုရင် ဆွေးမြည့်ကုန်ပြီ"

သည်လိုနှင့် သဲတောနှင့် အောက်ကိုင်းရွာများကို လွန်ပြီး အင်းပုတ်ကုန်းသို့ ရောက်လာသည်။ ယခင်က ရွာငယ်လေးသည် ယခု ရွာကြီး ဖြစ်နေလေပြီ။ သူကြီး ဦးအောင်မိုးကို မောင်ပြုံးချို သတိရနေလေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က အသက် ၆၀ ခန့် ရှိပြီဖြစ်သော ဦးအောင်မိုးသည် ယခု ရှိတော့မည် မဟုတ်။

အင်းပုတ်ကုန်းမှ လွန်သော် မော်တော်ကားသည် အင်းအိုင်ချောင်းမြောင်းများကို ဖြတ်ဖို့ထားသည့် တာကြီးပေါ်သို့ ရောက်လာလေသည်။ ဟိုရှေးယခင်ကလည်း သည်နေရာတစ်လျှောက်တွင် မိုးညိုအရောက် မြေတွေ ဖို့ပြီးကားလမ်းဖောက်ခဲ့ဖူးသည်ဟု ဆိုသည်။ မည်မျှ အောင်မြင်သည် မည်မျှ အသုံးပြုနိုင်သည်ကိုကား မသိ။ စစ်အတွင်းကမှ သည်ဒေသသို့ ရောက်ခဲ့ဖူးသော မောင်ပြုံးချိုအဖို့ ကျိုးပေါက် ပျက်စီးနေသည့် တာပြတ်တွေကိုသာ တွေ့ခဲ့ဖူးသည်။ ရေလွှဲပေါက်များ ကောင်းစွာ လုပ်မပေးသဖြင့် တာတွေ ကျိုး ကုန်ခဲ့သည်ဟု ပြောကြသည်။ ချောင်းမြောင်းများပေါ်တွင် တံတားများ ခိုင်ခိုင် မာမာ တည်ဆောက်ပေးခြင်း မပြုခဲ့ဟု ဆိုသည်။ ထို့ကြောင့် ထိုမခိုင်မာသော တံတားတို့သည် မိုးတွင်းချိန်တွင် ရေထဲ မျောပါကုန်သည်ဟု ကြားခဲ့ရဖူးသည်။ ယခုထိုတာပြတ်များကို ဆက်သွယ်ပြီး မြေတွေ ဖို့သည်၊ ကျောက်တွေ ချသည်၊ ချောင်းကူးတံတားတွေ အခိုင်အမာ ဆောက်သည်။ ထိုလမ်းမကြီးပေါ်တွင် မော်တော်ကားတွေ၊ လှည်းတွေ မိုးညိုအထိ သွားလို့ ရနေပြီ။ သို့သော် လမ်းကား ချောမွေ့ပြေပြစ်ခြင်း မရှိသေး။ ကျင်းတွေ ချိုင့်တွေ ဖုတွေ များလှသည်၊ ဖုန်တွေထူလှသည်။ မိုးတွင်းခါတွင် ရွှံ့တွေ ဗွက်တွေထဲ ရုန်းရသည်။

မောင်ပြုံးချိုတို့၏ ငါးပိ ငါးချဉ် လော်ရီကားကြီးသည် ထိုတာလမ်းပေါ်တွင် တရွေ့ရွေ့ သွားနေလေသည်။ နေကလည်း ပူသည်။ ကားကလည်း ဆောင့်သည်။ ချွေးတလုံးလုံးနှင့် ဖြစ်နေကြသည်။ ထိုချွေးများပေါ်တွင် ကားဘီးအောက်မှ ထထွက်လာသည့် ဖုန်လုံးကြီးများသည် ခန္ဓာကိုယ်များကို လာ၍ ကပ်ကုန်သည်။ သည်အထဲ ကားမောင်းသူက ကက်ဆက်ကို ကျယ်ကျယ် ဖွင့်ပေးသည်။ ထို့ကြောင့် သီချင်းသံ ဆိုင်းသံတွေက ဆူညံနေသည်။ အခြား ခရီးသည်တွေအဖို့ မည်သို့ ခံစားရမည် မသိ။ မောင်ပြုံးချိုအတွက်မူ နားမခံသာအောင် ဖြစ်နေသည်။

"အင်း …ဒီအန္တရာယ်ကလည်း ဘယ်မှ ပြေးမလွတ်ပါလား" မောင်ပြုံး ချိုသည် ဤသို့ တွေးမိလေသည်။

ရန်ကုန်တွင် မောင်ပြုံးချိုတို့ ရပ်ကွက်နှင့် မနီးမဝေး နှင်းဆီကုန်းမှ အကြောင်းသွင်း ... ကျယ်ကျယ်ကြီးများကို နေ့တိုင်းလိုလို ကြားနေရသဖြင့် စိတ်ညစ်ခဲ့ရသူ မောင်ပြုံးချိုသည် ယခု နေပူကျဲကျဲ ဈေးတန်းရှဲ့တွင် ဆူညံသော ကက်ဆက်သံကြောင့် မော်တော်ကားပေါ်မှ ပြေးဆင်းချင်စိတ်ပေါက်လာလေသည်။ သို့ရာတွင် စိတ်ရှိတိုင်း လိုက်လုပ်၍ မဖြစ်။

"ဦးလေး ဒီနယ်မှာ တာဝန် ထမ်းဆောင်ဖူးတယ် ထင်တယ်"

သူနှင့် ယှဉ်ထိုင်လာသူ သူငယ်က စကားဆိုသည်။

"ဟုတ်တယ်၊ မင်းလှနဲ့ မိုးညိုမယ် မြို့ပိုင်လုပ်ဖူးတယ်"

"သာယာဝတီမယ်ခရိုင်ဝန်လည်း လုပ်ဖူးတယ်မဟုတ်လား"

"အေး ၁၉၅၈–၅၉ တုန်းက"

"ကျွန်တော့အဖေတော့ သိမှာပေါ့၊ ဦးမြမောင်လေ၊ ငွေတိုက် စာရေးကြီး"

"အရပ်ရှည်ရှည်၊ ကွမ်းတွေ စားစားနေတဲ့ ဦးမြမောင်လား"

"ဟုတ်ပါတယ်"

"ဟာ… သိတာပေါ့၊ မြို့ပိုင် ဘဝကတည်းက တွဲလုပ်ဖူးတယ်၊ အခု သူ ပင်စင်သွားရောပေါ့"

"အခု မရှိတော့ဘူး၊ ဆုံးသွားပါပြီ"

"ဩော် ဟုတ်လား။ အေးကွာ ကြားရတာ စိတ်မကောင်းလိုက်တာ"

မောင်ပြုံးချိုသည် တကယ်ပင် စိတ်မကောင်းဖြစ်သွားသည်။ ထို့ နောက် သာယာဝတီမှ သူသိခဲ့ဖူးသော စာရေးကြီးများ၏ သတင်းကို မေးသည်။ အများ အားဖြင့် မရှိကြတော့ပြီ။ ဦးအုံးဖေ၊ ဦးဖိုးရစ်၊ ဦးသင့်၊ ဦးထွန်းတင်၊ ဦးကောင်းညွှန့်။

"ဒါနဲ့ မင်းက အခု မိုးညို ဘာသွားလုပ်မလို့လဲ"

"ကျွန်တော် မိုးညိုဘဏ်မှာ အလုပ်လုပ်ပါတယ်"

ကိုမြမောင်၏သားပင် ဤမျှ အရွယ်ရပြီး တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေပါပကောလားဟု တွေးလိုက်မိသည်။ နှစ်တွေ လတွေ ကြာညောင်းလာခဲ့ပြီတကား။

သည်လိုနှင့် စကားပြတ်သွားကြသည်။ ပူပူလောင်လောင် ဆူဆူညံညံထဲတွင် စကားပြောရသည်မှာလည်း မသက်သာလှ။ ပင်ပန်းလှသည်။

မောင်ပြုံးချိုသည် လမ်းဘေးကို ငေးပြီး လိုက်ပါလာသည်။ မျက်စိတစ်ဆုံး ချုံပိတ်ပေါင်းတွေ လွှမ်းနေသည့် ကိုင်းတောကြီးကိုသာ တွေ့ရသည်။ အချို့ကုန်းကျသော နေရာများတွင်မူ ရှင်းလင်းပြီး ငရုတ်၊ ကုလားပဲ စသည်များ စိုက်ပျိုးထားသည်ကို ဟိုတစ်ကွက် သည်တစ်ကွက် တွေ့မြင်ရသည်။

မကြာမီ ထန်းပင်ကုန်းရွာကို လှမ်းမြင်ရသည်။ ထိုရွာနှင့်ကပ်လျက် မြင့်မားစွာ တည်ဆောက်ထားသည့် တံတားကြီးကိုလည်း တွေ့ရသည်။ မကြာသေးမီကမှ ပြီးစီး ဖွင့်လှစ်လိုက်သည့် မြစ်မခ ချောင်းကူး တံတားကြီး ဖြစ်သည်။ မောင်ပြုံးချိုတို့မော်တော်ကားသည် ထန်းပင်ကုန်းရွာအနောက်ဘက်ရှိ တာလမ်းအတိုင်း သွားပြီး တံတားပေါ်မှ ချောင်းကို ဖြတ်ကျော်လေသည်။ မြစ်မခချောင်း၏ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ချောင်းနက်ရွာကို တွေ့ရပြန်သည်။ ချောင်းနက်အင်းချောင်းကို ကျောခိုင်းကာ ဆောက်လုပ်ထားသည့် ခြေတံရှည်အိမ်များ တန်းစီနေသည်ကို မြင်ရသည်။

သည်နေရာ ရောက်လျှင် ထန်းပင်ကုန်း ရွာသူကြီး ဦးမြသဲကို သတိရလေသည်။ သူသည် သူ၏ ကျေးရွာအုပ်စုတွင် ပါဝင်သည့် ချောင်းနက်ရွာတွင် နေထိုင်သည်။ သူသည် ရွာသူကြီးသာ မဟုတ်၊ အင်းသူကြီးလည်း ဖြစ်သည်။ ဩဇာတိက္ကမ ရှိသည်။ ဆွေမျိုးအင်အား တောင့်တင်းသည်။ ဂျပန် တော်လှန်ရေးအတွင်းက သည်ဒေသတွင် သူ့ကို အားကိုးအားထား ပြုခဲ့ရလေသည်။ ယခုတော့ ဦးမြသဲ မရှိတော့ပြီ။ လွန်ခဲ့သော ငါးနှစ်လောက်က ကွယ်လွန်ရှာလေပြီ။

ချောင်းနက်တစ်ဖက်ကမ်းရှိ ဘုရားငူရွာအနီးမှ သူတို့ လော်ရီကားကြီးသည် ဖြတ်မောင်းလာလေသည်။ မြစ်မခကမ်းဦး အငူစွန်းပေါ်တွင် တည်ထားသည့် ရှေးဘုရားတစ်ဆူကို လှမ်းမျှော်ကြည့်မိသည်။ ထိုစေတီသည် ပြိုကျ

ချက်စီးလျက် ရှိလေသည်။ ထိုစေတီမှ ရရှိသည့် ရှေးဟောင်း ဌာပနာများကို မိုးညိုဘုန်းကြီးကျောင်း တစ်ကျောင်းတွင် သိမ်းဆည်းထားသည်ဟု သိရလေသည်။

မောင်ပြုံးချိုသည် ဘုရားဒွေရွာသူကြီး ဦးဘရင်ကိုလည်း သတိရနေလေသည်။ ရှိမှ ရှိပါသေးလေစ။

လော်ရီကားကြီးသည် ကက်ဆက်သီချင်းသံ ဆူညံစွာဖြင့် ဝုန်းဝုန်းဒိုင်းဒိုင်း ဒုန်းစိုင်း ပြေးနေလေသည်။

"ဟောဟိုက မိုးညိုပဲ"

အနီးမှ သူငယ်က ရှေ့တည့်တည့်မှ ခပ်ညိုညိုနေရာကို ညွှန်ပြရင်း ပြောလေသည်။

မိုးညိုသို့ ရောက်တော့မည်။

မိုးညိုကို ဘယ်လို တွေ့ရပါမည်လဲ။

မောင်ပြုံးချိုသည် တွေးလာလေသည်။

# ရေကြီးချိန်

## ၁

မောင်ပြုံးချိုတို့ လိုက်ပါလာသည့် လော်ရီကားကြီး မိုးညှိမြို့တွင်းသို့ ဝင်လာသောအခါ ညနေစောင်းနေပါပြီ။

မြို့အနေအထားမှာ ပြောင်းလဲနေပြီဖြစ်သဖြင့် ဘယ်လမ်းက မြို့တွင်းဝင်လာပြီး ဘယ်နေရာရပ်လိုက်သည်ကိုပင် မသိအောင် ဖြစ်နေလေသည်။ သို့ရာတွင် မြို့ထဲသို့ ဝင်မိသောအခါ မောင်ပြုံးချို ဝမ်းမြောက်လာသည်။ ကြမ်းတမ်းခက်တရော်သော ခရီးလမ်းဆုံးသို့ ရောက်တော့မည်။ ဖုန်ထူပြောသော အန္တရာယ်မှ လွတ်တော့မည်။ ကြာမြင့်စွာ ကွဲကွာနေခဲ့သော မိတ်သင်္ဂဟများနှင့် တွေ့ရတော့မည်။

မော်တော်ကား ရပ်လိုက်သောအခါ ဟင်းခနဲ သက်ပြင်းရှည်ကြီး ချမိသည်။ သူတစ်ဦးတည်းသာ မဟုတ်၊ ခရီးသည်တွေအားလုံး သည်လို သက်ပြင်းချလိုက်ကြပေလိမ့်မည်။ မောင်ပြုံးချိုအဖို့ ရှေ့ခန်းတွင် ကားမောင်းသူ၏ဘေးမှ ထိုင်စီးလာရသဖြင့် တော်သေး၏။ နောက်ဘက်မှ စီးနင်းလာသူတို့အဖို့ ပို၍ ဆင်းရဲရှာကြပေလိမ့်မည်။ မော်တော်ကား ဆောင့်သည့်ဒဏ်ကို ပို၍ ခံရပေလိမ့်မည်။ သူတို့ ခန္ဓာကိုယ်နှင့် အဝတ်အထည်များပေါ်တွင် ဖုန်အလိမ်းလိမ်း ကပ်နေပေလိမ့်မည်။ သူတို့၏မျက်စိ၊ နား၊ နှာ၊ ပါးစပ်ပေါက်များထဲသို့ ဖုန်တွေ ပုံကာ ဝဲကာ ဝင်ရောက်လာပေလိမ့်မည်။

ခရီးသည်တွေ၏ တစ်ကိုယ်လုံး ဦးခေါင်းမှသည် ခြေဖျားထိ ဖုန်တွေ လွှမ်းပြီး ဖွေးဖွေးဖြူနေလေသည်။ ကားပေါ်မှ ဆင်းကြသောအခါ တစ်ဦး၏ ရုပ်သွင်ကို တစ်ဦးက ကြည့်ကာ ကိုယ်ပေါ်မှ ဖုန်တွေကို ပုတ်ရင်း ခါရင်း ပြုံးကြရယ်ကြသည်။ မိမိသည် သူတစ်ပါးအတွက် ရယ်ရွှင်ဖွယ် ဖြစ်နေသည် ကိုမူ သတိမရကြ။ သူတစ်ပါးကို ကြည့်၍သာ ပြုံးရယ်နေကြသည်။

မောင်ပြုံးချိုသည် ကားပေါ်မှ ဆင်းလိုက်သည်နှင့် သူ့ကို စောင့်မျှော် ကြိုဆိုနေကြသူများကို တွေ့ရသည်။ သူတို့မိသားစုထဲမှ တစ်ယောက် နှစ်ပေါင်းများစွာ ကွဲကွာနေပြီးသည့်နောက် ပြန်ရောက်လာသလို အားရဝမ်းသာ ဖြစ်နေကြသည်။ သူတို့ထဲတွင် ရှေ့နေကြီး ဦးထွန်းတင်ကို ရှေ့ဆုံးမှ တွေ့ရသည်။ အသက် ၈၀ ကျော် ပတ်ဝန်းကျင်တွင် ရောက်ရှိနေပေပြီ။ ဇရာ ထောင်းနေပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကနှင့် အဘယ်မှာလျှင် တူနိုင်တော့အံ့နည်း။ သူသည် တောင်ဝှေးကို ကိုင်ဆွဲလျက် ကားဆိပ်တွင် ရောက်ရှိနေသည်။ ဘုရားသူကြီးမောင်ပြုံးချို၏ရုံးတွင် သူနှင့် ရှေ့နေလိုက်ဖက်၊ ငြင်းဖက်၊ ခုံဖက်၊ စကားနိုင် လုဖက်များ ဖြစ်ကြသည့် ရှေ့နေကြီး ဦးအုန်းဖေနှင့် ဦးအေးကြည်တို့ကား မရှိတော့ပြီ။ ကျန်းမာရေးအင်စပိတ်တော်လုပ်ခဲ့သူ ဦးခင်လည်း ပါလာသည်။ သူလည်း ၇၀ ကျော် ၈၀ တွင် ရှိပြီ။ သူက ဦးထွန်းတင်ထက် ကျန်းမာပုံရသည်။ ယခင်က အိမ်နားနီးချင်း နေထိုင်ခဲ့သည့် မရီရီလည်း လာကြိုနေသည်။ သူတို့ ညီအစ်မတွေလည်း ထိုစဉ်က အိမ်ထောင် မရှိကြသေး။ မောင်ပြုံးချို၏ဇနီး တင်မကြီးနှင့် ညီအစ်မအရင်းတွေလို ချစ်ခင်ကြသည်။ မောင်ပြုံးချို၏ ဒုတိယသားသည် ထိုစဉ်က နို့စို့အရွယ် သူတို့လက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်။ သူတို့ကလည်း သူ့သားအရင်းလို ချစ်ကြသည်။ ယခုတော့ ထိုသားပင် အသက် ၃၀ ကျော်ပြီ ဖြစ်၍ သားနှင့် မယားနှင့် ဖြစ်နေလေပြီ။ သူတို့ အပျိုကြီး ညီအစ်မတစ်သိုက်လည်း အိမ်ထောင်ကျသူကျ၊ ကွယ်လွန်သူ ကွယ်လွန်၊ ယခုတော့ မိုးညိုတွင် အတူနေ ညီအစ်မနှစ်ယောက်သာ ရှိတော့သည်။ မရီရီက သားတစ်ယောက်မိခင်။ သူ့အစ်မ သိန်းသိန်းက အိမ်ထောင်မပြု။ ယခင်က မောင်ပြုံးချိုတို့ နေထိုင်ခဲ့သည့် အိမ်နှင့် ကပ်လျက် ရှိခဲ့သည့် သူတို့အိမ်ကား ကမ်းပြိုသည့်အထဲ ပါသွားလေပြီ။

"အစ်ကိုကြီး ... အစ်ကိုကြီးတို့ နေခဲ့တဲ့ အိမ်ရော မရှိတော့ဘူး၊ အဲဒီနေရာတွေ မြစ်လယ် ရောက်နေပြီ" မရီရီက ဝမ်းနည်းပက်လက် ဆီးပြောလေသည်။

မောင်ပြုံးချိုတို့သည် လာကြိုသူများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြသည်။ လိုက်သာသွားရသည်။ ဘယ်လမ်းကဝင် ဘယ်လမ်းကလျှောက်ပြီး ဘယ်ရောက်လာသည် မသိ။ မြို့ပြင် လယ်ကွင်းကြီးထဲသို့ ရောက်လာကြသည်။ အိမ်နေရာသစ်တွေ အကွက်ချပြီး မြို့သစ် တည်ဆောက်ထားသည့် နေရာဖြစ်သည်။ အချို့အိမ်များမှာ ဆောက်၍ ပြီးပြီ။ အိမ်ဟောင်းကို ရွှေ့ဆောက်ထားကြခြင်း ဖြစ်သည်။ အချို့အိမ်များမှာ တစ်ပိုင်းတစ်စ ဆောက်လို့မပြီးသေး။

မောင်ပြုံးချိုတို့သည် မြေရာကွက် ကျယ်ကျယ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်အိမ်ကျယ်ကျယ်ကြီးသို့ ရောက်လာကြသည်။ စိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးစိန်လှိုင်၏ အိမ်ဟု သိရသည်။ သူတို့သည် အိမ်ပေါ်သို့ မတက်ကြသေးဘဲ မြေပေါ်တွင် ချထားသည့် ကုလားထိုင်များနှင့် ခုံတန်းလျားများပေါ်တွင် ထိုင်ကြသည်။ မိတ်ဟောင်း ဆွေဟောင်းတွေလည်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ ပြောကြ ဆိုကြ သတင်းမေးကြနှင့် ဆူညံနေတော့သည်။

"ဘယ်သူတော့ ရှိသေးလား"

"ဘယ်သူတော့ ဘာလုပ်နေတုံး"

"ဘယ်သူ ဘယ်ပြောင်းသွားတုံး"

သည်မေးခွန်းများကို မေးသူကမေးလျှင် ဖြေသူက ဖြေကြသည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း ရေမြေအနေအထားတွေ ပြောင်းလဲသလို လူ တွေ၏ အခြေအနေတွေလည်း ပြောင်းလဲခဲ့လေပြီ။ အချို့လည်း တစ်ရပ် တစ်ပါးသို့ ပြောင်းရွှေ့သွားကြသည်။ ပြောင်းရွှေ့သွားသည့် နေရာတွင် အသက်ရှင်သူတွေ ရှိသေးသလို အချို့လည်း ကွယ်လွန်ကုန်ကြလေပြီ၊ တောခိုသွားပြီး ပြန်ဝင်လာသူတွေ ရှိသလို အချို့လည်း တောထဲတွင် ကွယ်လွန်ကုန်ကြပြီ။ သူတို့ထဲတွင်

ားလို နာလို သေသူတွေ ရှိသလို သူတစ်ပါးလက် ချက်ဖြင့် အသက်ထွက်ကြရသူတွေလည်း ရှိသည်။ တောမခိုဘဲလျက် မြို့ ပေါ်မှာပင် တစ်ယောက် တစ်ပြန်သတ်သဖြင့် အသက်ပျောက်ခဲ့ရသူတွေလည်း ရှိသည်။ မောင်ပြုံးချိုသည် ဝိုင်းဖွဲ့စကားပြောနေရင်း ထိုထိုသော မိတ်ဆွေဟောင်းတို့၏ မျက်နှာများကို မြင်ယောင်နေလေသည်။

ထိုနေ့ ညနေစာကို မိတ်ဆွေ ကိုဇောဟန်အိမ်တွင် စားသောက်ကြရသည်။ သူဧည့်ခံကျွေးမွေးသည့် ပလာတာနှင့် ကြက်သားဟင်းကို သစ်ပင်အောက် မီးထိန်ထိန်တွင် မြိန်ရှက်စွာ သုံးဆောင်ကြသည်။ မောင်ပြုံးချိုတို့ ဧည့်သည်တွေသာမက အချို့လူကြီးတွေပါ ဖိတ်ကြား ဧည့်ခံသောကြောင့် မြိုင်ဆိုင်လှသည်။ အလှူပွဲကလေးတစ်ခုကဲ့သို့ပင်။

တည်းအိမ်သို့ ပြန်ရောက်သောအခါ စကားဝိုင်း စကြပြန်သည်။ မိုးတွင်းကမ်းပြိုစဉ်အခါက တစ်မြို့လုံး ဒုက္ခရောက်ကြရပုံကို အများဆုံး ပြောကြသည်။

မြစ်ကမ်းသည် ရေတိုက်စားပြီး နာရီမဆိုင်း၊ ရက်မကူး တဝုန်းဝုန်း ပြိုလာသဖြင့် အချို့အိမ်များ အချိန်မီ မပြောင်းရွှေ့လိုက်နိုင်။ ရေတိုက်စားရာတွင် အချို့အိမ်များ အိမ်လုံးကျွတ် မျောပါသွားကုန်သည်။ အချို့လည်း ရေထဲပါတော့မည့်အတူတူ ရရာဈေးနှင့် ကပျာကသီ ရောင်းလိုက်ကြရသည်။ ဝယ်သူများကလည်း ကမန်းကတန်း ဖျက်ယူကြသည်။ အချို့လည်း ပြောင်းရွှေ့ရန် အချိန်ရလိုက်သည်။ ဖျက်ရွှေ့ပေးမည့်သူများကိုလည်း စရိတ်စက ကြီးကြီးပေးကြရသည်။ ဖျက်ရွှေ့ပေးမည့်သူကို အလုအယက်ငှားကြရသဖြင့် မဆုံ င်ကန် ဈေးတက်လာသည်။ မိုးတွင်းကြီး ဖြစ်သဖြင့် မိုးကလည်း အဆက်မပြတ် ရွာနေသည်။ ပြောင်းကြရွှေ့ကြ သယ်ပိုးကြနှင့် တစ်မြို့လုံး ဆူညံလှုပ်ရှားနေကြသည်။ လမ်းတွေပေါ်တွင် လူတွေ ကြိတ်ကြိတ်တိုး ရှုပ်ထွေးနေသည်။

“အဲဒီတုန်းက ကမ္ဘာပျက်သလား အောက်မေ့ရတယ်”ဟု တစ်ယောက်က မှတ်ချက်ချသည်။

သူတို့ ဒုက္ခရောက်ကြရပုံတွေကို ပြောလို့ကား ကုန်နိုင်ဖွယ်မရှိ။ အတော်ကြီး ညဉ့်နက်မှ လူစုကွဲသွားကြလေသည်။

၂

နောက်တစ်နေ့ . . .

နံနက်စောစောတွင် မောင်မြင့်နှင့် မောင်ကျော်ခေါင်တို့ ရောက်ရှိလာကြသည်။ သူတို့ကို မောင်ပြုံးချိုသည် လွန်ခဲ့သော နှစ် ၃၀ ကျော်က ခေါ်သလို မောင်တပ်၍ ခေါ်သော်လည်း ငယ်ရွယ်သူများ မဟုတ်တော့ပေ။ ၅၀ ကျော် ၆၀ တွင်းများ ဖြစ်နေကြလေပြီ။ ယခု လူငယ်တွေက မောင်မြင့်ကို ဘဘဟု ခေါ်နေကြလေပြီ။ မောင်ကျော်ခေါင်မှာလည်း ရဲအဖွဲ့တွင် တာဝန်ထမ်းဆောင်နေရာမှ သက်ပြည့်အငြိမ်းစားယူခဲ့လေပြီ။ သူတို့နှစ်ဦးစလုံးသည် ၁၉၄၈ ခုနှစ်က သောင်းကျန်းသူတို့အလယ် မောင်ပြုံးချိုအား အန္တရာယ်တွေ ဝိုင်း နေစဉ်က အကူအညီ အများဆုံး ပေးခဲ့သူများ ဖြစ်ကြသည်။

မောင်ပြုံးချိုသည် သူတို့နှစ်ဦးနှင့်အတူ မြို့ဟောင်းမြို့သစ်ကို လျှောက်၍ ကြည့်သည်။ ကတ်နိုင်သူတို့က မြေရာကွက်များ ရရှိပြီး ပြောင်းရွှေ့ကာ အိမ်ဆောက်နေနိုင်ကြပြီး ဖြစ်သော်လည်း အိမ်နှင့်ရာနှင့် မနေနိုင်သူတွေ အများပင် ရှိလေသည်။ အချို့ဘုန်းကြီးကျောင်းများတွင် ဝင်ခိုကြရသည်။ ဘုန်းကြီးကျောင်း အများပင် ရေထဲပါကုန်သဖြင့်လည်း ခိုကပ်ရန် နေရာများများ မရှိ။ အချို့လည်း သုသာန်ကုန်းထဲတွင် တဲထိုးနေကြလေသည်။ အုတ်ဂူတွေကြားတွင် မိသားစုတွေ တစ်ပုံကြီးပင်။

မောင်ပြုံးချိုတို့သည် ကမ်းနားဘက်သို့ လျှောက်သွားကြသည်။ နက်ရှိုင်းသည့် ကမ်းပါးစောက်ကြီးထိပ်မှ ရပ်ကြည့်လျှင် ဧရာဝတီမြစ်ကြီးသည် တသွင်သွင် စီးဆင်းနေသည်ကို တွေ့ရသည်။ သဲသောင်ပြင်ကြီးများလည်း ဟိုဘက်ကွက် သည်တစ်ကွက် ထွန်းနေသည်။ နေရောင်ကြောင့် ရေပြင်ကျယ်ကြီးသည် တလက်လက်အရောင်ထွက်နေသည်။ အထက်ဘက်မှ ရေနံတင်သင်္ဘော နှစ်စင်း တရိပ်ရိပ် စုန်ဆင်းလာသည်။ လှပသော ရှုခင်းကြောင့် မောင်ပြုံးချိုသည် ကြည်နူးနေမိလေသည်။

“ဒီမြစ်ကြီးက အခုတော့သာ ကြည့်လို့လှတာ၊ မိုးတွင်းတုန်းကတော့ ဒုက္ခပေးလိုက်တာ လွန်ရော” ဟု မောင်မြင့်က မောင်ပြုံးချို၏ အတွင်းစိတ်ကို သိသလို ပြောလိုက်လေသည်။

သူတို့က ကမ်းနဖူးထိပ်တွင် ကျန်ရစ်ခဲ့သည့် လွတ်လပ်ရေး အထိမ်း
မှတ် ကျောက်တိုင်ငယ်နားတွင် ရပ်နေကြလေသည်။

"ဒီကျောက်တိုင်ဟာ ရဲစခန်းထောင့် မဟုတ်လား" ဟု မောင်ပြုံးချိုက
လိုက်လေသည်။

"ဟုတ်ပါတယ်၊ ဟိုဟာ ရဲစခန်းပေါ့၊ ဆေးရုံက ဟိုမှာလေ"ဟုမောင်မြင့်
သွှန်ပြလေသည်။

"ဆရာတို့အိမ်နေရာက ဟောဟိုမယ်"ဟု မောင်ကျော်ခေါင်က မြစ်
ယ်ကိုညွှန်ပြသည်။ မောင်ပြုံးချိုသည် အတော်မှန်းဆယူရသည်။ ယုံနိုင်စရာ
မရှိ၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က မြစ်ကမ်းနှင့် မိုင်ဝက်လောက်
ခဲ့သော နေရာသည် ယခု မြစ်လယ်ဖြစ်နေလေပြီ။ ထို့ထက် မြစ်ကမ်းနှင့်
ကွာခဲ့သည့် မြို့လယ်မှ ဈေးနေရာပင် မရှိတော့ပြီ။ သံဆောင်းထက် ရေစောင်း
က်သည်ကို လက်တွေ့ပြလိုက်ခြင်း ဖြစ်လေသည်။

"ဟာ ပြိုတုန်းက ကြောက်စရာကိုကောင်းရော၊ ကမ်းပါးကြီးတွေဟာ
စီးအရှိန်နဲ့ အောက်ဘက်ကနေ လှိုက်လှိုက်စားပြီး တဝုန်းဝုန်း ပြိုပဲ့ကျကုန်
ပဲ၊ တစ်ခါပြိုရင် တစ်လံလောက် မကဘူး၊ သုံးလေးလံပါသွားတာ၊ အချို့
မ်တွေများ ဖျက်ယူဖို့တောင် မမီလိုက်ဘူး၊ အုန်းပင်ကြီးတွေ ဆိုရင် အပင်
က်ကြီးတွေ မတ်တတ်ကြီး ပြုတ်ကျပြီး မျောပါသွားတယ်"

မောင်မြင့်က ပြောပြနေလေသည်။

"အပျက်အစီး တော်တော်များမယ်နော်"ဟု မောင်ပြုံးချိုက မေးပြော
လိုက်လေသည်။

"ဟာ ... များတာပေါ့၊ ဆရာသိတဲ့အတိုင်း ဒီမြို့ပေါ်မယ် ရပ်ကွက်
ရှိတာ၊ နှစ်ရပ်ကွက်က လုံးလုံးပျောက်သွားပြီး ကျန်တဲ့ ရပ်ကွက် သုံးခု
တစ်ခုက သုံးပုံနှစ်ပုံ၊ နောက်တစ်ခုက သုံးပုံတစ်ပုံ၊ နောက်တစ်ခုက
တစ်ပုံ ကုန်တာပဲ၊ အကြမ်းပြောရရင် မြို့ရဲ့ ငါးပုံပုံ သုံးပုံကျော် ပျက်တာ
"ဟု မောင်မြင့်က သူမှတ်သားထားသလောက် ပြောပြလေသည်။

"အဆောက်အအုံတွေကကော"

"မြို့နယ်က ကောက်ထားတဲ့ စာရင်းအရဆိုရင် ဘုန်းကြီးကျောင်း လေးကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း အပါအဝင် တိုက်ငါးတိုက်၊ သွပ်မိုးပျဉ်ထောင်အိမ် ၃၈၂၊ သစ်သား သက်ငယ်မိုး ၅၂၅၊ ဝါးအိမ် ၄၆၁၊ စုစုပေါင်းအဆောက်အအုံ ၁၃၇၂ ပေါ့"

မောင်မြင့်က သူမှတ်သားထားသည့် စာရွက်ကလေးကို ကြည့်၍ ဆက်လက်ပြောပြန်သည်။

"ရေထဲမျောပါကုန်တဲ့ သစ်ပင်တွေနဲ့ အချိန်မီ ခုတ်လှဲပြီး ဖြစ်သလို သုံးရတဲ့ သစ်သီးသစ်ပင်တွေလည်း မနည်းပါဘူး။ အုန်းပင်ချည်းပဲ ၁၀၀၀၀ လောက် ရှိတယ်။ သရက်ပင် ၂၅၀၀၊ မန်ကျည်းပင် ၂၀၀၀၊ မရန်းပင် ၁၀၀၀၊ မာလကာပင် ၃၀၀၀၊ ကွမ်းသီးပင် ၂၀၀၀၊ ကျွဲကောပင် ၁၀၀၀၊ ကုက္ကိုပင် ၁၅၀၀၊ ဝါးဘိုး ၁၂၀၀၊ ထီးရိုးဝါး ၁၀၀၀၊ အဲဒါတွေကိုက တန်ဖိုး ဘယ်နည်းမလဲ၊ ဒါတွေ အချိန်မီ ခုတ်ပြီး ရောင်းနိုင်တဲ့လူတော့ နည်းနည်းပါးပါး ရချင် ရမှာပေါ့၊ ဒါပေမဲ့ တန်ဖိုးတော့ ဘယ်ရတော့မလဲ"

မောင်ပြုံးချိုတို့သည် ဈေးဘက်သို့ လှည့်လျှောက်လာကြသည်။ ဈေးဟု ဆိုသော်လည်း ဈေးကွက် မရှိတော့သဖြင့် လမ်းကျဉ်းကျဉ်း ကလေးပေါ်မှာပင် မျက်နှာချင်းဆိုင် ဆိုင်ခင်းနေကြသည့် ဈေးခင်းဖြစ်သည်။ လမ်းကကျဉ်းသည့်အထဲ ဈေးတန်းတွေ ချထားသဖြင့် ဈေးဝယ်သူတွေ တစ်ဦးနှင့်တစ်ဦး မနည်း တိမ်းရှောင်သွားနေရသည်။

သူတို့သည် ဆေးရုံဘက်သို့ လှည့်လာလေသည်။ ဆေးရုံတွင် ကြက်ခြေနီ အသင်းက မိုးညိုမြို့နယ်အသင်း ဥက္ကဋ္ဌမှအစ အမှုဆောင်လူကြီးများကို ဂုဏ်ပြု လက်ဖက်ရည်ပွဲ တည်ခင်းမည် ဖြစ်သည်။ နှစ်စဉ်လိုလို မိုးညိုကြက်ခြေနီအသင်းမှ စံပြကြက်ခြေနီမောင်မယ်များ အရွေးခံရသောအခါ မိုးညိုမြို့နယ် အသင်းက ရန်ကုန်တွင် ဂုဏ်ပြုပွဲကျင်းပခဲ့သည်။ ယခု ကြက်ခြေနီအသင်းက မြို့နယ်အသင်းကို ပြန်လည်ဧည့်ခံခြင်း ဖြစ်လေသည်။

ဆေးရုံအဆောက်အအုံကလေးမှာ သပ်သပ်ရပ်ရပ် ရှိလှသည်။ မောင်ပြုံးချိုသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ဆေးရုံအဆောက်အအုံကို သူ့မျက်စိထဲတွင် မြင်ယောင်နေလေသည်။ သစ်သားတို့ဖြင့်သာ ဆောက်လုပ်

ဘားပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်လာပြီဖြစ်သဖြင့် ယိမ်းယိုင်နေပါသည်။ ရုတ်တရက် ကြည့်လိုက်သော် ဇရပ်လိုလို၊ ဘုန်းတော်ကြီးကျောင်းလိုလို။ ယခုအခါနေရာတွင် အဆောက်အအုံအဖြစ် ရှိနေပေပြီ။

မောင်ပြုံးချိုသည် ထည်ထည်ဝါဝါ သပ်သပ်ရပ်ရပ်ဖြစ်သော ဆေးရုံအဆောက်အအုံကို ကြည့်ပြီး ဝမ်းမြောက်နေလေသည်။ သို့သော် ကြာရှည်ဝမ်းမမြောက်နိုင်။

"ဒီအတိုင်းသာ ကမ်းဆက်ပြိုရင်တော့ ဒီဆေးရုံလည်း ပါတော့မှာပဲ"

အနီးတွင်ရှိသော မိုးညိုသား တစ်ဦးက ညည်းညည်းညူညူ ပြောလိုက်လေသည်။

မှန်ပေသည်။ ဆေးရုံသည် ကမ်းနှင့် နီးကပ်လျက် ရှိလေပြီ။ ထို့ကြောင့် ယခုကျူမီ အဆောက်အအုံကို ဖျက်ရွှေ့ကြရမည်။ ယာယီဆေးရုံ ဆောက်ရမည်။ ထို့နောက် သင့်လျော်သောနေရာတွင် သက်ဆိုင်ရာဌာနက အမိုင်အမာ ဆေးရုံတစ်ခုဆောက်ပေးမည်။ ထိုလုပ်ငန်းကို ဆောင်ရွက်သည့်အခါတွင် အစိုးရကိုသည်း အားကိုးမနေဘဲ ရပ်ရွာကလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်း ပံ့ပိုးကူညီကြမည် ဖြစ်သည်။

မိုးညိုသူ မိုးညိုသားများသည် ဆေးရုံပြောင်းရွှေ့ရေး၊ အသစ် တည်ဆောက်ရေး စသည်များကို ကောက်ညှင်းပေါင်းနှင့် အကြော်ကို စားကာလက်ဖက်ရည်သောက်ရင်း စိတ်အားထက်သန်စွာ ဆွေးနွေးကြလေသည်။

ဆေးရုံမှ ထွက်၍ မြို့ကိုဖြတ်ပြီး စံကျောင်းသို့ လာခဲ့ကြလေသည်။ စံကျောင်းဝိုင်းအတွင်းရှိ ကျောင်းငယ်လေးတစ်ဆောင်တွင် ကျွန်းကျောင်းဆရာတော်ကြီးကို သွားရောက် ဖူးမြော်ကြသည်။

"ကျွန်းကျောင်းဆရာတော်ကြီးက ဘာကြောင့် ဒီရောက်နေတာလဲ"ဟု မောင်ပြုံးချိုကို မေးလိုက်မိသည်။ "မြို့အထွက်က ကျွန်းကျောင်းလေး မရှိတော့ဘူး၊ ရေထဲ ပါသွားပြီ၊ ဆရာတော်ကြီးက ငါ ဘယ်မှမသွားဘူးဆိုလို့ ဒီထဲ ပါခါနီးမှ မနည်း ချီပွေ့ချီပင့်လာရတာ" အတူပါလာသူ တစ်ဦးက ပြောပြလေသည်။

ဆရာတော်ဘုရားကြီးမှာ သက်တော် ၉၅ နှစ် ရှိပါပြီ။ ကျန်းမာရေးလည်း အတော် ချို့ယွင်းနေပြီ။ ဇရာတွင် ဗျာဓိဝင်လာနေပြီ။ ဆရာတော်ကြီးသည် မီးအုံးကို မှီလျက် ခပ်လျှောလျှောထိုင်နေလေသည်။

မောင်ပြုံးချိုတို့က ဦးချ ကန်တော့သောအခါ အသံသဲ့သဲ့ဖြင့် ဆုပေးလေသည်။

ကျောင်းကြီးပေါ်တွင်မူ စံကျောင်းဆရာတော်နှင့်အတူ စုဝေးရောက်ရှိနေကြသည့် အခြားကျောင်းမှ ဘုန်းတော်ကြီးများကိုပါ ဖူးမြော်ကြရလေသည်။

စံကျောင်းဆရာတော်က ဘုရားငူရွာမှ စေတီပြိုကျရာတွင် ဌာပနာတိုက်မှ ရရှိထားသည့် ပစ္စည်းများကို ပြလေသည်။ ထိုစေတီ ပြိုကျသည်ကို မောင်ပြုံးချိုတို့ မင်းလှမှ မိုးညိုသို့ကားနှင့် လာစဉ်က လမ်းတွင် တွေ့မြင်ခဲ့ကြရသည်။ ဌာပနာများကို ထိုကျောင်းတွင် သိမ်းဆည်းထားသည်ဟုလည်း ကြားခဲ့ရလေသည်။ ယခု မြားမြောင်လှသော ရှေးဟောင်းပစ္စည်းများကို တွေ့ရလေပြီ။ ဉာဏ်တော် လေးလက်မခန့်ရှိ ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်အပြင် ငွေဆင်းတု၊ ကြေးဆင်းတုများကို ဖူးတွေ့ရလေသည်။ စေတီ၊ ပုထိုးပုံများ၊ အမျိုးသား၊ အမျိုးသမီးပုံများကိုလည်း တွေ့ရလေသည်။ တစ်ခုသောပုံမှာ ပုဂံမြို့ အာနန္ဒာစေတီပုံနှင့် တူလှသည်။ အမြင့် တစ်ပေခန့်ရှိသည်။ ငွေဖြင့် ပြုလုပ်ထားပြီး လက်ရာမြောက်လှသည်။

"ဘုန်းတော်ကြီးလည်း ဒါတွေ ထိန်းသိမ်းရတာ မလွယ်ဘူး၊ ဟိုလူက လာတောင်း၊ ဒီလူက လာဝယ်နဲ့ အမုန်းခံပြီး ငြင်းနေရတယ်"

ဆရာတော်က အမိန့်ရှိလေသည်။ မသမာသူတို့လက်တွင်း ရောက်မသွားအောင် စီစဉ်ဆောင်ရွက်ဖို့ လိုနေပါပြီ၊ ထိုမှ မောင်ပြုံးချိုတို့သည် ဘုရားကြီးကျောင်းဘက်သို့ လျှောက်လာကြသည်။ ကြေးသွန်း ဆင်းတုတော်ကြီးရှိသဖြင့် ဘုရားကြီးကျောင်းဟု ခေါ်ခြင်းဖြစ်သည်။ ထို "မဟာသုမင်္ဂလာဘုရားကြီး ကြေးဆင်းတုတော်"ကြီးကို ၁၂၇၀ ပြည့်နှစ်က မြို့ပိုင် ဦးဘိုးမြ အမှူးပြုသော မြို့နယ်တစ်နယ်လုံးရှိ ကုသိုလ်ရှင်များက စုပေါင်းပူဇော်ထားခြင်း ဖြစ်သည်ဟု သိရလေသည်။ သူကြီးဘုရား ရွာသားများ ကောင်းမှုများလေလား

…ပြောတတ်။ ကြေးရှိန် ၃၄၀၀ ပိသာရှိပြီး မှန်စီရွှေချပလ္လင်ပေါ်တွင် စံပယ်လျက် …သည်။

ကြည်ညိုဖွယ် ကောင်းလှပေသည်။ သပ္ပာယ်လှပါသည်။

“ကမ်းသာ ဆက်ပြိုရင် ဒီကိုယ်တော်ကြီးအတွက်လည်း စိုးရိမ်ရတယ်”

ဦးထွန်းတင်က ပြောသည်။

“အရေးဟယ် အကြောင်းဟယ် ဆိုရင် ဘေးကင်းတဲ့နေရာ ပင့်သွားဖို့ …စဉ်ထားဦးမှ ဖြစ်မယ်” ဟု စိုးရိမ်ကြီးစွာ ဆက်ပြောလေသည်။

ထိုကျောင်းဝင်းအတွင်းမှ ပြန်ထွက်လာကြသော အခါအတော် နေမြင့် …ပြီ။

၃

…စိန်လှိုင်၏အိမ်တွင် နံနက်စာစားပြီးသည်နှင့် အထက်တန်းကျောင်းသို့ လာ …ကြလေသည်။ မိုးညှိုမြို့နယ်အသင်းမှ မြို့ပေါ်ရှိ အဖွဲ့အစည်းသို့ ရေဘေး …ယ်ဆယ်ရေး ရန်ပုံငွေများ ပေးအပ်မည့် အခမ်းအနား ကျင်းပရန် ရှိလေ …သည်။

ထိုအခမ်းအနားမှာပင် မိုးညှိုမြို့မှ အခြေခံ အထက်တန်းစာမေးပွဲတွင် …က်ထူးနှင့် အောင်မြင်ခဲ့သည့် ကျောင်းသူကျောင်းသားများကို ဂုဏ်ပြုလွှာ …ဆုများ ချီးမြှင့်မည် ဖြစ်လေသည်။

မောင်ပြုံးချိုသည် ကျောင်းအဆောက်အအုံကို လှည့်ပတ်ကြည့်ရှုရင်း …ညို၏ ပညာသင်ကြားရေး အခြေအနေကို သုံးသပ်နေမိလေသည်။ လွန်ခဲ့ …သော နှစ်ပေါင်း ၃၀ ကျော်ကနှင့် လက်ရှိ အခြေအနေကို နှိုင်းယှဉ်ကြည့်နေမိ …သည်။

ထိုစဉ်က မိုးညှိုတွင် အထက်တန်းကျောင်းဟူ၍ မရှိ။ ကျောင်း …ဆောက်အအုံ ကောင်းကောင်းလည်း နတ္ထိ။ ငါးတန်းအထိ သင်ကြားပေး …သည့် မူလတန်းကျောင်းသာ ရှိသည်။ ဈေးနှင့် မနီးမဝေး ဇရပ်လို အဆောက် …အုံတစ်ခုတွင် ကျောင်းဖွင့်ထားရလေသည်။ အဆောက်အအုံပိုင်ရှင်ကို …ခမ်းခ တစ်လလျှင် ၁၅ ကျပ် ပေးကြရသည်။ ထိုကြောင့် ထိုနယ်တစ်ဝိုက်မှ

ငါးတန်းအောင်ပြီးသောကျောင်းသူကျောင်းသားတို့သည် ငါးတန်းအောင်၍ ပညာဆက်သင်ကြားလိုလျှင် အခြားမြို့များသို့ သွားရောက်သင်ကြားရလေသည်။ အရပ်တစ်ပါးသို့ သွားရောက်ပြီး ကျောင်းဆက်နေဖို့ကလည်း လွယ်လှသည် မဟုတ်။

ထို့ကြောင့် မောင်ပြုံးချိုတို့တစ်တွေ မိုးညိုတွင် အထက်တန်းကျောင်းတစ်ကျောင်း ရရှိအောင် ကြိုးပမ်းခဲ့ကြသည်။ မိုးညိုမြို့နယ်ကိုပါ တာဝန်ယူရသော မင်းလှပညာအုပ် ဦးအေးမောင်ကလည်း အဆောက်အအုံရှိလျှင် ကိုးတန်းကျောင်း ရနိုင်သည်ဟု အားပေးစကားပြောသည်။ သူ့စကားကြောင့် မိုးညိုသူ မိုးညိုသားတွေ အားရှိသွားကြသည်။ မြေနေရာရှိအောင် ရန်ပုံငွေစုကာ ခြံမြေတစ်ခုကို ဝယ်ကြသည်။ သစ်တွေ၊ ဝါးတွေ၊ သက်ငယ်တွေ အလှူခံပြီး အဆောက်အအုံတစ်ခု ဆောက်ကြသည်။ ထိုအဆောက်အအုံကို ပညာရေးဌာနသို့ စာချုပ်စာတမ်းဖြင့် လွှဲပြောင်းပေးသည်။ အထက်တန်းကျောင်း ဖြစ်လာရေး၊ လိုအပ်သောဆရာများ ပို့ပေးရေးကို ဟိုပြော သည်ပြော ပြောကြ ဆိုကြသည်။ ချဉ်းကပ်တောင်းဆိုကြသည်။ သို့သော် အထက်တန်းကျောင်းကား ဖြစ်မလာ။ တာဝန်ယူသော မင်းလှပညာအုပ်သာလျှင် တစ်ရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားလေတော့သည်။ နောက် များမကြာမီ မောင်ပြုံးချိုလည်း မိုးညိုမှ ခွဲခွာသွားလေသည်။

လွန်ခဲ့သော ခုနစ်နှစ်လောက်က မောင်ပြုံးချို ဓရိုးကြုံသဖြင့် မိုးညိုသို့ ဝင်သောအခါ ပြောင်းလဲနေပြီဖြစ်သော မိုးညိုကို တွေ့ရလေသည်။ စပေါင်းရုံးဟူ၍ ထည်ထည်ဝါဝါ ဆောက်လုပ်ပြီးလေပြီ။ မောင်ပြုံးချိုရှိစဉ်က နွားတင်းကုပ်သာသာ သက်ငယ်မိုး ဝါးထရံကာ ရုံးအဆောက်အအုံတွင် ရုံးထိုင်ခဲ့ရသည် မဟုတ်လော။ ယခုတော့ ဌာနပေါင်းစုံ စုပေါင်းရုံးတွင် ရုံးဖွင့်ထားနိုင်ကြလေပြီ။ ဆေးရုံဟောင်းနေရာတွင်လည်း ဆေးရုံ အဆောက်အအုံ အခိုင်အခံ့ ရှိနေလေပြီ။ အထက်တန်းကျောင်းကြီးမှာလည်း တစ်ထီးတစ်နန်း မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေလေပြီ။ ဆရာ ဆရာမများလည်း စုံစုံညီညီ ရရှိထားလေပြီ။ နှစ်စဉ်နှစ်တိုင်း ထိုကျောင်းမှ အခြေခံ အထက်တန်းအောင်သူတွေ အများပင်။

ဘာသာရပ် အသီးသီးတွင် ဂုဏ်ထူးနှင့် အောင်မြင်သူတွေလည်း မနည်းပင်။ တက္ကသိုလ်ကောလိပ်များသို့ ဆက်လက် ပညာသင်နေသူတွေလည်း ရှိနေပြီ။

မောင်ပြုံးချိုသည် ကျောင်းကြီးကို လှည့်ပတ်ကြည့်ရှုရင်း တစ်ဖြစ်လဲ ခဲ့သည့် မိုးညို ပညာရေးအကြောင်းကို စဉ်းစားလာလေသည်။

ကျောင်းအပေါ်ထပ်ရှိ ခန်းမကြီးထဲတွင် လူစုံနေပါပြီ။ အစည်းအဝေး တွင် မြို့နယ်မှ ဌာနဆိုင်ရာ လူကြီးများ စကားပြောကြသည်။ မိုးညိုအသင်း ဥက္ကဋ္ဌက ကောက်ခံထားသော ရေဘေးကယ်ဆယ်ရေး ရန်ပုံငွေကို မြို့ပေါ် ရှိ အဖွဲ့အစည်းသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် အခြေခံ အထက်တန်းတွင် ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလွှာနှင့် ဆုငွေများကို ပေးအပ်လေသည်။ ဆုရသည့် ကျောင်းသူ ကျောင်းသားများ အနက် အင်္ဂလိပ်စာဂုဏ်ထူးနှင့် အောင်မြင်သူ ကရင်အမျိုးသမီး ကျောင်းသူ တစ်ဦး၏အမည်ကို မောင်ပြုံးချို သတိပြုလိုက်မိသည်။ သူသည် ခရီးလွန်နေ သဖြင့် ရောက်မလာ။ သည်လို တောမြို့ကလေးတွင် ကျူရှင်မရှိ ဘာမရှိနှင့် အင်္ဂလိပ်ဘာသာကို ဂုဏ်ထူးရအောင် ဖြေဆိုနိုင်သည်မှာ ရှားမှ ရှားပင်။ သူသည် ထိုကျောင်းသူကလေးအား စိတ်ထဲမှ ချီးကျူးနေမိလေသည်။

ကျောင်းပေါ်မှ ဆင်းလာကြသောအခါ အတော်ပင် နေစောင်းနေလေပြီ။

"ဒီကျောင်းကြီးသာ ရေထဲပါသွားရင် နှမြောစရာ"

တစ်ယောက်သောသူက စိုးရိမ်တကြီး ညည်းညူလိုက်လေသည်။

# ခိုခဲ့ဖူးသည့်အရိပ်

၁

မောင်ပြုံးချိုတို့ မိုးညိုတွင် နှစ်ညဥ့် အိပ်ပြီးလေပြီ။

"ဒီနေ့ညတော့ သိန်းသိန်းအိမ် ရွှေ့အိပ်ကြစို့ရဲ့"

ဦးမောင်မောင်က ဤသို့ အဖော်ညှိလေသည်။

သိန်းသိန်း၊ ရီရီတို့ ညီအစ်မသည် သူ့ဆွေမျိုးများ ဖြစ်ကြသည်။ မောင်ပြုံးချိုနှင့်လည်း ဆွေမျိုးရင်းချာလို ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ းညိုရောက်လို့မှ သူတို့အိမ်တွင် တစ်ညဥ့်တလေ သွားမအိပ်လျှင် ရိုင်းရာ ကျတော့မည်။ သူတို့ ခင်မင်သလို မခင်ဟု ဆိုဖွယ်ရာ ဖြစ်မည်။

ထို့ကြောင့် ဦးမောင်မောင်နှင့် မောင်ပြုံးချိုတို့သည် ညနေစောင်းတွင် မထုပ်အပိုး ကိုယ်စီနှင့် သိန်းသိန်းတို့အိမ်သို့ ရောက်လာကြလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မောင်ပြုံးချိုတို့သည် ကျိုးတုံးလဲရွာ သို့ သွားရန် စီစဉ်ထားလေသည်။ မိုးညိုနှင့် လေးငါးမိုင်ဝေးကွာသော သာယာကုန်း၊ ကျိုးတုံးလဲ၊ ကန်စု၊ ကြို့ပင်ဝိုင်း အစရှိသော ရွာများသည် ကရင် အမျိုးသားများ နေထိုင်ကြသည့် ရွာများ ဖြစ်ကြသည်။ ထိုကျေးရွာများ ရှိ ရွာသူရွာသားများသည် မောင်ပြုံးချိုနှင့် ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ ၁၉၄၈–၄၉ ခုနှစ်များအတွင်း မြို့နယ် တစ်ခုလုံး သောင်းကျန်းသူများ လက် တွင်းသို့ ကျဆင်းချိန်တွင် မောင်ပြုံးချိုသည် ထိုရွာများတွင် ခိုလှုံခဲ့ရသည်။ ထိုရွာများရှိ လူကြီးလူငယ်များသည် သူ့ကို ဘေးမသီ ရန်မခအောင် အကာ အကွယ်ပေးခဲ့ကြသည်။ လုံခြုံအောင် စောင့်ရှောက်ထားခဲ့ကြသည်။ ဤကျေးဇူး

တွေကို သူမမေ့နိုင်။ ယခု မိုးညိုသို့ ရောက်ရှိလာသည့် အချိန်တွင် ထိုကရင်ရွာများရှိ မိတ်သင်္ဂဟများကို သွားရောက်တွေ့ဆုံလိုသည့် ဆန္ဒသည် ပြင်းပြချက် ရှိလေသည်။

မြို့တွင်းမှ မြောက်ဘက်သို့ တာလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ မောင်ပြုံးချိုနှင့်အတူ မိုးညိုမြို့နယ်မှ ကရင်အမျိုးသား ဦးကျော်ရှိန်အပြင် မောင်မြင့်နှင့် မောင်ကျော်ခေါင်တို့လည်း လိုက်ပါလာကြသည်။ သည်ရွာတွင် သူတို့မပါ၍ မဖြစ်။ ၁၉၄၈ ခုနှစ် မိုးညိုနှင့် ကျီးတုံးလဲတွင် မောင်ပြုံးချိုဝက်သည်းဖိုစာတတ် ကပြစဉ်က သူတို့သည် အရေးကြီးသည့် ဇာတ်ပို့များဖြစ်ကြသည်။ ဦးကျော်ရှိန်က လိုရမည်ရ ရဲသားနှစ်ဦးကိုလည်း ခေါ်လာခဲ့သည်။

"လမ်းလျှောက်သွားလို့ ဘယ်ဖြစ်မလဲ၊ လှည်းနဲ့သွားမှပေါ့"

အိမ်က မထွက်ခင်ကတည်းက သိန်းသိန်းက တဖွဖွ ပြောလိုက်သည်။

"ရပါတယ်၊ ဒါလောက်တော့ အညောင်းပြေပေါ့"ဟု မောင်ပြုံးချိုက ဆိုသည်။

သူ မြို့ပိုင်ဘဝတုန်းက သည်လောက်မက ဝေးသည့် ခရီးကိုပင် အသွားအပြန် လမ်းလျှောက်သွားနေကျ ဖြစ်သည်။ ထို့ကြောင့် ယခုလည်း အေးအေးဆေးဆေး မမောမပန်း လျှောက်နိုင်လိမ့်မည် ထင်သည်။ ထိုစဉ်ကနှင့် ယခုနှစ်ပေါင်း ၃၀ ကျော် ကွာလှမ်းခဲ့ပြီ ဖြစ်သည်ကို သူ သတိမမူမိ။

မြို့နှင့် မနီးမဝေး ရေကာတာ အတွင်းရှိ စပါးဒိုင် အနီးသို့ ရောက်လျှင် ချွေးထွက်စ ပြုလာပြီ။ ဆက်လျှောက်သွားသော် ဟိုက်ချင်သလိုလို ဖြစ်လာပြီ။ မြို့ပိုင်ဘဝနှင့် မိုးညိုတွင် ရှိစဉ်က သူ့အသက်မှာ ၃၀ ပတ်ဝန်းကျင်တွင် သေးသည်။ ယခု ၆၀ ကျော် မောင်ပြုံးချိုသည် ၃၀ ဝန်းကျင် မောင်ပြုံးချိုလို လှမ်းဆောင်နိုင်တော့ပြီ။

သူ့အရိပ်အခြည်ကို သိသော ဦးကျော်ရှိန်က ဤသို့ ဆိုသည်။

"ဟို စပါးဒိုင်မယ် ရွာက စပါးလာချတဲ့ လှည်းတွေ ရှိပါတယ်၊ အဲဒီက လှည်းတစ်စီးစီးနဲ့ သွားကြရင် မကောင်းဘူးလား"

စောစောကသာ ဆိုလျှင် မောင်ပြုံးချိုသည် “နေပါစေ” ဟု ပြောကောင်း ပြောမည်။ ယခုတော့ ထိုသို့ မပြောတော့ပြီ။

“ကောင်းသားပဲ”

သူသည် နဖူးမှ ချွေးများကို သုတ်ရင်း ပြောလိုက်လေသည်။ ပါးစပ်ကို ဟကာ အသက်ပြင်းပြင်း ရှူလိုက်သည်။ ဦးကျော်ရှိန်နှင့် ရဲသားနှစ်ဦးသည် တာပေါ်မှ ဆင်းကာ စပါးခိုင်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကြသည်။ စပါးခိုင်တွင် စပါးပုံကြီးမှာ အတော် မြင့်နေလေပြီ။ စပါးလှည်းတွေတောင် အများပင် ရောက်ရှိနေကြပြီ။ အချို့လှည်းများမှာ စပါးအိတ်များကို ချ၍ ခြင်နေ ချိန်နေကြလေပြီ။ မောင်ပြုံးချိုတို့သည် ဦးကျော်ရှိန် နောက်မှ ခပ်ဖြည်း ဖြည်း လိုက်သွားကြသည်။ သူတို့ စပါးခိုင်သို့ ရောက်သောအခါ လှည်းအသင့် ဖြစ်နေလေပြီ။ “အတော်ပဲ၊ ကျွန်တော်တို့အိမ်က စပါးလာချနေတဲ့ လှည်းရခဲ့ တယ်” ဟု ဦးကျော်ရှိန်က ပြောလေသည်။ စပါးလာချသူမှာ စပါး စောင့်ခြင် နေ ရစ်ခဲ့သည်။ ရဲသားတစ်ဦးက လှည်းကို မောင်းလာလေသည်။

မောင်ပြုံးချိုတို့သည် ကောက်ရိုးထူထူ ခင်းထားသော လှည်းပေါ် တက် ထိုင်ကြသည်။ သူတို့ နေရာတကျ ထိုင်မိသည်နှင့် နွားများသည် ဒုန်းစိုင်း၍ ထွက်လေတော့သည်။ အိမ်အပြန်မှန်း သိ၍ သွက်သွက်ကြီး ပြေးနေသည်။ နဖားကြိုးကို ခပ်တောင့်တောင့် ဆွဲလိုက်မှ အရှိန်သတ်တော့သည်။

မဖုန်လှသေးသည့် လမ်းပေါ်တွင် လှည်းသည် မြောက်ချည် တစ်ခါ၊ ဆောင့်ချည်တစ်လှည့် သွားနေသည်။ ကောက်ရိုးထူထူ ခင်းထားသောကြောင့် သာ တော်တော့သည်။ သို့မဟုတ်လျှင် လှည်းဆောင့်သည့်ဒဏ်ကို ခံနိုင်ကြမည် မဟုတ်။ ယခုတော့ သူတို့ခန္ဓာကိုယ်များသည် မြောက်သွားလိုက်၊ ပြန်ကျလာ လိုက်၊ ယိုင်သွားလိုက်၊ မတ်လာလိုက်နှင့်သာ ဖြစ်နေသည်။ နာကျင်ခြင်းမရှိ။ သည်လို လှည်းလမ်းကြမ်းကြမ်းတွင် လှည်းကြမ်းနှင့် ခရီးမသွားရသည်မှာ ကြာပြီကော။ အတွေ့အကြုံတစ်မျိုး၊ အရသာတစ်မျိုးလို ခံစားနေရလေသည်။

ကျက်ပျောကုန်းရွာထိပ်သို့ ရောက်လေပြီ။ သူသည် ရွာထိပ်ညောင်ပင်ကြီးဆီမှ ကျက်ပျောကုန်း နွားစားကျက်နေရာကို လှမ်းမျှော်ကြည့်လိုက်မိသည်။ သည်စား ကျက်ကို မောင်ပြုံးချို အဘယ်မှာ မေ့နိုင်အံ့နည်း။ ၁၉၄၇–၄၈ ခုနှစ်လောက် က ထိုစားကျက်သည် စားကျက် ခေါ်ဆိုသည်မှလွဲ၍ ကျွဲတွေ၊ နွားတွေအတွက် မည်သို့မျှ အသုံးမဝင်။ ချုံတွေ ဆူးပင်တွေနှင့် ဖုံးလွှမ်းနေသည်။ နွားတိုး၍ ပင် မပေါက်။ အချို့နေရာများတွင် ကွက်၍ ရှင်းပြီးလျှင် လူဆိုးသူခိုးများ ခိုအောင်းနေတတ်ကြသည်။ ခိုးလာသော နွားများကို ထိုနေရာများတွင် ထောင့် ထားတတ်ကြသည်။ နွားခိုးသတ်လိုသူများလည်း ထိုစားကျက်မှ ချုံပိတ်ပေါင်း များကို အကာအကွယ် ယူကာ သတ်တတ်ကြလေသည်။

"ဗျို့ မြို့ပိုင်ကြီး ဒီစားကျက်ကိုတော့ ရှင်းပစ်မှ ဖြစ်မယ်"

ဗတလစ ဥက္ကဋ္ဌ သခင်လှရှိန်က မောင်ပြုံးချိုအား ပြောလာသည်။ သူတို့နှစ်ဦးမှာ ဖက်ဆစ်တော်လှန်ရေးကာလက တစ်ဦးနှင့်တစ်ဦး ရင်းနှီးခဲ့ ကြသူများ ဖြစ်ကြသည်။

"ဘယ်လိုရှင်းမှာလဲ၊ ခင်ဗျား ဗတလစအဖွဲ့ဝင်တွေနဲ့ ရှင်းမလို့လား၊ အဲဒီလိုဆို ကောင်းပေါ့ဗျာ"

မောင်ပြုံးချိုက ပြန်ပြောသည်။

"ဒီလို ရှင်းခိုင်းရုံ ရှင်းခိုင်းလို့တော့ ဘယ်ရမလဲ၊ ရှင်းပေးတဲ့ လူလည်း အကျိုးရှိအောင် လုပ်ဦးမှပေါ့"

"ကဲ ဆိုပါဦး။ ဘယ်လိုလုပ်မှာတုံး။ အစိုးရကတော့ စားကျက်ရှင်းဖို့ ငွေထုတ်ပေးမှာ မဟုတ်ဘူး။ စားကျက်ထိရမလားဆိုပြီး တရားစွဲမှာတော့ သေချာတယ်"

"ဒါတော့ ကျွန်တော် သိပါတယ်။ လယ်သမား ကိုင်းသမားတွေကို အကျိုးခံစားခွင့် တစ်ခုခု ဖန်တီးပေးနိုင်မယ်ဆိုရင် ဒီစားကျက်ကြီးဟာ ရှင်း သွားပြီး ကျွဲတွေ နွားတွေ မှီခို အားထားနိုင်တဲ့ စားကျက်ကြီး ဖြစ်လာမှာ"

"စားကျက်ကြီး ရှင်းသွားရင်တော့ သိပ်ကောင်းပေါ့ဗျာ"

"ဒီလိုဆို ဒီလို လုပ်ပေတော့"

"ဘယ်လို လုပ်ရမလဲ"

"စားကျက် ဖွင့်ပေးလိုက်ပေါ့။ ဒီစားကျက်ထဲမယ် အကွက်ချဝေပေးပြီး စိုက်လို့ရတဲ့ သီးနှံတွေ စိုက်ပေစေပေါ့"

"အမယ်လေး မလုပ်ပါနဲ့ဗျာ။ ကျွန်တော် အလုပ်ပြုတ်နေပါဦးမယ်။ စားကျက်ကို ဖွင့်ပေးဖို့တော့ ကျွန်တော့မှာ အာဏာ မရှိဘူး"

"ဟုတ်ပါတယ်၊ ခင်ဗျားမှာ အာဏာ မရှိတာ သိပါတယ်။ နားလည်မှု လုပ်ရမှာပေါ့။ ခင်ဗျားက ဒီစားကျက်ကြီး ရှင်းချင်တယ်ဆို"

"အင်း ပြောပါဦး၊ ခင်ဗျား နားလည်မှုက..."

"ဒီလိုဗျာ၊ ဒီစားကျက်ကို ရှင်းတဲ့လူတွေကို တစ်ဧကစီလောက် တစ်ကွက်စီ တစ်နှစ် လုပ်ခွင့်ပြုမယ် ဆိုတာမျိုးပေါ့"

"ကျွန်တော်မှ ခွင့်မပြုနိုင်တာပဲ"

"ဟုတ်ပါတယ်၊ အဲဒါ သိပါတယ်၊ ခင်ဗျားကသာ မသိချင်ယောင်ဆောင်နေပေါ့၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ စီစဉ်ပြီး စားကျက်ထဲက ချုံပိတ်ပေါင်းတွေကို ရှင်းမယ်၊ ပြီးတော့ အကွက်ချပြီး သီးနှံတွေ စိုက်ပျိုးစေမယ်"

"ဒီစားကျက် ကျူးကျော်တဲ့ သူတွေကို မြေတိုင်းစာရေးက ကွင်းဆင်းစစ်ဆေးပြီး တရားစွဲရမှာ"

"စွဲပါစေ စွဲပေါ့။ စိုက်တုန်းပျိုးတုန်းသာ နှင်မထုတ်ဖို့ နားလည်မှု ရှိထားဖို့ပါ၊ သီးနှံတွေ ရိတ်သိမ်းပြီးမှ တရားစွဲပေါ့။ တရားစွဲတော့လည်း ခင်ဗျားတို့ ရုံးရောက်၊ ငွေလေး ငါးကျပ် တစ်ဆယ် ဒဏ်ရိုက်လိုက်ပေါ့ဗျာ"

မောင်ပြုံးချိုသည် သခင်လှရှိန်၏ နားလည်မှုတရားကို နားထောင်ရင်း ငိုင်ကျသွားလေသည်။ ဤနားလည်မှုဖြင့် စားကျက်ကြီး ရှင်းပြီး ကျွဲ နွားတွေအတွက် အသုံးကျသွားလျှင် ကောင်းသားဟု အောက်မေ့မိလေသည်။

ထို့ကြောင့် သူ့နားလည်မှုကို လက်ခံလိုက်လေသည်။ မျှားမကြာမီ စားကျက်ထဲမှ ချုံတွေ ပိတ်ပေါင်းတွေ ရှင်းလင်းကုန်သည်။ ပတ်ဝန်းကျင် ရွာများမှ တောင်သူလယ်သမားတွေ သူ့အကွက်နှင့်သူ စိုက်ကြသည်။ သည်လို မြေမျိုးတွင် နှမ်းအလွန်ဖြစ်သည်ဟု ဆိုသည်။ စိုက်ပျိုးသူများ အကျိုးဖြစ်ထွန်းကြသည်။

အချိန်ရောက်လျှင် မြေတိုင်းစာရေး ကွင်းဆင်းသောအခါ စားကျက်ထဲတွင် ဝင်ရောက် ကျူးကျော်သူများကို မှတ်သားကာ မောင်ပြုံးချို၏ ရုံးတွင် တရားစွဲတင်လေသည်။

တရားစွဲခံရသူများကလည်း သူတို့အပြစ်ကို ဝန်ခံကြသည်။ မောင်ပြုံးချိုက ၁၀၊ ၁၅ ကျပ်စီ ဒဏ်ငွေများ တပ်ရိုက်သည်။ သူတို့သည် ပေးဆောင်ရန် ရှိသော ဒဏ်ငွေများကို ပြုံးပြုံးကြီး ပေးဆောင်သွားကြသည်။ သူတို့ စားကျက်ထဲတွင် စိုက်ပျိုးသည့် သီးနှံများ အထွက်ကောင်းသဖြင့် သည်လောက်ငွေကို သူတို့ မမှုကြ။

ဤအထိ နားလည်မှု ဓာတ်လမ်းသည် ချောမော ပြေပြစ်လျက် ရှိသည်။ ဆက်ရမည့် ဓာတ်လမ်းကျတော့ အထစ်အငေါ့တွေ ဖြစ်လာသည်။ တစ်နှစ် စိုက်ပျိုးပြီး ထွက်ပေးပါမည်ဟူသော ဝန်ခံချက်ကို မလိုက်နာကြသူတွေ ပေါ်လာလေသည်။

"ဟာဗျာ တစ်နှစ်သာ လုပ်ရမယ် ဆိုရင် ဒါလောက် အပင်ပန်းခံပြီး ချုံပုတ်တွေကို ဘယ်ရှင်းပါ့မလဲဗျ"

"ကျုပ်တို့က အပိုင်ချပေးတယ် ထင်တာ"

"လုပ်ချင်တာ လုပ်ကွာ၊ ထွက်မပေးနိုင်ဘူး"

အသံတွေ အမျိုးမျိုး ထွက်ပေါ်လာသည်။ မောင်ပြုံးချို မျက်လုံးပြူးလေပြီ။ သခင်လှရှိန်အား အမြန်ဆုံး ချဉ်းကပ်ရလေတော့သည်။

"ဗျို့...လယ်သမား ခေါင်းဆောင်ကြီး၊ ခင်ဗျားလူတွေ ကြည့်လုပ်ဦးလေ၊ ခု သူတို့ ကျူးကျော်တဲ့ စားကျက်ထဲက မထွက်ဘူး လုပ်နေကြပြီ"

"စိတ်အေးအေး ထားပါ မြို့ပိုင်ကြီးရာ၊ ကျွန်တော် ကြည့်လုပ်ပါမယ်"

သခင်လှရှိန်က ပြောလေသည်။

"ဒါပေမဲ့ တစ်ခုတော့ လုပ်ပေးစေချင်တယ်၊ စားကျက်ကြီးက ဒီမယ် ရှိတဲ့ ကျွဲနွားဦးရေနဲ့ဆိုရင် သိပ်ကျယ်နေတယ်၊ ဒီတော့ တချို့တစ်ဝက်ကို စားကျက်က ထုတ်ပြီး စိုက်ဖို့ အကွက်ရိုက် ချပေးစေချင်တယ်"

"ဒါတော့ ခင်ဗျားတို့ စလျှောက်ကြပေါ့၊ မြေပုံတွေ စာရင်းအင်းတွေ အတိအကျ ဖော်ပြပြီး တင်ကြပေါ့၊ အဲဒါက တဖြည်းဖြည်း လုပ်ရမယ့်ကိစ္စ

အခု အရေးကြီးတာက ဒီစားကျက်ထဲက ခင်ဗျားတို့လူတွေ အမြန်ဆုံး ထွက်သွားဖို့ပဲ"

မောင်ပြုံးချိုက ပြောလိုက်လေသည်။ သခင်လုရှိန်၏ စည်းရုံးမှုကြောင့် စားကျက်ထဲမှ ပုဂ္ဂိုလ်များ ထွက်ခွာသွားကြသည်။ သည်စားကျက်မှ တချို့တစ်ဝက်ကို စိုက်ပျိုးရေးအတွက် ဖွင့်ပေးရန်ကိုလည်း စနစ်တကျ လျှောက်ထားကြသည်။ မောင်ပြုံးချိုကလည်း ထောက်ခံပေးလိုက်သည်။ ထိုအမှုတွဲသည် ခရိုင်ဝန်ရုံးမှ အဆင့်ဆင့် တက်သွားရမည် ဖြစ်သည်။

ထိုအချိန်တွင် သခင်လုရှိန် ကျဆုံးသည်။ မောင်ပြုံးချိုလည်း ထိုမြို့နယ်မှ အသက်ကို ဖက်နှင့် ထုပ်ပြီး လစ်ခဲ့ရလေသည်။

၃

သူတို့လှည်းသည် ငှက်ပျောကုန်း ရွာတွင်းမှ ဖြတ်မောင်းလာစဉ် မောင်ပြုံးချိုသည် ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားလာလေသည်။

ရွာမှ ထွက်သောအခါ ကွင်းပြင်ကျယ်ကြီးကို တွေ့ရသည်။ မိုးတွင်းအခါ ရေလွှမ်းသည့် နေရာ ဖြစ်သည်။ ယခုတော့ ခြောက်သွေ့နေသည်။ ဟိုတစ်ကွက်သည်တစ်ကွက် စိမ်းလန်းနေသည်။ ကုလားပဲခင်း၊ ပဲကြီးခင်း၊ ဧရာဇ်ခင်းများသည် ကွင်းကြီးတစ်ခုလုံး ပြန့်ကျဲနေသည်။ အနိမ့်ဆုံးပိုင်းရေအိုင်များနှင့် ချောင်းငယ်များအနီးတွင် ဂုန်လျှော်ပင်ရိုးတံများ ပုံနေသည်ကို မြင်ရလေသည်။ မိုးတွင်းက သည်နားတစ်ဝိုက်တွင် ဂုန်လျှော်များ စိုက်ပျိုးကြဟန်တူသည်။ ဂုန်လျှော်ပင်များကို ခုတ်ပြီး ရေအိုင်ငယ် ချောင်းငယ်များတွင် ရေစိမ်၍ လျှော်ကိုခွာယူကာ ပင်စည်ရိုးများကို ချန်ထားခဲ့ခြင်း ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် မောင်ပြုံးချို မိုးညိုတွင် ရှိစဉ်က သည်နယ်တွင် ဂုန်လျှော်ကို စိုက်ပျိုးရကောင်းမှန်း မသိကြ။ သည်နယ်မှ ရွာသူရွာသားများသည် လယ်နှင့် ကိုင်းကိုသာ အမှီပြုကြသည်။ မိုးညိုနှင့် ထိန်တောတစ်ဝိုက်တွင် လယ်မြေအတော်များများ ရှိသည်။ သို့သော် များစွာမဖြစ်ထွန်းလှ။ ထိန်တောတစ်ဝိုက်တွင် အထွက်မဆိုးလှသော်လည်း မိုးညိုတစ်ဝိုက်တွင်မူ ရေမြုပ်သဖြင့် ပျက်သည်က များသည်။ မြန်အောင် တစ်ဖက်ကမ်းရှိ ရွာများ

ွင် လယ်အနည်းငယ်ရှိသော်လည်း မဖြစ်ထွန်းလှ။ မြစ်ရိုးတစ်လျှောက်တွင် မြေနုမြေရင့် ကိုင်းမြေတွေ ရှိသည်။ ဆေးနှင့် ပဲကို အားပြု၍ စိုက်ပျိုးကြသည်။ ကိုင်းမြေတွေကလည်း ကမ်းပြို၍ ပါသွားလိုက် ပြန်ပေါ်လိုက်နှင့် သည်ငြိမ်မှု မရှိလှ။ ကျွန်းမြေ ကိုင်းမြေပေါ်လာပြန်လျှင်လည်း တစ်နယ်နှင့် တစ်နယ်၊ တစ်ရွာနှင့် တစ်ရွာ၊ တစ်ဦးနှင့် တစ်ဦး လုကြ၊ ယက်ကြ၊ ရန်ဖြစ်ကြ သတ်ကြ၊ ဖြတ်ကြ ဖြစ်ကြကုန်သည်။

သည်လို မြေလုပွဲတွေကို နှစ်တိုင်းလိုလို တွေ့ရကြုံရသည်၊ အချို့နေရာများတွင် မြေနုကျွန်းပေါ်၍ ၁၀ နှစ်၊ ၁၅ နှစ် ကြာသည့်တိုင်အောင် မြေလုပွဲကား မပြီးသေး။ အချို့လည်း လုနေ ယက်နေဆဲမှာပင် တစ်ကျွန်းလုံး ရေတိုက်စား၍ ပျောက်ကွယ်သွားတတ်သည်။

ယခုတော့ မိုးညှိနယ်မှ တောင်သူလယ်သမားများသည် လယ်နှင့် ကိုင်းသာမက ဂုန်လျှော်ပါ စိုက်ပျိုးနေကြလေပြီ။ သူတို့အဖို့ တစ်ဖက်တစ်လမ်း ငွေတိုးလျက် ရှိလေသည်။

မိုးညှိတစ်မြို့လုံး ဂုန်လျှော်စိုက်သည့် ဧရိယာမှာ ၂၃၇၀၀ ကျော်ဖြစ်၍ ဂုန်လျှော်ပိဿာချိန်မှာ ၅၉ သိန်းကျော် ထွက်သည်ဟု မောင်မြင့်က ပြောသည်။

မိုးညှိမြို့နယ်တွင် အင်းတွေလည်း ၁၀၀ နီးပါးရှိသည်။ ထို့ကြောင့် ငါးသားတွေလည်း အများပင်။ အချို့လည်း အင်းတစ်ဖက် လယ်တစ်ဖက် ကိုင်ကြသည်။

မောင်ပြုံးချိုတို့လှည်းသည် သပြေပင်ရွာအတွင်းသို့ ဝင်လာလေသည်။ အိမ်ခြေ ၁၂၀ ကျော်သာ ရှိသည့် ရွာဖြစ်သည်။ ချိန်းဆိုထားသည့်အတိုင်း ဦးအောင်ညွန့်၏အိမ်သို့ ဝင်ကြရသည်။ ယမန်နေ့က ဦးအောင်ညွန့်နှင့် မောင်မြင့်တို့ မိုးညှိဈေးထဲတွင် တွေ့သဖြင့် မောင်ပြုံးချိုတို့ သာယာကုန်း၊ ကျိုးတုံးလဲ သွားမည့်အကြောင်း ပြောလိုက်သည်။

"ဒီလိုဆို ကျွန်တော့်အိမ် ဝင်ပြီး လက်ဖက်ရည်သောက်ကြပါ" ဟု ဦးအောင်ညွန့်က ဖိတ်မန္တကပြုလိုက်သည်။

ဦးအောင်ညွန့်သည် ခြံပေါက်မှ ဆီးကြိုလျက် ရှိသည်။ သူသည် မောင်ပြုံးချို မိုးညှိ မြို့ပိုင်ဘဝကတည်းက ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သည်။

နှစ်ပေါင်း ၃၀ ကျော်မျှ ကွဲကွာနေခဲ့ပြီး ယခုမှ ပြန်လည်တွေ့ဆုံရသဖြင့် တစ်ဦးကိုတစ်ဦး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြသည်။ သူသည် အင်းရော လယ်ပါ လုပ်ကိုင်သူဖြစ်သည်။ ယခုတော့ အင်းမလုပ်တော့ဟု ဆိုသည်။ အသက်ကြီးပြီကိုး။

သူသည် မောင်ပြုံးချိုအား စားဖွယ် သောက်ဖွယ်တွေနှင့် ညှိခံသည်။ သူ့အိမ်တွင် ရှိသမျှ အားလုံး ထုတ်ကျွေးဟန် ရှိသည်။ ကောက်ညှင်းပေါင်း အဖြူ၊ ကောက်ညှင်းငချိပ်၊ ငါးရံ့ခြောက်ဖုတ်၊ လက်ဖက်၊ ဘီစကွတ်၊ လက်ဖက်ရည်အချို အကြမ်း စုံနေပါတော့သည်။

မောင်ပြုံးချိုတို့သည် စကားတပြောပြောနှင့် ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ငါးရံ့ခြောက်ဖုတ် ဆိတ်ဖွဲ့ဖွဲ့ကို အားပါးတရ စားကြသည်။ သည်လို အစားအစာမျိုး ရန်ကုန်တွင် တွေ့မြင်ရခဲသည် မဟုတ်လား။

သပြေပင်ရွာမှ ထွက်၍ များမကြာမီ အိမ်ခြေ ၄၀ ကျော်မျှ ရှိသော ရွာသစ်ကို ပတ်မောင်းကာ သာယာကုန်းသို့ ရောက်လာကြသည်။ သာယာကုန်းသည် ရွာသစ်ထက် အနည်းငယ်သာ ကြီးသည်။ မောင်ပြုံးချို မိတ်ဆွေ သူကြီး ဦးမောင်၏ရွာဖြစ်သည်။ ဦးမောင်သည် ကရင်အမျိုးသား ဗုဒ္ဓဘာသာဖြစ်သည်။ သူတို့လှည်းသည် ဦးမောင်၏ခြံဝင်းအတွင်းသို့ ဝင်ရောက်လာပြီး ရေတွင်းဘေးတွင် ရပ်လိုက်သည်။ မောင်ပြုံးချိုသည် ဦးမောင် ကွယ်လွန်သွားပြီကိုသိထားလျက်နှင့် ဦးမောင်ကို တွေ့ရမြင်ရနိုး ထင်နေမိသေးသည်။ သူ့အိမ်ပတ်ဝန်းကျင်တွင် လှုပ်ရှားသွားလာနေသည့် ဦးမောင်ကို မြင်ယောင်နေသည်။ အိမ်ထဲမှ ဦးမောင်၏သမီးသည် ထွက်လာပြီး ဧည့်သည်များကို ခရီးဦးကြိုပြုသည်။ ခဏကြာသော် ဦးမောင်၏ ညီမ ဒေါ်အေးမြင့် ရောက်လာသည်။ မောင်ပြုံးချိုတို့သည် ထိုအိမ်နှင့် ကပ်လျက်ရှိသော ဦးကျော်ရှိန်၏ ဖခင်အိမ်တွင် ခေတ္တနားကြလေသည်။ ဦးကျော်ရှိန် ဖခင်ကား အိမ်တွင် မရှိ။ တလင်းထဲ သွားနေသည်ဟု သိရလေသည်။

မောင်ပြုံးချိုတို့သည် သာယာကုန်းမှ ကျီးတုံးလဲသို့ ခြေကျင်ခရီး ထွက်လာကြသည်။

ရွာမှ မထွက်မီ နော်အေးမေတို့အိမ် ဝင်ကြသည်။ နော်အေးမေသည် ယမန်နှစ်က ကျင်းပခဲ့သည့် အဆင့်မြင့် အခြေခံပညာရေး စာမေးပွဲတွင် အင်္ဂလိပ်

ဘာ ဂုဏ်ထူးနှင့် အောင်မြင်သူ ဖြစ်သည်။ ယမန်နေ့က ဆုပေးပွဲတွင် ခရီးလွန်နေသဖြင့် မရောက်လာ။ ယခုလည်း အိမ်တွင် မရှိ။ မိုးညှိမြို့နယ်အသင်းမှ ချီးမြှင့်သည့် ဆုငွေနှင့် ဂုဏ်ပြုလွှာကို သူ့ဖခင်အား ပေးအပ်ခဲ့ရသည်။

"ကလေးမလေး ပညာရေး ဘယ်လို စီစဉ်သလဲ။ ဒီရွာထဲက အင်္ဂလိပ်စာဂုဏ်ထူးနဲ့ အောင်တယ်ဆိုတော့ ဂုဏ်ယူစရာပေါ့"ဟု မောင်ပြုံးချိုက ဆိုလိုက်သည်။

"ဟုတ်ကဲ့၊ သူကတော့ စာတော်ပါတယ်၊ ဒါပေမဲ့ ကောလိပ်ဆက်ထားနိုင်ဖို့တော့ မလွယ်ပါဘူး၊ ဆရာဖြစ်တို့ သူနာပြုဆရာမတို့ ဖြစ်အောင် သင်တန်းတက်နိုင်းရမှာပဲ" ဟု ဖခင်ဖြစ်သူက ဖြေလေသည်။

"အဲဒါ သိပ်ကောင်းတာပေါ့၊ ကိုယ့်ရပ်ရွာက လူတွေကို ပြန်ပြီး အကျိုးပြုနိုင်တဲ့ အလုပ်တွေပဲ"

မောင်ပြုံးချိုသည် ဤသို့ ပြောရင်း သည့်ရွာမှ ကျောင်းဆရာ ဆရာမသူ့မိတ်ဆွေဟောင်းများကို သတိရလာလေသည်။

"ဒါနဲ့ နေပါဦး၊ ဒီရွာက ကျောင်းဆရာ ဆရာမတွေကော ဘယ်သွားကုန်ကြတုံး၊ စောအောင်ဝင်းတို့ နော်ပန်းရင်တို့လေ"

မောင်ပြုံးချိုသည် နော်အေးမေ၏ အိမ်မှ ထွက်လာရင်း အတူလာသူများကို မေးလိုက်သည်။

"စောအောင်ဝင်းကတော့ သာယာဝတီ ပြောင်းသွားတာ ကြာပါပြီ၊ နော်ပန်းရင်ကတော့ ရှိပါတယ်၊ အခု ရန်ကုန်သွားနေပါတယ်"ဟု ဖြေကြသည်။ သူသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က တစ်လ တစ်ခါ ထိုရွာမှ ဘုရားသို့ လခလာထုတ်နေကျ ဖြစ်သည့် ကျောင်းဆရာ ဆရာမများကို ယခုတွေ့ချင်နေလေသည်။ သူတို့သည် သူ့လိုပင် ကြီးရင့် အိုမင်းကုန်ကြပြီလော။

ရွာပြင်ရောက်သည်နှင့် တလင်းထဲတွင် ကောက်ဆွကို ကိုင်ထားသည့် ဆံသားဖြူဖြူ အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။ သူ့ကို မြင်ဖူးသလိုလို အောက်မေ့ပြီး စူးစိုက်ကြည့်မိလေသည်။

"သူ့ မမှတ်မိဘူးလား ခင်ဗျာ၊ ဦးတရုတ်လေ" ဟု ဦးကျော်ရှိန်က ပြောလိုက်သောအခါ ချက်ချင်း မှတ်မိသွားသည်။

"ဦးတရုတ် ဒီဆရာကြီးကို မမှတ်မိဘူးလား၊ ဟိုတုန်းက မြို့ပိုင်လေ" ဟု ဦးတရုတ်အား ပြောလိုက်ပြန်သည်။

သည်တော့မှပင် သူကလည်း မှတ်မိသွားဟန် တူသည်။ ပြုံးပြုံးရယ်ရယ်နှင့် နှုတ်ဆက်ကြသည်။

ဦးတရုတ်သည် ယခု အသက် ၇၀ ရှိလေပြီ။ ယခင်က အသက် ၄၀ ခန့်။ မောင်ပြုံးချိုက ၃၀ ဝန်းကျင်။

"နေစမ်းပါဦး၊ ဦးတရုတ်ရဲ့နာမည်က ရှားရှားပါးပါး ခင်ဗျားက ဘာပြု လို့ ဦးတရုတ် ဖြစ်နေတာလဲ" ဟု မောင်ပြုံးချိုက မေးခဲ့ဖူးသည်။

"မသိပါဘူးဗျာ၊ အဖေ အမေတွေက မှည့်ခဲ့တာပဲ" ဟု ရက်သလိုလို မျက်နှာပေးနှင့် ဖြေတတ်သည်။

တကယ်တော့ သူသည် တရုတ်နှင့် တူနေသဖြင့် သည်နာမည်ကို မှည့်ထားခဲ့ဟန် တူပါသည်။

မောင်ပြုံးချိုတို့သည် နေပူကျဲကျဲတွင် လယ်ကန်းသင်းပေါ်မှ လျှောက်လာကြလေသည်။ ဘေးဝဲယာ လယ်ကွက်များတွင် ရိုးပြတ်များ ငေါက်ငေါက် ထောင်လျက် ရှိလေသည်။ အချို့လယ်ကွက်များတွင်မူ ထွန်ယက်ပြီး ပဲ၊ ငရုတ်၊ ပြောင်း စသည်များကို စိုက်ပျိုးထားကြလေသည်။

ဦးကျော်ရှိန်က လမ်းသွားရင်း မြို့နယ်စီးပွားရေး အခြေအနေများကို ပြောပြသွားလေသည်။ သူပြောပြသည့်အတိုင်းဆိုလျှင် ယခင်ကထက် အခြေအနေ ကောင်းမွန်လာသည်ဟု ဆိုရပေမည်။ သို့သော် တောင်သူလယ်သမားတွေကို စည်းရုံးပြီး ရှေ့ဆက် လုပ်စရာတွေ အများပင် ရှိလေသည်ဟု ဆိုသည်။

စကားတပြောပြောနှင့် ကျိုးတုံးလဲရွာသို့ ဝင်လာကြလေသည်။ သစ်ပင်ဝါးပင်တွေ ဖုံးအုပ်နေသည့် ရွာကြီးသည် အရိပ်အာဝါသ ကောင်းလှသည်။

တောအုပ်တစ်ခုအတွင်းသို့ ရောက်လာသကဲ့သို့ အေးမြသွားလေသည်။ စိတ်ရော ကိုယ်ပါ ကြည်လင်လန်းဆန်းသွားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က မောင်ပြုံးချိုသည် ရွာ၏ အရိပ်ကို ခိုခဲ့ဖူးသည်။ သစ်ပင်တို့၏ အရိပ်သာမက ရွာသူရွာသားတို့၏ ကြည်လင်အေးမြသည့် မေတ္တာရေစင်ကိုလည်း သောက်သုံးခဲ့ရသည် မဟုတ်ပါလား။

အဘယ်မှာလျှင် သူ မေ့နိုင်အံ့နည်း။

# အပြန်လမ်း

၁

သစ်ပင်များ ဖုံးအုပ်နေသည့် ကျိုးတုံးလဲရွာသည် အေးချမ်း ငြိမ်သက်လျက် ရှိလေသည်။

မောင်ပြုံးချိုတို့ ရွာအတွင်းသို့ ဝင်လာသည့်အခါ နံနက် ၁၀ နာရီခွဲခန့် ရှိလေပြီ။ လူကြီးတွေ ရွာအပြင်ရှိ လယ်ကွင်းများ၊ တလင်းများထဲတွင် သွား ရောက်အလုပ်လုပ်နေကြသည်။ အိမ်များတွင် အဘိုးအို အဘွားအိုများနှင့် ကလေးသူငယ်များသာ ကျန်ရစ်ခဲ့ကြသည်။ အချို့အိမ်များ အောက်တွင် ကရင် သုံမပျိုများ ဆန်ဖွပ် မောင်းထောင်းအလုပ်ဖြင့် မအားလပ်ကြ။

"ဟောဒါ ဖိုးကြီးအိုအိမ်ပဲ" အတူပါလာသည့် ဦးကျော်ရှိန်က လမ်းဘေး ရှိ အိမ်တစ်အိမ်ကို ညွှန်ပြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ လောက်က မောင်ပြုံးချိုနှင့် ရင်းနှီးခဲ့ရသော ဖိုးကြီးအို၏ အိမ်ဖြစ်သည်။ သူသည် ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသား ကြီး ဖြစ်သည်။

ကရင်သံဝဲဝဲနှင့် စကားပြောတတ်ပြီး အမြဲလိုလို ပြုံးရွှင်နေတတ်သည်။ ထိုစဉ်က သူ့အသက်မှာ ၅၀ အတွင်းလောက်သာ ရှိလိမ့်ဦးမည်။ အမည်က ဖိုးကြီးအို ဖြစ်သော်လည်း သူ့ခန္ဓာသည် မအိုလှသေး။ သန်တုန်းမြန်တုန်း။

"မြို့ပိုင်လေး ဘာမှ မပူနဲ့၊ ဒီရွာမယ် မလုံခြုံဘူးဆိုရင် မြစ်ဟိုဘက် ကမ်းက ကျုပ်တို့ အမျိုးတွေဆီကို ပို့ထားမယ်"ဟု ဖိုးကြီးအိုက အားရပါးရ ပြောရှာသည်။

အရောင်မျိုးစုံတို့ တစ်ဦးကို တစ်ဦး သတ်ဖြတ်နေကြသည့်အချိန်။ လူ့အသက်တန်ဖိုးသည် သူညအထိ လျော့ကျနေသည့်အချိန်။ ထိုအချိန်က ဖိုးကြီးအိုသည် သူတို့ရွာတွင် အရိပ်ခိုနေသော မောင်ပြုံးချိုအား နှစ်သိမ့်စကား ပြောသည်။ အားပေးစကားကို ဆိုလာသည်။

သို့သော် ဖိုးကြီးအိုသည် သူ့ကိုယ်သူတော့ မကာကွယ်နိုင်ခဲ့။ မောင်ပြုံးချိုတို့ ရွာမှ ထွက်သွားပြီး မကြာမြင့်မီ သူသည် သောင်းကျန်းသူတို့ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရလေသည်။

သောင်းကျန်းသူတို့က သူ့သား ရွှေဝါသည် အစိုးရဘက်တော်သားတို့နှင့် ကူးလူးဆက်ဆံမှု ရှိသည်။ ထို့ကြောင့် ရှင်းပစ်မှ ဖြစ်မည်ဟု ယူဆကြသည်။ သေနတ်ကိုယ်စီနှင့် သောင်းကျန်းသူတို့သည် သူ့အိမ်ပေါ် တက်လာကြသည်။ ရွှေဝါကို ပစ်သတ်ရန် ဖြစ်သည်။ ရွှေဝါက ပြတင်းမှ ခုန်ချထွက်ပြေးသွားသည်။ သောင်းကျန်းသူပစ်လိုက်သည့် ကျည်ဆန်သည် အိမ်ပေါ်တွင် ရှိနေသော ဖိုးကြီးအို၏ နှလုံးသားကို ဖောက်ထွင်းသွားလေသည်။

ဖိုးကြီးအိုသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အချင်းချင်းသတ်၍ သေရသူများတွင် တစ်ဦး အပါအဝင် ဖြစ်သွားလေသည်။ ရွာတွင်းလမ်းအတိုင်း လျှောက်လာရင်း ဦးကျော်ရှိန်က သည်အကြောင်းများကို ပြောလာသည်။

မောင်ပြုံးချိုသည် ငြိမ်သက်စွာ နားထောင်လာသည်။ သူ တွေ့လိုမြင်လို စကား ဆိုလိုသော ဖိုးကြီးအိုကား မရှိတော့ပြီ။

ရွာလယ်သို့ ရောက်လာသောအခါ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနေရာကို ရှာသည်။ နေရာသာ ရှိတော့သည်။ ယခင် ဘုရားရှိခိုးကျောင်းကား မရှိတော့ပြီ။ ကပ်လျက်ရှိသည့် သင်းအုပ်ဆရာကြီး ဦးစံကြီး (ခေါ်) ဆရာမိုး၏ အိမ်နေရာတွင်ပင် အဆောက်အအုံသစ် ရောက်ရှိနေလေပြီ။

"ဟိုတုန်းက တိုက်ပွဲဖြစ်ပြီး တစ်ရွာလုံး မီးလောင်တာပါပဲ" ဟု မောင်ကျော်ခေါင်က ပြောလေသည်။

၁၉၄၉-၅၀ ခုနှစ်က နယ်မြေအခြေအနေကား ဆိုးဝါးလှသည်။ ပြည်လမ်းဘက်မှ ကစဉ့်ကလျား ဖြစ်လာကြသည့် တပ်ပြေးများသည် ဤဒေသ

ရွာများတွင် ခိုအောင်းကြသည်။ နယ်ခံများအနက် အေးအေးချမ်းချမ်း နေလိုသူများ ရှိသလို ပယောဂဝင်နေသူများလည်း ရှိသည်။ သည်ရွာမှ မောင်ပြုံးချို၏ ဘော်ဆွေကြီး သူကြီးဟောင်း စောကြာချစ် ကိုယ်တိုင်ပင်လျှင် တပ်ပြေးတို့၏ ခေါင်းဆောင် ဖြစ်လာသည်။ နောက်ပိုင်းတွင် သူကိုယ်တိုင် တောခိုခဲ့သည်။ ကျီးတုံးလဲကို အခြေစိုက်ကာ အခိုင်အမာ ခုခံသည်။ ထို့ကြောင့် ကျီးတုံးလဲသည် ပြာကျခဲ့ရလေသည်။ နောက်ပိုင်းတွင် ရွာကို စွန့်ခွာသွားသော စောကြာချစ် သည်း တောတွင်း၌ ကျဆုံးလေသည်။

မောင်ပြုံးချိုသည် ထိုအကြောင်းများကို စဉ်းစားရင်း အထူးပင် စိတ်မကောင်း ဖြစ်နေမိလေသည်။

"သူကတော့ စောကြာချစ်ရဲ့ အစ်မ ဒေါ်အင်နီပါ"

အိမ်တစ်အိမ် အောက်ထပ်သို့ ဝင်သွားသောအခါ ဦးကျော်ရှိန်က အမျိုးသမီးကြီးတစ်ဦးနှင့် မိတ်ဆက်ပေးလေသည်။

ဒေါ်အင်နီက လက်ဖက်ရည်ကြမ်း၊ ထန်းလျက်ခဲတို့ဖြင့် ညှော်ခံသည်။ မောင်ပြုံးချိုတို့သည် ခုံတန်းရှည်ပေါ်တွင် ထိုင်လျက် ရှေးဟောင်း နှောင်းဖြစ်များကို ပြောကြသည်။ ဝမ်းနည်း ကြေကွဲဖွယ်တွေလည်း ပါသည်။ ထိတ်လန့်ဘန်လှုပ်ဖွယ်များကိုလည်း ကြားရသည်။

ခဏကြာသော် နော်ဖြူလာခေါ် အမျိုးသမီးကြီးတစ်ဦး ရောက်လာသည်။ သူသည် လက်ရှိ သင်းအုပ်ဆရာကြီး ဆရာဝင်းနေ၏ ဇနီးဖြစ်သည်။ သူ့ နောက်မှ မူလတန်းကျောင်းအုပ်ဆရာမကြီး နော်ဖောဆေး ပါလာသည်။

"ကျွန်မကတော့ မြို့ပိုင်ကြီးကို ကောင်းကောင်း သိပါတယ်၊ ဒီရွာထဲဘာနေတုန်းက ကျွန်မ ငယ်ငယ် ရှိသေးတယ်။ မြို့ပိုင်ဆရာကြီး အိမ်ပေါ်မယ် ဆိုတယ်ဆိုလို့ ချောင်းချောင်းကြည့်ရတယ်"

နော်ဖေဆေးသည် သွက်လက်ချက်ချာစွာ ပြောပြလေသည်။

"အဲဒီတုန်းက အသက် ဘယ်လောက် ရှိပြီလဲ" ဟု မောင်ပြုံးချိုက မေးလေသည်။

"ဘာရှိဦးမလဲ၊ ငယ်ငယ်ပေါ့၊ ခု ကျွန်မ ၄၇ နှစ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ဆိုတော့ ကျွန်မအသက် အဲဒီတုန်းက ၁၅ နှစ်လောက် ရှိပါလိမ့်မယ်"

"သူက သူကြီး စောမင်းကျော်ရဲ့ ချွေးမလေ"ဟု အနီးရှိ တစ်ယောက်က ပြောလိုက်သည်။

သည်တော့မှ မောင်ပြုံးချို သတိရလာသည်။ စောမင်းကျော်သည် သူမြို့ပိုင်လုပ်စဉ်က ခန့်ထားခဲ့သည့် သူကြီးတစ်ဦး ဖြစ်သည်။ ကျီးတုံးလဲ ပါဝင်သည့်ကျေးရွာအုပ်စု သူကြီးစောကြာချစ်သည် သောက်စားမူးယစ်သည်။ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ရုံမျှမက ကရင်သောင်းကျန်းသူများ နှင့်လည်း အဆက်အသွယ်မကင်းဟု သိရသောအခါ သူ့နေရာတွင် စောမင်း ကျော်အား ၁၉၄၈ ခုနှစ်လောက်က အစားထိုး ခန့်အပ်ခဲ့ခြင်း ဖြစ်လေသည်။

"စောမင်းကျော် ဘယ်မှာလဲ၊ နေထိုင်ကောင်းရဲ့လား" ဟု မောင်ပြုံးချိုက မေးလိုက်သည်။

"ရှိပါတယ်၊ ဟိုဘက်ရွာမယ်၊ ကျွန်မ ခေါ်ပေးမယ်" ဟု ဆရာမကြီးနော်ဖောဆေးက ပြောသည်။ မောင်ပြုံးချိုက စောမင်းကျော်အတွက် လာရသွားရ ဒုက္ခပိုနေမည်စိုးသဖြင့် "နေပါစေ" ဟု တားနေသည့်ကြားကပင် နော်ဖောဆေးသည် သူ၏ ၁၄ နှစ်အရွယ်သားကို စေလွှတ်ခေါ်ခိုင်းနေသည်။

"သာယာကုန်းက စောင့်နေ"ဟုလည်း မှာလိုက်သည်။

သည်အချိန်တွင် ဖိုးကြီးအို၏ သား ရွှေဝါ ရောက်လာပြန်သည်။ သူပြောပြသည့် သူ့ဖခင် မည်သို့သေဆုံးရပုံကို နားထောင်ရင်း ယူကျုံးမရ ဖြစ်ကြရသည်။

"ကရင်ကို ကရင် သတ်တာလေ"ဟု တစ်ဦးက မှတ်ချက်ပြုသည်။

ဟိုအိမ်သည်အိမ်က ကလေးတွေရော လူကြီးတွေပါ ရောက်လာကြသည်။ မောင်ပြုံးချိုတို့ကို ဝိုင်းအုံနေကြသည်။ ပြောကြသည့် စကားများကား ကရင်လိုရော မြန်မာလိုပါ စုံနေသည်။ စကားလက်ဆုံ ပြောမကုန်နိုင်အောင် ဖြစ်နေကြသည်။

သို့နှင့် မောင်ပြုံးချိုက ကျေးရွာရှိ မူလတန်းကျောင်းအကြောင်းကို မေးမြန်းမိသည်။ ကျောင်းတွင် ကျောင်းသူကျောင်းသား ၁၆၀ ခန့် ရှိပြီး ကျောင်းဆရာမ သုံးယောက်ရှိသည်ဟု သိရသည်။ သည်တော့လည်း မောင်ပြုံးချိုသည် ရွာက သူ့မိတ်ဆွေ ကျောင်းဆရာမ နော်ထိဖော့ကို သတိရလာသည်။

နော်ထိဖော့သည် ယခင် သင်းအုပ်ဆရာကြီး၏သမီးဖြစ်သည်။ မောင်ပြုံးချို ထိုအိမ်တွင် အရိပ်ခိုစဉ်က စားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေး အားလုံးကို အရိပ်တကြည့်ကြည့် စောင့်ရှောက်ခဲ့သူ ဖြစ်သည်။ သူသည် သိုစဉ်က နယ်ပျိုတုန်းအရွယ်။ မောင်ပြုံးချို ထိုရွာမှ ထွက်ခွာသွားပြီး နောက်ပိုင်းတွင် ရွာတွင် ခိုအောင်းလာသော တပ်ပြေးတစ်ဦးနှင့် အကြောင်းပါသည်ဟု သိရသည်။ ယခုမူ လက်ပံတန်းအနီးရှိ ရွာတစ်ရွာတွင် ကျောင်းဆရာမလုပ်ကိုင် ရှိသေးသည်ဟု သတင်းရသည်။

"အေးဗျာ၊ ကျွန်တော် တွေ့ချင်ပါသေးတယ်" ဟု မောင်ပြုံးချိုက ဘမ်းတ ပြောဆိုသည်။ တကယ်လည်း တွေ့ချင်နေလေသည်။ ယခုဆိုလျှင် သားကြီး သမီးကြီးတွေနှင့် ဖြစ်နေပေလိမ့်မည်။ အရွယ်အားဖြင့်လည်း ၆၀ ဝန်းကျင် ရောက်ရှိနေပေတော့မည်။

"ကဲ…သွားဦးမှပဲ၊ ဦးတိုင်းလည်း ဝင်တွေ့ချင်သေးတယ်" ဟု ဆိုကာ မောင်ပြုံးချို နေရာမှ ထသည်။

နော်ဖောဆေးနှင့် ကိုရွှေဝါတို့သည် လမ်းပြရင်း မောင်ပြုံးချိုတို့နှင့်အတူ လိုက်လာကြသည်။

ဦးတိုင်းသည် ဗုဒ္ဓဘာသာ ကရင်အမျိုးသားကြီး ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က တစ်ဦးတည်းသော သမီးနှင့်အတူ လယ်ယာ လုပ်ကိုင်စားသောက်နေသူ ဖြစ်သည်။ ယခုတော့ သမီးဖြစ်သူ အိမ်ထောင်သည်က ဆရာထောင်းနေပြီဖြစ်သော ဖခင်ကြီးကို ကျွေးမွေးပြုစုနေရလေသည်။

မောင်ပြုံးချိုတို့ အိမ်ပေါ်သို့ တက်သွားကြသောအခါ လှေကားထိပ်ခန်းပြင်တွင် ဆောင့်ကြောင့်ထိုင်နေသော ဦးတိုင်းကို တွေ့ရသည်။ လုံချည်ကို မတင် ထွေးလုံးကာ ထိုင်နေသောကြောင့် ဖြူဖွေးသော ပေါင်လုံးများပေါ် ဆိုးကွင်းများသည် စိမ်းစိမ်းကြီး ပေါ်လွင်နေသည်။ သူသည် ခေါင်းတုံးကို ပွတ်သပ်ရင်း ဧည့်သည်များကို မျက်လုံးကြောင်ကြောင်ဖြင့် စူးစိုက်ကြည့်နေလေသည်။

"ဦးကြီးတိုင်း ကျွန်တော့ကို မမှတ်မိတော့ဘူးလား" ဟု မောင်ပြုံးချိုက အနီးတွင် ထိုင်ရင်း မေးလိုက်သည်။

ဦးတိုင်းက ခပ်တည်တည်ပင် ခေါင်းခါပြသည်။

"ဘယ်က လာကြတာလဲ"ဟု မပွင့်တပွင့် မေးသည်။

"ရန်ကုန်က လာကြတာလေ၊ ဒီဆရာကြီးက ဟိုအရင်တုန်းက ဒီမယ် မြို့ပိုင်လုပ်သွားဖူးတယ်"ဟု တစ်ယောက်က ဝင်ပြောသည်။ ဦးတိုင်းက မတုန် မလှုပ်။

"သူ ဘာမှ မသိတော့ဘူး၊ သူငယ်ပြန်နေပြီ"ဟု အနီးရှိ လူတစ်ယောက် က ပြောသည်။

"တစ်နေ့ကလည်း ဟောဟို ထပ်ခိုးပေါ် တက်လို့ လိမ့်ကျပြီး ခါးနာ နေတယ်၊ လူလစ်ရင် အဲဒီပေါ်ချည်း တက်ချင်နေတာပဲ၊ မနည်း ထိန်းနေရ တယ်"ဟု သမီးဖြစ်သူက ဝင်ပြောသည်။

ထိုစဉ်က ဦးတိုင်း၏သမီး ဖြူဖြူသေးသေး ကရင်လုံမငယ်သည် ယခု ညိုညိုဝဝ ကရင်အမျိုးသမီးကြီး ဖြစ်နေလေပြီ။ သားသမီး သုံးယောက် ပင် အတန်ကြီးပြင်းနေပါပြီ။ ဦးတိုင်း၏ အသက်မှာ ၈၅ နှစ် ရှိပြီဟု သိရသည်။

မောင်ပြုံးချိုနှင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ခင်မင် ရင်းနှီးခဲ့ ရသည်များကို ဘာမှ သတိမရတော့ပါ။ သူသည် အားလုံးကို နှုတ်ဆက်ကာ မကြည်မသာ ထွက်ခွာလာခဲ့လေသည်။

အသက် ၈၅ နှစ်အရွယ်ရှိ ကလေးကြီး ဦးတိုင်းသည် အိမ်ပေါ်တွင် ငေးလျက် ကျန်ရစ်လေသည်။

၂

သာယာကုန်းသို့ ပြန်ရောက်သောအခါ မှန်းတိမ်းနေပြီ။ ဦးကျော်ရှိန်၏ အိမ်တွင် ထမင်းပွဲပြင်လျက် စောင့်နေကြသည်။

ဦးကျော်ရှိန်၏ ဖခင် ဦးလှဘူးလည်း တလင်းထဲမှ ပြန်ရောက်နေပြီ၊ ဦးတရုတ်လည်း ထိုအိမ်မှ စောင့်နေသည်။ ဦးလှဘူး၏ အသက်မှာ ၇၃ နှစ်၊ ဦးတရုတ်၏အသက်မှာ ၇၀။ နှစ်ဦးစလုံး သန်တုန်း မြန်တုန်း။ လယ်ထဲ ဆင်းနိုင်တုန်း။ တလင်း နယ်နိုင်တုန်း။ စကားကြာသော် အခေါ်လွှတ်လိုက်သည့် စောမင်းကျော် ရောက်လာသည်။ နှစ်ပေါင်းအတော်ကြာ ကွဲကွာနေခဲ့သူ

မောင်ပြုံးချိုကို တွေ့ရသဖြင့် သူသည် ဝမ်းသာလို့ မဆုံး။ ပြောစရာ စကား တွေကလည်း ကုန်နိုင်ဖွယ် မရှိ။ နှစ်ပေါင်း ၃၀ အတွင်း အဖြစ်အပျက်တွေ ကလည်း စုံလှသည် မဟုတ်လား။ ထမင်းစားရင်းလည်း ပြောကြသည်။ လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ကို ကိုက်ရင်းလည်း ဆိုကြသည်။ ခင်းပေး ထားသည့် သင်ဖြူးပေါ်တွင် လှဲရင်း လှိမ့်ရင်းလည်း ဆွေးနွေးကြသည်။

မောင်ပြုံးချိုက သူ သည်နယ်က ထွက်သွားပြီးနောက် တာဝန်မျိုးစုံ ထမ်းဆောင်ခဲ့ရသည်များ၊ ရောက်ခဲ့သည့် ပြည်ပနိုင်ငံများအကြောင်းနှင့် အတွေ့ အကြုံများကို ပြန်ပြောင်း ပြောဆိုသည်။

"ဟာ မြို့ပိုင်ကြီးက ဒီက ထွက်သွားပြီး သွားလိုက်လာလိုက်တာ နဲ့ နေတာပဲ၊ ကျွန်တော်တို့တော့ ဘယ်မှ မရောက်ဘူး၊ ဒီနားမှာပဲ တဝဲလည်လည် ." ဟု စောမင်းကျော်က ဆိုလေသည်။

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့တော့ မြို့ပိုင်ကြီး ဟိုဟိုဒီဒီ ရောက်သွားနေတုန်း ဒုက္ခတွေ အမျိုးမျိုး ကြုံခဲ့ရတာပဲ"

"မှန်တာပေါ့၊ အဲဒီတုန်းကများ ဘယ်နေ့ အသက်ပျောက်မလဲ အောက် မေ့နေရတာ၊ တိုက်လိုက်တဲ့ မားပြ နေ့တိုင်းလိုလိုပဲ တစ်ယောက်ကို တစ် ယောက် သတ်လိုက် ဖြတ်လိုက်ကြတာလည်း လွန်ရော"

"တပ်ပြေးတွေ ဒီဘက်ရောက်လာပြန်တော့ ပိုဆိုးလာပြန်တာပေါ့။ နောက်ဆုံးတော့ သေသူ သေ၊ ကြေသူကြေနဲ့ ကျီးတုံးလဲ တစ်ရွာလုံး ပြာကျ ဘဲ့ဘဝ ရောက်ရတယ်"

"ကျုပ်တို့ သာယာကုန်းကတော့ ရှင်းပါတယ်၊ ဘယ်တပ်ပြေးမှ လာ ခဲ့တော့ သူတို့လောက် ဒုက္ခ မရောက်ဘူး"

"ဒါပေမဲ့ဗျာ အနီးအနားမယ် လှုပ်ရှားနေတော့ ကျုပ်တို့ရွာလည်း ဘယ် အေးမလဲ၊ တထိတ်ထိတ်ပေါ့၊ မသွားရဲ မလာရဲ မခေါ်ရဲ မပြောရဲဘဲ မြင်သူတိုင်း ကြောက်နေရတဲ့ခေတ်"

"ခုတော့ အေးပါပြီဗျာ"

ဤသို့လျှင် ရှေးဟောင်း နှောင်းဖြစ်များကို ပြောဆိုနေကြလေသည်။ အချိန်တွင် နယ်မြေသာယာမှု ရှိသဖြင့် လုပ်ကိုင် စားသောက်နိုင်ကြသော ကြောင့် ဝမ်းမြောက်နေကြလေသည်။

ဦးလှဘူးနှင့် ဦးတရုတ်တို့သည် တစ်ဦးလျှင် လယ် ၁၀ ဧကစီ စိုက်ပျိုး လုပ်ကိုင်လျက် ရှိလေသည်။ ဦးလှဘူးလယ်က တင်း ၄၀၀ ခန့် ထွက်မည်ဟု ခန့်မှန်းသည်။ ဦးတရုတ်လယ်က တင်း ၅၀၀ ခန့် ထွက်မည်ဟု ခန့်မှန်းသည်။ တလင်းမကြေသေး၍ တိတိကျကျတော့ မသိကြသေး။ အစိုးရ စပါးဒိုင်သို့ ဦးလှဘူးက တင်း ၁၁၀ နှင့် ဦးတရုတ်က တင်း ၁၂၀ ရောင်းရမည်ဟု သတ် မှတ်ထားကြောင်း ပြောပြကြလေသည်။

ဂုန်လျှော်များကိုလည်း နှစ်ဧက သုံးဧကစီ စိုက်ပျိုးကြသဖြင့် လယ် သမားတို့အဖို့ ဝင်ငွေကောင်းကြောင်းကိုလည်း ပြောပြကြသည်။

စောမင်းကျော်ကမူ လယ်ခြောက်ဧကသာ စိုက်ပျိုးပြီး ဂုန်လျှော် လေး ဧက စိုက်ပျိုးကြောင်း၊ စပါးဒိုင်သို့ တစ်ဧကလျှင် ၁၃ တင်းနှုန်း ပေးသွင်း မည် ဖြစ်သည်ဟု ဆိုလေသည်။

"ခြောက်ဧကနဲ့ တင်း ၄၀၀ လောက် ထွက်မယ်ဆိုတော့ တစ်ဧကထွက် နှုန်း ၆၆ တင်းကျော်တာပေါ့၊ အထွက်ကောင်းသားပဲ"ဟု မောင်ပြုံးချိုက မှတ်ချက်ပြုသည်။

"အထွက်တိုး စပါးများကော မစိုက်ကြဘူးလား"ဟု မောင်ပြုံးချိုက မေးလိုက်သည်။

"စိုက်ကြပါတယ်၊ အားလုံးတော့ မဟုတ်သေးဘူးပေါ့၊ သတ်မှတ်ထား တဲ့ ဧရိယာ အလိုက်တော့ အောင်မြင်အောင် ကြိုးစားနေကြပါတယ်။ စီမံကိန်း စတုန်းကဆိုရင် တောင်သူလယ်သမားတွေ သဘောပေါက်အောင် ပြောဖို့ မလွယ်ဘူး၊ အခုတော့ အကျိုးရှိမှန်းသိလို့ စိတ်ပါလက်ပါ လုပ်လာကြပါပြီ" ဟု ဦးကျော်ရှိန်က ပြောပြလေသည်။

ညနေစောင်းတွင် သာယာကုန်းမှ ထွက်ခွာလာခဲ့ကြသည်။ သပြေပင် ရွာတွင် ဝင်၍ ဦးအောင်ညွန့်ကို နှုတ်ဆက်ရသေးသည်။ ငှက်ပျောကုန်းရွာသို့ ရောက်သောအခါ သူကြီးဟောင်း ဦးလှခင်၏ အိမ်တွင် ခေတ္တဆင်းသည်။ ဦးလှခင်၏ အိမ်တွင် ဦးလှခင်ရော ဇနီးပါ မရှိကြတော့ပြီ။ လွန်ခဲ့သော နှစ် ပေါင်း ၃၀ ကျော်က ဦးလှခင်သည် ကျေးရွာသူကြီးသာမဟုတ်၊ အင်းသူကြီး လည်း ဖြစ်ခဲ့သည်။ ယခု မောင်ပြုံးချို ကိုယ်တိုင် ဝင်ထိုင်နေသည့် အိမ်ကြီး

သည်ပင် ဆောက်လက်စ ရှိသေးသည်။ ကျွန်းတိုင်လုံးချောကြီးတွေ ထူပြီး သွပ်မိုးထားရုံ ရှိသေးသည်။ အကာတစ်ပိုင်းတစ်စ အခင်းတစ်ပိုင်းတစသာ ရှိသေးသည်။

"ဦးလှခင် အိမ်ကြီးကတော့ ကောင်းပါ့ဗျာ၊ ဘယ်တော့မှ အပြီးသတ်မလဲတော့ မသိဘူး"ဟု မောင်ပြုံးချိုက ပြောမိသည်။

သည်တော့ အနီးရှိ ပုဂ္ဂိုလ်တစ်ဦးက "သူ့အိမ်က ခေတ်တစ်ခါပျက်မှ တစ်ဆင့် တိုးတက်တာဗျ၊ အင်္ဂလိပ် ပြေးတုန်းက တိုင်ထူတယ်၊ ဂျပန်ပြေးတော့ အမိုး မိုးတယ်၊ နောက်တစ်ခါ ရုတ်ရုတ်သဲသဲ ဖြစ်လာရင် အကာတို့ အခင်းတို့ ဖြစ်လာမှာပေါ့"ဟု ပြောသည်ကို မောင်ပြုံးချို နားထဲတွင် စွဲနေသည်။ သည်နောက် ခေတ်တွေ ပြောင်းခဲ့သည်။ သည်လိုနှင့် အိမ်လည်း ပြီးလေတော့သည်။ သို့သော် ဦးလှခင်တို့ ဇနီးမောင်နှံကား ထိုအိမ်ကြီးပေါ်တွင် ကြာရှည်မနေလိုက်ကြရ။

ဦးလှခင်၏ သမီးသည် ညီ့သည်များကို ခရီးဦးကြိုပြုသည်။ ဟိုယခင်မောင်ပြုံးချို ရှိစဉ်က အိမ်ထောင်ပင် မကျသေး။ ယခု ခင်ပွန်းသည်နှင့်အတူ သားကြီးသမီးကြီးတွေနှင့်ဖြစ်နေလေပြီ။ သူ ပြောပြသည့်သူ့မိဘများအကြောင်းကို လက်ဖက်ရည်ကြမ်းသောက်ရင်း နားထောင်ကြရလေသည်။

ထိုရွာမှ ထွက်လာကြပြီး ကန်ကြီးဘက်ရွာသို့ ရောက်သောအခါ ဆေးဆရာ ဦးစောညွန့်အိမ်တွင် တစ်ထောက်နားကြသည်။ ဦးစောညွန့်ကား မရှိတော့ပြီ။ သောင်းကျန်းသူတို့အလယ် မောင်ပြုံးချို မျက်နှာငယ်စဉ်က အကူအညီပေးခဲ့သူ ဖြစ်သည်။ ကျီးတုံးလဲရွာကို ခွာပြီးသည့်နောက်ပိုင်းတွင် ရန်မအေးပြန်သဖြင့် သူ့အိမ်ပေါ်တွင် သုံးလေးရက် ခိုအောင်းခဲ့ရလေသည်။

ဦးစောညွန့်၏ဇနီးသည် သူ့ခင်ပွန်းအကြောင်းကို မျက်ရည်စနှင့် ပြောပြသည်။

မောင်ပြုံးချိုတို့သည် မိုးညှို့နှင့် ကန်ကြီးဘက် ဆက်သွယ်ထားသည့် သစ်သား တံတားကြီးပေါ်မှ လျှောက်လာကြသည်။ သည်တံတားကို သခင်သန်း တံတားဟုလည်း ခေါ်ကြသည်။

ဂျပန်တော်လှန်ရေးကာလ စပ်ကူးမပ်ကူးအချိန်တွင် အစိုးရသစ်ဆိပ်ထဲမှ သစ်များကို ခွဲပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှ စစ်အုပ်ချုပ်ရေး ရောက်လာသောအခါ စစ်အရာရှိချုပ် ကာနယ်ရစ်ချတ်သည် တဲတားကြီးကို ကြည့်ရင်း ရင်ဘတ်စည်တီး ဖြစ်ရှာသည်။ "လှရှိန်မို့ လုပ်ရဲတာ၊ ကျုပ်ဆိုရင် မလုပ်ရဲဘူး" ဟု ဆိုသည်ကို ကြားဖူးလေသည်။

တည်းအိမ်သို့ ရောက်သောအခါ မှောင်စ ပျိုးနေလေပြီ။

၃

နောက်တစ်နေ့ မိုးညိုမှ ပြန်ကြတော့မည်။ သို့ကြောင့် လာရောက်နှုတ်ဆက်သူတွေနှင့် အတော် ညဥ့်နက်သည်အထိ စကားပြောနေကြသည်။ ပြောဆိုကြသည့် စကားတွေကား စုံလို့။ သည်အထဲတွင် လာမည့် မိုးရာသီတွင် ရေတိုက်စား၍ ကမ်းဆက်ပြိုလျှင် ဒုက္ခရောက်ကြမည့်အရေးကို အများဆုံး ပြောဆိုနေကြသည်။ မြို့သစ် တည်ထောင်ရမည့်အရေး၊ ဆေးရုံ၊ ရုံး စသည်များ ရွှေ့ပြောင်းရမည့်အရေးတို့ ဖြစ်သည်။ အချို့က မြို့သစ်ဟူသောစကားလုံးကိုပင် မသုံးလိုဟု ဆိုသည်။ 'မြို့သစ်'ဆိုလျှင် 'မြစ်သို့'ဆိုသည့် နိမိတ်ကို ပြသည်ဟု ပြောနေကြလေသည်။

လာရောက်တွေ့ဆုံသူများထဲတွင် ဟန်ထွန်းအောင် အမည်ခံ ဦးလှအောင်က မောင်ပြုံးချိုအား စာအုပ်တစ်အုပ် လက်ဆောင်ပါးလေသည်။ ထိုစာအုပ်မှာ ၁၉၄၆ ခုနှစ်က ထုတ်ဝေသည့် ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ် မှတ်တမ်းစာအုပ် ဖြစ်လေသည်။ အတော်ပင် ဟောင်းနွမ်းနေလေပြီ။ ချုပ်ရိုးများပြုတ်၍ စာရွက်များမှာလည်း ဝါပြီး ရှိနေပါပြီ။

အမှန်စင်စစ်မှာ ထိုစာအုပ်မှာ မောင်ပြုံးချို၏ စာအုပ်ပင် ဖြစ်လေသည်။ စက္ကူရှားသည့်အချိန်တွင် အုပ်ရေ ၁၀၀၀ သာ ရိုက်နှိပ်ပြီး မှတ်စဉ်ထိုး ဖြန့်ဖြူးခဲ့သည်။ ထိုစာအုပ်၏ မှတ်စဉ်မှာ ၆၀၇ ဖြစ်၍ မောင်ပြုံးချို၏ အမည်တပ်ကာ ထိုစဉ်က ဂျာနယ်ကျော် အယ်ဒီတာ သူငယ်ချင်း ကိုလှကြည် လက်မှတ်ရေးထိုး ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်က မောင်ပြုံးချိုသည် ဂျာနယ်ကျော်တွင် မြို့ပိုင်မောင်ပြုံးချို ဆောင်းပါးများ ရေးသားနေချိန် ဖြစ်လေသည်။ သောင်းကျန်းသူတို့ ဘေးရန်

ကြောင့် ပြေးရလွှားရ တိုက်ရ ခိုက်ရသောအခါ မောင်ပြုံးချို၏ စာအုပ်စာတမ်းများ ပျက်စီး ပျောက်ဆုံးခဲ့ရလေသည်။ သည်စာအုပ်မှာကား ဘယ်နည်းဘယ်ပုံ ဦးလှအောင်လက်ထဲ ရောက်နေသည်ကား မသိ။ မေးလည်း မေးမနေတော့ပြီ။ သူသည် စာအုပ်ကို ရင်ဝယ်ပိုက်ပြီး ဝမ်းမြောက်နေလေသည်။

"ကျွန်တော် နှစ်ပေါင်း ၃၀ လုံးလုံး သိမ်းထားခဲ့ပြီးပါပြီ၊ အခု ပိုင်ရှင်လက်ကို ပြန်အပ်ပါတယ်"ဟု ဦးလှအောင်က ဆိုလေသည်။ ပြုတ်လု တဲတဲပထမစာမျက်နှာကို လှန်လိုက်သောအခါ ဦးလှအောင်၏ ကဗျာကို တွေ့ရလေသည်။

၁၉၅၀ မှ ၁၉၈၀ ထိ

ဆုံသာဆုံ မကြုံကြိုက်
နှစ်ခြိုက်ဖွယ် မှတ်တမ်းလွှာ
ပေးအပ်နိုင်ပါ
ခွင့်အခါ သင့်ပါပေ့ ခုများ၊
နှစ်သုံးဆယ် ရင်ဝယ်မှီးကာ
သိမ်းဆည်းလျက်သား။
ထာဝစဉ် ပိုင်ချင်လျက်
နှစ်သက်တဲ့ မှတ်တမ်းလွှာ
သုံးဆယ်နှစ် ကြာ၊
အုပ်ရေက တစ်ထောင်သာ
နောင်မှာဖြင့် ရှိရှာဘူး၊
ခုများမှာ သူ့အား ပိုင်ရှင်ထံသို့
သမ္မာဇဉ် ဉာဏ်ရှင်ကိုးပါ၍
မြတ်နိုးစွာ တန်ဖိုးမှာ ဘာမထိုက်သော်လည်း
စေတနာ သဒ္ဓါစရိုက်နဲ့
ပေးလိုက်ညွှတ်နူး။ ။

ဟန်ထွန်းအောင် (လှအောင်)

၃၀-၁၂-၈၀

မိုးသိမ်ြို့။

နံနက်စောစော မော်တော်ယာဉ်ဆိပ်သို့ လျှောက်လာကြသောအခါ ဘုန်းကြီးကျောင်းများမှ အုန်းမောင်းခေါက်သံများကို ကြားရလေသည်။ ကြက်တွန်သံများကိုလည်း ကြားရသည်။ သည်အသံများသည် မောင်ပြုံးချိုအား လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်သို့ တွန်းပို့လိုက်လေသည်။ ထိုစဉ်က ခရီးသွားရန်ရှိလျှင် သူသည် သည်အချိန်တွင် အိပ်ရာမှ ထရသည်။ မိုးတွင်းခါ လှေလှော်နှင့် ဖြစ်စေ၊ နွေခါတွင် လှည်းနှင့် ဖြစ်စေ မင်းလှဘက်သို့ ခရီးထွက်မည်ဆိုလျှင် သည်အချိန်လောက်ပင် စတင် ထွက်ခွာရသည်။ လွတ်လပ်ရေးရပြီးနောက် သောင်းကျန်းသူတွေ မိုးညို့ ဝင်စီးကြသည့် အချိန်မှာလည်း သည်အချိန်ပင် ဖြစ်သည်။ မောင်ပြုံးချိုသည် ထိုစဉ်က သေနတ်သံ တဒိန်းဒိန်းကြားတွင် တထိတ်ထိတ် နေခဲ့ရသည်များကို ပြန်ပြောင်း သတိရနေလေသည်။ ယခု ကြားရသည့် အုန်းမောင်းသံသည် ယခင်က ကြားခဲ့ရသော အသံများထက် ပို၍ သာယာသည်။ ကြက်တွန်သံများလည်း ပို၍ ကြည်နူးစရာကောင်းလေသည်။ ငြိမ်းချမ်းခြင်း၏ အရသာပေတကား။

သည့်လောက်စောသည့်အချိန်မှာပင် သူတို့ကို လိုက်လံပို့ဆောင်နှုတ်ဆက်သူတွေ မနည်း။ မော်တော်လော်ရီကြီးပေါ်တွင်ကား လူတွေ အပြည့်။ စတင်ထွက်ခွာသောအခါ အရှေ့ဘက်မှ ရောင်နီလာနေပါပြီ။ မြို့ပြင်သို့ရောက်သောအခါ ဟိုနားသည်နားမှ စောင့်စီးသူတွေကို ရပ်၍ ရပ်၍ တင်ရသည်။ မင်းလှသို့ စောစောရောက်လိုလျှင် သည်ကားကို မမီ မလိုက်၍ မဖြစ်။ အင်းထဲမှ ငါးသည်တွေလည်း မင်းလှဈေး မီအောင် သွားကြရပေမည်။ တစ်နေရာတွင် ရပ်လိုက်သောအခါ မောင်ပြုံးချိုက တော်တော် စိတ်ညစ်သွားသည်။ လိုက်ပါမည့်သူများကား လူမဟုတ်။ ကြီးမားလှသည့် ဝက်ကြီးနှစ်ကောင် ဖြစ်လေသည်။ ခြေကိုရော လက်ကိုပါ ကြိုးတုပ်ထားသဖြင့် မလှုပ်နိုင် မရှားနိုင်။ ပါးစပ်ကသာ အားရပါးရ အော်ဟစ်မြည်တမ်းနေကြလေသည်။

ဝက်များကို လူသုံးလေးယောက် မကာ ခရီးသည်များ ခြေချရာ နေရာတွင် တင်ကြသည်။ ဝက်တို့ အော်ဟစ် ရုန်းကန်ရင်း ကားပေါ်ရောက်လာကြလေတော့သည်။ ဝက်သံကြောင့် ကားခေါင်မိုးပေါ်က ကြက်တွေလည်း လန့်ဖျပ် အော်မြည်ကြသည်။ တောင်းတွေထဲမှ ငါးတွေကလည်း တဖျတ်ဖျတ် ထခုန်ကြသည်။ ရှေ့ခန်းမှ ကက်ဆက်သံသည်လည်း ဟိန်းထွက်လာသည်။

သည်အချိန်တွင် လော်ရီကားကြီးသည် မင်းလှသို့ ရှေးရှု ခုန်ပေါက်ပြေးလွှားလာလေသတည်း။

## ရေစီးသန်သန် အားမာန်နှင့်ဆန်

၁

မောင်ပြုံးချိုသည် စာအုပ်တွေ ထည့်ထားသည့် ကျွန်းသေတ္တာကြီးကို ရှင်းလင်းနေသည်။ သေတ္တာကြီးထဲတွင် နှစ်ပေါင်း အတော်ကြာအောင် ထည့်သွင်းသိမ်းထားခဲ့သည့် စာအုပ်စာတမ်းများသည် ဟောင်းနွမ်းချွတ်ယွင်းပျက်စီးကုန်ကြလေပြီ။ ဖုန်အလိမ်းလိမ်း၊ အဖုံးတွေ ပြုတ်သည်က ပြုတ်၊ ဆွေးသည်က ဆွေး၊ ပိုးကိုက် သည်က ကိုက်၊ စုတ်သည်က စုတ်၊ ပြဲသည်က ပြဲ။

သည်အထဲမှ မှတ်စုစာအုပ်ကလေး တစ်အုပ် ထွက်လာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က နေ့စဉ် မှတ်တမ်းဆန်ဆန် ရက်ကျော် ရေးမှတ်ထားသည့် မှတ်စုကလေးများကို တွေ့ရလေသည်။ စုံစုံစေ့စေ့တော့ မဟုတ်။ ရေးမှတ်မိသည်များ ရှိသလို မရေးမှတ်မိသည်များလည်း ကျန်ခဲ့သည်။ သူသည် ကြွေကျတော့မလို ဝါကြန့်ဆွေးမြည့်နေသည့် စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် ဖတ်လို့ ရသမျှကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေလေသည်။

၁၉၄၉ ခု။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်၊ လွတ်လပ်ရေး ရပြီးစ တစ်နှစ်ခွဲမျှသာ ရှိသေးသည့် ကာလ၊ သောင်းကျန်းမှု အရှိန်အဟုန် ကြီးမားနေသည့် အချိန်၊ ပထမ စာမျက်နှာ ရက်စွဲတွင် ရက်နေရာ ပိုးကိုက်ပြီး ပျက်နေသည်။ သနင့်ခုသာ ရှိတော့သည်။ မောင်ပြုံးချိုသည် မှတ်တမ်းကို ဖတ်ရင်း သူ့အသက် ဆက်ဝက်ခန့် ပြန်ငယ်သွားလေသည်။

မှတ်တမ်းပထမ စာမျက်နှာတွင် ၁၉၄၉ ခု၊ ဇူလိုင်လအတွင်းက အဖြစ်အပျက်များနှင့် စထားသည်။ ထိုစဉ်က သာယာဝတီ တစ်ခရိုင်လုံး သောင်းကျန်း

သူတို့ ကြီးစိုးနေသဖြင့် မိုးညိုမြို့ပိုင် မောင်ပြုံးချို ရန်ကုန်တွင် ရောက်ရှိနေသည်၊ အထူးခွင့်နှင့် နေရသဖြင့် ဟိုရုံးဝင်၊ သည်ရုံးထွက် သွားလာနေသည်။ အားလပ်သည့်အခါများတွင် ပြည်သူ့စာပေတိုက်၊ မဂ္ဂဇင်းတိုက်တို့တွင် အချိန်ဖြုန်းနေသည်။ သည်နှစ်နေရာတွင် ရေးဖော်ရေးဖက်များ၊ ကျောင်းနေဖက်သူငယ်ချင်းများနှင့် ဝါရင့်စာရေးဆရာကြီးများကို တွေ့ရတတ်သည်။ စာအကြောင်း ပေအကြောင်း ဆွေးနွေးခွင့် ရသည်။ ဝေဖန်ကြသည်၊ ငြင်းကြသည်၊ ခုံကြသည်၊

သာယာဝတီကို အစိုးရတပ်ပေါင်းစုံက သိမ်းပိုက်ပြီးပြီဖြစ်၍ ၂၆-၇-၄၉ နေ့တွင် ထိုခရိုင်မှ အရာရှိကြီးငယ်များ သာယာဝတီသို့ ပြန်ကြရသည့်အကြောင်း မှတ်တမ်းတွင်ဒီ ပါရှိသည်။ မိသားစုများ ရန်ကုန်တွင် ထားခဲ့ရပြီး တစ်ကိုယ်ချင်း လာခဲ့ရသူများသည် အိမ်တစ်အိမ်တွင် စုပေါင်းနေထိုင်ကာ စုပေါင်းချက်ပြုတ် စားသောက်ကြသည်။ မိသားစုတွေ ရန်ကုန်တွင် ရှိနေသဖြင့် သာယာဝတီတွင် သောင်တင်နေသည့် မြို့မဲမြို့ပိုင်များ မကြာခဏ ရန်ကုန်သို့ လစ်တတ်ကြသည့်အကြောင်းလည်း ပါသည်။ သောင်းကျန်းသူတို့ လက်ပံတန်းလာတိုက်ကြသည့်အကြောင်း၊ ကျွန်းကလေး တံတားကို ဖောက်ခွဲ ဖျက်စီးပြီး ပြန်ဆုတ်ခွာသွားသည့်အကြောင်းလည်း ပါသည်။

သည်လိုနှင့် ၁၉၄၉ ခု၊ နိုဝင်ဘာလသို့ ရောက်လာသည်။ တစ်နေရာတွင် ဤသို့ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

၂၁-၁၁-၄၉၊ ကိုသိန်းနွယ် (မြို့ပိုင် နတ်တလင်း) ရန်ကုန်မှ ပြန်လာရာ ကျွန်တော်၏ဖနီး ၁၈ ရက်နေ့က သားယောကျ်ားလေး ဖွားမြင်ကြောင်း သိရ၏။ ခရိုင်ဝန်နှင့် တွေ့ပြီး ရန်ကုန်သို့ သွားခွင့်ပြုရန် ခွင့်တောင်း။

၂၂-၁၁-၄၉၊ နံနက် ၈ နာရီက သခင်စိန်မောင် (လက်ပံတန်း)၏ ဂျစ်ကားနှင့် ရန်ကုန်သို့ လိုက်လာသည်။ မိခင်ရော ကလေးပါ ကျန်းကျန်းမာမာ တွေ့ရ၍ ဝမ်းသာ။

၂

မောင်ပြုံးချိုသည် မှတ်တမ်းကို ရှေ့ဆက် မဖတ်တော့ဘဲ ငေး၍ စဉ်းစားနေလေသည်။ သည်ကလေးဟာ ဘယ်သူပါလိမ့်။ သားသမီးတွေကလည်း များသည်၊ ဘယ်သူ့အသက် မည်မျှ ရှိပြီကို မကြာခဏ ပြန်တွက်ရသည်။

"၁၉၄၉ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့ မွေးတာ ဘယ်သူလဲဟေ့"

မောင်ပြုံးချိုက အိမ်ရှေ့ခန်းတွင် ပုတီးစိပ်နေသည့် တင်မကြီးကို လှမ်းမေးလိုက်သည်။ တင်မကြီး ခေါင်းရှုပ်သွားလေပြီ။ ပုတီးကို အသာရပ်၍ ချိုးတွက် တွက်ရပြန်သည်။

"ညီညီက ၁၉၅၄ ခုနှစ်၊ မတ်လ မွေးတယ်လေ၊ ညီညီနဲ့ လေးငါးနှစ်ကွာ ဘယ်ဆိုတော့ ဂိတ်ပေါ့"ဟု တင်မကြီး ပြန်ဖြေသည်။

"ဂိတ် ဂိတ်၊ ဒီကောင် ၃၀ တောင် ကျော်သွားပါပကော"

မောင်ပြုံးချိုသည် မှတ်တမ်းဟောင်းကလေးကို ရှေ့တွင်ချကာ အတွေးနယ်ချဲ့နေလေသည်။

သူ့ကိုမွေးစဉ်က မောင်ပြုံးချိုသည် သူ့အရွယ်သာသာမျှ ရှိသေးသည်။ သို့တွင် သေနတ်သံ တဒိန်းဒိန်းနှင့် တိုက်ပွဲ နှစ်ကြိမ် ဖြစ်ကြသည်။ အစိုးရဘက်မှ ရရာလက်နက်ဖြင့် ခုခံကြသည်။ သူတို့တစ်တွေ ပြည်ဘက်မှ တစ်စတစ်စ ရှေ့တိုးလာပြီး မြို့ကို သိမ်းပိုက်မိသောအခါ မောင်ပြုံးချို တစ်ကိုယ်တည်း ရန်ကုန်သို့ ရှောင်လာခဲ့ရသည်။ တင်မကြီးနှင့် ကလေးတစ်အုပ်လည်း ပုန်းလျှိုးကွယ်လျှိုးနှင့် တောလမ်းကို ဖြတ်၍ ရန်ကုန်သို့ ကိုယ်ယောင်ဖျောက် ရောက်လာကြသည်။ သူနှင့်အတူ ရှစ်နှစ်သားအရွယ် သားကြီး၊ ခြောက်နှစ် အရွယ် သမီးကြီး၊ လေးနှစ်အရွယ်သားလတ်နှင့် နှစ်နှစ်အရွယ် သမီးတို့ ပါလာသည်။ ရွာရှိ စာပို့လုလင် မောင်ကျင်ဟန် ဆိုတာက ရန်ကုန်အထိ လိုက်ပို့သည်။ ထိုစဉ်က "ဂိတ်"သည် အမိဝမ်းတွင်းကိန်းအောင်းနေဆဲ။ တင်မကြီးသည် နှမငယ်ကလေး လေးယောက်ကို တစ်ပါတည်း ခေါ်ဆောင်လာရသည့်အပြင် ခိုင်မာနေပြီဖြစ်သော ပဋိသန္ဓေကိုလည်း တစ်ဝန်တစ်ပိုး သယ်မလာခဲ့ရသည်။

ရန်ကုန်ရောက်ရှိ၍ မကြာမြင့်မီ သူ့ကို ဖွားမြင်သည်။ စိတ်ရောကိုယ်ပါ ကြိုးပန်းခဲ့သူ မိခင်သည် နို့မထွက်။ ထို့ကြောင့် "ကောင်းအင်ဂိတ်" နို့မှုန့်ကို ဆက်ကျွေး၍ လူဖြစ်အောင် မွေးရသည်။ ဤသည်ကို အစွဲပြု၍ သားငယ်ကို "ကောင်းအင်ဂိတ်" ခေါ်ကြသည်။ အတန်ကြာသော် အတိုချုံး၍ "ဂိတ်"ဟု အမည်တွင်နေလေတော့၏။ မိသားစုအတွင်းမှာမူ "ဂိတ်"ဟု တွင်နေမြဲ။

သူ့ကို မောင်နှမသားချင်း မိသားစုတွေက ယခုအထိ "ဂိတ်"ဟုသာ

ခေါ်နေကြသည်။ ရင်းနှီးသည့် သူငယ်ချင်းများကပင် “ဂိတ်”ဟု နှုတ်ကျိုးနေကြသည်။ သူ့ကိုယ်သူကို “ဂိတ်”ဟု ခေါ်ဝေါ်ပြောဆိုတတ်ပြီး အတော်ကြီးလာမှ “ကျွန်တော်”ကို အသုံးပြုလေသည်။

မိခင်နို့ကို မစို့ခဲ့ရသည့် “ဂိတ်”သည် ကျောင်းထားသည့်အရွယ်သို့ တိုင်အောင်ပင် နို့ဘူးကို စွဲလမ်းလျက် ရှိသည်။ ပုခက်ထဲရှိ သူ့ညီငယ်၏နို့ဘူးကို မကြာခဏ ယူ၍ စို့နေတတ်သည်။ ကော်ဖီကို နို့ဘူးနှင့် ထည့်တိုက်လျှင် သဘောကျသည်။ ကျောင်းမသွားမီ ကျောင်းပြန်ချိန်များတွင် နို့ဘူးကို ငုံနေတတ်သည်။ တစ်ခါတော့ သူ့အစ်ကိုတစ်ယောက်က အမှတ်တမဲ့ နို့ဘူးကို သူ့လွယ်အိတ်ထဲ ထည့်ပေးလိုက်သည်။ ကျောင်းရောက်၍ စာအုပ်များ ထုတ်လိုက်ရာ နို့ဘူးကြီး ထွက်လာသဖြင့် အဖော်အပေါင်းများ အလယ် အရှက်ရပြီး နို့ဘူးပြတ်လေတော့သည်။

သူသည် ပညာရေးတွင် တော်လှသည်ဟု မဆိုသာသော်လည်း မညံ့။ တစ်နှစ် တစ်တန်း မှန်မှန် အောင်သည်။ သင်္ချာတွင် ထူးချွန်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လျှင် စက်မှုတက္ကသိုလ်သို့ သွားလိုသည်ဟု ဆိုသည်။ အစ်ကိုတွေ အစ်မတွေက ဆရာဝန် ဖြစ်စေလိုသည်။

“ငါ့တုန်းက သိပ်ဆရာဝန်ဖြစ်ချင်တာ မရခဲ့ဘူး၊ နင့်ကျရင်တော့ ဆေးတက္ကသိုလ် ရောက်အောင် လုပ်ပေတော့”

သူ့အစ်မက မကြာခဏ ပြောကြားတတ်သည်။

ဟုတ်ပါသည်။ သမီးငယ်သည် ဆေးတက္ကသိုလ်ရောက်ချင်သည်၊ ဆရာဝန် ဖြစ်လိုသည်။ တောနယ်များသို့ လှည့်လည်ပြီး ကျေးရွာလူထုကို ကုသမည်။ အတွေ့အကြုံတွေကို စာရေးမည်ဟု တဖွဖွ ပြောတတ်သော သမီးငယ်၊ ရည်ရွယ်ချက် မပြည့်မြောက်ဘဲ စက်မှုတက္ကသိုလ်ကိုသာ ရောက်ပြီး ဗိသုကာ ဖြစ်လာသည်။

“ဟော့ ဖိုးဂိတ်ကြီးစားကွ၊ တို့မောင်နှမထဲ ဆရာဝန်တစ်ယောက်တော့ ပါမှ၊ ဒါမှ မိသားစုအားကိုးရမှာ”ဟု သူ့အစ်မကြီးကလည်း တိုက်တွန်းသည်။

“ဟာ မမကလည်း ဂိတ် ဝါသနာမပါပါဘူး၊ ညီညီကျမှ ဆရာဝန်လုပ်နိုင်း”

သူက သူ့ညီငယ်ကို တာဝန်လွှဲသည်။

"ညီညီကိုတော့ ဆရာဝန် အလုပ်မခိုင်းပါနဲ့ဗျာ၊ ညီညီက တပ်မတော်ထဲ ဝင်ဖို့က လွဲလို့ တခြားအလုပ်တွေ စိတ်မဝင်စားပါဘူး" ဟု ညီညီက ဆိုသည်။

"လုပ်ချင်တာ ရဦးမှကိုး"

"ရအောင် ကြိုးစားရမှာပေါ့၊ ကြိုးစားရင် ရရမှာပေါ့"

ညီညီက အားမာန်အပြည့်နှင့် ပြောသည်။ ဖိုးဂိတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်သောအခါ ရရှိသည့် အမှတ်များသည် ဆေးတက္ကသိုလ်ဝင်နိုင်သည့် အဆင့်အတန်းမီသည်။ ထို့ကြောင့် မိသားစု၏ တိုက်တွန်းချက်ကို မလွန်ဆန်နိုင်ဘဲ ဆေးတက္ကသိုလ်သို့ ရောက်သွားလေတော့သည်။ နောက်တော့လည်း စိတ်ဝင်စားလာလေသည်။ စိတ်ဝင်စားသည်နှင့်အမျှ ကြိုးစားမှုရှိလာသည်။

ထိုအချိန်တွင် မောင်ပြုံးချိုတို့နယ်သို့ ပြောင်းရွှေ့ရသည်။ စက်မှုတက္ကသိုလ်မှ သမီးနှင့် ဆေးတက္ကသိုလ်မှ သားအတွက် အဆောင်တွင် ထားနေ ဘဏ္ဍာရေးအခက်အခဲ ရှိသည်။ အိမ်ထောင်စုဝင်ငွေ ထွက်ငွေ တွက်ရသည်။ မောင်ပြုံးချို၏ မိသားစု ဘတ်ဂျက်တွင် လိုငွေပြနေသည်။ ဘယ်လိုကြံရမည်နည်း။ ကံကောင်းသည်ဟု ဆိုရမည်လား မသိ။ ဘွဲ့ရပြီး သူ့သမီးကြီးက နည်းပြဆရာမ ဖြစ်လာသည်။ သူသည် နယ်ကောလိပ်တွင် မိဘများနှင့်အတူ ပြောင်းရွှေ့တာဝန်ထမ်းရမည် ဖြစ်သော်လည်း လခကိုမူ ရန်ကုန်တွင် ထုတ်ယူရမည် ဖြစ်သည်။ ထို့ကြောင့် မောင်နှမနှစ်ယောက်သည် အစ်မကြီး၏လခကို လစဉ် မှန်မှန်ထုတ်ကာ ခွဲဝေ ယူပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပညာကို ဆက်လက်သင်ကြားနေနိုင်ကြလေသည်။ သမီးကြီးသည် ကျောင်းသားကျောင်းသူများအား အတွေးအခေါ်ဆိုင်ရာ ပညာများကို ဆက်လက်သင်ကြားပို့ချရင်း ညီမငယ် မောင်ငယ်တို့၏ ပညာပါရမီကို ရရှိသည့် ချွေးနဲ့စာဖြင့် နှစ်အတော်ကြာအောင် ကူညီဖြည့်ဆည်းပေးနေရလေသည်။

ဖိုးဂိတ်သည် တစ်နှစ်တစ်တန်း မှန်မှန် အောင်မြင်သွားသည်။ သူ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အောင်မြင်သောအခါ မောင်ပြုံးချိုသည် ပြည်ဝ

တွင် တာဝန်ထမ်းဆောင်နေသည်။ သူက စာမေးပွဲအောင်ကြောင်း သံကြိုး ရိုက်လိုက်သည်။

“ဂိတ် အောင်တယ်”

“ဂိတ်”

သံရုံးက ပုဂ္ဂိုလ်တွေ ခေါင်းချင်း ရိုက်သွားကြသည်။ သံကြိုးစာကို ဖတ်ပြီး “ဘယ်လိုလျှို့ဝှက်ချက်ပါလိမ့်” ဟု တွေးကြ တောကြသည်။ မောင်ပြုံး ချိုက အကျိုးအကြောင်း ရှင်းပြမှ ပြုံးနိုင်ကြလေသည်။

မောင်ပြုံးချိုတို့ အမိနိုင်ငံသို့ ပြန်ရောက်သောအခါ ဆရာဝန် ဂိတ်သည် “ဆမ” ရရှိထားပြီ။ သို့သော် အလုပ် မဝင်ရသေး။ ညနေစောင်းတွင် ဆေးခန်း တစ်ခုသို့ သွားထိုင်သည်။ သူ့အဖို့ မုန့်ဖိုး ပဲဖိုးရသည်။ မိသားစုကို တစ်ဖက် တစ်လမ်းမှ ကူညီနိုင်သည်။

သူ့ထံရောက်လာသည့်လူနာများကို ဘယ်လို စေတနာထားကုကြောင်း၊ ဘယ်လူနာကို ဘယ်လိုကုသပေး၍ ပျောက်ကင်းသွားကြောင်းများ ကို ကြားရ သောအခါ မောင်ပြုံးချိုတို့ ဝမ်းသာရသည်။ “သာဓုကွယ် သာဓု သာဓု၊ ငါ့သား လေး လူအများကို အကျိုးပြုနိုင်ပါစေ” တင်မကြီး၏ဆုတောင်းသံကို မကြာ ခဏ ကြားရသည်။

တစ်နှစ်ခန့် ကြာသောအခါ ကျန်းမာရေးဝန်ကြီးဌာနမှခန့်ထားသည့် အလုပ်ကို ရရှိလေသည်။ ရန်ကုန်နှင့် မနီးမဝေးတွင် ရရှိသဖြင့် နံနက်သွား ညနေပြန် ပြုလုပ်နိုင်သည်။ မိဘနှင့် အိုးမကွာ နေနိုင်သည်။ ခပ်ဝေးဝေးရောက် သွားသော သူငယ်ချင်းတွေက ဤသို့ ရန်ကုန်နှင့် နီးနီးနားနား နေရ ခြင်းသည် မောင်ပြုံးချိုမျက်နှာကြောင့်ဟု ထင်ကြသည်။ “အဖေကြီးက လုပ်ပေးလို့” ဟု ဆိုကြသည်။

မကြာပါလေ။ ဆရာဝန် မောင်ဖိုးဂိတ် ဝေးလံရပ်ခြား အစွန်အဖျားသို့ ပြောင်းရလေပြီ။ ဝေးသည်မှ နည်းနည်းဝေးသည် မဟုတ်။ အလွန့်အလွန်ဝေး သည့်ဒေသသို့ ပြောင်းရမည်ဖြစ်သည်။ သည်အခါကျတော့ “အဖေကြီး မျက်နှာ ကြောင့်” ဟု မပြောတော့ချေ။ သို့သော် အပြောတော့ မလျှော့ကြ။ ထင်ရာကို တော့ ပြောကြသေးသည်။

"သူ့အဖေကြီး နှိပ်ချင်လို့ သားကို ဆော်ထည့်လိုက်တာ" တဲ့။

"ဟုတ်မယ်၊ ဟုတ်မယ်၊ အဘိုးကြီးကလည်း ခပ်စွာစွာ မဟုတ်လား" တဲ့။

ဆရာဝန် မောင်ဖိုးဂိတ် ခရီးရှည်ကြီး ထွက်ရန် စီစဉ်ရတော့သည်။

"ငယ်တုန်း ဒီလို မရောက်ဖူးတဲ့ နေရာတွေ ရောက်ရတာ ကောင်းတယ်၊ အစိုးရက တာဝန်နဲ့ ပို့လို့ ရောက်ရတာ၊ ကိုယ့်ဘာသာ ကိုယ်သွားဖို့ မလွယ်ဘူး။ ဖေဖေတောင် သားနဲ့အတူ လိုက်ချင်သေးတယ်၊ စာရေးဖို့ ကုန်ကြမ်းလေးဘာ လေး ရှာရအောင်"

မောင်ပြုံးချိုက ဤသို့ အားပေးစကား ဆိုသည်။

"အမယ်လေး ကျုပ်သားလေး ဘာပြုလို့များ ဒါလောက်ဝေးတဲ့ အရပ် ကို ပို့ရတာပါလိမ့်။ ဘယ်လိုလုပ်သွားမလဲ၊ ခရီးလမ်းကလည်း ကြမ်းပါဘိနဲ့၊ ဟိုကျရင် သားလေး ဘယ်လိုလုပ်နေမလဲ၊ သူ့ကို ဘယ်သူချက်ပြုတ်ကျွေး မလဲ"

တင်မကြီးကတော့ တသိတတန်းကြီး တွေးတော ပူပန်လေတော့သည်။ ဘုရားစင်တွင် ဖယောင်းတိုင်မီးတွေ မြိုင်နေအောင် ထွန်းလေသည်။ ညဦး ဘွင်လည်း ကောင်းကောင်းမအိပ်။ မကြာခဏ ထထိုင်နေတတ်သည်။ တတွတ် ဘွတ်နှင့် ရွတ်ဖတ် သရဇ္ဈာယ်နေသည်။ ပုတီးစိပ်နေတတ်သည်။ ဆုတောင်း ခမတ္တာပို့နေသည်။

"မေမေရယ် ဂိတ်အတွက် ဘာမှ မပူပါနဲ့၊ ဖေဖေ သားတို့အရွယ်တုန်း က ဆိုရင် တကယ့်လူကြီးလုပ်ပြီး တာဝန်ကြီးကြီးတွေ ထမ်းနေပါပြီ၊ နေရာ ဒေနဲ့အပြားလည်း ရောက်ခဲ့ပြီ၊ အခက်အခဲတွေလည်း အမျိုးမျိုး ရင်ဆိုင်ခဲ့ပြီ၊ ဒိဘ်ထက်ငယ်တဲ့ညီညီတောင် တပ်မတော်ထဲမယ် တိုင်းပြည်တာဝန်ကို ထမ်း နေပြီ၊ ဂိတ်သာ မိဘနဲ့ မခွဲမခွာဘဲ ကလေးကြီးလို ဖြစ်နေတာ"

"ဟဲ့ သားက ညီညီနဲ့ တူတာမဟုတ်ဘူး၊ ဟိုက စစ်ဗိုလ်၊ ကြမ်းကြမ်း တမ်းတမ်း အလေ့အကျင့် ရပြီးသား၊ သားက အလွန် စိတ်အားငယ်တတ်တာ၊ သားတစ်ယောက်တည်း လွှတ်လိုက်ရမှာ မေမေ စိတ်မချဘူး၊ နေထိုင်မကောင်း ဖြစ်ရင် ဘယ်သူ ပြုစုမလဲ၊ သားကို ဘယ်သူ ချက်ပြုတ်ကျွေးမလဲ"

ဖိုးဂိတ်က လူပါး၊ ဒီအကွက်ကို စောင့်နေသည်။ ရေမှာ အဆန်ရှိသလို သူ့မှာလည်း အကြံနှင့်။

"ဒါက လွယ်ပါတယ် မေမေရယ်၊ သားနဲ့ အတူလိုက်ပြီး ပြုစုစောင့်ရှောက်မယ့်သူ တစ်ယောက် ထည့်ပေးလိုက်ပေါ့"

"ဟဲ့ ဘယ်သူ လိုက်နိုင်မလဲ၊ ညီအစ်ကို မောင်နှမတွေကလည်း သူ့အလုပ်နဲ့သူ၊ ဆွေမျိုးထဲကလည်း ဘယ်သူရှိလို့တုံး"

"လိုက်မယ့်သူ ရှိပါတယ် မေမေရယ်"

"ဘယ်သူလဲ၊ ကဲ ဘယ်မှာတုံး"

"သား အမေ့ကို ပြောဖူးတဲ့အမျိုးသမီးလေ၊ အမေ တွေ့ဖူးသားပဲ ဟာ"

အမေ တင်မကြီး ငေးသွားလေသည်။

သို့နှင့် ဖိုးဂိတ်၏ လက်ထပ်မင်္ဂလာကိစ္စကို ခပ်မြန်မြန် စီစဉ်ပေးလိုက်ကြရလေသည်။

ကြင်စဦး ဇနီးမောင်နှံတို့ ပျော်ပျော်ပါးပါး ခရီးထွက်သွားကြလေသည်။ စစ်ကိုင်းသို့ ရောက်လေပြီ။ တစ်ညသသ၌ ဖိုးဂိတ်၏အသံ တယ်လီဖုန်းထဲက ကြားရသည်။

"မေမေ၊ သား သူ့ကို ဟိုအထိ ခေါ်သွားလို့ မဖြစ်ဘူးတဲ့။ ဦးလေးဦးကျော်ကျော်က ခရီးသိပ်ကြမ်းတယ်။ ပြီးတော့ မိုးတွင်းအခါလည်း ဖြစ်တော့ ပိုဆိုးတယ်တဲ့။ အမျိုးသမီး လိုက်လို့ လုံးဝ မဖြစ်ဘူးတဲ့။ ဒါကြောင့် သူ့ကို မနက်ဖြန်ခါ ရန်ကုန် ပြန်လွှတ်လိုက်တော့မယ်။ ဘုရားကသာ ဆီးကြိုပါတော့"

တင်မကြီး စိတ်ပူပြန်လေသည်။

"ကလေး တစ်ယောက်တည်း ဘယ်လို လုပ်မလဲ"

"ဟ တို့သားဟာ ကလေး မဟုတ်တော့ပါဘူးကွာ"

မောင်ပြုံးချိုက အားပေးလေသည်။

၃

နောက်လေးငါးရက်ကြာသောအခါ မုံရွာက ထည့်လိုက်သော စာတစ်စောင် ရသည်။

၂၀–၇–၈၀

ဒီစာရေးတဲ့အချိန်မယ် မုံရွာမှာ သောင်တင်နေတုန်းပဲ။ မြို့နယ် ဆရာဝန်လည်း အဲဒီရောက်တော့ သူနဲ့အတူ သန်ဘက်ခါလောက် ထွက်ဖြစ်မယ် ထင်ပါတယ်။ ဟုမ္မလင်းရောက်အောင် တစ်ပတ် လောက်တော့ ကြာမယ် ထင်တယ်၊ မိုးတွင်းမှာ ရေစီးကလည်း သန်၊ အဆန်ဆိုတော့ ပိုကြာချင် ကြာမယ်။ ဂိတ်အတွက် ဘာမှ မစိုးရိမ်ပါနဲ့။ ဒီမယ် လေရှီးက အဖွဲ့တွေ ရှိနေတော့ အဆင်ပြေပါ တယ်။ စိတ်မပူပါနဲ့။ အဖွဲ့ထဲမယ် ကျွန်တော်က အငယ်ဆုံးဆို တော့ အစစ ဦးစားပေးကြပါတယ်။ အားပေးကြပါတယ်။ ဦးလေး ဦးကျော်ကျော်ကလည်း ရဲစခန်းတွေနဲ့ ဆက်ပေးထားပါတယ်။

၂၆–၇–၈၀။ လမ်းမှာ သုံးညရှိသွားပြီ။ မနေ့က ကလေးဝ ရောက်မယ် ထင်နေတာ မရောက်ဘူး။ မော်တော်စက်ပျက်နေလို့။ ဒီစာ မော်တော်ပေါ်မှာပဲ ရေးပြီး အောက်ဆင်းမယ့် လူကြုံနဲ့ ထည့် နိုင်းလိုက်တာ။ လမ်းမယ် လူတွေကလည်း တဖြည်းဖြည်း များလာ တော့ အနေအထိုင်ကျပ်လာတယ်။ လမ်းခရီးကတော့ အရမ်း သာယာတာပဲ။ အခု မြစ်ကျဉ်းဘေးတစ်ဖက်တစ်ချက်က ကမ်းပါး ကြီးတွေနဲ့ မိုးနေပြီ။ ကြည့်ရတာ တစ်မျိုးပဲ။ လှလိုက်တာ၊ အိမ်ကို သိပ်သတိရတာပဲ။ ကလေးတွေပါလာရင် သိပ်ပျော်မှာ။ ဒါပေမဲ့ သွားရတာ သိပ်ခက်ခဲတယ်။ နောက်ပြီး ဟိုက ဝင်၊ ဒီက ထွက်နဲ့ စိတ်ညစ်ဖို့ ကောင်းတာပေါ့။ ကျွန်တော်တို့ကိုတော့ မော်တော်ပေါ် က တစ်နပ်ငါးကျပ်နဲ့ထမင်းကျွေးတယ်။ တော်သေးတာပေါ့။ သူတို့ မကျွေးရင် အစားအသောက် အတွက် ခက်သေးတယ်။ နောက် ဆိုက်မယ့် မြို့ကျရင် စာထပ်ထည့်ဦးမယ်။

သား ဖိုးဂိတ်ထံမှ စာကို သမီးငယ်က ဖတ်ပြသည်။ မောင်ပြုံးချိုနှင့် ...င်မကြီးက နားထောင်နေကြလေသည်။ သူ့လက်ရေးကို အဘိုးကြီး အမယ် ...ိုတို့ ဖတ်မရ။ သမီးငယ်တွေကတော့ ကောင်းကောင်းဖတ်နိုင်သည်။

မောင်ပြုံးချိုသည် ငေးလျက် တွေးနေလေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ က အခြေအနေနှင့် ယခုအခြေအနေကို ယှဉ်ကြည့်နေမိသည်။ ထိုစဉ်က သူ့အသက်သည် ၃၀ ကျော်သာ ရှိသေးသည်။ သန်တုန်းမြန်တုန်း၊ စိတ်တို တတ်တုန်း၊ စိတ်ဆိုးလွယ်တုန်း၊ ပြောစရာရှိလျှင် မညှာမတာ ပြောတတ်တုန်း၊ လုပ်စရာရှိလျှင်လည်း တုံးတိုက်တိုက် ကျားကိုက်ကိုက်။ သူသည် နှစ်ပေါင်း ၃၀ ကျော်အတွင်း အလုပ်အမျိုးမျိုး ပြောင်းခဲ့သည်။ နေရာစုံ ရောက်ခဲ့သည်။ တာဝန်တွေ အဖုံဖုံထမ်းခဲ့သည်။ ယခု အငြိမ်းစားယူလျက်ပင် ရှိလေပြီ။ နှစ်ပေါင်း ၃၀ ကျော် အတွင်း တွေ့ကြုံဖြတ်သန်းခဲ့ရသည့် ခရီးလမ်းကြောင်း ကို ပြန်ပြောင်းကြည့်မိလေသည်။ ဘဝခရီးတစ်လျှောက် တွေ့ခဲ့ကြုံခဲ့ရသည့် သူများ၏မျက်နှာကို မြင်ယောင်နေသည်။ အချို့လည်း ကွယ်လွန်ကုန်ကြ လေပြီ။ အချို့လည်း ဇရာနှင့် ဗျာမိတို့၏ဒဏ်ကို ခံနေကြရလေပြီ။

ဖိုးဂိတ်ကို မွေးစအချိန်က ရန်ကုန်မှ သာယာဝတီသို့ပင် စိတ်အေး လက်အေး ခရီးသွားလို့ မဖြစ်၊ ယခုဆိုလျှင် နေ့ရောညပါ သွားလာနေနိုင်ကြ လေပြီ။ အခြားဒေသများတွင်လည်း အေးချမ်းသာယာလျက် ရှိလေပြီ။ တိုင်းပြည်၏ အခြေအနေ ပြောင်းလာသလို သူတို့မိသားစု အခြေအနေလည်း ပြောင်းလဲလာခဲ့၏။ နှစ်ပေါင်း ၃၀ အတွင်း သားတွေ သမီးတွေ လူလား မြောက်လာခဲ့၏။ တိုင်းပြည်တာဝန်ကို သူတို့တစ်တွေ အဘက်ဘက်မှ ထမ်း ဆောင်လျက် ရှိကြ၏။ သည်အချိန်တွင် အဝေးရောက်နေကြသည့် သားများကို ပို၍ သတိရနေလေသည်။

သူသည် နေရာမှ ထကာ နံရံတွင် ချိတ်ဆွဲထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ မြေပုံကြီးကို ကြည့်နေလေသည်။ သူ့သားတစ်ဦး ရှိသည့် ပုသိမ် သို့ မျက်စိရောက်သွားသည်။ ထိုမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက် လာပြီး သားထွေးတပ်ရှိရာ မြင်းခြံသို့ ရောက်လာသည်။ ထို့နောက် မန္တလေး မုံရွာမှတစ်ဆင့် သားဖိုးဂိတ် ဆန်တက်နေသည့် ချင်းတွင်းမြစ်ကြောင်းကို တက်လိုက်သွားလေသည်။ သူ့သားသည် တတ်သိသော ပညာဖြင့် ပြည်သူလူ ထုကို အလုပ်အကျွေးပြုရန် အရှိန်ပြင်းစွာ စီးဆင်းနေသည့် မြစ်ရေအလျဉ် ကို အားနှင့်မာန်နှင့် ဆန်တက်နေသည်တကား။

မိခင် ဖခင်တို့ အနားယူချိန်တွင် သားသမီးတွေ လုပ်ငန်းခွင်သို့ ဝင်ရောက်နေကြလေပြီ။ ပြည်ထောင်စု အနှံ့အပြားတွင် သူတို့လို အမိအဖတွေ အများအပြား ရှိသလို သူ့သားသမီးတွေလို သားတွေ သမီးတွေလည်း သန်းနှင့်ချီ၍ ရှိပေလိမ့်မည်။

မောင်ပြုံးချိုသည် တင်မကြီးကို လှည့်ကြည့်လိုက်သည်။ ဘုရားစင်ရှေ့ရောက်နေသည်ကို တွေ့ရလေသည်။

# မိခင်ဦးခေါင်းချရာ

၁

ထန်းကုန်းရွာ။ မိခင် ဦးခေါင်းချရာ။

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တွင် ရှိသော ထန်းကုန်းရွာ။

မောင်ပြုံးချိုသည် ထိုရွာမှ ၁၁ နှစ်သားအရွယ်က ထွက်ခွာခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်လွန်ခဲ့လေပြီ။ ၃၃ နှစ်အရွယ်တွင် ကွယ်လွန်သွားသော မိခင်၏ ရုပ်အလောင်းကို ရွာ၏အနောက်ဘက် မူးချောင်းကမ်းဘေး သုသာန်တွင် မြှုပ်နှံပြီး နောက်တစ်နေ့တွင် ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

ကွယ်လွန်ချိန်က မိခင်သည် ငယ်ရွယ်နုပျိုသူတစ်ဦးဟု မစဉ်းစားမိ။ အရွယ်ရင့်ပြီဖြစ်သော အမျိုးသမီးကြီးတစ်ဦးဟုပင် မာတာမိခင်ကို ထင်မှတ်မိသည်။ မိမိကိုယ်တိုင် အရွယ်ရလာ၍ ပြန်လည် တွေးတောလိုက်သောအခါ ကျမှသာ မိခင်သည် အသက်အရွယ်ငယ်ငယ်နှင့် လူ့ဘဝကို စွန့်ခွာသွားသည်တကားဟု ဆင်ခြင်မိလေသည်။ ယူကျုံးမရ ဖြစ်ရသည်။

ယခု နှစ်ပေါင်း ၅၀ ကျော်ပြီးနောက် မိခင် ဦးခေါင်းချရာ ထန်းကုန်းရွာသို့ တစ်ခါတစ်ခေါက် ပြန်လည် ရောက်ရှိရပြန်လေပြီ။

၂

ရောက်ရှိလာရပုံကား ဤသို့ . . .

ဆရာငွေမောင်၊ ဆင်ဖြူကျွန်းအောင်သိန်းနှင့် မောင်ပြုံးချို။ သုံးဦးသော စာပေလုပ်သားတို့သည် ချင်းတွင်းမြစ်၏ တစ်ဖက် ပုလဲမြို့ဆီသို့ စာပေခရီးဆန့်ခဲ့ကြသည်။ ပုလဲမြို့ပေါ်တွင် စာပေတာဝန်များကို ထမ်းဆောင်ကြသည်။ စကားရည်လုပွဲ၊ စာပေဆုပေးပွဲများကို တက်ရောက်အားပေးကြသည်၊

ဘာပေအကြောင်းများကို ဟောကြ ပြောကြ ဆွေးနွေးကြသည်။ ပုလဲမြို့နယ်သည် ဂျုံအထွက်တိုး မြို့နယ်တစ်ခုဖြစ်သည့်အလျောက် ဂျုံခင်းတွေကို လှည့်သည်ကြည့်ရှုကြသည်။ ဂျုံစိုက်ပုံ ပျိုးပုံများကို လျှပ်တစ်ပြက် လေ့လာ ကြသည်။ ကင်းဝန်မင်းကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မင်းတိုင်ပင်ရွာသို့လည်း ရောက်ခဲ့သည်။ မင်းကြီး ကောင်းမှုကုသိုလ်ဖြစ်သော ဘုန်းတော်ကြီးကျောင်းကိုလည်း ကြည့်ရှုလေ့လာခဲ့သည်။

ပုလဲတွင် နှစ်ည အိပ်ပြီး အပြန်ခရီးတွင် မုံရွာနှင့် မြင်းမူတို့၌ စာပေဟောပြောပွဲများကို နွှဲခဲ့ရလေသည်။

မြင်းမူသို့ ရောက်သည်နှင့် ကန့်ဘလူမြို့မှ အကြိုတော်ကို တွေ့ရလေသည်။

"ကျွန်တော်က ကန့်ဘလူက လိုက်လာတဲ့ ရုံးအဖွဲ့မှူး ခင်မောင်မြင့်ပါ။ ဆရာတို့က မန္တလေးက လာကြိုပါဆိုလို့ ကျွန်တော် ဒီဇင်ဘာလ ၁၉ ရက်နေ့ကတည်းက မန္တလေးရောက်ပါတယ်။ ဆရာတို့ သံကြိုးက ရန်ကုန်မြို့အမေ့ပေးရန်စာ ဆိုတာလို ဖြစ်နေတော့ ဘယ်သူ့မေးရမှန်းမသိနဲ့ မန္တလေးတစ်မြို့လုံး ဆရာတို့ကို လိုက်ရှာရတာ တဝဲလည်လည်နဲ့ မောနေတာပဲ"

ကိုခင်မောင်မြင့်က ပြစ်တင်စကား ဆိုတော့သည်။ မောင်ပြုံးချိုတို့ကလည်း သူ့ကို သက်သက်ဒုက္ခပေးသလို ဖြစ်နေသောကြောင့် အားနာ၍မဆုံး။ တစ်ချက် သတိလစ်သွားသည်နှင့် ဤသို့ ဖြစ်ရသည်။

"ရန်ကုန်က မထွက်ခင် သံကြိုးတစ်စောင် ထပ်ရိုက်သေးတယ်လေ၊ မန္တလေးမယ် ဆရာဦးချမ်းမြနဲ့ ဆက်သွယ်ပါလို့"

မောင်ပြုံးချိုက စကားပြေ ပြောသည်။

"အဲဒီ သံကြိုးစာတော့ ကျွန်တော် ထွက်လာတဲ့ အထိ မရောက်သေးဘူးခင်ဗျ"

ကိုခင်မောင်မြင့်က ပြန်ပြောသည်။

"ဒါနဲ့ ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ"

"ဟာ မပြောပါနဲ့တော့ ဆရာရယ်။ ကျွန်တော် ဦးလေးလှအိမ်လည်း ရောက်တယ်။ ပြန်ကြားရေးက ဦးခင်မောင်ကြီးအိမ်လည်း ရောက်တယ်။

ခါးတန်းက ဦးလေးကျော်တို့အိမ်ရောက်မှ ဆရာဦးချမ်းမြနဲ့ ဆက်သွယ်ဖို့ သိရတော့တယ်၊ ဒါနဲ့ ဆရာဦးချမ်းမြ အိမ်ရောက်တော့ ဆရာတို့ပုလဲ သွားလေရဲ့၊ မန္တလေးက စောင့်ဖို့ မှာသွားတဲ့အကြောင်း သိရတယ်၊ ဒီလိုဆိုရင် ကျွန်တော်လည်း ဒီကတော့ မစောင့်တော့ဘူး။ မြင်းမူကပဲ စောင့်ပြီး ဖြတ်ခေါ်သွားတော့မယ် ဆိုပြီး ဒီ လိုက်လာတာပဲ"

"ခင်ဗျား ဉာဏ်ရှိတယ်" ကိုခင်မောင်မြင့်ကို မောင်ပြုံးချိုက ချီးကျူးလိုက်သည်။

မောင်ပြုံးချိုသည် မြို့ပိုင် နယ်ပိုင်လုပ်ခဲ့ရာမှ သည်ဘဝရောက်လာသလို ကိုခင်မောင်မြင့်သည်လည်း မြို့ပိုင်ဘဝမှ ရုံးအဖွဲ့မှူးအဖြစ် ဘဝပြောင်းလာသူ မဟုတ်လော။

အချင်းချင်းတွေ ဤသို့ မချီးကျူးလျှင် မည်သူလာ၍ ချီးကျူးမည်နည်း။

"ဟုတ်တယ်လေဆရာ၊ အချိန်ကလည်း သိပ်ကြာနေတယ်၊ မန္တလေးရောက်သွားရင် ကန့်ဘလူ ပြန်တက်လာဖို့က ခရီးထောင့်နေပြီ၊ ဒီကနေ ရွှေဘိုကို ကားနဲ့ မနက်ရထားအမီ သွားမယ်"

ဦးခင်မောင်မြင့်နှင့် အတူပါလာသူက ပြောသည်။ "နေစမ်းပါဦး၊ မောင်ရင်ကကော ထန်းကုန်းက လာတာလား၊ ပြီးတော့ ဟောရပြောရမှာက ကန့်ဘလူမှာလား ထန်းကုန်းမှာလား"မောင်ပြုံးချိုက ထိုသူငယ်ကို မေးသည်။

"ကျွန်တော်က ထန်းကုန်း ဦးစံရ၊ ဒေါ်ကျင်မှုံရဲ့မြေးပါ၊ ဒေါ်ထွေးကြည်သားပါ။ ဆရာကြီး မိဘအကြောင်း ဆရာကြီးအကြောင်းတွေကို ကျွန်တော်ငယ်ငယ်ကတည်းက အဘိုးအဘွားမိဘတွေဆီက ကြားဖူးနေပါတယ်။ အခုတော့ အဘိုးအဘွားတွေရော မိဘတွေရော ဆုံးကုန်ပါပြီ။ ကျွန်တော် မြင်းမူနယ်ထောချောင်းဦးရွာမယ် ကျောင်းဆရာလုပ်နေပါတယ်။ ကျွန်တော်လည်း စာပေလုပ်သားပါပဲ။ မောင်ကြည်သောင်း(ကောလင်း) အမည်နဲ့ ရေးပါတယ်။ အမည်ရင်းက မောင်မြင့်လွင်ပါ"

သူငယ်က သူ့ကိုယ်သူ မိတ်ဆက်ပြောသည်။ သည်တော့မှ မောင်ပြုံးချိုသည် ဦးစံရ၊ ဒေါ်ကျင်မှုံတို့ကို မြင်ယောင်လာသည်။ ထန်းကုန်းဘူတာလမ်းတွင်ရှိ အိမ်ကြီးတစ်ဆောင်။ အိမ်ရှေ့ရှိ ဆီးပင်အုပ်အုပ်ကြီးတွင် ဒန်းဆင်ထား

သည်။ "ခုနစ်ဆောင်ပြိုင်အိမ်ကြီးသမီးက ခြောက်ထောင်" ဟူသော သီချင်းအတိုင်း အချောအလှသမီးတွေကလည်း အပြိုင်းအရိုင်း။ အပျိုကြီး၊ အပျိုလတ်၊ အပျိုငယ် အရွယ်ကလည်း စုံလှသည်။ ထိုစဉ်က မည်သူမျှ အိမ်ထောင်မပြုကြသေး။ မောင်ပြုံးချို၏အသက်မှာ ၁၀ နှစ်ခန့်။ သူတို့ညီအစ်မတွေက မောင်ပြုံးချိုကို မောင်ငယ်ကလေးတစ်ယောက်လို ချစ်ခင်ကြသည်။ မောင်မြင့်လွင်၏မိခင်မှာ သူ့ထက် သုံးလေးနှစ်ခန့်သာ ကြီးမည်ထင်သည်။ ပိန်ပိန်ပါးပါး ယဉ်စစနှင့်။

"ဟောဖို့၊ ပြောဖို့ ကိစ္စကတော့ ဒီလိုပါ" မောင်ပြုံးချို နောက်ကြောင်းပြန်တွေးနေစဉ် ကိုခင်မောင်မြင့်က အစီအစဉ်ကို ပြောသဖြင့် ငေးတွေးနေရာမှ နားစိုက်ထောင်လိုက်သည်။

"ကန့်ဘလူမယ် ဟောပြောပွဲကို တခမ်းတနား ကျင်းပဖို့ စီစဉ်ထားပြီး ရန်ကုန်က ဆရာများ လာနိုင်မယ် မဟုတ်ဘူးဆိုပြီး ဒီအနီးအနားက စာရေးဆရာတွေနဲ့ပဲ ကျင်းပပြီးသွားပါပြီ။ နောက်မှ ဆရာတို့ လာမယ်ဆိုတာ သိရတော့ ကျွန်တော်တို့ တော်တော်စိတ်မကောင်း ဖြစ်သွားတယ်။ ဒါနဲ့ ဒီနှစ်တော့ ကန့်ဘလူမယ် ဟောပြောပွဲ နှစ်ခါတော့ မလုပ်တော့ဘူး။ နောင်နှစ်မှပဲ ခမ်းခမ်းနားနားဖြစ်အောင် လုပ်တော့မယ်လို့ ဆုံးဖြတ်ကြတယ်။ ဒီအတောအတွင်း ထန်းကုန်းက ဒီသတင်း ကြားတော့ ဆရာတို့ကို ရအောင် ဖိတ်ခေါ်ပေးပါ၊ ထန်းကုန်းမယ် စာပေဟောပြောပွဲ လုပ်ချင်ပါတယ် ဆိုပြီး ကျွန်တော့်ကို လွှတ်လို့ ကမန်းကတန်း လိုက်လာရတာပါပဲ။ ထန်းကုန်းကတော့ ဆရာငယ်ငယ်က နေသွားတဲ့အရပ်ဆိုတော့ ဆရာ့ကိုလည်း ဆရာ့မိဘ အပေါင်းအသင်းတွေ ဆရာရဲ့သူငယ်ချင်း မိတ်ဆွေတွေက တွေ့ချင်နေကြပါတယ်"

"ဆရာတို့ ဘယ်လိုလဲ၊ ထန်းကုန်းကို လိုက်ကြမလား"

မောင်ပြုံးချိုက ကိုဆင်ဖြူကျွန်းနှင့် ကိုဒွေးမောင်၏ သဘောထားကို မေးလိုက်ပါသည်။ "ဆရာသဘောပါ၊ ဆရာသွားရင် လိုက်မှာပေါ့"ဟု နှစ်ဦးစလုံးက ဖြေကြသည်။ သို့နှင့် ထန်းကုန်းရွာသို့ ခရီးဆက်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဆုံးဖြတ်သည်က လွယ်ပါ၏။ လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် သူတို့ချည်း မတတ်နိုင်။ ကန့်ဘလူက ပုဂ္ဂိုလ်လည်း မစွမ်း။ ထို့ကြောင့်

မြင်းမူမှ ပုဂ္ဂိုလ်များ၏ အကူအညီကို တောင်းခံရသည်။ သူတို့သည် ရွှေဘို အရောက် လိုက်ပို့မည့် ဂျစ်ကားတစ်စီးကို အဆင်သင့် စီစဉ်ပေးလေသည်။

၃

နံနက်စောစောတွင် မြင်းမူမှ ဂျစ်ကားနှင့် ခရီးဆက်ခဲ့ကြသည်။ ကိုခင်မောင် မြင့်နှင့်အတူ မောင်မြင့်လွင်လည်း လိုက်ပါလာသည်။ သူသည် မောင်ပြုံးချို တို့အား ရွှေဘိုအထိ လိုက်ပို့မည် ဖြစ်သည်။ မိုးလင်းခါစတွင် အုန်းတောသို့ ရောက်သည်။ တော်လှန်ရေးကောင်စီတက်စက တောင်သူလယ်သမားတို့၏ ဆွေးနွေးပွဲ ကျင်းပခဲ့သည့်နေရာ၊ စားသောက်ဆိုင်များတွင် အစုန်အဆန် ခရီး သည်တွေ ရပ်နားစားသောက်နေကြသည်ကို တွေ့ရသည်။ သူတို့လည်း ဆိုင် တစ်ဆိုင်တွင် ဝင်၍ ဝမ်းဗိုက်ကို ဖြည့်ကြသည်။ ထိုမှ တောင်ဘက်သို့ ခရီးဆက် လျှင် စစ်ကိုင်း၊ မန္တလေးသို့ ရောက်သွားပေမည်။ သူတို့သည် ထိုလမ်းဆုံ လမ်းခွမှ ရွှေဘိုသို့ ဦးတည်လျက် မြောက်ဘက်သို့ ထွက်လာခဲ့ကြလေသည်။

တစ်လမ်းလုံး ရောက်တတ်ရာရာ စကားတွေကို ပြောဆိုလာကြသည်။ စကားအပြောနိုင်ဆုံးမှာ မောင်မြင့်လွင် ဖြစ်သည်။ ရပ်သည်၊ နားသည်ပင် မရှိ။ အကြောင်းမျိုးစုံကို မပြတ် ပြောလာလေသည်။

ရွှေဘိုသို့ နံနက် ရှစ်နာရီမထိုးမီ ရောက်လာသည်။ ရထားမမီမှာ စိုးရိမ် နေခဲ့သည်။ ကိုခင်မောင်မြင့်သည် စိတ်ချမ်းသာသွားလေပြီ။ ရထားသည် ကိုး နာရီမှ ရောက်လာမည် ဆိုသောကြောင့် တစ်နာရီခန့် ဘူတာတွင် စောင့်နေ ကြရသည်။ သတင်းကြားသဖြင့် စာပေလုပ်သားတစ်ဦးဖြစ်သူ ကြူကြူသင်း လာရောက် တွေ့ဆုံနှုတ်ဆက်သဖြင့် ထွေရာလေးပါး စကားပြောဆိုနေကြရာ အချိန်ကုန်မှန်းမသိ ကုန်သွားလေတော့သည်။ လမ်းတွင် စားသွားရန် လိမ္မော်သီး တွေ ဝယ်ပေးလိုက်သဖြင့်လည်း ကျေးဇူးတင်ရသည်။

နံနက် ကိုးနာရီတွင် မီးရထား ဝင်လာရာ တွဲတိုင်းပင် ခရီးသည်တွေနှင့် ပြည့်ကျပ်နေတော့သည်။ ထန်းကုန်းသား မီးရထားဝန်ထမ်းတစ်ဦး၏ ကူညီမှု ကြောင့်သာ သူတို့လူစုအတွက် ရိုးရိုးတန်းတွဲတွင် တစ်နေရာစီ ရကြလေသည်။ တွဲပေါ်တွင်ကား လူသာမက ကုန်ပစ္စည်းတွေပါ တင်ထားကြသဖြင့် အပေါ် အပေါ် သွားရာလမ်းပင် ပိတ်ဆို့နေသည်။ ခရမ်းချဉ်သီးတောင်းတွေ အပြည့်၊

ဘစ်တောင်းပေါ်တစ်တောင်း ထပ်ဆင့်တင်ထားသည်။ သံပုံးတွေလည်း အထပ်လိုက်။ ဆီပုံးတွေဟု ထင်သည်။ ရေနံဆီပုံးတွေ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရသည်။ အပေါ့အပါးသွားလိုလျှင် လိုရာသို့ ရောက်အောင် တောင်းတွေ ပုံးတွေကို ကျော်ကာ သွားရသည်။ လူတွေထိုင်နေသည့်ခုံများကို တစ်ခုံမှတစ်ခုံသို့ ကူးသွားရသည်။ ကြမ်းပြင်ပေါ်တွင် မည်သည့်နည်းနှင့်မျှ လမ်းလျှောက်၍ မရ။

"အင်း၊ ဒီခရီးက ပြန်ရင်တော့ ကျွန်တော်တို့ ဆပ်ကပ်ထဲ လိုက်လို့ရပြီ"ဟု မောင်ပြုံးချိုက ခုန်ပျံကျော်လွှားရင်း ပြောမိသည်။

ထန်းတပင်ဘူတာသို့ ဆိုက်သောအခါ "နေရာရှိလား"ဟု မေးကာ ကိုခင်မောင်မြင့်၏ မိတ်ဆွေတစ်ဦး တက်လာပြီး သူတို့အနီးတွင် ထိုင်သည်။ ကိုခင်မောင်မြင့်က မိတ်ဆက်ပေးသောအခါ မိဘချင်းရော မောင်ပြုံးချိုနှင့်ပါ ရင်းနှီးခဲ့သူများ၏သားဖြစ်သည်ကို သိရတော့သည်။ သူသည် မူလက ကျောင်းဆရာဖြစ်၍ ယခု မြို့နယ်တရားရုံးတွင် တာဝန်ထမ်းနေသည်။

ထန်းတစ်ပင်ဘူတာတွင်းမှ ရထားထွက်လာသောအခါ ဦးသိန်းဖေမြင့် ရေးသားခဲ့သော"သူတို့လင်မယား သုံးဆယ့်လေးနှစ်"ဝတ္ထုထဲမှ အဓိက ဇာတ်ဆောင် ကိုအေးမောင်၏ မိဘဘိုးဘွားများ၏ အိမ်နေရာကို လှမ်းမျှော်ကြည့်မိသည်။ သူ့အဘိုးဖြစ်သူ မြို့စာရေးခင်နှင့် မိဘများသာမက အဆောက်အအုံများပင် မရှိတော့ပြီ။ မြေနေရာဟောင်းပေါ်တွင် အဆောက်အအုံသစ်များ ရောက်ရှိနေလေပြီ။ မောင်ပြုံးချိုတို့ ငယ်ငယ်က ခြံဝင်းကျယ်ကျယ်တွင် ခံ့ညားသော ...ဉ်ထောင်အိမ်ကြီးအတွင်းမှ ထွက်ပေါ်လာတတ်သော ပတ္တလားသံများကို ...တိရ ကြားယောင်နေလေသည်။ ကိုအေးမောင်၏အဘိုး မြို့စာရေးခင်သည် ...ဘဝါသနာပါသူ ဖြစ်သည်။

ထန်းကုန်းဘူတာသို့ ဝင်ခါနီးတွင် မောင်ပြုံးချို၏ စိတ်သည် တဖျပ် ...ပ် လှုပ်ရှားလာသည်။ မီးရထားလမ်း အပြင်အလဲတိုင်ကို လွန်အသွား ယာ ...က်သို့ ကြည့်လိုက်လျှင် သူငယ်ငယ်က နေခဲ့သော ဘုန်းကြီးကျောင်းဝိုင်းကို ...မ်းမျှော်တွေ့မြင်ရသည်။ ကျောင်းဝိုင်းမှာ ယခင်အတိုင်းပင် ရှိသေးသော်လည်း အဆောက်အအုံတွေကား ပြောင်းလဲနေလေပြီ။ ဘုန်းတော်ကြီးကျောင်းလည်း ယခင်ကျောင်း မဟုတ်။ ဇရပ်တွေလည်း ယခင် ဇရပ်များ မဟုတ်တော့ချေ။

စေတီနှစ်ဆူ သာလျှင် ယခင်အတိုင်း ကျန်ရှိနေသည်။ ငယ်စဉ်က အပေါင်း
အသင်း ရောင်းရင်းများနှင့် ထိုစေတီများပေါ်သို့ တက်ကာ လိုက်တမ်း ပြေးတမ်း
ကစားခဲ့သည်များကို သတိရနေလေသည်။ ဘုန်းတော်ကြီးကျောင်း အပြင်ဘက်
ရှိ မီးရထားလမ်းဘေးမှ ချောင်းကလေးပင် ယခင်ကလောက် မနက် မကျယ်
တော့ပေ။ နှစ်ပေါင်း ၅၀ ကျော်အတွင်း တိမ်ကောသွားလေပြီ။ မိုးတွင်းအခါ
သူတို့ ဘုန်းကြီးကျောင်းသားတွေ ထိုချောင်းတွင် တံတားပေါ်က ခုန်ချသူချ
ရေကူးသူကူးနှင့် ပျော်မြူးခဲ့ကြသည်။

ထန်းကုန်းဘူတာထဲတွင် လူပေါင်း ၂၀ ခန့် မောင်ပြုံးချိုတို့ကို ကြိ
ဆိုနေကြသည်။ သိဟောင်းကျွမ်းဟောင်းများသာမက မိတ်ဆွေသစ်များလည်း
ပါသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသူ ဆွေသားရင်းချာတစ်ဦးကို ကြိုဆို
သကဲ့သို့ အားရဝမ်းသာ ဆီးကြိုနေကြသည်။ ဘယ်သူဘယ်ဝါတွေ ဖြစ်သည်
ကို သူ မမှန်းဆနိုင်။ "ကဲကဲ...လာ့လာ၊ ဒီဘက်က လှည့်သွားရအောင်"
အသက် ၇၀ ခန့်ရှိ အဘိုးကြီးတစ်ဦးက ခေါင်းဆောင် ခေါ်သွားသည်။

ခဏမျှ လမ်းလျှောက်မိလျှင် "ဟောဒါက ပွဲစားကြီးရဲ့အိမ်နေရာပေ
အရင်က စပါးကိုဒေါင်ကြီးတွေတော့ မရှိတော့ဘူး" သူက ညွှန်ပြသည်။ သူ
သည် ဦးဘလှိုင်ဆိုသူဖြစ်ပြီး မောင်ပြုံးချို မိဘများ၏ မိတ်ဆွေဟောင်းကြီး
တစ်ဦး ဖြစ်ကြောင်း နောက်မှ သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က မောင်ပြုံးချို မိဘများ၏ မြေနေရာ
တွင် အဆောက်အအုံသစ်တွေ ရောက်ရှိနေလေပြီ။ သည်နေရာတွင် သူတို့
ပြေးလွှားကစားခဲ့ကြသည်။ သည်နေရာမှာပင် အငယ်အနှောင်းတွေ များလ
သော ဖခင်နှင့် ငယ်ရွယ်သူ မိခင်တို့ တကျက်ကျက်ရန်ဖြစ်ခဲ့ကြသည်။ တစ်ခါ
တစ်ရံ နပန်းလုံးကြသည်ပင် ရှိခဲ့သည်။

ထိုမြေကွက်နှင့် မျက်နှာချင်းဆိုင် ခြံငယ်ကလေး၏ ခြံတန်းအနီးသို့
ကပ်ကြည့်မိပြန်သည်။ သူ့ဖခင်နှင့် မိခင်ကွဲကွာပြီးနောက် မိခင်သည် ထန်း
ကုန်းရွာအတွင်း တစ်အိမ်ပြီး တစ်အိမ် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ နောက်ဆုံး
ဤခြံအတွင်းရှိ အိမ်ငယ်ကလေးတွင် သားသမီးများနှင့်အတူ ပြောင်းရွှေ့လာ
သည်။ မိခင်သည် စားဝတ်နေရေးအတွက် လုံးပန်းရရှာသည်။ စပါး ပေါ်ချိန်

ခဲ့ပေါ်ချိန်တွင် မန္တလေးမှ အဝတ်အထည်များကို ဝယ်ယူလာပြီး လှည်းတစ်စီးနှင့် ရွာစဉ် ဝင်ထွက်ကာ စပါးနှင့်ဖြစ်စေ၊ ပဲနှင့်ဖြစ်စေ လဲလှယ်သည်။ ငွေနှင့်လက်ငင်းရောင်းသည်လည်း ရှိသည်။ ပတ်ဝန်းကျင်ရှိ "ရှစ် မျက်နှာ"၊ "မြေဒွး" အစရှိသည့် ဘုရားပွဲများသို့လည်း ကုန်စုံလိုက်ရောင်းသည်။ မိမိအတွက် သာမက သူ့မိခင်အိုကြီးနှင့် သားသမီးများ၏ စားဝတ်နေရေးအတွက် ရှန်းကန်နေရရှာသည်။ သည်လိုနှင့် မလုံလောက်သေး၊ ကျိုက်သင်းနယ်သို့ သွားရောက်ကာ လင်းနို့ချေးများကို စုဆောင်းပြီး မြေဩဇာအဖြစ် သုံးစွဲရန် ကြက်သွန်စိုက်သူများကို ရောင်းသည်။ ဤသို့ သွားလိုက် ပြန်လိုက် သုံးလေးခေါက်အရတွင် ငှက်ဖျားမိလာသည်။ ထိုငှက်ဖျားနှင့်ပင် ယခု သူရပ်ကြည့်နေသည့် ခြံဝင်းအတွင်း အိမ်ငယ်တွင် သူချစ်သောမိခင်နှင့် သားသမီးများကို ထာဝရ စွန့်ခွာသွားလေတော့သည်။

"ကိုရင့်မိခင် နေခဲ့တဲ့အိမ်ကလေးတော့ မရှိတော့ဘူး" ဦးဘလှိုင်က မောင်ပြုးချိုအနီး ကပ်လာ၍ ပြောသည်။ ဝါးထရံကာ၊ ဝါးခင်း၊ သက်ငယ်မိုး အိမ်ကလေးသည် အဘယ်မှာလျှင် နှစ်ပေါင်း ၅၀ ကျော် တည်နိုင်အံ့နည်း။

သူသည် မိခင်၏ နောက်ဆုံးနေ့ကို မြင်ယောင်ရင်း ထိုနေရာမှ ဖဲခဲ့သည်။ "ဟိုဟာကတော့ ဦးဖိုးလင်း ဒေါ်ပွဲမှိတို့ အိမ်နေရာပေါ့"

ဦးဘလှိုင်က သူကိုင်ဆောင်လာသော တုတ်ဖြင့် ညွှန်ပြသည်။ မိခင်ဆုံးသည့် ညက လမ်းတစ်ဖက် မျက်စောင်းထိုးအိမ်မှ ဦးကြီး ဦးဖိုးလင်းကို သူ အော်ခေါ်သည်။ ဦးဖိုးလင်းသည် မီးအိမ်ကို ကိုင်စွဲလျက် ခပ်သွက်သွက်ရောက်လာသည်။ မိခင်၏အလောင်းကို အိမ်ငယ်အတွင်းတံခါးပိတ်ထားခဲ့ပြီး သူတို့မောင်နှမကို သူ့အိမ်သို့ ခေါ်သွားသည်။ သူ့သားသမီးတွေနှင့် အတူ သိပ်ထားသည်။

"မခင်သိန်းတို့ မောင်နှမရော"ဟု မောင်ပြုးချိုက မေးမိသည်။ ဦးဖိုးလင်း၊ ဒေါ်ပွဲမှိတို့ မရှိကြတော့သဖြင့် သူ့သားသမီးများ အကြောင်းကို မေးလိုက်ခြင်း ဖြစ်သည်။

"မခင်သိန်းက တင်းကုပ်ကြီးရွာမယ် ရောက်နေတယ်။ သူ့အိမ်ထောင်နဲ့သူပဲ။ သူ့မောင်တစ်ယောက်တော့ ရှိပါတယ်။ တစ်ယောက်ကတော့ ဆုံးပြီ

ထင်တယ်" ဟု လိုက်ပါလာသူတစ်ဦးက ဖြေသည်။ မခင်သိန်းသည် မောင်ပြုံးချိုထက် သုံးလေးနှစ်ကြီးသည်။ သူ့မောင်နှစ်ယောက်သည် သူနှင့် မတိမ်းမယိမ်းများ ဖြစ်ကြသည်။

"ဆရာ ငယ်ငယ်တုန်းက အသိအကျွမ်းတွေကတော့ ဟိုပြောင်း ဒီပြောင်း ပြောင်းကုန်ကြပြီ၊ တချို့လည်း ကွယ်လွန်ကုန်ကြပြီ" ဟု အခြားတစ်ယောက် က ဝင်ပြောပြန်သည်။

တည်းအိမ်သို့ ရောက်သောအခါမှ ရွာခံပုဂ္ဂိုလ်များနှင့် မောင်ပြုံးချိုတို့ကို မိတ်ဆက်ပေးသည်။ အချို့ကို သိသလိုလိုမှတ်မိသလိုလို။ အချို့ကို လုံးဝမမှတ်မိ။ မသိ။ ထန်းကုန်းသူ ထန်းကုန်းသားများကမူ မည်သူမည်ဝါပါ။ မည်သူ၏ သားသမီးပါဟု ပြောဆို မိတ်ဆက်ကြသည်။ အချို့ကား တစ်ရပ်တစ်ကျေးမှ လာရောက် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြသည်။

မိတ်သင်္ဂဟများကား ဝင်လာမစဲ၊ မောင်ပြုံးချိုအဖို့မှာလည်း ရှေးဟောင်းရှေးနှစ်များကို ပြောဆိုရင်း နှစ်ပေါင်း ၅၀ ကျော်လောက် ပြန်ငယ်သွားသည်။ ၁၀ နှစ်သားအရွယ် ကျောင်းပေစူးဘဝကို ပြန်ရောက်သွားသည်။

"ဒီအိမ်ရှင်ကတော့ သူပါပဲ၊ ဦးဝင်းမောင်ပါ၊ သူ့ဇနီးက ဒေါ်အုန်းညိန်းပါ"ဟု အနီးတွင် ရပ်နေသူ ဇနီးမောင်နှံကို ညွှန်ပြကာ မိတ်ဆက်ပေးသည်။

ဦးဝင်းမောင်သည် မောင်ပြုံးချိုနှင့် ကစားဖော် ဓာတ်အေး၊ ဓာတ်ရှင်တို့၏ ညီအငယ်ဆုံးဖြစ်သည်ဟု သိရသည်။ သူ့ကို မောင်ပြုံးချို ကောင်းစွာမမှတ်မိ။ သူ့အစ်ကိုတွေကိုတော့ ကောင်းစွာ မှတ်မိနေသည်၊ ဓာတ်အေးသည် ဦးဝိစိတ္တ ဟူသောဘွဲ့အမည်ဖြင့် ဓမ္မာစရိယအောင်မြင်ပြီး မန္တလေးမြို့ ထီးလင်းတိုက်တွင် ကျောင်းထိုင်လျက် ရှိလေသည်။ မောင်ပြုံးချိုနှင့်လည်း မကြာခဏ တွေ့သည်။ ဓာတ်ရှင် ကွယ်လွန်လေပြီ။

ခဏကြာသော် အဘွားကြီးတစ်ဦးနှင့် အမျိုးသမီးကြီး သုံးဦးရောက်လာကြပြန်သည်။ ၈၀ ကျော် အဘွားကြီးဒေါ်ရွှေထက်သည် သူ့မိခင်၏မိတ်ဟောင်းဆွေဟောင်း ဖြစ်သည်။ အတူပါလာသူ အမျိုးသမီးကြီး တစ်ဦး မှာ ဒေါ်ရွှေထက်၏ သမီးအသက် ၆၆ နှစ်အရွယ် ဒေါ်မြလေး ဖြစ်သည်။ အခြားအမျိုးသမီးနှစ်ဦးမှာ အသက် ၇၀ အရွယ် ဒေါ်မြကြည်နှင့် ၆၂ နှစ် အရွယ် ဒေါ်အေးမှန်တို့

ဖြစ်ကြသည်။ သူတို့သည် သူ့မိဘများနှင့် သူ့ကို ရင်းနှီးစွာ သိကျွမ်းကြသူများ ဖြစ်ကြသည်။ ရေးဟောင်းနှောင်းဖြစ်များကို ပြောလို့မကုန်နိုင်။

လူရွယ်တစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး ရောက်လာကြပြန်သည်။

"သူတို့ကတော့ ဆရာ့အဖေရဲ့သား ကိုလှမောင်က မွေးခဲ့တဲ့ သားနဲ့ သမီးပါ၊ ဆရာနဲ့ဆိုရင် တူ တူမတော်တာပေါ့"ဟု အိမ်ရှင်က မိတ်ဆက်ပေးပြန်သည်။

မောင်ပြုံးချိုသည် သူတို့နှင့် တစ်ခါမှ မတွေ့ဆုံဖူးသေး၊ အသက် ၂၀ကျော် ၃၀ တွင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ သူတို့ဖခင် ကိုလှမောင် ဆိုသူကိုလည်း သူ မမြင်ဖူးလိုက်။ လွန်ခဲ့သော အနှစ် ၂၀ လောက်က ကွယ်လွန်ကာလေပြီ။ လူငယ်မှာ စစ်ကိုင်းတိုင်း ငါန်းဇွန်မြို့ စက်မှုလယ်ယာဌာန တွင် အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နေသည်ဟု သိရသည်။ အမျိုးသမီးငယ်သည် တောရွာမှာပင် တောင်သူလုပ်ကိုင်လျက် ရှိလေသည်။ မောင်ငယ် တစ်ယောက် ရှိသေးသည်ဟုလည်း သိရသည်။

ညှဉ့်သည်တွေက တစ်စတစ်စ များလာသောအခါ "ကျွန်တော်တို့ နောက်မှ လာတွေ့ပါဦးမယ်"ဟု နှုတ်ဆက်ကာ မောင်နှမနှစ်ယောက် ပြန်သွားကြလေသည်။

"ဖခင် ယူခဲ့သော အမျိုးသမီးတွေက သားသမီးတွေ များများမွေးခဲ့လျှင် တစ်ရွာတည်းလောက်ပေမည်"

သူသည် ဤသို့ တွေးမိလေသည်။

## ၄

ညနေဆည်းဆာ။

သည်အချိန်ကို မောင်ပြုံးချို ကောင်းစွာ မှတ်မိနေသည်။ ဘယ်မှာလျှင် မေ့နိုင်အံ့နည်း။

သည်အချိန်တွင် သူ့မိခင်၏ ရုပ်အလောင်းကို ရွာ၏ အနောက်ဘက် သင်္ချိုင်းသို့ ထုတ်လာခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က။

မိုးကလေး တဖြောက်ဖြောက်။

ရှေ့ဆုံးမှ ကြေးစည်သံသည် လွင်လွင်ကြီး ထွက်ပေါ်လာသည်။

ပျဉ်ကျဲကျဲဖြင့် စပ်ရိုက်ထားသော ခေါင်းကြီးကို အုန်းဆံကြိုးဖြင့် သိုင်းကာ ခွန်အားသန်သန် ရွာသားကြီးနှစ်ဦးက ဦးပဲ့ထမ်းသွားကြသည်။ ခေါင်းတွင် အဖုံးမပါ။

ယခု မောင်ပြုံးချိုတို့ လမ်းအတိုင်း လျှောက်သွားနေပါသည်။ မိခင်ဦးခေါင်းချခဲ့သည့် နေရာကို ကြည့်ရန် ဖြစ်သည်။ ဦးဝင်းမောင်နှင့် လူရွယ်တစ်ဦးက လိုက်ပြသည်။ ကိုဌေးမောင်လည်း အတူပါလာသည်။

ယခင်က ရွာနှင့်အတော် ဝေးဝေးတွင် ရှိသော သုသာန်သည် ယခုရွာအနောက်ဘက်တွင် ကပ်လျက် ရှိသည်။ အိမ်ခြေတွေ တိုးလာသည်။ စပါးစက်ဝင်းကြီးကလည်း ရှိသည်။ ထို့ကြောင့် ရွာမှ ထွက်လိုက်လျှင်ပင် သုသာန်သို့ ရောက်လေတော့သည်။

သုသာန်နှင့် မနီးမဝေး မူးချောင်းထဲတွင် ရေနည်းနေပါပြီ။ မိခင်သည်ဤချောင်းထဲတွင် မကြာခဏ ရေချိုးအဝတ်လျှော်လာလေ့ရှိသည်။ မောင်ပြုံးချိုလည်း သည်ချောင်းထဲတွင် အဖော်အပေါင်းတွေနှင့် ဆော့ကစားသည်။

"ဒီသချိုင်း အသုံးမပြုတာ ကြာပါပြီ"ဟု ဦးဝင်းမောင်က ပြောလေသည်။ လယ်ကွင်းများကြားတွင် သုသာန်မြေသည် ကွက်ကွက်ကလေးမျှသာ ကျန်တော့သည်။ မြေပုံသစ်များကိုလည်း မတွေ့ရ။ ညောင်ပင်တစ်ပင် ရစ်ပတ်မျိုထားသည့် ယှဉ်နေသော အုတ်ဂူနှစ်လုံးကို တွေ့ရသည်။

"အဲဒါ ဦးဖန် ဒေါ်မှိတို့ ဂူပေါ့"ဟု ဦးဝင်းမောင်က ပြောသည်။ ပြိုမှားလျက်ရှိလေပြီ။ ဦးဖန်နှင့် ဒေါ်မှိတို့သည် ထိုရွာက လူကုံထံ ဖနီးမောင်နံ့များဖြစ်ကြသည်။ ယခုတော့ သူတို့၏ ရုပ်အလောင်း မြှုပ်နံ့ထားရာ အုတ်ဂူများပင် ပြိုပျက်နေလေပြီ။

အခြားအုတ်ဂူတစ်ခုကိုမူ ချုံနွယ်တွေနှင့် ဖုံးအုပ်နေသည်။ "ဒေါ်မြမြှုပ်တာတော့ ဖန်ခါးပင်နားမှာလို့ ပြောတယ်၊ ဖန်ခါးပင်လည်း မရှိတော့ဘူး" ဟု ဦးဝင်းမောင်က ဆိုပြန်သည်။

မောင်ပြုံးချိုသည် မိခင် ခေါင်းချရာကို မှန်းဆ၍ ကြည့်သည်။ မမှတ်မိတော့ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဤသုသာန်တွင် ခင်းကျင်းခဲ့သည့် အဆွေးဓာတ်မြင်ကွင်းသည် သူ့မျက်စိထဲမှ မထွက်။

မနီးမဝေး တလင်းထဲမှ ကလေးများသည် သူတို့ကို ထူးထူးဆန်းဆန်း ငေးမောကြည့်နေကြလေသည်။

သုသာန်မှ အပြန်တွင် တစ်အိမ်ဝင်၊ တစ်အိမ်ထွက် လိုက်လံ နှုတ်ဆက်ကြသည်။

၅

မိုးထွန်းချိန်တွင် စာပေဟောပြောပွဲ ကျင်းပသည်။ ကွက်လပ်တွင်ရှိ စင်မြင့်ပေါ်မှ ပြောကြဟောကြရသည်။ ကျောင်းဆရာကြီး ဦးဘာဘူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး လူရွယ်တစ်ဦးက အခမ်းအနားမှူး လုပ်သည်။

ဆရာငွေမောင်က ဝတ္ထုရေးသားဟန်အကြောင်း၊ ဆရာ ဆင်ဖြူကျွန်းက နံ့သာတစ်စက် ရွှံ့တစ်စက်နှင့် နှစ်သက်စရာတေးများအကြောင်းကို ပြောလေသည်။ မောင်ပြုံးချိုက ထန်းကုန်းရွာသူရွာသားတို့ စိတ်ဝင်စားမည်ထင်သော သူ၏ဘဝခရီးနှင့် ဆက်စပ်လျက် ရှိသော ကလောင်တစ်ချောင်း၏ဖြစ်စဉ်ကို ပြောပြသည်။ စာပေလုပ်သား စည်းရုံးရေးကိုလည်း ဆက်နွှယ်ပြောဟောသည်။

ရာသီဥတု အေးချမ်းလှသော်လည်း လာရောက်နားထောင်သူများကား နည်းလှ။ ငါးရာခန့် ရှိမည်ထင်သည်။ စာပေဟောပြောပွဲဟူ၍ တစ်ခါမျှ မပြုလုပ်ဖူးသေးသော အရပ်တွင် ဤမျှ စည်ကားသည်မှာ အားရဖွယ်ကောင်းလှသည်။

မူလက မောင်ပြုံးချိုတို့တစ်တွေ ကန့်ဘလူသို့ သွားဦးမည်ဟု စိတ်ကူးထားသည်။ ဒေသခံပုဂ္ဂိုလ်များက မောင်ပြုံးချိုတို့ သွားလိုလျှင် ပို့ပေးမည်ဟု ဆိုကြသည်။ သို့သော် သွားရေး၊ လာရေး မလွယ်ကူလှ။ မဖြစ်ဖြစ်သည့်နည်းနှင့် ပို့ပေးမည့် သူများကိုလည်း ဒုက္ခမပေးလိုတော့။

ထို့ကြောင့် နံနက်လေးနာရီတွင် ဆိုက်ရောက်လာသည့် မီးရထားဖြင့် ရွှေဘိုသို့ လိုက်ပါလာခဲ့ကြလေသည်။

ရထားပေါ်မှ လှမ်းမျှော်ကြည့်လိုက်သောအခါ မိခင် ဦးခေါင်းချရာ ထန်းကုန်းရွာသည် လရောင်အောက်တွင် ငြိမ်သက်စွာ ကျန်နေခဲ့လေသည်။

# ဒုလ္လဘ(၁)

## ၁

ရဟန်းတစ်ပါးသည် မောင်ပြုံးချို၏ ဆံပင်များကို သင်တုန်းဓားဖြင့် ရိတ်ချနေသည်။

တင်မကြီးနှင့် သားက ကျလာသော ဆံပင်များကို အဝတ်ဖြူဖြင့် ခံထားသည်။ မောင်ပြုံးချိုသည် ပိတ်ဖြူပေါ်တွင် တစ်ထွေးပြီး တစ်ထွေးကျလာသော ဆံပင်များကို ကြည့်ရင်း လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဆံချခဲ့သည်ကို ပြန်ပြောင်းသတိရနေလေသည်။

မောင်ပြုံးချို ၁၃ နှစ်သားအရွယ်က ဖြစ်သည်။ မေမေကြီး ဆုံးပြီး ဖေဖေကြီး၏ ခြံထဲသို့ စစ်ကိုင်းတောင်ရိုးမှ ဒုတိယ မဟာဂန္ဓာရုံဆရာတော်ကြီး ကြွရောက်လာသည်။ ဖေဖေကြီးက မောင်ပြုံးချိုအား ရှင်ပြုလိုပါသည်ဟု လျှောက်ထားသည်။

"ဖိုးသူတော် ဝတ်ပြီး ထည့်လိုက်"ဟု ဆရာတော်ကြီးက အမိန့်ရှိသည်။

ထို့ကြောင့် မောင်ပြုံးချို၏ သျှောင်ထုံးဆံပင်ကို ကတ်ကြေးဖြင့် ဖြတ်သည်။ ထို့နောက် ကျန်ရှိသော ဆံပင်ငုတ်တိုများကို သင်တုန်းဓားဖြင့် ရိတ်သည်။ ထိုအခါ ချာရစ်ဝိုင်းကလေး အထင်းသား ပေါ်လာသည်။

ထိုစဉ်က မောင်ပြုံးချို၏ဆံပင်တို့သည် မည်းနက်နေသည်။ ယခု ပိတ်ဖြူပေါ်သို့ ကျလာသည့် ဆံပင်တို့သည် အဖြူတွေ အများအပြား ပြွမ်းနေသည်။ ၃၂ ကောဋ္ဌာသများအနက် ကေသာတည်းဟူသော ဆံပင်တို့သည် ဇရာကို မတွန်းလှန်နိုင်ကြပါတကား။ ဆံပင်သာ မဟုတ်၊ ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်းဟူသမျှသည် ဇရာ၏ အနိုင်ယူခြင်းကို ခံနေရပြီ မဟုတ်ပါ

ဝလာ၊ မောင်ပြုံးချိုသည် ပြောင်ချောနေသောဦးပြည်းကို လက် ဖြင့် အလိုက်သင့် ပွတ်သပ်ကြည့်မိသည်။ တရှိန့်ရှိန့် အခိုးထွက် ပူနွေးနွေး ဖြစ်နေသည်ကို သတိပြု မိပါသည်။

ဦးခေါင်းကို ဆပ်ပြာဖြင့် စင်ကြယ်စွာ တိုက်ချွတ်ဆေးကြောပြီး ရေမိုး သန့်စင်၍ ဆရာတော်၏ရှေ့မှောက်သို့ ရောက်လာကြသည်။ မောင်ပြုံးချိုနှင့် အတူ ဦးပြည်းပြောင်ပြောင်နှင့် မိတ်ဆွေဆရာဝန်လည်း ပါသည်။ စင်စစ်အား ဖြင့် မောင်ပြုံးချိုသည် ထိုမိတ်ဆွေဆရာဝန်နှင့် ဆက်သွယ်၍ ဤသာသနာ့ ဘောင်သို့ ပရိက္ခရာရှစ်ပါးကိုလွယ်လျက် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

"သဏ္ဍလ၊ ဝဋ္ဋ၊ ဒုက္ခ၊ နိဿရဏ၊ နိဗ္ဗာနဿ..."

ဆရာတော်ကြီးက သင်္ကန်းတောင်းကို ပါဠိဘာသာဖြင့် ချပေးသည် ကို လိုက်ဆိုကြသည်။ ထို့နောက် မြန်မာဘာသာဖြင့်လည်း လိုက်ဆိုရသည်။

"အရှင်မြတ်ဘုရား၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက် ရာ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ ဘုရားတပည့်တော်၏လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ ဘုရားတပည့်တော်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ရှင်သာမဏေဖြစ် အောင် ပြုပေးတော်မူပါ ဘုရား"

မောင်ပြုံးချိုတို့သည် သင်္ကန်းအစုံလိုက်ကို ရိုသေစွာ ကိုင်ဆောင်လျက် ဤသို့ အလေးအနက် တောင်းပန်လျှောက်ထားကြသည်။ ဆရာတော်ကြီးသည် မောင်ပြုံးချိုတို့ ဆက်ကပ်သော သင်္ကန်းလိပ်ကို လှမ်းယူလိုက်လေသည်။

ထို့နောက် ဆရာတော်၏ လက်ဝယ်တွင် ရှိသော သင်္ကန်းများဖြင့် မောင်ပြုံးချိုတို့အား ရှင်သာမဏေပြုပေးပါရန် တောင်းပန်လျှောက်ထားရပြန် လေသည်။ ဆရာတော်သည် မောင်ပြုံးချိုတို့ ဝတ်ဆင်ထားသည့် ဝတ်ကြောင် ကို ချွတ်စေ၍ သင်္ကန်းများကို ဝတ်ရုံပေးလေသည်။ မည်သို့မည်ပုံ ဝတ်ဆင် ရမည်ကိုလည်း ညွှန်ကြားပြသ ဆုံးမတော်မူသည်။ မည်သို့ ဆင်ခြင်ရမည်ကို လည်း ဩဝါဒပေးသည်။

ထို့နောက် ဆရာတော်၏ရှေ့တွင် လက်စုံမိုး၍ ရှိခိုးပြီးလျှင် ရှင်သာ မဏေအဖြစ်ကို တောင်းပန်လျှောက်ထားခြင်း၊ သရဏဂုံသီလ ဆောက်တည်

ခြင်း၊ ဆယ်ပါးသီလ ဆောက်တည်ခြင်းများကို ဌာန်ကရိုဏ်းကျကျ ပီသစွာ ရွတ်ဆိုဆောင်ရွက်ကြသည်။ ပြီးလျှင် ဥပဇ္ဈာယ်ဆရာတော်အဖြစ် ခံယူရန် လျှောက်ထားချက်များကို ဆရာတော်ကြီးက ပါဠိမြန်မာ နှစ်ဘာသာဖြင့် ချပေးသည်ကို လိုက်ဆိုကြသည်။

"အရှင်မြတ်ဘုရား၊ သက်တော်ရှည်သော အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ အပြစ်ကြီးအပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ် ဆရာတော် ဖြစ်တော်မူပါ ဘုရား"

ဤသို့လျှင် သုံးကြိမ်သုံးခါ လျှောက်ထားကြရလေသည်။

"ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ပြည့်စုံကြစေကုန်လော့"

ဆရာတော်ကြီးက ဤသို့ အနက်အဓိပ္ပာယ်ရှိသော ဆုံးမစကားကို ပြောကြားသောအခါ မောင်ပြုံးချိုတို့က အာမဘန္တေဟု ဝန်ခံကြလေသည်။

ထို့နောက် ဆရာရော တပည့်ပါ ခွင့်လွှတ်သည့် စကားများကို ဆိုကြကုန်သည်။

ရှင်သာမဏေအဖြစ် ရရှိကြပါပြီ။

မိတ်ဆွေ ဆရာဝန်၏ ဘွဲ့မည်မှာ "ရှင်သုမန"။

"အရှင်သက်န်းဝတ်တုန်းက ဘွဲ့ကိုများ မှတ်မိသေးသလား"

ဆရာတော်က ဤသို့ မောင်ပြုံးချိုကို မေးသည်။

"မှတ်မိပါတယ်ဘုရား၊ ဓမ္မရက္ခိတပါ ဘုရား"

"အင်း တယ်ကောင်းတဲ့ ဘွဲ့အမည်ပဲ၊ ဓမ္မ–တရား၊ ရက္ခိတ–စောင့်ရှောက်သူ၊ တရားကို စောင့်ရှောက်သူဆိုတော့ တရားရမှ ထွက်ပေတော့"ဟု ဆရာတော်ဘုရားကြီးက မိန့်ကြားသည်။

ခဏကြာသော် မောင်ပြုံးချိုတို့သည် ပရိက္ခရာကို လွယ်ကာ သိမ်ရှိရာသို့ စကြံအတိုင်း လျှောက်လာကြသည်။

သိမ်ထဲဝယ် ဥပဇ္ဈာယ် ဆရာတော် အပါအဝင် ရဟန်းကိုးပါး ခြံရံလျက် ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှင့်ပေးတော်မူကြသည်။ သံဃာတော်များသည် ကမ္မဝါဖတ်ခြင်း၊ ရဟန်းလောင်းအား မေးမြန်းဖွယ် ရှိသည်များကို

မေးမြန်းခြင်း၊ ဆုံးမဖွယ် ရှိသည်များကို ဆုံးမခြင်း စသည်များကို ပြုလုပ်တော်မူကြသည်။

သိမ်မှ ထွက်သောအခါ မောင်ပြုံးချိုတို့သည် ရခဲလှသည့် ရဟန်းဘဝကို ရရှိလေပြီ တကားဟု ကြည်နူး ဝမ်းမြောက်မိသည်။ နှစ်ပေါင်း ၄၀ ကျော်မျှ ဆန္ဒသာရှိခဲ့ပြီး လက်တွေ့ မဆောင်ရွက်နိုင်ခဲ့သော ရဟန်းဘဝ ရရှိရေးကို ယခုမှ အောင်မြင်စွာ ဆောင်ရွက်နိုင်သည်တကားဟု နှစ်သိမ့်မိသည်။ ခန္ဓာကိုယ်တစ်ခုလုံးသည် သွက်လက်ပေါ့ပါးလျက် ရှိလေသည်။ ညဦးတွင် ဆရာတော်က ရဟန်းဝတ်နှင့် နေ့စဉ်အားထုတ်သင့်သည့် သတိပဋ္ဌာန်ဝိပဿနာ တရားများကို ညွှန်ကြား ပြသပေးတော်မူသည်။

၂

မောင်ပြုံးချိုသည် အုန်းမောင်း ခေါက်သံနှင့်အတူ အိပ်ရာမှ နိုးလာသည်။ အနီးရှိ စားပွဲတင်နာရီကို ကြည့်လိုက်ရာ လေးနာရီ ထိုးနေလေပြီ။ အိပ်ရာမှထ၍ ကိုယ်လက်သုတ်သင်ပြီး ဘုရားဝတ်ပြုကာ ရှုမှတ်မှုဖြင့် နေလိုက်သည်။

ငါးနာရီခွဲတွင် အုန်းမောင်းခေါက်သံ ကြားရပြန်သည်။ အရုဏ်ဆွမ်းအတွက် အချက်ပေး အုန်းမောင်း ဖြစ်သည်ဟု သိရသည်။

ဦးသုမနသည် ညဦးအချိန်၌ သိမ်ဘက် တစ်နေရာတွင် သွားရောက်သီတင်းသုံးသည်။ သူသည် ရဟန်းတို့ ဆောင်အပ်သည့် ဓုတင် ၁၃ ပါးအနက် ဆောင်နိုင်သမျှသော ဓုတင်များကို ဆောင်ရန် အဓိဋ္ဌာန် ပြုထားသူ ဖြစ်သည်။ လျောင်းသော ဣရိယာပုတ်ကို ပယ်သည့် ဓုတင်ကို ဦးသုမန ဆောင်လျက်ရှိသည်။ ထို့ကြောင့် ညဦးအခါတွင် ဦးသုမနသည် လျောင်း၍ မကျိန်းမူဘဲ ထိုင်လျက်သာ ရှုမှတ်မှုဖြင့် နေသည်။ အကယ်၍ ငိုက်မျဉ်းခဲ့သည်ရှိသော် တစ်စုံတစ်ခုကိုသာ မှီ၍ ခေတ္တခဏ ကျိန်းစက်သည်။

ဒါယကာတစ်ဦးသည် မောင်ပြုံးချိုတို့ နှစ်ပါးအား အရုဏ်ဆွမ်းစားကြွရန် ပင့်လာသည်။ သူသည် ထိုရိပ်သာတွင် ဝေယျာဝစ္စကိစ္စများကို သဒ္ဓါကြီးစွာဖြင့် ဆောင်ရွက်ပေးနေသူ ဖြစ်သည်။

အရုဏ်ဆွမ်းကို ကျောင်းကြီးနှင့် ဆက်လျက် ရှိသော ကျောင်းဆောင် ငယ်၏ အောက်ထပ်သို့ ဆင်းသက်ဘုဉ်းပေးရမည် ဖြစ်သည်။ ထိုကျောင်း ဆောင်ငယ်ကို ရိပ်သာ ၂၅ နှစ်မြောက်တွင် ဆောက်လုပ်လှူဒါန်းသည့်အတွက် ငွေရတုကျောင်းဆောင်ဟုအမည်ပေးထားသည်။ ထိုကျောင်းဆောင်၏ အောက် ထပ်တွင် ယောဂီအမျိုးသမီးတစ်ဦး ခေတ္တ နေထိုင် တရားအားထုတ်လျက် ရှိသည်။

"ရွာထဲအိမ်က ဒါယိကာမကြီးတစ်ဦးရဲ့ အိမ်ကို ကြွရောက်ပြီး ဆွမ်း ဘုဉ်းပေးရမည့်သဘော ဖြစ်နေတော့ သင်္ကန်းရုံပြီး ကြွမှ ကောင်းမယ်"ဟု ဦးသုမနက ဆိုသည်။ ဦးသုမနသည် တစ်နှစ် တစ်ကြိမ်မျှ ရဟန်းဝတ်ခဲ့သူ ဖြစ်သည့်ပြင် ဝိနည်း အစရှိသည့် ရဟန်းကျင့်ဝတ်များကိုလည်း လေ့လာ၍ မကျိုးမပေါက်အောင် ကြိုးစား လိုက်နာသူ ဖြစ်သည်။

ထို့ကြောင့် သင်္ကန်းရုံရသည်။ ဦးသုမနအဖို့ သင်္ကန်းရုံရန် မခက်ခဲလှ သော်လည်း မောင်ပြုံးချိုအဖို့ မလွယ်ကူအောင် ဖြစ်နေသည်။ ကေသီ၏အထက် ပိုင်းစကို ပူး၍ လိပ်ရာမှာပင် စနစ်တကျ မရှိ။ ပွရောင်းရောင်း ဖြစ်နေသည်။ ဦးခေါင်းပေါ်သို့ လက်ခုပ်တစ်ဖောင်လောက် မြင့်အောင် မတင်ပြီး ဦးပြည် ပေါ်သို့ တစ်ဝက်ခန့် လှန်ချလိုက်ရသည်။ လက်ဝဲဘက်ချိုင်းကြားတွင် ညှပ်ထား သည့် သင်္ကန်းလိပ်ကို အနည်းငယ် ဖြေကာ အစနှစ်ဖက်ကို လက်မောင်း အောက်သွင်းပြီး သင်္ကန်းလိပ်ကို ပခုံးပေါ်တင်၍ ချိုင်းအောက် ညှပ်လိုက်ရ ပြန်သည်။ မောင်ပြုံးချိုသည် ဦးသုမန၏ အကူအညီဖြင့် သင်္ကန်းရုံပြီးသွား သောအခါ သပိတ်ကို ပိုက်ကာ အောက်ထပ်သို့ ဆင်းလာကြသည်။

ပဋ္ဌာန်ပိဋကစ္စမှုတင်ကို ဆောင်ရန် သပိတ်ကို ဆောင်လာခြင်း ဖြစ်သည်။ သပိတ်အတွင်းမှာသာ ဘုဉ်းပေးသုံးဆောင်သည့် အကျင့် ဖြစ်သည်။ စားပွဲပေါ် တွင် ယာဂုဆွမ်းနှင့်တကွ ခဲဖွယ်ဘောဇဉ်တွေ ပြင်ဆင်၍ကပ်သည်။ မောင်ပြုံးချို တို့နှစ်ဦးသည် ယာဂုကို သပိတ်တွင် ထည့်ကာ ဘုဉ်းပေးကြသည်။ ပြီးလျှင် သပိတ်ကို အနီးရှိ ရေဖြင့် မိမိဘာသာ ဆေးကြော၍ ကပ်ထားသော ကိုက်ေ ရည်ကို သပိတ်တွင် ထည့်ကာ သောက်ကြသည်။ ရေနွေးကြမ်းကိုလည်း သပိတ်တွင်းမှပင် သောက်ကြသည်။ ပြီးလျှင် ကိုယ့်သပိတ်ကိုယ် ပိုက်ကာ

ကျောင်းပေါ်သို့ ပြန်တက်လာကြသည်။ မိမိအခန်းရောက်မှပင် သပိတ်ကို စင်ကြယ်စွာ ဆေးကြောထားကြသည်။

## ၃

"အခုဆိုရင် အရှင်ဘုရား ဓုတင်နှစ်ပါး ရနေပြီ၊ တိစီဝရိတ်ဓုတင် သင်္ကန်း သုံးထည်သာ အသုံးပြုခြင်း၊ ပတ္တပိဏ္ဍဓုတင် သပိတ်ဖြင့်သာ ဘုဉ်းပေးသုံးဆောင် ခြင်း၊ အခု တပည့်တော်တို့ ဆွမ်းခံထွက်ရင် ဓုတင်နှစ်မျိုးကို ဆောက်တည် ကြပါမယ်၊ ဆွမ်းခံ၍စားခြင်းဆိုတဲ့ ပိဏ္ဍပါတ်ဓုတင်နဲ့ ဆွမ်းခံစဉ် အိမ်စဉ်မပျက် ခံခြင်းဆိုတဲ့ သပဒါနဓုတင်ပါ"

ဦးသုမနက ဆွမ်းခံမထွက်မီ ဤသို့ ပြောကြားလေသည်။ သူ ပြောသည့် အတိုင်း အဓိဋ္ဌာန် ပြုလိုက်သည်။

မောင်ပြုံးချိုတို့နှစ်ပါးသည် သင်္ကန်းကို ရုံ၊ သပိတ်ကို လွယ်ပိုက်ကာ ကျောင်းဝင်းအတွင်းမှ နံနက် ခုနစ်နာရီခန့်တွင် ထွက်ခွာလာခဲ့ကြသည်။ နေ ပူလျှင် ကာကွယ်ရန် ယပ်ငယ်တစ်စင်းစီလည်း ပါလာကြသည်။

စစ်တပ်ကင်းကို လွန်သော် အုတ်ဂူတွေ အပြည့်နှင့် သုသာန်ကို လမ်း၏ ဘက်တွင် တွေ့ရသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏကို အစဉ်တစိုက် ဆင်ခြင် ရင်း လျှောက်လာခဲ့ကြသည်။ အနိစ္စနှင့် သင်္ခါရတရားကိုလည်း နှလုံးသွင်းမိ သည်။ လမ်းတွင် ရင်ဆိုင်တွေ့ရသော အမျိုးသား အမျိုးသမီးများ အနက်မှ အချို့သည် လမ်းဘေးသို့ ရှဲ၍ ပေးကြသည်။ အချို့လည်း မောင်ပြုံးချိုတို့၏ အရိပ်ကို လွတ်အောင်ရှောင်၍ လျှောက်ကြသည်။ အချို့လည်း မြေတွင် ထိုင်၍ ရှိခိုးကော်ရော်ကြသည်။

သုသာန်ကို လွန်သော် လမ်း၏ ယာဘက်တွင် ရပ်ကွက်တစ်ခုကို လှမ်း မြင်ရသည်။

"အရှင်ဘုရား... တပည့်တော်တို့အဓိဋ္ဌာန်အတိုင်း ရွာဘက်လမ်း ချိုး ဝင်ပြီး အိမ်စဉ် လျှောက်ဆွမ်းရပ်ရမှာပါ"

မောင်ပြုံးချို နောက်မှ ကပ်လိုက်လာသော ဦးသုမနက သတိပေး သည်။

သူပြောသည့်အတိုင်းပင် ဝဲဘက်သို့ ချိုးဝင်လိုက်သည်။ ထိုရပ်ကွက်အတွင်း နေထိုင်သူတို့သည် အများအားဖြင့် ဆင်းရဲနွမ်းပါးကြဟန်တူသည်။ နေအိမ်များသည် တဲအိမ်များ၊ တစ်ထပ်အိမ်များသာ ဖြစ်သည်။ အချို့အိမ်များ၊ တဲများမှာ ယိမ်းယိုင်နေကြပါပြီ။ မိုးကျလုပြီ ဖြစ်သော်လည်း ဟောင်းနွမ်းစုတ်ပြတ်နေသည့် ခနီများကို အသစ်မလဲနိုင်ကြသေး။ သစ်သားအိမ်၊ ပျဉ်ထောင်သွပ်မိုး ဟူ၍ အနည်းငယ်မျှသာ တွေ့ရသည်။ အိမ်ဝိုင်းများတွင် သီးပင်သစ်ပင်များ အုပ်ဆိုင်းနေတတ်သည်။ သင်္ကြန်အကြိုနေ့ဖြစ်သော ကြောင့် အချို့ကလေးသူငယ်များ ရေကစားစ ပြုနေကြသည်။

ပထမအိမ်၊ ဒုတိယအိမ်၊ တတိယအိမ် တစ်အိမ်လျှင် မျက်နှာစာဘက်တွင် တစ်မိနစ်ခန့်စီ ရပ်ကြသည်။ "ကန်တော့ဆွမ်းပါဘုရား" ဟူသော အသံကိုလည်း မကြားရ၊ မည်သူတစ်စုံတစ်ယောက်မှလည်း ထွက်မလာ။ ဆွမ်းမလောင်း. . . ။

ထို့ကြောင့် ဆက်၍ လျှောက်ကြသည်။

စတုတ္ထအိမ်ပေါက်တွင် ရပ်သည်။

တစ်မိနစ်ခန့် မည်သူမျှ ထွက်မလာ။ ဇွန်းသံ ပန်းကန်သံများတော့ ကြားနေရသည်။ ရှေ့သို့သာ နှစ်လံကွာမျှ မျက်လွှာချကြည့်ကာ ရပ်နေသော ကြောင့် အိမ်တွင်းသို့ စောင်းငဲ့လို့ မကြည့်သင့်။ ကြည့်လိုက်လျှင်ကား ပန်းကန်ဆေးနေသူ၊ ဆွမ်းခူးနေသူ တစ်ဦးမဟုတ် တစ်ဦးကို တွေ့ရပေမည်။ ဆက်ပြီး ရပ်နေသင့် မသင့်ကိုလည်း ဆုံးဖြတ်နိုင်မည်။

"ကြွဘုရား"

နောက်ကျောဆီမှ ဦးသုမန၏ တိုးတိုးသံ ထွက်ပေါ်လာသည်။

ထို့ကြောင့် ဆက်လျှောက်ရန် ခြေလှမ်း ပြင်လိုက်သည်။ တစ်လှမ်းမျှပင် လှမ်းပြီးပါပြီ။

"ရပ်တော်မူပါဦး ဘုရား"

ထိုခဏ၌ တဲအိမ်တွင်းမှ အမျိုးသမီးတစ်ဦး၏အသံ ထွက်ပေါ်လာသည်။ မောင်ပြုံးချိုတို့၏ခြေလှမ်းသည် တုံ့ခနဲ ရပ်သွားလေသည်။

အသက် ၅၀ ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးသည် တဘက်ကို ပခုံးတွင် တင်ကာ အငွေ့တခြောင်းခြောင်းထွက်နေသော ဆွမ်းဇလုံငယ်ကို အဝတ်ခံ၍ မကိုင်ကာ ထွက်လာသည်။ ဆွမ်းသုံးဇွန်းစီ လောင်းသည်။ မောင်ပြုံးချိုတို့ ပထမဆုံးရသည့် ဆွမ်းတည်း။

အိမ်စဉ်အတိုင်း ဆက်၍ ရပ်သွားကြသည်။ "ကန်တော့ဆွမ်း" လောင်းသည့်အိမ်က လောင်းသည်။ ဆွမ်းတစ်ဇွန်းနှစ်ဇွန်း လောင်းသည့်အိမ်က လောင်းသည်။ အချို့က ကန်တော့ဆွမ်းလည်း မလောင်း၊ တကယ့်ဆွမ်းလည်း မလောင်း၊ မျက်နှာချင်းဆိုင်အိမ်များမှ မောင်ပြုံးချိုတို့ ဆွမ်းရပ်နေသည်ကို မြင်သောအခါ လမ်းကို ဖြတ်ကူးလာပြီး လောင်းကြသည်လည်း ရှိသည်။

တစ်လမ်းဆုံးတော့မည်။ ဆွမ်းတွေ တစ်ပါးစာပင် မက ရနေပါပြီ။ ဆွမ်းဟင်းကား တစ်ခွက်မျှ မရသေး။

လမ်းဆုံးသဖြင့် ဝဲဘက်သို့ ကွေ့လိုက်သည်။ ထို့နောက် လမ်းထိပ်တစ်ခုသို့ ရောက်ပြန်သောအခါ ဝဲဘက်သို့ပင် ပြန်ကွေ့ပြီး အိမ်စဉ်အတိုင်း ရပ်၍ ရပ်၍ သွားကြသည်။ အိမ်တစ်အိမ်ကမူ မုန့်ဖက်ထုပ်တစ်ထုပ်စီ လောင်းလိုက်သည်။ သုံးလေးအိမ် သွားမိပြန်သောအခါ ပဲပြုတ်သည်မကြီးတစ်ဦးသည် သူ၏ ပဲပြုတ်တောင်းကို လမ်းဘေးတွင်ချကာ "ရပ်တော်မူပါဦး ဘုရား" ဟု ဆိုသည်။

မောင်ပြုံးချိုတို့ သပိတ်တွင်းမှ ဆွမ်းခွက် တစ်ခွက်စီယူ၍ ပဲကတ္တီပါ ပြုတ်များကို တုန်ယင်သော လက်များဖြင့် ထည့်ကာ လောင်းသည်။ လမ်းဘေးတွင် ရှိသေစွာ ထိုင်၍ကန်တော့သည်။ မောင်ပြုံးချိုသည် စိတ်ထဲမှ သာဓု အနုမောဒနာ ပြုလိုက်သည်။

လမ်းဆုံးသော် ရွာအပြင်သို့ ထွက်လာကြသည်။

သပိတ်ထဲတွင် ဆွမ်းတွေ ပြည့်လုပြည့်ခင်။ ဆွမ်းဟင်းဟူ၍ ပဲပြုတ်တစ်ခွက်သာ ပါသည်။ ထိုပဲပြုတ်သည် ပဲပြုတ်သက်သက်။ ဆီမပါ၊ ဆားမပါ။ သို့သော် ပဲပြုတ်သည် အမျိုးသမီးကြီး၏ စေတနာကို တန်ဖိုးထားရပေမည်။ ထို့နောက် မုန့်ဖက်ထုပ်တစ်ထုပ်၊ ချက်ပြုတ်ကြော်လှော်ထားသည့် ဆွမ်းဟင်းတစ်ခွက်တလေမျှ ပါမလာ။

ကျောင်းသို့ရောက်သော ခြေများကို ဆေးကြောပြီး အပေါ်ထပ်သို့တက်လာကြသည်။ တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲရွှဲစိုနေသည်။ ကေသီကို ဗွာ၍ ခေတ္တ လှွားထားကြရသည်။

ရေမိုးချိုးပြီးသော ရှမှတ်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်။

၁၀ နာရီခွဲသည် နေ့ဆွမ်းစားချိန် ဖြစ်သည်။ အုန်းမောင်းခေါက်သံကို ကြားရသည်။

မောင်ပြုံးချိုတို့သည် သက်နံ့ရုံ၍ သပိတ်ကို ပိုက်ကာ အောက်ထပ်သို့ ဆင်းလာကြသည်။

ထိုင်မိသည်နှင့် ဒါယကာကြီးနှစ်ဦးက ဆွမ်းစားပွဲကို မ၍ ကပ်ကြသည်။ စားပွဲပေါ်တွင် ဆိပြန်ဟင်း၊ အရည်သောက်၊ အချဉ် အစရှိသည့် ဟင်းခွက်များကိုပါ ပြင်ဆင်ထားသည်။ ဆွမ်းစားပြီး ဘုဉ်းပေးရန် အချိုပွဲများ သစ်သီးများလည်း ပါသည်။ အချို့ဟင်းပွဲများမှာ ရိပ်သာ ၁၀ ရက်စခန်းမှ ယူငင်ကပ်လှူခြင်း ဖြစ်သည်ဟု သိရသည်။

အချို့ဟင်းများနှင့် အချိုပွဲများမှာ ယောဂီ ဒါယိကာမကြီးတို့၏ ကုသိုလ် ဖြစ်လေသည်။

မောင်ပြုံးချို၏ သပိတ်အတွင်းမှ ဆွမ်းများကို လင်ပန်းတစ်ခုထဲသို့ ခွဲထည့်ပေးလိုက်ရာ မို့မောက်လျက် ရှိသည်။ မောင်ပြုံးချိုတို့နှစ်ဦး ရရှိလာသည့် ဆွမ်းများသည် လေးငါးပါးစာမက များလှပါသည်။ သို့သော် ဆွမ်းဟင်းတော့ မပါ။ အကယ်၍ ခံ၍ရသမျှနှင့်သာ ဘုဉ်းပေးရမည်ဆိုလျှင် အတော်ပင် ကြိုးစား၍ ဘုဉ်းပေးကြရပေမည်။ ယခုမူ စားပွဲပေါ်တွင် ဆွမ်းဟင်းမျိုးစုံရှိနေပါပြီ။

သပိတ်ထဲတွင် လိုသလောက်သာ ချန်ထားသည့် ဆွမ်းထဲသို့ လိုသလောက် ဟင်းများကို ယူထည့်သည်။ ပဲပြုတ်သည် အဒေါ်ကြီး၏ စေတနာကို လေးစားသောအားဖြင့် ဆွမ်းဟင်းခွက်ထဲမှ ပဲပြုတ်အချို့အဝက်ကိုလည်း သပိတ်ထဲသို့ ထည့်လိုက်သည်။

ဆွမ်းမစားမီ စိတ်ထဲတွင်းမှ ပစ္စဝေက္ခဏာကို ဤသို့ဆင်ခြင်သည်။

"ရွာသူသားငယ်များကဲ့သို့ မြူးထူးပျော်ပါးကစားရန်၊ လက်ဝှေ့သမားများကဲ့သို့ အားမာန်ယစ်ရန်၊ နန်းတွင်းသူများ ပြည့်တန်ဆာမများကဲ့သို့ အ

ကြီးငယ် ပြည့်ဖြိုးစေရန်၊ ကျွမ်းသမားများ၊ ကချေသည်များကဲ့သို့ အရေအဆင်း လှပတင့်တယ်စေရန် ဤဆွမ်းကို မှီဝဲခြင်း မဟုတ်။

"ဤရူပကာယ တည်ရုံ၊ မျှတရုံ၊ ပင်ပန်းခြင်း ငြိမ်းရုံ၊ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ရုံဌာသာလျှင် ဤဆွမ်း အစရှိသော အာဟာရကို မှီဝဲပါ၏။

"ဤသို့ ဆွမ်းကို မှီဝဲသဖြင့် ဆင်းရဲသော ဝေဒနာဟောင်းများ ပျောက်ကင်း၍ ဆင်းရဲဝေဒနာသစ်များလည်း မဖြစ်စေအံ့။

"ငါ့အား မျှတခြင်းသည် လည်းကောင်း၊ အပြစ်မရှိခြင်းသည်လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည် လည်းကောင်း ဖြစ်လတ္တံ့."

ဤသို့ ဆင်ခြင်ပြီး ဆွမ်းကို စားသည်။ ဆွမ်းစားစဉ်တွင်လည်း ရှုမှတ်မှု မလွတ်အောင် ကြိုးစားသည်။

သို့သော် ဆွမ်းဘုဉ်းပေးရသည်မှာ မလွတ်မလပ် တင်းကျပ်ကျပ် ဖြစ်နေသည်။ ရုံထားသည့် သင်္ကန်းကလည်း တင်းကျပ်ကျပ်၊ ပခုံးပေါ်တင်ကာ ချိုင်းတွင် ညှပ်ထားသည့် လမ်းမောင်းတစ်လျှောက်မှ သင်္ကန်းလိပ်ကလည်း လျော့ရိလျော့ရဲပြေကျမည်ကို စိုးရိမ်နေရသည်။ အနီးတွင် လက်အုပ်ချီကာ ရိုသေစွာ ထိုင်လျက် မောင်ပြုံးချိုတို့ ဆွမ်းဘုဉ်းပေးနေသည်ကို စေတနာထက်သန်စွာ ကြည်ညိုနေကုန်သူ ဒါယကာ ဒါယိကာမများတို့ကြောင့်လည်း ပို၍ စိတ်ကျဉ်းကျပ်နေသည်။

ခပ်ငြိမ်းငြိမ်း ဘုဉ်းပေးရသော် တော်သေး၏။ ယခုမူ ဤသို့မဟုတ်။ အငြိမ်နေ၍ မရ။ ဆွမ်းစားပြီးသော် သပိတ်ကို ဆေးကြောရသည်။ စင်ကြယ်အောင် ဆေးရသည်။ ရေလောင်း၊ ဆပ်ပြာနှင့်ပွတ်၊ တစ်ထပ်မက အနည်းဆုံး နှစ်ထပ်ဆေးရမည်။ သို့မဟုတ်လျှင် ဆပ်ပြာစော်နံနေမည်။ ပြီးလျှင် အရည်သောက်ဟင်းကို သပိတ်တွင်ထည့်၍ သောက်သည်။ တစ်ဖန် သပိတ်ကို ဆေးပြန်သည်။ ကပ်ထားသည့် ကိုကိုးရည်ကို သပိတ်တွင်း ထည့်ကာသောက်ပြန်သည်။ သစ်သီးများကို သပိတ်တွင်း ထည့်ကာ ဖဲ့၍ဖဲ့၍ ဘုဉ်းပေးရသည်။ သောက်ဖက်ရည်ကြမ်းသောက်လိုလျှင် သပိတ်ကို ထပ်မံ ဆေးရဦးမည်။

အနီးရှိ သပိတ်ဖုံးပေါ်တွင် ဖယ်ထားသည့် မုန့်ဖက်ထုပ်ကလေးကို ဖြေကာ အနည်းငယ် ဖဲ့၍ သပိတ်တွင် ထည့်ပြီး လောင်းလှူလိုက်သည့် ဓေတနာရှင်ကို ရည်မှန်း၍ ဘုဉ်းပေးလိုက်လေသည်။

မောင်ပြုံးချိုတို့သည် တစ်နေ့တာအတွက် အာဟာရမှိဝဲမှု ကိစ္စ ပြီးဆုံးလေပြီ။ ကိုယ့်သပိတ်ကိုယ် ပိုက်ကာ ကျောင်းပေါ် ပြန်တက်လာကြသည်။

သပိတ်ကို စင်ကြယ်အောင် ထပ်မံဆေးကြောပြီးလျှင် အဝတ်ဖြင့် ခြောက်သွေ့အောင် သုတ်၍ ဘုရားစင်ရှေ့တွင် ထားလိုက်ကြလေသည်။

၄

မောင်ပြုံးချိုတို့သည် လူအများ၏ ရှိခိုးကော်ရော်ခြင်းကို ခံယူလျက် ရှိသည်၊ လူအများ၏ ပေးလှူသော ဆွမ်းဘောဇဉ်များကို ခံယူဘုဉ်းပေးခဲ့ပြီ။ လူတို့ဆောက်လုပ်လှူဒါန်းသော ကျောင်းသခ်မ်းတွင် အေးချမ်းစွာ နေထိုင်ရသည်။

ဤသို့ ရှိခိုးခြင်း၊ လှူဒါန်းခြင်းကို ခံယူပြီး အေးချမ်းသာယာစွာ နေထိုင်ရခြင်းသည် ၂၂၇ သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းလျက် ရဟန်းအဖြစ်ခံယူထားခြင်းကြောင့်ပင် ဖြစ်သည်။ ဤသို့ သိက္ခာပုဒ်များကို ထိန်းသိမ်းနေရုံနှင့်လည်း မပြီးသေး။ ရဟန်းတို့ကျင့်ကြံအားထုတ်သင့်သည့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ အစရှိသည့် ကျင့်စဉ်များကိုလည်း တတ်စွမ်းသမျှ ကျင့်ကြံအားထုတ်ရဦးမည်။

ရက်အနည်းငယ်သာ ရဟန်းဝတ်ဖြင့် နေထိုင်မည့် မောင်ပြုံးချိုအနေဖြင့် ပိဋကတ် ပရိယတ်များကို လေ့လာသင်အံနေဖို့ အချိန်ရမည် မဟုတ်။ ပဋိဝေဓတည်းဟူသော လူအများအား တရားဓမ္မ ဟောပြောပြသသော အလုပ်ကိုလည်း လုပ်ကိုင်နိုင်မည်မဟုတ်။ ထို့ကြောင့် ဒုလ္လဘ ရဟန်းဘဝတွင် ပဋိပတ္တိ တည်းဟူသော ဝိပဿနာဘာဝနာတရားကိုသာ အားထုတ်ရပေတော့မည်။ ဤသို့ ဝိပဿနာ သတိပဋ္ဌာန်တရားကို ပွားများနေခြင်းအားဖြင့် စိတ်ကို တည်ငြိမ်စေမည့်အပြင် ရဟန်းသိက္ခာပုဒ်များကို ထိန်းသိမ်းထားပြီးသား ဖြစ်ပေလိမ့်မည်။

"ဒီနေ့တော့ အရှင်ဘုရား ရုက္ခမူစုတင်ကို တတ်နိုင်သမျှ ကျင့်ရကောင်းမယ်ဘုရား"

မောင်ဖြူးချိုအား ဦးသုမနက ဤသို့ လျှောက်သည်။

သို့နှင့် မောင်ဖြူးချိုတို့နှစ်ပါးသည် သိမ်ဘက်သို့ လာခဲ့ကြသည်။ သိမ်၏ ဘစ်ဖက် မြေကြီးလှေကားထစ်များအတိုင်း အောက်ဘက်မြေနိမ့်ပိုင်းသို့ ဆင်း သိုက်သောအခါ သရက်တောအုပ်ကလေးကို တွေ့ရသည်။ အနီးတွင် ခြေတံ ရှည် ကျောင်းငယ်ကလေးတစ်ဆောင် ရှိသည်။ သရက်တောအုပ်သည် နေ ပြောက်မထိုးအောင် အရိပ်ကောင်းလှသည် မဟုတ်စေကာမူ အတော်အတန် အရိပ်ကောင်းသည့် မြေပေါ်တွင် ပိုးမွှား ပုရွက်ဆိတ်များ ရှိသဖြင့် ကုလားထိုင် ဘစ်လုံးစီဖြင့် အရိပ်ခိုကာ ထိုင်ကြသည်။ ညနေစောင်းအထိ ဤသစ်ပင်တို့ အောက်တွင် ရှုမှတ်မှုဖြင့် နေမည်ဟု အဓိဋ္ဌာန်ပြုလိုက်လေသည်။

ရိပ်သာအုတ်တံတိုင်းကို ကျော်ကြည့်လိုက်လျှင် ကြီးမားသော ရှေး ဟောင်း စေတီပျက်ကြီးတစ်ဆူကို တွေ့ရသည်။ ထိုစေတီပျက်ကြီး၏ ထိပ် ဘွင် ထုံးဖြူဖွေးဖွေးနှင့် စေတီငယ်တစ်ဆူ ရှိသည်။ လေပြင်းပြင်းတိုက်ခိုက် ချှင် ထိုစေတီပေါ်မှ ထွက်ပေါ်လာသည့် ဆည်းလည်းသံလွင်လွင်ကို ကြားနေ သည်။ သရက်ပင်အုပ်ကို လေတိုးသဖြင့်လည်း တရှဲရှဲမြည်သည်။ အပင်မှာ အခိုင်လိုက် အပြွတ်လိုက် တွဲလဲကျနေသည့် သရက်သီးရင့်တို့သည် လေတိုက် သဖြင့် ဒန်းလွဲသလို ရှိနေကြသည်။

“ဖောင်းတယ်၊ ပိန်တယ်”

“ဖောင်းတယ်၊ ပိန်တယ်”

“ဖောင်းတယ်၊ ပိန်တယ်”

မောင်ဖြူးချိုသည် အသက်ရှူသွင်းလိုက်သောအခါ ဝမ်းဗိုက်သည် ဖောင်း သာပြီး လေကို ပြန်ထုတ်လိုက်သောအခါ ပိန်သွားသည်။ သည်လို ဖောင်းလိုက် ပိန်လိုက် ဖြစ်နေသည်ကို သတိကပ်၍ မှတ်နေသည်။ သတိကို ဖောင်းချည် ပိန်ချည် ဖြစ်နေခြင်းမှ လွတ်ထွက်မသွားအောင် ကပ်၍ ထားသည်။ ချည်နှောင် ၍ ထားနိုင်အောင် ကြိုးစားသည်။ မောင်ဖြူးချိုသည် လက်တွေ့လုပ်ကြည့်မှ လွယ်မယောင်နှင့် ခက်သည်ကို တွေ့ရသည်။ စိတ်သည် ထာဝစဉ် ပျံ့လွင့်နေ သည်။ တစ်နေရာတည်းတွင် တည်ငြိမ်စွာ ထား၍ မရ။ လွင့်ချင်တိုင်း လွင့်၊ ပျံ့ချင်တိုင်း ပျံ့သည့် စိတ်ကို သတိမကပ် လွှတ်ထားစဉ်က ပေါက်လွှတ်ပဲစား

သွားချင်ရာ သွားနေသည်။ ထိုအခြင်းအရာကို ဂရုလည်းမစိုက်။ သတိလည်း မထား။ ဤသို့ ပြေးလွှားပျံ့လွင့်နေသည့် စိတ်ကို လိုသလို ထားနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ တစ်နေရာရာတွင် ချည်ထားနိုင်လိမ့်မည်ဟု အောက်မေ့ခဲ့သည်။ ယခု တကယ် သတိချည်တိုင်တွင် ချည်ကြည့်သောအခါ ရုန်း၍ ရုန်း၍ ထွက်ပြေးနေသည်ကို တွေ့ရသည်။

"ဖောင်းတယ်၊ ပိန်တယ်"

"ဖောင်းတယ်၊ ပိန်တယ်"

"ဖောင်းတယ်၊ ပိန်တယ်"

ဖောင်းခြင်း၊ ပိန်ခြင်းကို သတိကပ် ရှုမှတ်ပြီး စိတ်ကို ချုပ်နှောင်သည်။ တစ်မိနစ်ပင် ရှိမည် မထင်။ လွတ်ထွက်သွားလေသည်။

အိမ်သို့ ရောက်သွားလေပြီ။ မောင်ပြုံးချို မိသားစု၏ မျက်နှာတွေ တစ်ခုပြီး တစ်ခု ပေါ်လာသည်။ မိမိ ငယ်ငယ်က နေထိုင်ခဲ့သည့် ဒေသအသီးသီးသို့ ရောက်သွားပြန်သည်။

လွတ်သွားသော စိတ်ကို သတိဖြင့် ပြန်ချုပ်သည်။ နေရာမှန်သို့ ရောက်လာပါပြီ။ မည်မျှကြာလိုက်သည် မသိ။ လွတ်သွားပြန်လေပြီ။ မကြာသေးမီက ကွယ်လွန်ခဲ့သော တင့်တယ်၏မျက်နှာပေါ်လာသည်။ မကွယ်လွန်မီ တစ်နေ့က ဆေးရုံပေါ်တွင် ချွဲသံပါပါဖြင့် စကားပြောသည်ကို ကြားယောင်မိသည်။ သတိကို ပြန်ကပ်အောင် ကြိုးစားသည်။ သည်အထဲက လွတ်ပြန်ပါပြီ။

မောင်ပြုံးချို မိမိ ရောက်ခဲ့ဖူးသော နိုင်ငံအသီးသီးသို့ ရောက်သွားသည်။ တစ်ဖန် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် အာရှနိုင်ငံတစ်ခုသို့ ရောက်သွားပြန်သည်။ ထိုစဉ်က အတွေ့အကြုံများသည် တသီတတန်းကြီး ပေါ်လာသည်။ ပြေးကြ၊ လွှားကြ၊ သတ်ကြ၊ ဖြတ်ကြသည်ကို ထင်ယောင်လာသည်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တောက်လောင်သည်ကို မြင်ယောင်လာသည်။ ထိုမှတစ်ခါ တကယ့်မီးတောက်ကြီးများ တဟုန်းဟုန်းတောက်ကျွမ်းသည့်အထဲတွင် လူတွေ တရှန်းရှန်း သေကြေ ပျက်စီးကြသည်ကို မျက်စိထင်ထင် မြင်ရသကဲ့သို့ မြင်နေသည်။

လွတ်ထွက်သွားသော စိတ်ဆင်ရိုင်းကို သတိချုန်းဖြင့် အုပ်ကာ ဖမ်းရပြန်သည်။ သည်လိုနှင့်ပင် လွတ်လိုက်၊ ဖမ်းလိုက်၊ ဖမ်းလိုက် လွတ်လိုက်နှင့် နေစောင်းလာသည်။

ထိုင်၍လည်း ရှုမှတ်သည်။ လျှောက်၍လည်း ရှုမှတ်သည်။ သရက်ပင်ရိပ်အောက်ပင် ဖြစ်သော်လည်း မအေးချမ်းလှ။ လေပူ တိုက်ခိုက်လျက် ရှိသည်။ သရက်ပင်ထက်မှ ခါချဉ်ကောင် အနက်များကလည်း ကိုယ်ပေါ်သို့ ပြုတ်၍ ပြုတ်၍ ကျလာတတ်သည်။ ကေသီရော သင်းပိုင်ရော ချွေးတွေနှင့် ရွှဲရွဲစိုနေပါပြီ။

နေစောင်းသော် ကျောင်းဘက်သို့ ပြန်လာကြသည်။ သိမ်အတွင်းမှ ကမ္မဝါသံသည် သဲ့သဲ့မျှ ထွက်ပေါ်လာသည်။

ရိပ်သာတွင် ဒုလ္လဘရဟန်းတစ်ပါး တိုးလာပြန်ပါပြီ။

# ဒုလ္လဘ[၂]

၁

သင်္ကြန်အကြတ်နေ့။

ရဟန်းဝတ်ဖြင့် သုံးရက်မြောက်သောနေ့တည်း။

နံနက် ခုနစ်နာရီခန့်တွင် မောင်ပြုံးချိုတို့ ဒုလ္လဘရဟန်းသုံးပါး ဆွမ်းခံထွက်လာခဲ့ကြသည်။ မောင်ပြုံးချိုက ရှေ့ဆုံး၊ ဦးခေမာစာရက အလယ်၊ သူ့နောက်မှ ဦးသုမနက လိုက်သည်။ ဦးခေမာစာရသည် ဦးသုမန၏ ကျောင်းနေဘက် မိတ်ဆွေဆရာဝန်တစ်ဦးပင် ဖြစ်သည်။ သူသည် မောင်ပြုံးချိုတို့ထက် တစ်ရက် နောက်ကျ၍ ရဟန်းဘောင်သို့ ဝင်လာသည်။ ယမန်နေ့ နံနက်ကတည်းက မောင်ပြုံးချိုတို့နှင့်အတူ ဆွမ်းခံရာတွင် လိုက်ပါခဲ့သည်။

ယမန်နေ့ကလည်း ပထမနေ့တုန်းကကဲ့သို့ပင် ဆွမ်းတွေ အများအပြားရခဲ့ကြသည်။ ဆွမ်းဟင်းကား ငါးပိချက်တစ်ခွက်စီသာ ရသည်။ ခုနှစ်နို့ဆမ်းထားသည့် ကောက်ညှင်းပြင်မုန့်ကို ဆွမ်းနှင့် ရောထည့်ကာ ခံယူခဲ့ကြသည်။ အိမ်နှစ်အိမ်မှ လောင်းလိုက်သည့် သကြားအနည်းငယ်စီကိုမူ ဆွမ်းခွက်ထဲရော၍ ထည့်ကြသည်။ သင်္ကြန်တွင်းမို့ ရပ်ကွက်စားသုံးသူ သမဝါယမက သကြားထုတ်ပေးဟန် တူသည်။ တော်တော့်စေတနာနှင့် သကြားကို မောင်ပြုံးချိုတို့အား လောင်းမည် မဟုတ်။ ပြင်ပတွင် ဈေးကောင်းသည် မဟုတ်လား။

သုံးရက်မြောက်သောနေ့သည် မောင်ပြုံးချိုအဖို့ ဆွမ်းခံမည့် နောက်ဆုံးနေ့ ဖြစ်သည်။ "အိမ်စဉ်လျှောက်ကာ ဆွမ်းခံ၍ စားသော ဓုတင်ကို သုံးရက်သာ ဆောင်ထိန်းပါမည်"ဟု အဓိဋ္ဌာန်ပြုထားခဲ့သည်။

အိမ်စဉ်အတိုင်း ဆွမ်းရပ်သွားကြသည်။ ဆွမ်းထွက်လောင်းသူများ တစ်နေ့ထက် တစ်နေ့ များလာသည်။ နောက်တစ်နေ့ဆိုလျှင် မောင်ပြုံးချိုတို့ ဆွမ်းခံလာတော့မည် မဟုတ်။ အချိန်တန်လျှင် ဆွမ်းလောင်းမည့်သူများ မောင်ပြုံးချိုတို့ကို စောင့်မျှော်နေမည်လော။ "ဦးပဥ္စင်းတို့ မနက်ဖြန် ဆွမ်းခံမလာတော့ဘူး"ဟု အကြောင်းကြားခဲ့ရမည်လော။ ဤသို့လည်း လိုမည် မဟုတ်ပါ။ မောင်ပြုံးချိုတို့ မလာ၍ မလောင်းရသော ဆွမ်းသည် သူတို့အဖို့ အလဟဿ တော့ မဖြစ်တန်ရာ။

တဲအိမ်တစ်ခု၏ ဝင်းပေါက်ဝတွင် မောင်ပြုံးချိုတို့ ရပ်လျက် ရှိသည်။ မောင်ပြုံးချို၏ ဘေးဘက် ခပ်စောင်းစောင်းတွင် လေးငါးနှစ်အရွယ် သူငယ် တစ်ယောက် ရေကစားနေသည်ကို လှုပ်ရှားသံများဖြင့် သိရသည်။ ထိုသူငယ်လေးသည် ရေကစားခြင်းကို ရပ်ဆိုင်း၍ "မေမေရေ ...ဘုန်းဘုန်း လာပြီ"ဟု တဲအိမ်တွင်းသို့ လှမ်းအော်ပြောလိုက်သည်။ တဲအိမ်အတွင်းမှ မည်သည့် အသံမှ ထွက်မလာ။ သူငယ်ကလေး ထပ်၍ အော်ပြောလိုက်ပြန်သည်။

"မေမေ ...ဘုန်းဘုန်း လာပြီ"

"မေမေ ...ဘုန်းဘုန်း လာပြီ"

တဲအိမ်ထဲတွင် မည်သူမျှ ရှိပုံ မပေါ်။ သူ့မိခင်သည် တစ်နေရာသို့သွား နေဟန်တူသည်။ သူငယ်သည် သူ့မိခင် ဆွမ်းမလောင်းရဘဲ မောင်ပြုံးချိုတို့ ထွက်ခွာသွားမည်ကိုလည်း စိုးရိမ်နေဟန် ရှိသည်။

"ဘုန်းဘုန်း နေဦးနော်" ဟု မောင်ပြုံးချိုတို့ကို လှမ်း၍ တားနေပြန် သည်။ သူငယ်လေး၏သဒ္ဓါလွှမ်းသည့် အသံသည် ကြည်လင် ချိုမြလှသည်။ မောင်ပြုံးချိုသည် သာမန်အားဖြင့် ဘုန်းဘုန်းဟူသော စကားအသုံးအနှုန်းကို မကြိုက်ပါ။ သိက္ခာရှိရမည်ဖြစ်သော ရဟန်းသံဃာ ဘုန်းတော်ကြီးများနှင့် မလျော်သည့် ဝေါဟာရဟု ထင်ပါသည်။ ကြားရသည်မှာ ကလက်နေသည်။ သို့သော် သူငယ်ကလေး ရွတ်ဆိုခေါ်ဝေါ်လိုက်သည့်ဘုန်းဘုန်းအသံမှာမူ နား ဝင်ချိုသလို ဖြစ်နေပါသည်။ သူငယ်ကလေး၏ အသံသည် မောင်ပြုံးချိုနား ထဲတွင် အချိန်ကြာမြင့်စွာ ပဲ့တင်ထပ် ကျန်ရစ်နေသည်။

ယနေ့သည် သင်္ကြန်အကြတ်နေ့ဖြစ်၍ ပို၍ပင် ဆူညံနေပါသေးသည်။ တတ်နိုင်သမျှ ဝေးရာသို့ ရှောင်ရပေမည်။ ထိုင်လိုက်၊ လျှောက်လိုက်နှင့် ရှမ်းတိရင်းပင် ကျောင်းကြီးပေါ်တွင် တစ်နေကုန်လေသည်။ ပုအိုက်လှသဖြင့် သင်းပိုင်ရော ကောသိပါ ချွေးတွေနှင့် ရွဲနေတော့သည်။

ယမန်နေ့ ညနေစောင်း လူခြေတိတ်ချိန်တွင် သရက်တောအုပ်သို့ ရောက်နေသည်။ တစ်နေ့လုံး တိုက်ခိုက်ခဲ့သည့် လေပူနေရာတွင် လေအေးဝင်လာပါပြီ။ ဆူညံသံများလည်း တိတ်သွားပါပြီ။ ဦးသုမနသည် သားရေနယ်ကို ခင်းလျက် သရက်ပင်ရင်းတွင် ထိုင်သည်။ မောင်ပြုံးချိုသည် အနီးရှိ ကျောင်းငယ်ကလေးပေါ် တက်၍ လေမကွယ်သည့် ခန်းပြင်တွင် ထိုင်သည်။ လေတိုက်တိုင်း သရက်ကိုင်းတို့သည် ကျောင်းငယ်၏ သွပ်မိုးကို လာရိုက်နေသည့် အသံကို ကြားနေရသည်။ အိပ်တန်းတက်စဖြစ်သော ငှက်မျိုးစုံတို့၏ အသံ၊ လင်းဝက်တို့အသံများကိုလည်း အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ ကြားနေရသည်။ တစ်ခါတစ်ရံ ကြောင်အော်သံများလည်း မနီးမဝေးမှ ထွက်ပေါ်လာတတ်သည်။ တောကြောင်လော အိမ်ကြောင်လော မပြောတတ်။

သည်အနီးအနားတစ်ပိုက်တွင် ဥစ္စာစောင့်တွေ ရှိသည်ဟု ပြောသံ ကြားရဖူးသည်။ သိမ်အနီး သဲတွင်းကြီးတစ်ခု ရှိသည်။ ကျောင်းဝင်းအတွင်း အဆောက်အအုံများ ဆောက်ရာတွင် အသုံးပြုရန် သဲလိုသဖြင့် တူးယူထားခြင်း ဖြစ်သည်။ ထိုသို့ တူးရာတွင် လူ့အရိုးပြာများ ထည့်၍ မြှုပ်နှံထားသည့် မြေအိုးပေါင်း အများအပြား တွေ့ရှိသည်ဟု ဆိုသည်။ သည်နေရာတွင် ရှေးရှေးအခါက သုသာန်ဖြစ်ခဲ့ဟန် တူသည်။ ထို့ကြောင့်လည်း ပတ်ဝန်းကျင်တွင် ဓာနာဘာဝတွေ လူးလာ ကျက်စားနေထိုင်ကြသည်ဟု ယူဆကြလေသည်။

လကွယ်ရက် ဖြစ်သောကြောင့် မှောင်နှင့်မည်းမည်း မောင်ပြုံးချို ရှေ့ဘည့်တည့် ကိုက် ၃၀၀ ခန့် နေရာတွင် ရှိသည့် ရှေးဟောင်းစေတီပျက်ကြီးပေါ်တွင် တည်ထားသည့် ထုံးဖြူဖွေးဖွေးနှင့် စေတီငယ်၏ ထီးတော်ထိပ်မှ လျှပ်စစ်မီးလုံးသည် လင်းလိုက်မှိတ်လိုက် ဖြစ်နေသည်။ လျှပ်စစ်မီးအား မမှန်၍ ဤသို့ဖြစ်နေခြင်းလော။ သို့တည်းမဟုတ် ဤသို့ လင်းချည် မှိန်ချည် ဖြစ်အောင် ဘစ်စုံတစ်ယောက်သောသူက ဖန်တီးထားခြင်းလော။ မောင်ပြုံးချို မသိပါ။

ယနေ့သည် သင်္ကြန်အကြတ်နေ့ဖြစ်၍ ပို၍ပင် ဆူညံနေပါသေးသည်။ တတ်နိုင်သမျှ ဝေးရာသို့ ရှောင်ရပေမည်။ ထိုင်လိုက်၊ လျှောက်လိုက်နှင့် ရှမှတ်ရင်းပင် ကျောင်းကြီးပေါ်တွင် တစ်နေကုန်လေသည်။ ပူအိုက်လှသဖြင့် သင်းပိုင်ရော ကေသီပါ ချွေးတွေနှင့် ရွှဲနေတော့သည်။

ယမန်နေ့ ညနေစောင်း လူခြေတိတ်ချိန်တွင် သရက်တောအုပ်သို့ ရောက်နေသည်။ တစ်နေ့လုံး တိုက်ခိုက်ခဲ့သည့် လေပူနေရာတွင် လေအေးဝင်လာပါပြီ။ ဆူညံသံများလည်း တိတ်သွားပါပြီ။ ဦးသုမနသည် သားရေနယ်ကို ခင်းလျက် သရက်ပင်ရင်းတွင် ထိုင်သည်။ မောင်ပြုံးချိုသည် အနီးရှိ ကျောင်းငယ်ကလေးပေါ် တက်၍ လေမကွယ်သည့် ခန်းပြင်တွင် ထိုင်သည်။ လေတိုက်တိုင်း သရက်ကိုင်းတို့သည် ကျောင်းငယ်၏သွပ်မိုးကို လာရိုက်နေသည့် အသံကို ကြားနေရသည်။ အိပ်တန်းတက်စဖြစ်သော ငှက်မျိုးစုံတို့၏ အသံ၊ လင်းဝက်တို့အသံများကိုလည်း အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ ကြားနေရသည်။ တစ်ခါတစ်ရံ ကြောင်အော်သံများလည်း မနီးမဝေးမှ ထွက်ပေါ်လာတတ်သည်။ တောကြောင်လော အိမ်ကြောင်လော မပြောတတ်။

သည်အနီးအနားတစ်ဝိုက်တွင် ဥစ္စာစောင့်တွေ ရှိသည်ဟု ပြောသံ ကြားရဖူးသည်။ သိမ်အနီး သဲတွင်းကြီးတစ်ခု ရှိသည်။ ကျောင်းဝင်းအတွင်း အဆောက်အအုံများ ဆောက်ရာတွင် အသုံးပြုရန် သဲလိုသဖြင့် တူးယူထားခြင်း ဖြစ်သည်။ ထိုသို့ တူးရာတွင် လူ့အရိုးပြာများ ထည့်၍ မြှုပ်နှံထားသည့် မြေအိုးပေါင်း အများအပြား တွေ့ရှိသည်ဟု ဆိုသည်။ သည်နေရာတွင် ရှေးရှေးအခါက သုသာန်ဖြစ်ခဲ့ဟန် တူသည်။ ထို့ကြောင့်လည်း ပတ်ဝန်းကျင်တွင် ဓာနာဘာဝတွေ လူးလာ ကျက်စားနေထိုင်ကြသည်ဟု ယူဆကြလေသည်။

လကွယ်ရက် ဖြစ်သောကြောင့် မှောင်နှင့်မည်းမည်း မောင်ပြုံးချို ရှေ့တည့်တည့် ကိုက် ၃၀၀ ခန့် နေရာတွင် ရှိသည့် ရှေးဟောင်းစေတီပျက်ကြီးပေါ်တွင် တည်ထားသည့် ထုံးဖြူဖွေးဖွေးနှင့် စေတီငယ်၏ ထီးတော်ထိပ်မှ လျှပ်စစ်မီးလုံးသည် လင်းလိုက်မှိတ်လိုက် ဖြစ်နေသည်။ လျှပ်စစ်မီးအား မမှန်၍ ဤသို့ဖြစ်နေခြင်းလော။ သို့တည်းမဟုတ် ဤသို့ လင်းချည် မှိန်ချည် ဖြစ်အောင် တစ်စုံတစ်ယောက်သောသူက ဖန်တီးထားခြင်းလော။ မောင်ပြုံးချို မသိပါ။

ထိုလင်းလိုက်၊ ငြိမ်းလိုက် ဖြစ်နေသည့် မီးရောင်သည် မောင်ပြုံးချို၏ စိတ်ကို လှုပ်ရှားစေပါသည်။

မီးရောင်သာမက နားမှ ကြားရသည့် သွပ်မိုးကို သရက်ကိုင်း ရိုက်ခတ်သံ၊ ငှက်တီရစ္ဆာန်တို့၏ အော်မြည်သံ၊ ကိုယ်ပေါ်သို့ ပရွက်ဆိတ်တို့ တရွရွ တက်နေသည့် ယားကျိကျိအတွေ့၊ လေငြိမ်သွားလျှင် တစီစီမြည်ရင်း ကိုယ်ပေါ်သို့ လာနားကာ သွေးစုပ်သည့် ခြင်တို့သည် ရှုမှတ်မှုကို အမျိုးမျိုး နှောင့်ယှက်နေကြလေသည်။ ထို့ကြောင့် စိတ်သည် မကြာခဏ ထွက်ပြေး ပျံ့လွင့်နေတတ်သည်။

သည်နေရာတွင် နာနာဘာဝတွေ ရှိသည်ဆိုသောကြောင့် တွေ့ချင်မြင်ချင်စိတ် ဖြစ်ပေါ်လာသည်။ ဆံပင်ဖားလျား၊ မျက်လုံးအပြူးသားနှင့် ကြောက်စမန်းလိလိ တွေ့ရမည်လော။ လှလှပပ ဥစ္စာစောင့်မကို မြင်ရမည်လော။ တွေ့ရ မြင်ရရုံတွင်မက စကားစမြည် ပြောရဆိုရသော် ပို၍ ဟန်ကျပေမည်။ သူတို့အကြောင်း ကိုယ်တွေ့ စာရေးရသော် ကောင်းလေစွ။

သရက်သီးတစ်လုံး မြေပေါ်သို့ ကြွေကျသံကို ကြားလိုက်ရသည်။ ပျံ့လွင့်နေသည့် စိတ်ကို မိမိခန္ဓာကိုယ်တွင် ပိန်ချည် ဖောင်းချည်ဖြစ်နေသော နေရာသို့ ရောက်အောင် ပြန်ဆွဲယူလိုက်ရပြန်ပါသည်။ အတော်ကြီး ညဉ့်နက်မှ ကျောင်းကြီးသို့ ပြန်လာခဲ့ကြသည်။ မောင်ပြုံးချို တွေ့ဆုံလိုသည့် နာနာဘာဝများကိုကား တစ်ကောင်တလေမျှ မတွေ့ခဲ့ပေ။

ယနေ့ညနေတော့ သရက်တောအရပ်သို့ မသွားတော့ပြီ။ ညနေစောင်းရေချိုးရင်း သင်းပိုင်ကို လျှော်ဖွပ်ရဦးမည်။ သုံးရက်မျှ အလဲအလှယ်မရှိ ဝတ်ဆင်ထားသော သင်းပိုင်သည် မသန့်မပြန့် ဖြစ်လာပြီ။ အနံ့ရှိနေပြီ။ သင်းပိုင်ကို လျှော်ပြီးသောအခါ လှန်းထားစဉ် ကောသီကို လောဘက်ထိုး ဝတ်ရုံပြီး ခါးပန်းစည်းထားလိုက်သည်။ ရှေးခေတ် ရောမလူမျိုးတို့ ဝတ်ဆင်ပုံနှင့် တူနေသည်။ တိဗက်ရိတ်စုတင်ဆောင်လျှင် သည်အတိုင်းပင် ပြုလုပ်ရပေမည်။ ပြင်ပသို့ ထွက်တော့မည် မဟုတ်သောကြောင့် အဆင်ပြေလျက် ရှိသည်။

ညဦးတွင် မောင်ပြုံးချိုတို့ သုံးပါး တရားစမ္မ ဆွေးနွေးကြသည်။ ထို့နောက် ကိုယ့်နေရာ ကိုယ် သွားကြပြီး ရှုမှတ်မှုဖြင့် နေကြလေသည်။

မောင်ပြုံးချို အိပ်ရာ မဝင်မီ လျှော်၍ လှမ်းထားသော သင်းပိုင်သည် ခြောက်သွေ့နေပါပြီ။

၃

အရဏ်ဆွမ်း ဘုန်းပေးပြီးသည်နှင့် ဦးသုမနသည် မနီးမဝေးတွင် ရှိသော စေတီတော်ကြီး၏ ရင်ပြင်တက်သွားလေသည်။ သူသည် မြန်မာနှစ်သစ်ကူးချိန်တွင် နှစ်စဉ် ရဟန်းဝတ်မြဲ ဖြစ်သည်။ ရဟန်းဝတ်စဉ် သုံးရက်မျှ မိမိ လှည့်လည်ခံ၍ ရရှိသော ဆွမ်းဘောဇဉ်တို့ဖြင့် ယင်းစေတီတော်ကြီးတွင် ဗုဒ္ဓမြတ်စွာအား ရည်စူး၍ ဆွမ်းကပ်ပါမည်ဟု အဓိဋ္ဌာန်ပြုထားသည်ဟု သိရပါသည်။ ယခုနှစ်တွင်လည်း ထိုအဓိဋ္ဌာန်ကို ဖြည့်ဆည်းရန် ရှိနေပါသည်။ ထို့ပြင် ထိုစေတီတော်ရင်ပြင်တွင် မောင်ပြုံးချိုတို့ သုံးပါးစလုံး အနည်းဆုံး တစ်ညဥ့်တာမျှ သွားရောက် သီတင်းသုံးပြီး သတိပဋ္ဌာန် တရားပွားများကြမည်ဟု ရည်မှန်းထားကြသည်။ ထို့ကြောင့် ဦးသုမနသည် စေတီရင်ပြင်တွင် နေရာထိုင်ခင်း လေ့လာရင်း ဆွမ်းခံထွက်သွားခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုနှင့် ဦးခေမာစာရသည် ထိုနေ့မှစ၍ ဆွမ်းခံမထွက်တော့ပါ။ ရသမျှအချိန်တွင် ရှုမှတ်မှုကို ကြိုးစားပြုလုပ်နေကြသည်။ အတွေးမျိုးစုံကို တွေးတုန်း၊ အမြင်မျိုးစုံမြင်တုန်း၊ အကြားမျိုးစုံ ကြားတုန်း၊ ယမန်နေ့ ဆွမ်းခံစဉ်က ကြားခဲ့ရသည့် သူငယ်၏ အသံကို မကြာခဏ ကြားယောင်နေသည်။

"မေမေရေ ...ဘုန်းဘုန်း လာနေပြီ"

"ဘုန်းဘုန်း နေဦးနော်"

ယနေ့များ ထိုသူငယ်နှင့် မိခင်သည် မောင်ပြုံးချိုတို့အား ဆွမ်းလောင်းရန် စောင့်မျှော်နေမည်လား။

နံနက် ကိုးနာရီခန့်တွင် ဦးသုမနသည် ဆွမ်းခံရာ ပြန်ရောက်လာသည်။ ဆွမ်းတွေ ဟင်းတွေ သပိတ်နှင့် အပြည့်ရရှိလာသည်။ ငှက်ပျောသီး၊ ပိန္နဲသီး၊ ကိတ်မုန့်တွေ၊ မြန်မာမုန့်တွေ စုံနေအောင်လည်း လောင်းလိုက်ကြသည်။ ဦးသုမန တစ်ပါးတည်း ရရှိလာသည့် ဆွမ်းဘောဇဉ် ခဲဖွယ်များကို လေးငါးပါး ဘုဉ်းပေး၍ပင် ကုန်နိုင်ဖွယ် မရှိ။ ဆရာဝန်အဖြစ်ဖြင့် မိတ်ဆွေသင်္ဂဟ ပေါ

များသူဖြစ်သော ရဟန်း ဦးသုမနအား စေတနာ ထက်သန်စွာဖြင့် ဝိုင်းဝန်း ဒါန ပြုလိုက်ကြခြင်း ဖြစ်သည်။

နေ့ဆွမ်းဘုဉ်းပေးကြသောအခါ ဦးသုမနတစ်ပါးသာလျှင် ခုံတင်ဆောင် ကာ သပိတ်နှင့် ဘုဉ်းပေးသည်။ မောင်ပြုံးချိုတို့ နှစ်ပါးမှာ ပန်းကန်ပြားနှင့် ဟင်းခွက်များမှ ဆွမ်းဟင်းများကို အလိုရှိသလို နှိုက်ယူ၍ ဘုဉ်းပေးကြသည်။ ပတ္တပိဏ္ဍိကင်္ဂ ခုတင်ကို စွန့်လွှတ်လိုက်ကြပါပြီ။ မောင်ပြုံးချိုတို့အဖို့ ယခင်နေ့များ ကဲ့သို့ ကျဉ်းကျပ်မှုမရှိဘဲ လွတ်လပ်စွာ လှုပ်ရှား ဘုဉ်းပေးနိုင်ကြသည်။ သို့သော် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း၊ ရှုမှတ်မှု ထားခြင်း၊ ဣန္ဒြေသိက္ခာဖြင့် လှုပ်ရှားခြင်း စသည်တို့ကိုမူ သတိကပ်၍ ဆောင်ရွက်ကြသည်။ ဆွမ်းဘုဉ်းပေးနေစဉ် သပိတ် ကို မကြာခဏ ဆေးကြောခြင်း မပြုရသဖြင့် ကိုယ်လက် လှုပ်ရှားမှုနည်းသည်။ ထို့ကြောင့် ရဲထားသော သက်န်းသည်လည်း အနေအထား မပျက်လှတော့ပေ။

နေ့ခင်းတွင် နေပူရှိန် ပြင်းလှသည်။ ဦးသုမနသည် သိမ်ဘက်သို့ သွား လေပြီ။ မောင်ပြုံးချိုနှင့် ဦးခေမာစာရသည် ကျောင်းကြီးပေါ်မှာပင် တရား ရှုမှတ်မှု ပြုနေရစ်ခဲ့သည်။ ပြတင်းပေါက်များကို ဖွင့်ထားသော်လည်း လေအေး မလာ၊ လေပူသာ ဝင်လာနေသောကြောင့် ကေသိကို ခွာထားသည့် အထဲကပင် ချွေးတွေနှင့် စိုရွှဲနေကြသည်။

"ဒီမှာတော့ တပည့်တော်တို့ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ဦးသုမန သွားတဲ့ သိမ်ဘက် သွားကြရအောင်"

ဦးခေမာစာရက အဖော်ညှိသည်။ သို့နှင့် မောင်ပြုံးချိုတို့သည် သိမ်ဆီ သို့ လာခဲ့ကြသည်။ သိမ်၏ အောက်ထပ်သည် မြေညီထက် တစ်ပေခန့် နိမ့် နေသည်။ အုတ်နံရံများကလည်း ထူထဲသည်။ အနီးတွင် သစ်ပင်ရိပ်များလည်း ဝိုင်းရံနေသည်။ ထို့ကြောင့် အခြား နေရာများနှင့် စာလျှင် အပူသက်သာသည်။ ထိုသိမ်အောက်ထပ်တွင် အမြဲ သီတင်းသုံးနေထိုင်သည့် ဦးပဥ္စင်းကြီး တစ်ပါး သာ ရှိသည်။ အရွယ်အားဖြင့် ၆၇ နှစ်ရှိပြီဖြစ်သော်လည်း ရဟန်းဝါ ၂၅ ဝါ သာ ရှိသေးသည်။ သူသည် မော်လမြိုင် ချောင်းဆုံဘက်မှ ဖြစ်သည်။ အသက် ၄၂ နှစ်ထိ လူဝတ်ဖြင့် မည်သို့ နေထိုင်ခဲ့သည်၊ သူ့အိမ်ထောင်စုအကြောင်း သူ၏ စားဝတ်နေမှု၊ အလုပ်အကိုင်၊ မည်သည့်အတွက် ရဟန်းဝတ်လာခဲ့သည်

ခသည်များကို မေးမြန်းပြီး ရေးရလျှင် စာတစ်အုပ် ဖြစ်နိုင်သည်။ စာရေးလိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော် အချိန်အခါ မဟုတ်သဖြင့် ခပ်ဆိတ်ဆိတ်ပင် နေခဲ့ပါသည်။

မောင်ပြုံးချိုတို့သည် ထိုင်လိုက်၊ လျှောက်လိုက်နှင့် ရှုမှတ်မှုဖြင့် နေကြသည်။

သိမ် အောက်ထပ်တွင် ဦးပဥ္စင်းကြီး၏ ခုတင်၊ အိပ်ရာနေရာ၊ ပစ္စည်းပစ္စယများအပြင် သစ်သားပုံ၊ ထင်းပုံများ ကွပ်ပျစ်တစ်ချပ်၊ ဆန်တွေ ထည့်ပြီး အလုံပိတ်ထားသည့် သံစည်ကြီးနှစ်စည်လည်း ရှိသည်။ လမ်းလျှောက်ရှုမှတ်နေသော ဦးခေမာစာရသည် ပြတင်းပေါင်ပေါ်တွင် စီတန်းသွားလာနေကြသည့် အလွန်သေးငယ်သော ပုရွက်ဆိတ်နက်ကလေးများကို တွေ့မြင်နေလေသည်။ ထိုပုရွက်ဆိတ်ငယ်များ သွားလာနေသည့်လမ်းကြောင်းအတိုင်း လိုက်ကြည့်ရာ သံစည်ကြီးဆီသို့ ရောက်သွားလေသည်။ ဦးခေမာစာရက မောင်ပြုံးချိုအား ခေါ်၍ ပြသည်။ ဆေးနက် သုတ်ထားသော သံစည်ကြီးပေါ်သို့ ပုရွက်ဆိတ်နက်များ တန်းစီတက်ရောက်နေသည်ကို ရုတ်တရက် မမြင်နိုင်။ အသေအချာကြည့်မှ လှုပ်ရှားသွားလာနေသည်ကို တွေ့ရသည်။ စည်ကြီး၏ ထိပ်နားသို့ရောက်သောအခါ ပုရွက်ဆိတ်တို့၏လမ်းသည် ပြတ်သွားသည်။ ဘယ်ရောက်သနည်း။ မောင်ပြုံးချိုသည် မျက်မှန်တပ်ကာ သေသေချာချာ ကြည့်သည်။ ပုရွက်ဆိတ်တစ်ကိုယ်စာလောက်သာ ဝင်နိုင်သည့် အပေါက်ငယ်သုံးလေးခုကို တွေ့ရသည်။ ပုရွက်ဆိတ်တို့သည် ထိုအပေါက်ငယ်ကလေးများမှ စည်တွင်းသို့ ဝင်သွားကြလေသည်။ ထိုအပေါက်ငယ်များမှ ထွက်လာသော ပုရွက်ဆိတ်များလည်း ရှိသည်။ လမ်းကြောင်းတွင်လည်း သွားနေသည့် ပုရွက်ဆိတ်များ ရှိသလို ပြန်လာသည့်ပုရွက်ဆိတ်တွေလည်း ရှိသည်။ သူတို့ ဘာသယ်နေကြသနည်း။ ဦးခေမာစာရသည် သေသေချာချာ လိုက်ကြည့်သည်။

"ဆန်သယ်နေကြတာပဲ၊ ကြာရင်တော့ ဒီစည်ထဲက ဆန်တွေ ကုန်သွားနိုင်တယ်"

ဦးခေမာစာရက ဆိုလေသည်။ အသေအချာ ကြည့်မှ သူတို့ လုပ်ကိုင်ချက် တွေ့ရပါသည်။ သံစည်ဘက်မှ လာသည့် ပုရွက်ဆိတ်များသည် အလွန်

သေးငယ်သည့်ဆန်မှုန့်ကလေးများကို သယ်ချီလာကြပါသည်။ သူတို့၏ ပါးစပ်တွင် အဖြူမှုန့်ကလေးများကိုက်ချီလာသည်ကို တွေ့ရပါသည်။ ဘယ်ကို သွားသနည်း။ ပြတင်းပေါင်ကို ကျော်၍ သိမ်အပြင်ရှိ မြေတွင်းကြီးထဲသို့ ဆင်းသွားကြသည်။ မြေတွင်းမှ ထွက်လာသည့် ပုရွက်ဆိတ်များ၏နှုတ်တွင်မူ ဆန်မှုန့်ကလေးများကို မတွေ့ရပါ။ မြေတွင်းမှ ထွက်လာသည့် ပုရွက်ဆိတ်များသည် သူတို့သယ်ဆောင်လာခဲ့သည့် ဝန်ထုပ်ဝန်ပိုးများကို သိမ်းရာ ဌာနတွင် အပ်ထားခဲ့ပြီးနောက် ထပ်မံသယ်ယူရန် ပြန်ထွက်လာခြင်း ဖြစ်လေသည်။

မောင်ပြုံးချို၏ ရှုမှတ်မှုသည် နှာသီးဖျားတွင် မရှိတော့ပြီ။ ဖောင်းချည်ပိန်ချည် ဖြစ်နေသည့် ဝမ်းဗိုက်တွင်လည်း ကပ်မနေတော့ပြီ။ ကြိုးစားပမ်းစားအလုပ်လုပ်နေကြသည့် ပုရွက်ဆိတ်နက်ကလေးများဆီသို့ ရောက်နေပါပြီ။ ခုနစ်စဉ်အမျှင်တန်း တွေးချင်ရာ တွေးနေမိပါသည်။

အလွန်အလုပ်လုပ်သည့် သတ္တဝါလေးများပေတည်း။ လုံ့လ ဝီရိယနှင့် ပြည့်စုံကြပါပေသည်။ လုပ်အားတန်ဖိုး ချစ်မြတ်နိုးကြပါပေသည်။ သည်အသိစိတ်ဓာတ်ကို သူတို့၏အလွန်သေးငယ်သော ဦးခေါင်းထဲသို့ မည်သူက သွင်းပေးသနည်း။ သူတို့သည် တစ်ဦးနှင့်တစ်ဦးလည်း တွက်ကပ်ခြင်း မရှိ။ သူသယ်သော ဆန်မှုန့်က ငယ်သည်။ ငါသယ်သော ဆန်မှုန့်က ကြီးသည်ဟု အငြင်းများစကားများနေကြမည် မထင်။ သယ်လာသော ဆန်မှုန့်ကို ပို့ရမည့် နေရာသို့ အရောက်မပို့ဘဲ လမ်းခရီးတွင် ဗိုက်ကားအောင် စားပစ်မည်လည်း မဟုတ်။ အပျောက်ရိုက်မည့်ပုံလည်း မပေါ်။ ခိုကပ်နေမည့်သူ၊ ရေသာခို အချောင်သမားကိုလည်း မတွေ့ရ။ သူတို့သည် ဆန်မှုန့်သိုလှောင်ရေးလုပ်ငန်းကို စည်းလုံးညီညွတ်စွာဖြင့် စနစ်တကျ ဆောင်ရွက်နေကြသည်တကား။

သည်လို ပုရွက်ဆိတ်တွေ တန်းစီသွားနေသည်ကို ကြည့်ရှုနေရင်း တစ်နေရာတွင် ဖတ်ဖူးသလို၊ ကြားနာဖူးသလို ဝိပဿနာတရားကို သတိရမိပြန်သည်။ မောင်ပြုံးချိုတို့၏ အတွေး၊ အမြင်၊ အကြားတို့သည် အစဉ်သဖြင့် ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက်လိုက် အဆက်မပြတ် ပြောင်းလဲနေသည်။ သည်လို ဖြစ်ပျက်နေခြင်းကို ဝိပဿနာဉာဏ်ဖြင့်သာ ရှုမြင်နိုင်သည်။ ဝိပဿနာဉာဏ် မပြည့်စုံသေးသူအဖို့မှာမူ အတွေး၊ အမြင်၊ အကြားတို့သည်

အစဉ်အမြဲ တည်ရှိနေသည်ဟု ထင်နေကြသည်။ မောင်ပြုံးချိုသည် မျက်မှန်မပါဘဲ ပကတိမျက်စိဖြင့် ပုရွက်ဆိတ်တန်းကို ကြည့်မိသောအခါ ပုရွက်ဆိတ်တစ်ကောင်စီကို မမြင်ဘဲ မည်းမည်းတန်းကိုသာ တွေ့မြင်နေရသည်။ မျက်မှန်တပ်ကာ ကြည့်လိုက်သောအခါ၌မှ ပုရွက်ဆိတ်များ တစ်ကောင်စီသာ အဆက်မပြတ် လှုပ်ရှားသွားလာနေသည်ကို တွေ့မြင်ရလေသည်။ ထိုနည်းတူ ပုထုဇဉ်တို့မျက်စိဖြင့် ခန္ဓာကိုယ်ကို ကြည့်လျှင် ဓာတ်ကြီးလေးပါး ဖွဲ့စည်းထားသည်ကို မထင်မြင်။ ၃၂ ကောဋ္ဌာသ ပေါင်းရုံးထားသည် ကိုလည်း မစဉ်းစားမိ။ ဖြစ်နေပျက်နေသည်ကိုလည်း သတိမရ။ အကယ်၍သာ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်လျှင်မူ မည်းနက်သည့်အကြောင်းကလေးဟု မြင်နေရသည့် ပုရွက်ဆိတ်တန်းကို မျက်မှန်တပ်ကာ ကြည့်သဖြင့် တစ်ကောင်စီ သွားလာနေသည်ကို မြင်ရသကဲ့သို့ မိမိခန္ဓာကိုယ် ဖွဲ့စည်းနေပုံများကို ခွဲခြမ်းစိတ်ဖြာ၍ တွေ့မြင်နိုင်မည်ဖြစ်လေသည်။

သို့သော် မျက်မှန်တပ်ကာ ပုရွက်ဆိတ်တန်းကို ကြည့်ရာတွင် လွယ်ကူသလောက် မိမိခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ရှုနိုင်ရန်ကား လွယ်လှသည့်အလုပ် မဟုတ်ပေ။ စင်ကြယ်သော သီလ ရှိရမည်။ တည်ကြည်သည့် သမာဓိ ရှိရမည်။ ထိုးထွင်း သိမြင်နိုင်သည့် ပညာမျက်စိ ရှိရပေမည်။

"ပုရွက်ဆိတ်တွေ ဝင်ကုန်ရင်တော့ သံစည်ထဲက ဆန်တွေအားလုံး အမှုန့်ဖြစ်ကုန်တော့မှာပဲ"ဟူသော ဦးပဥ္စင်းကြီး၏ အသံကို ကြားလိုက်မှ မောင်ပြုံးချို၏ အတွေးစိတ် ပြတ်တောက်သွားလေတော့သည်။

ရှုမှတ်မှုကို ပြန်ကောက်သည်။ ထိုင်သည့်အခါ ထိုင်၊ လျှောက်သည့်အခါ လျှောက်နှင့် ရှုမှတ်နေကြသည်။ ညနေစောင်းမှပင် ကျောင်းကြီးဘက်သို့ ပြန်လာကြလေသည်။

ညဦးယံတွင် ဦးဓမ္မာစာရ၏ ကျောင်းခန်းဝယ် တရားဓမ္မ ဆွေးနွေးနေကြသည်။ ဆရာတော်ကြီးကြွရောက်လာ၍ ရှုမှတ်မှုနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးသည်ကို ဖြေကြရသည်။

မောင်ပြုံးချို ကျောင်းကြီးပေါ်တွင် စင်္ကြံလျှောက်ရင်း ရှုမှတ်နေစဉ် ဦးသုမနသည် သပိတ်ကို လွယ်ကာ ယပ်ကိုင်လျက် သားရေနယ်ကို ပိုက်ပြီးလျှင်

စေတီတော်ကြီးဆီသို့ ကြွသွားလေပြီ။ သူသည် တစ်ညဥ့်ပတ်လုံး ကျောင်း၏ မအိပ်သော နိသဇ္ဇတင်ကို ဆောင်လျက် ဝိပဿနာ တရားများကို ပွားများနေမည် ဖြစ်လေသည်။

သာဓု ...သာဓု ...သာဓု...။

# ဒုလ္လဘ[၃]

၁

မြန်မာနှစ်ဆန်း တစ်ရက်နေ့။

ဒုလ္လဘရဟန်း မောင်ပြုံးချိုနှင့် ဦးခေမာစာရတို့အဖို့ ဆွမ်းခံ မထွက်သဖြင့် ရှုမှတ်မှုအလုပ်ကို ပို၍ လုပ်နိုင်လေသည်။ နံနက်အရုဏ်တက်ကတည်းက ထိုင်ချည်တစ်ခါ၊ လျှောက်ချည် တစ်လှည့်ဖြင့် ရှုမှတ်နေကြသည်။

နံနက် ကိုးနာရီခန့်တွင် ဦးသုမန တစ်ပါးတည်းသာ ဆွမ်းခံရာမှ ပြန်ကြွလာသည်။ သူသည် ယမန်နေ့ညက စေတီတော်ရင်ပြင်တွင် သီတင်းသုံးပြီး နံနက်စောစော မြို့တွင်းသို့ ဆွမ်းခံကြွခဲ့သည်။ သူ့သပိတ်ထဲတွင် ခဲဖွယ်ဘောဇဉ်တွေ စုံနေအောင် ပါလာလေသည်။ သပိတ်နှင့်လည်း မဆံ့။ သပိတ်ဖုံးပေါ်တင်၍လည်း မကာသာ။ ထို့ကြောင့် စားသောက်ဖွယ်များကို ဒါယကာတစ်ဦးက သူ့နောက်မှ မွေ့၍ လိုက်လာရလေသည်။

နေ့ဆွမ်း ဘုဉ်းပေးပြီးသောအခါ ရဟန်းသုံးပါးစလုံး အပူရှိန်သက်သာရာ သိမ်အောက်သို့ပင် သွား၍ ခိုလှုံကြသည်။ သင်္ကြန်လွန်မြောက်သွားပြီဖြစ်သောကြောင့် မြို့တွင်းမှ ရိပ်သာသို့ လာ၍ ရိုက်ခတ်သည့် ဆူသံပူသံများသည် ငြိမ်သက်သွားလေပြီ။ မောင်ပြုံးချိုသည် လျှော်ဖွပ်ထားသော ဧကသီကို သိမ်အောက်ရှိ ဝါးလုံးတန်းတွင် လှန်းထားပြီး ဒုကုဋ်သင်္ကန်းကို အသုံးပြုသည်။ သို့သော် ပူအိုက်သောရာသီတွင် ထူထဲသော နှစ်ထပ်သင်္ကန်းကို ကြာရှည်သွမ်းရုံမထားနိုင်။ ထို့ကြောင့် ချွေးစိုနေသော သင်္ကန်းကြီးကိုလည်း ဝါးလုံးတန်းပေါ်မှာပင် လွှားထားလိုက်ရလေသည်။

မြို့ထဲမှ ဆူသံပူသံတွေ ငြိမ်သက်သွားသော်လည်း အနှောင့်အယှက်တစ်မျိုး ပေါ်လာပြန်သည်။ သိမ်ပတ်ဝန်းကျင်ရှိ သီးပင် သစ်ပင်များအောက်တွင် ကလေးတွေ ပြေးလွှားကစားနေကြသည်။ အပင်တွေပေါ်တက်သူတက်၊ ဆင်းသူဆင်း၊ ခေါ်ကြ၊ အော်ကြနှင့် ဆူညံနေတော့သည်။ မောင်ပြုံးချိုသည် ရှုမှတ်မှုကို အသာရပ်ပြီး သိမ်အောက်တွင် အမြဲ သီတင်းသုံးနေထိုင်သူ ဦးပဥ္စင်းကြီး၏အိပ်ရာဘေး စင်မြင့်ပေါ်မှ ဖုန်အလိမ်းလိမ်းကပ်နေသည့် စာအုပ်တစ်အုပ်ကို ဆွဲကြည့်မိသည်။ အဖုံးကျွတ်ပြီး စာရွက်များလည်း ဝါကြန့်နေပါပြီ။ 'ရှင်ရဟန်းကျင့်ဝတ်'ဟူသော စာအုပ်အမည်ကို အဖုံးတွင် တွေ့ရသည်။ ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ၊ မေဒိနီကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ မေဒိနီဆရာတော် ဘုရားကြီး ပြုစုရေးသားခဲ့သည့် စာအုပ်ဖြစ်လေသည်။

ထိုစာအုပ်တွင် ရှင်သာမဏေများနှင့် ရဟန်းသံဃာတော်များ၏ ကျင့်ဝတ်သိက္ခာများကို စုံစုံလင်လင် ဖော်ပြထားသည်။ ရှင်သာမဏေများနှင့် ပတ်သက်၍ သင်္ကန်းတောင်းပုံအစီအစဉ်မှအစ ရှင်ကျင့်ဝတ်များကို ပြည့်စုံစွာဖော်ပြထားသည်။ ရဟန်းသံဃာများနှင့် စပ်လျဉ်း၍လည်း ဝိနည်းမှတ်စုများအပြင် ရဟန်းသိက္ခာပုဒ် ၂၂၇–ပါးကို ပါရာဇိကလေးပါးမှအစ အဓိကရဏ သမထခုနစ်ပါးအထိ အပိုင်းများ ခွဲခြားပြသထားသည်။

"ရဟန်းဝတ်လျှင် ၂၂၇ သွယ်သော သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရမည်" ဟူ၍ မောင်ပြုံးချို နားလည်ပါသည်။ သို့သော် ထို ၂၂၇ သွယ်သော သိက္ခာပုဒ်များကား အဘယ်နည်းဟု မေးလျှင် "သေချာစွာ မသိပါ"ဟု ဖြေရပေမည်။ အရေးကြီးသည့် ပါရာဇိက သိက္ခာပုဒ်လေးခုကိုမူ သိထားခဲ့ပါ၏။ ကျန်သိက္ခာပုဒ်များအနက်မှ အချို့ကို သိသင့်သလောက် သိပါ၏။ အားလုံးကိုမူ ဂရုတစိုက် မလေ့လာမိခဲ့။ ရဟန်းဝတ်ထားပြီး ရဟန်းတို့ စောင့်ထိန်းရမည့် သိက္ခာပုဒ်များကို မသိခြင်းမှာ သဘာဝမကျလှ။ ထို့ကြောင့် သူသည် စာအုပ်တွင် ပါရှိသည့် ရဟန်းသိက္ခာပုဒ်များကို စိတ်ဝင်စားစွာ ဖတ်ရှု လေ့လာနေမိလေသည်။

ဘုရားရှင်သည် ဤသိက္ခာပုဒ်များကို အကြောင်းမဲ့သက်သက် ပညတ်တော်မူခြင်း မဟုတ်။ အကြောင်းဖြစ်ပေါ်ခဲ့၍သာပညတ်တော်မူခဲ့ခြင်း ဖြစ်သည်

ဟု သူ နားလည်ထားပါသည်။ ဖြစ်ပေါ်ခဲ့သည့် အကြောင်းတွေကလည်း အမျိုးမျိုး စုံနေ၍ ပညတ်ချက်တွေကလည်း အမျိုးမျိုး စုံနေခြင်း ဖြစ်ပေသည်။ သေးငယ်သည့် အကြောင်းတွေလည်း ဖြစ်ခဲ့သည်။ ကြီးမားသည့်အကြောင်းတွေလည်း ပေါ်ခဲ့သည်။ ဖြစ်ပေါ်လာသည့် အကြောင်းကြီးငယ်ကို လိုက်၍ ပညတ်ချက် ကြီးကြီးငယ်ငယ်ကိုလည်း ပြုလုပ်တော်မူခဲ့လေသည်။

ပါရာဇိကသိက္ခာပုဒ်လေးပါးတွင် ပထမသိက္ခာပုဒ်ဖြစ်သော "မဂ်သုံးပါးတွင် တစ်ပါးပါးသော မဂ်၌ သိက္ခာမချဘဲ လူမ၊ နတ်မကို မဆိုထားဘိ အယုတ်ဆုံး တိရစ္ဆာန်မ၌ပင် မေထုန်မှီဝဲသော ရဟန်း ပါရာဇိကကျသည်" ဟူသော စာပိုဒ်ကို ဖတ်ရှုမိသည်။ ဘုရားရှင်လက်ထက်က ရဟန်းတစ်ပါး၏ မှားယွင်းမှုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ထင်မြင်လာသည်။ ဤသို့လျှင် အခြားသော ပညတ်ချက် သိက္ခာပုဒ်များကို ဖတ်ရှုရင်း သာသနာတော်အစ သံဃာ့လောကကို စိတ်ကူးနှင့် ကြည့်မိသည်။ ထိုစဉ်က အမျိုးသား ရဟန်းများသာမက အမျိုးသမီး ရဟန်း ဘိက္ခုနီများလည်း ရှိလေသည်။ စည်းကမ်းသတ်မှတ် ပညတ်ချက်များ စနစ်တကျ မရှိလျှင် ထိန်းသိမ်းမှုလွယ်မည် မဟုတ်သည်ကိုလည်း စဉ်းစားမိပါသည်။ ပညတ်ချက် အကြောင်းအရာတွေကလည်း စုံလှသည်။ ကိုယ်ကျင့်တရားမှ အစ အနေအထိုင်၊ အပြုအမူ၊ ဝတ်စား ဆင်ယင်မှုအထိ ပါဝင်လေသည်။ ထို့ကြောင့် "ရဟန်းအဖြစ်ကို ရနိုင်ရန် ခဲယဉ်း၏" ဟူသော ဒုလ္လဘတရားသည် သိက္ခာပုဒ်များနှင့်အညီ ထိန်းသိမ်း၊ ကျင့်ကြံ၊ နေထိုင်သည့် ရဟန်းအဖြစ်ကို ဆိုလိုရင်း ဖြစ်တန်ရာ၏ ဟု သဘောပေါက်လာပါသည်။

ညနေစောင်းမှပင် သူတို့ သုံးပါးစလုံး ကျောင်းကြီးဘက်သို့ ပြန်လာခဲ့ကြလေသည်။

၂

သိမ်ဘက်ဆီမှ သံချောင်းခေါက်သံ ရှစ်ချက် ကြားရသည်။

"အရှင်ဘုရားတို့ ရွာထဲက ဖြတ်သွားရမယ်ဆိုတော့ သက်န်းရုံသွားဖို့ ကောင်းပါတယ်" ဟု ဦးသုမနက ဆိုလေသည်။

သုံးပါးစလုံး သင်္ကန်းရုံကြသည်။ ဒုကုဋ်သင်္ကန်းကို ပခုံးမှာ တင်သည်၊ မောင်ပြုံးချိုသည် လက်တစ်ဖက်က တောင်ဝှေး၊ အခြားလက်တစ်ဖက်က ယပ်ကို ကိုင်လျက် ကျောင်းတွင်းမှ ထွက်ခွာလာသည်။ ဦးသုမနကမူ နံနက်တွင် ဆွမ်းခံရန် သပိတ်ကို လွယ်လာသည်။ ဦးခေမာစာရနှင့် ဦးဓမ္မရက္ခိတခေါ် ဦးပဥ္စင်း မောင်ပြုံးချိုတို့သည် ခြင်ထောင်တစ်လုံးစီကို လွယ်အိတ်တွင် ထည့်ကာ ယူဆောင်လာကြလေသည်။ တိစီဝရိတ် ဓုတင်ကို တိတိကျကျ ကျင့်ဆောင်မည်ဆိုလျှင် သင်္ကန်းသုံးထည်မှ အပ မည်သည့် အပိုအဝတ်အထည်တို့မှ သုံးစွဲခွင့် မရှိ။ မျက်နှာသုတ်ပဝါအဖြစ်ကိုပင် လက်တစ်ဝါးသာ သာမှ ရှိသည့်အဝတ်ကိုသာ သုံးခွင့်ရှိသည်။ ယခု သူတို့နှစ်ဦး ခြင်ထောင်ကို အသုံးပြုမည်ဆိုလျှင် တိစီဝရိက်ဓုတင် ကျင့်သုံးသည် မမည်တော့ချေ။ သို့သော် မတတ်နိုင်တော့ပြီ။ တစ်ညတာမျှ ဓုတင်ကျိုးပေါက်လျှင် ကျိုးပေါက်စေတော့။ ခြင်တွေ တဝီဝီနှင့် ဝိုင်းဝန်းကိုက်ခဲသည့်ဒဏ်ကိုတော့ ရဟန္တာမဟုတ်သည့် သာမန် ပုထုဇဉ်ဒုလ္လဘရဟန်းကြီးနှစ်ပါး ခံနိုင်ကြမည် မဟုတ်။

သူတို့သည် ကျောင်းဝိုင်းအတွင်းမှ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် စေတီတော်ကြီးကို လှမ်း၍ မြင်ရသည်။ ကုန်းမြင့်တွင် တည်ထားသည့် စေတီတော်သည် ပတ်လည်ဝိုင်းထိုးထားသည့် ဓာတ်မီးရောင်တွင် ရွှေရောင် တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ကောင်းလှသည်။ ဆီးနှင်း၊ မြူတိမ်၊ သူရိန်မီးခိုး ကင်းစင်နေသည့် ကောင်းကင်ယံတွင် သုံးရက်လသည် ကွေးကွေးကလေး ထွက်ပြူနေသည်။ ကြယ်ကြီး၊ ကြယ်ငယ်၊ ကြယ်အသေးအမွှားတို့သည် ဟိုတချို့ သည်တချို့ အာကာသတစ်ခုလုံး ပြန့်ကျဲနေသည်။ သည်အထဲတွင် သဘာဝကြယ်မျိုးစုံသာမက လူတို့ ဖန်တီးပစ်လွှတ်ထားသည့် ဂြိုဟ်တုကြယ်များလည်း ပါဝင်နေပေလိမ့်မည်။

လယ်ကွင်းကို ဖြတ်လျှောက်ရင်း မလှမ်းမကမ်းရှိ သုသာန်တစကိုလည်း မျှော်ကြည့်မိသည်။ လရောင်၊ ကြယ်ရောင်အောက်တွင် အုတ်ဂူများကို မသဲမကွဲ တွေ့မြင်နေရသည်။ အချို့ မည်းမည်း။ အချို့ ထုံးအဖြူဖွေးဖွေးသားနှင့် ထိုမှလွန်၍ မျှော်ကြည့်လိုက်သောအခါ သူတို့ သုံးရက်တိုင် ဆွမ်းခံခဲ့သည့် ရပ်ကွက်ဆီမှ မီးရောင်လက်လက်များကို လှမ်းမြင်နေရသည်။ လယ်ကွင်းတစ်နေရာရှိ ဓေ

တွင်းတစ်ခုတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ရေချိုး အဝတ်လျှော် နေကြသည်ကို တွေ့ရသည်။

"ဘုရားကို ဘယ်လမ်းက သွားရသလဲ" ဦးသုမနက လှမ်းမေးလိုက်သည်။

"ဟိုဘက်ကန်သင်းက လျှောက်သွားဘုန်းဘုန်း၊ ဒီလယ်ကွင်းကို ကျော်ရင် လမ်းတွေ့ပါလိမ့်မယ်ဘုန်းဘုန်း" အမျိုးသမီးတစ်ဦးက သွက်လက်စွာ ဖြေကြား ညွှန်ပြသည်။

လာပြန်ချေပြီ။ "ဘုန်းဘုန်း"တဲ့။

ဆွမ်းခံရင်း ကြားခဲ့ရသည့်ကလေးငယ်၏ "ဘုန်းဘုန်း" ဟူသော အသံသည် သာယာသလောက် ယခု ကြားရသည့် "ဘုန်းဘုန်း"ဟူသော အမျိုးသမီး၏ အသံသည် နားဝင်မချို ကလက်နေသည်။ ၂၂၇ သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းထားရသည့် ရဟန်းသံဃာ၊ ဘုန်းတော်ကြီးများကို ဘယ်သူက စ၍ "ဘုန်းဘုန်း" ဟု ခေါ်လိုက်ကြပါသနည်း။ ပွဲထဲ ဇာတ်ထဲက ထွက်ပေါ်လာသည့် ဝေါဟာရလော။ ကနွဲ့ကလျ မမ၊ မောင်မောင်၊ ခင်ခင်၊ ကိုကိုတို့နှင့် ရောထွေးသလို ဖြစ်နေသည်။

လယ်ကွင်းကို လွန်သော် ရပ်ကွက်အတွင်းကို ရောက်သည်။ ဖြတ်လမ်းမှ သွားနေခြင်း ဖြစ်၍ လမ်းကျဉ်းကလေးများအတိုင်း လျှောက်ကြရသည်။ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းတွေ ကြားထဲသို့ ရောက်ရှိသွားသည်။ ကုဋီမှ အနံ့များပင် နှာခေါင်းထဲ တိုးဝင်လာသည်။ လမ်းကျယ်သို့ ထွက်မိသောအခါ လျှပ်စစ်မီးရောင်တွေနှင့် လင်းနေသည့် စျေးတန်းကို တွေ့ရလေသည်။

စောင်းတန်းအတိုင်း စေတီတော်၏ ရင်ပြင်သို့ တက်လာကြသည်။ သည်အချိန်ဆိုလျှင် ရင်ပြင်ပေါ်တွင် လူပါးနေလိမ့်မည်ဟု ထင်ခဲ့သည်။ အထင်နှင့် အမြင် လွဲနေလေပြီ။ စောင်းတန်းမှ တက်လာကတည်းက လူတွေ ကြိတ်ကြိတ်တိုးနေသည်ကို တွေ့ရသည်။

"တယ် လူတွေ များပါကလား" မောင်ပြုံးချိုက ဤသို့ ရေရွတ်မိသည်။

"ဟုတ်တယ် ဘုရား၊ တပည့်တော်လည်း ဒါလောက် လူတွေများမယ် မထင်လို့ ဒီအချိန်လာခဲ့တာ"ဟု ဦးသုမနက ဆိုသည်။

ရင်ပြင်ပေါ်တွင်လည်း လူတွေနှင့် အပြည့် ဘုရားရှိခိုးနေသူ၊ ပန်းရေချမ်းကပ်နေသူ၊ မီးပူဇော်နေသူ၊ လမ်းသလားနေသူ၊ စုထိုင်နေသူ၊ တစ်ယောက်တည်း ထိုင်နေသူ၊ အမျိုးစုံကို တွေ့နေရသည်။ ဒုလ္လဘရဟန်းသုံးပါးသည် လူတွေကို ရှောင်ကာ ရှားကာ သွားနေရသည်။ သူတို့သည် ခပ်သုတ်သုတ် လျှောက်နေသည့် ဦးသုမနကို အမီလိုက်လာကြသည်။ အသိအကျွမ်းတွေနှင့် တွေ့ပြီး စကားဆိုမနေလိုကြ။ သူတို့နှစ်ပါးအဖို့မှာကား ထိုမြို့ပေါ်တွင် မိတ်ဆွေသင်္ဂဟ အများအစား မရှိလှ။ အကယ်၍ တွေ့လျှင်လည်း သင်္ကန်းဝတ်ထားသော သူတို့ကို ရုတ်တရက် မှတ်မိမည် မဟုတ်။ ဦးသုမနကိုတော့ အကျွမ်းတဝင် ရှိကြပေမည်။

ဟော ယခုပင် သူတို့နောက်မှ လူတစ်စု လိုက်ပါလာလေပြီ။ သူတို့ဝင်သော ဇရပ်အတွင်းသို့ လိုက်ဝင်လာကြလေပြီ။ သူတို့ ရပ်နားသည့် နေရာတွင် ဝိုင်းအုံနေကြလေပြီ။ ဒူးတုပ်သူတုပ်၊ ဆောင့်ကြောင့်ထိုင်သူ ထိုင်၊ ရိုသေမြတ်နိုး ရှိခိုးနေကြလေပြီ။ မေးခွန်းပေါင်းစုံ ထုတ်ကြလေပြီ။

"ဘယ်တုန်းက သင်္ကန်းဝတ်သလဲ ဘုရား"

"တပည့်တော်တို့ကို ဘာကြောင့် အသိမပေးသလဲ ဘုရား"

"ဘယ်အရပ် ဆွမ်းခံကြွသေးလဲ"

"ဘယ်တော့ ထွက်မလဲ ဘုရား"

"ဆေးခန်းပိတ်ထားရတာပေါ့နော်"

"ဘယ်တော့ ပြန်ဖွင့်မလဲဘုရား"

ဦးသုမနသည် ခပ်မြန်မြန် ဖြေကြားပြီး စကားဖြတ်ကာ ဇရပ်၏ အတွင်းခန်းသို့ ခပ်သုတ်သုတ် ဝင်လိုက်သည်။ ကျန်နှစ်ပါးလည်း သူနှင့်အတူ လိုက်ဝင်၍ တံခါးပိတ်လိုက်ရလေသည်။ သည်အထဲမှာပင် နှစ်ဦးသုံးဦး တံခါးခေါက်ကာ ဝင်လာကြသေးသည်။

၃

ညဉ့် ၁၀ နာရီကျော်မှ စေတီရင်ပြင်တွင် လူရှင်းသွားလေသည်။ စောင်းတန်းအဝင် တံခါးကြီးများ ပိတ်လိုက်လေပြီ။ ရင်ပြင်ပေါ်တွင် ဂေါပကအဖွဲ့က တာဝန်ပေးထားသည့် အစောင့်အရှောက်များသာ ကျန်တော့သည်။

တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ အချို့ဇရပ်များအတွင်းမှာမူ တစ်ဦးစ နှစ်ဦးစ တရားထိုင်နေသူ၊ စိပ်ပုတီးစိပ်နေသူများကို တွေ့ရသည်။ ထိုစေတီတော်ကြီးသည် မြန်မာ့သမိုင်းတွင် ထင်ရှားသည့် အဓိကရ မှတ်တိုင်ကြီး ဖြစ်သည်။ တပင်ရွှေထီး၊ ဘုရင့်နောင်တို့ခေတ်က ဤဒေသတစ်ဝိုက်တွင် သမိုင်းတွင်သည့် လှုပ်ရှားမှုတွေ ဖြစ်သွားခဲ့သည်။ ထိုစဉ် မွန် မြန်မာတို့သည် တည်ဆောက်မှုကို ပြုခဲ့ကြသည်။ သည်အထဲက ပျက်ပြုန်းမှုများကိုလည်း ဖန်တီးခဲ့သည်လည်း ရှိခဲ့သည်။ ခရစ်နှစ် ၁၉၃၀ ခုတွင် ငလျင်လှုပ်ရာတွင် စေတီတော်၏ထိပ်ပိုင်း ငှက်ပျောဖူးနှင့် ထီးတော်သည် မြေသို့ ခခဲ့သည်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်မှ စေတီတော်ကြီးကို ပြန်လည် ပြုပြင်ပြီး ထီးသစ်တင်ခဲ့သည်။ ထိုထီးတော်၏ ဆည်းလည်းသံကို ကြားနေရသည့် ဦးပဉ္စင်း မောင်ပြုံးချိုသည် သူ ကြားဖူးနားဝ ရှိသလောက် စေတီတော်ကြီး၏ အကြောင်းကို စဉ်းစားနေမိလေသည်။

ရဟန်းသုံးပါးသည် စေတီတော်ကြီးကို လက်ယာရစ်လှည့်ကာ ဖူးမြင်ကြသည်။ ထို့နောက် ပါလာသော ဖယောင်းတိုင်များဖြင့် ဗုဒ္ဓမြတ်စွာအား ရည်စူး၍ မီးပူဇော်ကြသည်။ ငြိမ်သက်သော တစ်နေရာတွင် ထိုင်လျက် ဘုရားဝတ်ပြုကြသည်။ သို့သော် ကြာရှည် ထိုင်၍ မနေနိုင်။ ခြင်တွေ ဝိုင်းအုံလျက် ရှိသည်။ နည်းနည်းမဟုတ်။ များလှစွာသော သွေးစုပ်ကောင်တို့သည် သင်္ကန်းလွတ်နေသည့် ခန္ဓာကိုယ်၏ အသားစိုင်မှန်သမျှကို ဝိုင်း၍ ခဲကြလေတော့သည်။ ခလေတိုက်နေလျှင် တော်သေး၏။ လေငြိမ်သည်နှင့် တစ်ပြိုင်နက် "ကိုက်ပါတော့လား၊ ခဲပါတော့လား" ဟု ဟစ်ကြွေးနေသည့်ပမာ တဝီဝီမြည်ကာ တပ်ချီလာကြကုန်သည်။ ဒုလ္လဘရဟန်းသုံးပါးသည် နေရာမှ ထကာ သိတင်းသုံးရာ ဇရပ်သို့ ခပ်သုတ်သုတ် ပြန်လာကြကုန်သည်။

"ဇရပ်ထဲမှာတော့ တရားထိုင်လို့ ရမှာ မဟုတ်ဘူး ဘုရား၊ အပြင်ထွက်ထိုင်ရင်တော့ ရမလား မသိဘူး၊ လေတိုက်ရင်တော့ ခြင်ကိုက် သက်သာပါလိမ့်မယ်"

ဦးသုမနက ဤသို့ ဆိုသည်။ သူသည် ပြောပြောဆိုဆိုပင် ဒုကုဋ်သင်္ကန်းနှင့် သားရေနယ်ကို ယူကာ ထွက်သွားလေသည်။

စေတီတော်ကြီး၏ထီးတော်ဆီမှ ဆည်းလည်းသံလွင်လွင်များကို အဆက်မပြတ် ကြားနေရသည်။ လေစတ်သဖြင့် ဆည်းလည်းများ လှုပ်ရှားနေခြင်း ဖြစ်လေသည်။

ဦးဓမာစာရနှင့် မောင်ပြုံးချိုတို့သည် ဇရပ်တွင်းမှ ထွက်ကာ ရင်ပြင်ပေါ်တွင် နေရာခွဲ၍ ထိုင်ကြသည်။ ရှုမှတ်မှုဖြင့် နေကြသည်။ စေတီထိပ်တွင် လေတိုက်နေသဖြင့် ဆည်းလည်းတွေ လှုပ်ရှားပြီး တချွင်ချွင်အသံတွေ မြည်နေသော်လည်း စေတီတော်ကြီး၏ အောက်ခြေရင်ပြင်တွင်မူ လေငြိမ်နေသည်။ ပတ်ဝန်းကျင်မှ သစ်ပင်ကြီးငယ်များမှ အကိုင်းအခက် အရွက်များသည် မလှုပ်မရှား တည်ငြိမ်စွာ ရပ်နားနေလေသည်။ ထို့ကြောင့် ခြင်သတ္တဝါတို့ မြူးထူးကြကုန်သည်။ မောင်ပြုံးချိုတို့အား မညှာမတာ ကိုက်ခဲကြ၊ သွေးစုပ်ကြသည်။ ကြီးမားသော ခြင်ထုကြီးသည် သူတို့ခန္ဓာကိုယ်ပေါ်သို့ သံနှင့် ဆုပ်ပက်သကဲ့သို့ တိုးဝင် တိုက်ခိုက်ကုန်ကြသည်။ ခြင်တို့၏အားကို ဒုလ္လဘရဟန်းနှစ်ပါး မဆန်သာတော့ပြီ။ ဇရပ်ပေါ်ရှိ ခြင်ထောင်တွင်းသို့ ခပ်သုတ်သုတ် ဆုတ်ခွာလာခဲ့ကြလေသည်။

ဦးသုမနသည်လည်း သန်းခေါင်ကျော်လောက်တွင် ဇရပ်တွင်းသို့ ဆုတ်ခွာလာပြန်လေသည်။ သို့သော် သူသည် အရှုံးမပေး။ အစကတည်းက ခြင်တို့အန္တရာယ်ကို ကြိုတင်သိထားပါလျက် ခြင်ထောင်ကို ယူဆောင်လာသူ မဟုတ်။ သူအဓိဋ္ဌာန်ပြုထားသည့် ဓုတင်ကျင့်ဝတ်များကို အပျက်မခံ။ ဇွဲကြီးသည့် ဦးသုမနပါတကား။

၄

နံနက်စောစော။

ဦးသုမနကို လှမ်းကြည့်မိသည်။ သူသည် ပက်လက်ကုလားထိုင်ပေါ်တွင် သင်္ကန်းတို့ဖြင့် ဦးခေါင်းမှ ခြေဖျားအထိ လွှမ်းခြုံလျက် ငြိမ်သက်စွာ ရှိနေသည်။ ခြင်တို့သည် ဦးသုမနကို အရှုံးပေးရလေပြီ။ သူ့အဓိဋ္ဌာန် အောင်မြင်လေပြီ။ ဦးဓမာစာရနှင့် မောင်ပြုံးချိုတို့က သူ၏ အောင်မြင်မှုကို အနုမောဒနာပြု၍ သာဓုခေါ်ကြလေသည်။ သူတို့နှစ်ပါးသည် ဦးသုမနလောက် ခံနိုင်ရည်မရှိခဲ့။ စေတီရင်ပြင်မှ ခြင်သတ္တဝါတို့က သူတို့ကို အနိုင်ယူခဲ့ကြသည်။

နေထွက်ပြုချိန်တွင် ဦးသုမန၏ ဒါယိကာမကြီးတစ်ဦးသည် ဆွမ်းချိုင့်ကို ဆွဲလျက် ရောက်ရှိလာသည်။ ဆွမ်းဖွေးဖွေးဖြူဖြူ ပူပူနွေးနွေးကို စားတော်ပဲပြုတ်ဆီဆမ်းဖြင့် ကပ်လှူသည်။

သူတို့သုံးပါးသည် ကပ်လှူသည့် ဘောဇဉ်ကို အရုဏ်ဆွမ်းအဖြစ် ဘုန်းပေးကြကုန်သည်။ အချိန်အားဖြင့်ကား အရုဏ်လွန်၍ ဆွမ်းခံထွက်ချိန် ရောက်နေပါပြီ။

မောင်ပြုးချိုတို့နှစ်ပါး ရိပ်သာသို့ ပြန်လာသောအခါ ဦးသုမနသည် မြို့တွင်းသို့ ဆွမ်းခံထွက်ရန် ပြင်ဆင်နေလေပြီ။ သူ့အဖို့ ထိုနေ့သည် ပိဏ္ဍပတ္တမှတင်ကို ကျင့်သုံးဆောက်တည်ခြင်း၏ နောက်ဆုံးနေ့ ဖြစ်လေသည်။

# ဒုလ္လဘ[၄]

၁

ဆွမ်းခံပြန်ချိန်

ဦးသုမန မြို့တွင်းမှ ဆွမ်းခံပြန်လာသောအခါ ယမန်နေ့က ကဲ့သို့ပင် ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ မုန့်တွေ အသီးအနှံတွေ အများပင် ရရှိလာလေသည်။

ထိုနေ့သည် သူ့အဖို့ ဤဒုလ္လဘရဟန်းအဖြစ်ဖြင့် နောက်ဆုံး ဆွမ်းခံသောနေ့ ဖြစ်သည်။ ဆွမ်းခံ၍ ရရှိသော ဆွမ်းဘောဇဉ်ဖြင့် ဗုဒ္ဓမြတ်စွာအား ရည်စူး၍ စေတီတော်ကြီးတွင် သုံးရက်တိုင်တိုင် ဆွမ်းကပ်ပြီးလေပြီ။ သူ့ အဓိဋ္ဌာန် ပြည့်မြောက်လေပြီ။

နေ့ဆွမ်း ဘုဉ်းပေးပြီးသောအခါ ရဟန်းသုံးပါးသည် မိမိဘာသာ သင့်လျော်သောနေရာကို ရွေးချယ်၍ ဝိပဿနာတရားများကို ပွားများနေကြလေသည်။ နေရှိန် ပြင်းလာသောအချိန်တွင် အပူဒဏ် သက်သာသော သိမ်အောက်သို့ လာခဲ့ကြသည်။ သုံးပါးစလုံးပင် ထိုင်သည့်အခါ ထိုင်၊ လျှောက်သည့်အခါ လျှောက်၍ ရှုမှတ်နေကြသည်။ လွန်ခဲ့သော ညဉ့်က စေတီကြီး၏ ရင်ပြင်တွင် ခြင်တို့ နှိပ်စက်သဖြင့် အလွန်အကျွံ အိပ်ရေးပျက်ခဲ့သည့် ဒဏ်ကြောင့် ငိုက်မျဉ်းကြသည်။ ထိုင်လျက် ငိုက်ချင်လာလျှင် ထ၍ လျှောက်ကာ ရှုမှတ်သည်။

ကြွတယ်၊ လှမ်းတယ်၊ ထိတယ်။

ကြွတယ်၊ လှမ်းတယ်၊ ထိတယ်။

လျှောက်၍ ခြေထောက်တွေ တောင့်ပြီး ချွေးတွေ စို့လာပြန်လျှင် ထိုင်ပြန်သည်။

ဖောင်းတယ်၊ ပိန်တယ်။

ဖောင်းတယ်၊ ပိန်တယ်။

ပျံ့လွင့်နေသည့်စိတ်ကို အတော်ကလေးတော့ ထိန်းနိုင်လာပါပြီ။ သို့သော် ပကတိ တည်ငြိမ်သည်တော့ မဟုတ်သေး။ စိတ်သည် ထားရာတွင် ကြာရှည် ရပ်တည်မနေသေး။ ပျံ့လွင့်နေဆဲ။ ပြေးလွှားနေဆဲ။ ပြေးလွှား ပျံ့လွင့်ပုံကား အရင်ကလောက် ဣန္ဒြေမရ မဟုတ်တော့ပေ။ အစကမူ ခုန်ပေါက်ပြေးလွှား၊ ပရမ်းပတာနိုင်လှသည်။ ယခု လှုပ်ရှားပျံ့လွင့်မှုသည် အေးဆေးငြိမ်သက်သည်။ လိုရာသို့ ဆွဲဆောင်လျှင်လည်း အလွယ်တကူ ပါလာသည်။ နောက်မှ ပြန်ခွာချင် ခွာသွားမည်။ စိတ်ဆင်ရိုင်းသည် မသိမသာ ယဉ်စပြုလာပါပြီ။ အငြိမ်မနေသောစိတ်ကို ချုပ်နှောင်ရာတွင် ဆင်ရိုင်းကို ဖမ်းရသလောက် မခက်စေကာမူ အိမ်မှာ မွေးထားသည့် ကြောင်ငယ်ကလေးကို ကောက်ကိုင်ရသလောက်တော့ မလွယ်သေးပါ။

ညနေပိုင်းတွင် ဒုလ္လဘရဟန်း သုံးပါးသည် ရိပ်သာတွင်းမှ ခြေညောင်းလက်ဆန့် ထွက်လာကြသည်။ ပတ်ဝန်းကျင်ကို လှည့်လည် ကြည့်ရှုကြသည်။ သရက်ပင်တွေ အုပ်ဆိုင်းနေသော ရိပ်သာအတွင်းမှ ထွက်လာပြီး ယာဘက်သို့ ချိုး၍ လျှောက်လာသောအခါ လှည်းလမ်းဖုန်ဖုန်ကို တွေ့ရသည်။ ဆက်လျှောက်လာသောအခါ မြင့်မားသော သစ်ပင်ကြီးတွေ အကိုင်းချင်း ယှက်နေသည့် တောအုပ်ကို ဝဲဘက်တွင် တွေ့ရသည်။ သစ်ပင်ကြီးများသည် နွေအခါမို့ မွဲခြောက်ခြောက် ဖြစ်နေကြသည်။ ကြီးမားသည့် ကျွန်းရွက်များပေါ်တွင် ဖုန်တွေ တင်နေသည်။ တောအုပ်အောက်ခြေရှိ မြေအပြင်ကို သစ်ရွက်ခြောက်တွေ ဖုံးလွှမ်းလျက် ရှိလေသည်။ သစ်ကိုင်းခြောက်တွေနှင့် ရှုပ်ယှက်ခတ်နေသည့် အချို့သောသစ်ပင်များမှ အရွက်များကား ဝါတချို့ နီတချို့နှင့် နွေဂိမာန် ၏ သဘာဝပန်းချီကို သရုပ်ဖော်ပေးနေလေသည်။

ညနေဆည်းဆာတွင် ကောင်းကင်ယံတစ်ခုလုံး တိမ်ရောင်စုံတို့ဖြင့် ဘန်ဆာဆင်ထားသည်။ အသွေးအရောင်မျိုးစုံသည် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ကွန့်မြူးလှုပ်ရှားလျက် ရှိလေသည်။

တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်
တိမ်ပြာရောယှက်၊ မရန်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တလီ
ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယှက်နံ့ထက်က
လေးဖက်လုံးခြုံ၊ တိမ်ဂမ္ဘုန်လည်း
နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်
နိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းပြိုင်ခဲ့။

ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် သူငယ်စဉ်က အရကျက်ခဲ့ရသော ရှင်ဥတ္တမကျော်၏ တောလား တစ်နေရာကို သတိရ စိတ်ထဲတွင် ကျူးရင့်မိလေသည်။ သည်ရာသီသည် မြန်မာတို့၏ နှစ်ဦးအစ နွေကာလ ဖြစ်သည်။ တပေါင်းနှင့် တန်ခူးကို လွန်ပြီး ကဆုန်သို့ ဆန်းတော့မည်။ ဗုဒ္ဓမြတ်စွာသည် ကာဠုဒါယီမထေရ် ပင့်ဆောင်သဖြင့် ရာဇဂြိုဟ်သို့ တောလမ်းခရီးဖြင့် ကြွတော်မူလာသည့် သမယနှင့် နီးစပ်သည်။

ဖလ်ရဟတ်လည်း၊ သဟာသရောင်
ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်
အာဏာနိမ်လျက်၊ ပြင်းရှိန်အနွ
ဂုဏ်စွမ်းပြသော်၊ လေခမြေသက်
ရှာန်ပိတက်သို့၊ သစ်ရွက်ရော်ရီ
ဣန္ဒနီဝယ်၊ သီဂီတဝက်
ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့
ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား။

နေပူရှိန်ကြောင့် ရင့်ရော်နေပြီး ဖြစ်သော ရောင်စုံသစ်ရွက်များသည် မြေပြင်သို့ လေဟုန်စီးကာ ဖြည်းညင်းစွာ ပျံဝဲ ပြုတ်ကျလာကုန်သည်။ ဗုဒ္ဓမြတ်စွာဘုရား ရာဇဂြိုဟ်သို့ ကြွတော်မူသည့် အချိန်တွင် သည်လိုပင် တောတောင်ရေမြေတို့သည် ရောင်စုံပန်းချီဖြင့် ခြယ်မှုန်းထားသလို ရှိပေလိမ့်မည်။ ဦးပဥ္စင်းမောင်ပြုံးချိုသည် သာယာသော တောလမ်းကို လျှောက်ရင်း စိတ်ကူး ယဉ်နေ

မိလေသည်။ အစမထင်၊ အဆုံးမမြင်သော သံသရာတွင် ထိုစဉ်ခါက မိမိသည် ဘယ်ဘဝ ရောက်ပြီး ဘာလုပ်နေပါလိမ့်ဟုလည်း တွေးတောနေမိသည်။ အတန်ငယ် လျှောက်သွားမိသောအခါ တောင်ကုန်း မော့မော့ပေါ်တွင် တည်ထားသည့် စေတီတစ်ဆူကို လှမ်းမြင်ကြရလေသည်။ ရွှေကြက်ယက်စေတီဖြစ်သည်ဟု ဦးသုမနက ပြောလေသည်။ မည်သည့်အကြောင်းကြောင့် ရွှေကြက်ယက်စေတီဟု သမုတ်သည်ကိုမူ မသိ။ "ကြက်ညီနောင် ရေမှာ မျောစေတော့ မြကြောရယ်တဲ့ မင်းဝံရွှေတောင်" ဟူသော တေးသွားကို သတိရပြီး သူ့စိတ်သည် စစ်ကိုင်းတောင်ရိုးဆီသို့ ရောက်သွားလေသည်။ သူတို့သည် စေတီရင်ပြင်ပေါ်သို့ တက်လာကြသည်။ ထုံးသင်္ကန်း ကပ်ထားသည်မှာ မကြာသေး။ စေတီပေါ်ရှိ ပန်းခက်ပန်းနွယ်များ၌ အဝါရောင်ခြယ်ထားသည်။ ထို့ကြောင့် စေတီတော်သည် သစ်လွင်သပ္ပာယ်နေလေသည်။

ဦးခေမာစာရသည် အသင့်ယူဆောင်လာသော ဖယောင်းတိုင်များကို ထွန်းညှိကာ ဗုဒ္ဓမြတ်စွာအား ရည်စူး၍ မီးပူဇော်လေသည်။ ရဟန်းသုံးပါးသည် ဘုရားရှင်အား ပူဇော်ကန်တော့ကြသည်။ ထို့နောက် စေတီကို လက်ယာရစ် လှည့်ကာ လျှောက်လာကြသည်။ ရင်ပြင်တော်၏ တစ်ခုသော ထောင့်တစ်နေရာတွင် သုံးဖက်အလုံ ပိတ်ထားသည့် အုတ်တိုက်ငယ်တစ်ခုကို တွေ့ရသည်။ ရှေ့ဘက် သံတိုင်ကြားမှ ကြည့်လိုက်သော် တောင်ဝှေးထောက်ကာ ရပ်လျက်ရှိသော ဘိုးဘိုးကြီး နတ်ရုပ်ကို တွေ့မြင်ရသည်။ အပြင်ဘက် ရှေ့တူရူတွင် ခုံမြင့်၌ ကျောက်တုံးတစ်ခု တည်ထားသည်။ တစ်စုံတစ်ခုကို ပြောဆို မိန့်ခွန်း၍ ကျောက်ချိုရန် ဖြစ်လေသည်။ မောင်ပြုံးချိုတို့ ငယ်စဉ်က သည်လိုနတ်ရုပ်ရှေ့တွင် သည်လို ကျောက်တုံးမျိုး မခဲ့ချိခဲ့ရပေါင်း များပါပြီ။

"အကြံအစည်တစ်ခု အောင်မှာလား၊ မအောင်ဘူးလား"

"စာမေးပွဲ အောင်မှာလား၊ မအောင်ဘူးလား"

"တွေ့ချင် မြင်ချင်သူနဲ့ တွေ့မှာလား၊ မတွေ့ဘူးလား"

"သည်လိုဆိုလျှင် လေးပါစေ၊ ဟိုလိုဆိုလျှင် ပေါ့ပါစေ"

မောင်ပြုံးချိုသည် သူငယ်စဉ်က ပြုလုပ်မိသည်များကို တွေးရင်း ပြုံးမိလေသည်။

ယခုတော့ သူ ထိုကျောက်တုံးကို မချိုခြင်း မပြုလိုတော့ပြီ။ မကြည့်လျှင် သူ့အလေးချိန် ရှိသလောက် လေးမည်သာတည်း။ ထိုထက် ပို၍ လေးမည်လည်း မဟုတ်။ လျော့၍ ပေါ့မည်လည်း မဟုတ်။

ဦးပဥ္စင်းကြီးမောင်ပြုံးချိုသည် လှောင်ချိုင့်အတွင်းဝယ် မပြုံးမရယ် ရပ်တည်လျက် ရှိသည့် ဘိုးဘိုးကြီးကို အတန်ကြာအောင် ကြည့်နေမိသည်။ သူသည် ကြည့်ရင်း ကြည့်ရင်း ထိုနတ်ရုပ်ကို သက်ရှိ ပုဂ္ဂိုလ်တစ်ဦးဟု ထင်ယောင်လာသည်။ စိတ်ဆင်းရဲလာသည်။ အဆောက်အအုံက သေးငယ်လှသည်။ မလှည့်သာ မပတ်သာသည့်အထဲ သော့ခတ်၍ ပိတ်ထားလိုက်သေးသည်။ တစ်နေရာရာသို့ ထွက်ခွာသွားမည်ကို စိုးရိမ်ဟန် တူသည်။ အလုံပိတ်ထားသော နတ်ရုပ်ကို ကြည့်ရင်း မောင်ပြုံးချိုသည် သူကိုယ်တိုင် အကျဉ်းချ ဒဏ်ခတ်ခံနေရသလို စိတ်ကျဉ်းကျပ်လာသည်။

နတ်ရုပ်ကြီးပင်လျှင် မဲ့လာသည်ဟု ထင်လာသည်။ "ကျုပ် အပြင်ထွက်ချင်လို့ တံခါးဖွင့်ပေးစမ်းပါ" ဟု ပြောနေသယောင်ယောင်။

မောင်ပြုံးချိုသည် ထိုနေရာမှ လှည့်ထွက်လာခဲ့လေသည်။ ကုန်းမြင့်ပေါ်မှ ဝဲဘက်အောက် ခပ်ယွန်းယွန်းသို့ ကြည့်လိုက်လျှင် တောအုပ်အလယ်တွင် သစ်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်ခုကို တွေ့မြင်ရသည်။

"အဲဒါ ရွှေပန်းတော တောရကျောင်းပဲ ဘုရား" ဟု ဦးသုမနက ညွှန်ပြသည်။

ကျွန်းပင်ကြီးများ အုပ်ဆိုင်းနေသော ကျောင်းပရိဝုဏ်သည် ပြန့်ပြူးသာယာလှသည်။ အမှိုက်သရိုက်များ ကင်းစင်ပြီး သန့်ရှင်းနေသည်။ ကျောင်းဝိုင်းတစ်နေရာတွင် ရဟန်းတစ်ပါးသည် ကြက်များ ငှက်များကို အစာကျွေးနေသည်။

"ဒီကျောင်းမှာတော့ ငှက်မျိုးစုံ တွေ့ရတယ်၊ အရပ်ထဲက ဘေးမဲ့လွှတ်ထားတာတွေရော၊ ဒီနေရာက ဘေးကင်းတော့ တောထဲက ရောက်လာတဲ့ ကြက်တွေ ငှက်တွေရောပဲ" ဟု ဦးသုမနက ပြောလေသည်။

ကျေးငှက်မျိုးစုံသည် ထိုရဟန်းအား ဝိုင်းရံလျက် မြေပေါ်မှ အစာများကို ကောက်စားနေကြသည်။ သူတို့၏ အသံများကိုလည်း သဲ့သဲ့မျှ ကြားရလေ

သည်။ ကျောင်းဝိုင်းပြင်ပရှိ အချို့သစ်ပင်ကြီးများပေါ်တွင်ကား ဦးခေါင်းအောက်စိုက် တွဲလဲခိုနေကြသည့် လင်းဆွဲများကို တွေ့မြင်ရသည်။ သူတို့၏ သဘာဝအလျောက် လှုပ်ရှား အော်မြည်သံများကိုလည်း ကြားရသည်။ အခြားတစ်ပင်ပေါ်တွင်မူ ဖျိုင်းတွေ အဖွေးသား နားနေကြသည်။ သူတို့အသံတွေကလည်း ဆူညံနေသည်။ သူတို့ သယ်ဆောင်လာသော အစာများကို ဖျိုင်းပေါက်စကလေးများအား ကျွေးနေကြဟန် တူသည်။

ထိုတောင်ကုန်းမှ ဆင်းလာကြသော ရဟန်းသုံးပါးသည် တစ်ဖက်သို့ဆက်၍ လျှောက်လာကြသည်။ ရှေ့တူရူတွင် ရေးအုတ်များဖြင့် တည်ဆောက်ထားသည့် စေတီကြီးကို လှမ်းမျှော် တွေ့မြင်ရသည်။ အချိန်ကာလ ကြာမြင့်ပြီဖြစ်၍ ရာသီဥတုဒဏ်ကို မခံနိုင်ဘဲ စေတီတော်ကြီးသည် ပြိုကျပျက်စီးနေလေပြီ။ အချို့နေရာများတွင် အုတ်တို့သည် ဆွေးမြည့် ကြေမွနေကြပါပြီ။ အခဲအမှုန်ဖြစ်လျက် အထက်မှ အောက်သို့ လိမ့်ဆင်းနေကြသည်။ ရှေးက ဥဏ်တော် အတော်မြင့်မည်ဖြစ်သော စေတီကြီးသည် ယခု အုတ်ပုံကြီးလို ဖြစ်နေလေပြီ။ ထိုစေတီဟောင်းကြီး၏ ထိပ်တွင်မူ ထုံးဖြူဖြူဖွေးဖွေးနှင့် စေတီငယ်တစ်ဆူကို ဖူးတွေ့ရလေသည်။

ထိုစေတီကြီးကို ကျိုက်ကလွန်ပွန်စေတီဟု ခေါ်ကြောင်း ဦးသုမနကပြောပြသည်။ "ကျိုက်"ဟု ဆိုသောကြောင့် မွန်ဘုရင်တို့ တည်ထားခဲ့သည့်စေတီဖြစ်လိမ့်မည်ဟု ယူဆလိုက်သည်။ စေတီကြီး၏ နောက်ကြောင်းသမိုင်းကိုမူ သူတို့ မသိ။ စေတီတော်၏ ဒါယကာကား မည်သူနည်း မသိ။ မည်သူ့ကိုမျှလည်း သူတို့ စုံစမ်းမေးမြန်းခြင်း မပြုကြ။ သူတို့သည် သမိုင်းသုတေသနပြုရန် ဤဒေသသို့ ရောက်လာကြခြင်း မဟုတ်။ ရဟန်း တရားအားထုတ်ရန်သာ ရောက်လာကြခြင်း ဖြစ်လေသည်။

မှောင်စ ပျိုးနေပြီ။

ကောင်းကင်တွင် အိပ်တန်းတက်ရန် အုပ်လိုက် အသင်းလိုက် ပျံသွားကြသော ကျီးအုပ်၊ ငှက်အုပ်များကို တွေ့မြင်ရလေသည်။ သူတို့သုံးပါးလည်း ဝိပဿနာဘက်သို့ လှည့်ပြန်ခဲ့ကြလေသည်။

၂

နံနက် လေးနာရီ။

ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် အုန်းမောင်းသံနှင့်အတူ အိပ်ရာမှ နိုးလာလေသည်။ ကိုယ်လက်သုတ်သင်ပြီးသည်နှင့် ဘုရားဝတ်ပြုသည်။ ပြီးလျှင် ဘုရားစင်ရှေ့မှာပင် ငြိမ်သက်စွာ ထိုင်၍ ရှုမှတ်နေလေသည်။

အရှေ့လောကဓာတ်တွင် ရောင်နီစို့လာချေပြီ။ အရုဏ်ဆွမ်းဘုဉ်းပေးကြရန် အချက်ပြုသည့်အုန်းမောင်းသံကို ကြားရသည်။ ဦးခေမာစာရနှင့် ဦးပဥ္စင်းမောင်ပြုံးချိုတို့သည် သက်န်းရုံကာ အောက်ထပ်သို့ ကြွဆင်းလာကြသည်။ ဦးသုမန လိုက်ပါမလာချေ။ သူသည် ထိုနေ့အဖို့ တစ်ထိုင်တည်းသာ ဘုဉ်းပေးရမည်ဖြစ်သော ဧကာသနိက်ဓုတင်ကို ဆောက်တည်မည် ဖြစ်လေသည်။

နေ့ဆွမ်း ကပ်လှူချိန်ကျမှ ဒုလ္လဘရဟန်းသုံးပါးစလုံး စုံစုံညီညီ ကြွလာကြလေသည်။ ဦးသုမနက သပိတ်ပိုက်လာသည်။ ကျန်နှစ်ပါးက သပိတ်မပါ။ ဆွမ်းဘောဇဉ်များကို သပိတ်ထဲတွင် ထည့်ကာ ဘုဉ်းပေးနေသော ဦးသုမနကို ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် မကြာခဏ စောင်းငဲ့ကြည့်မိသည်။ ငယ်စဉ်သာမဏေဘဝဖြင့် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်တွင် သက်သတ်လွတ်မှီဝဲပြီး ဧကာသနိက် ပတ္တပိဏ္ဍ ဓုတင် ဆောက်တည်ခဲ့ဖူးသည်များကို သတိရနေမိလေသည်။ ယခု အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော မောင်ပြုံးချိုသည် ဦးသုမနကဲ့သို့ ကျင့်ကြံနိုင်ပါမည်လောဟု တွေးနေမိသည်။ ဦးသုမနသည် ယမန်နေ့ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်မှ စ၍ ယနေ့ဆွမ်းစားချိန်အထိ ရေမှ လွဲ၍ မည်သည့် အာဟာရကိုမျှ မမှီဝဲခဲ့။ မောင်ပြုံးချိုတို့အဖို့မူ နံနက်က အရုဏ်ဆွမ်းဘုဉ်းပေးခဲ့ပြီး ဖြစ်သည်။ ရဟန်းမဝတ်မီက မောင်ပြုံးချိုအဖို့ ဝိကာလဘောဇနသိက္ခာပုဒ်ကိုပင် ထိန်းသိမ်းနိုင်ပါမည်လောဟု ဇနီးနှင့်သားသမီးများက စိုးရိမ်ခဲ့ကြသည်။ "အဆာခံနေရလျှင် လေနာထမည်လော၊ အစာအိမ်ရောဂါ ဖြစ်မည်လော"ဟု တွေးတော ပူပင်ကြသည်။ ဝမ်းဗိုက်က တောင်းဆိုလာ၍ ပါးစပ်မှ အာဟာရတစ်ခုခုကို မသွင်းမမျိုရသော် မူးနေသလို၊ မော်သလို၊ ခြေတွေ လက်

တွေ တုန်ချင်သလိုလို ဖြစ်တတ်သည် မဟုတ်လော။ ထို့ကြောင့် ထန်းလျက်၊ ဆေး၊ သကြား စသည်များကို ဆောင်ထားရန် ကပ်လှူလိုက်ကြသည်။

မောင်ပြုံးချိုကမူ တွေးတော၍ မပူပင်။ အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် နေမကောင်း ထိုင်မသာ ဖြစ်လျှင်လည်း ဦးသုမနနှင့် ဦးခေမာစာရတို့က လိုအပ်သလို စောင့်ရှောက် ပြုစုကြလိမ့်မည်ဟု ယုံကြည်ထားသည်။ သူတို့နှစ်ပါးသည် ဆရာဝန်များ ဖြစ်ကြသည် မဟုတ်လော။ "ရဟန်းအချင်းချင်း ဆေးကုနိုင်ပါတယ်၊ အာပတ်မသင့်ပါ ဘုရား" ဟု ဦးသုမနက ဆိုလေသည်။

သို့သော် ဆရာဝန် ရဟန်းနှစ်ပါးသည် ဦးပဥ္စင်းကြီး မောင်ပြုံးချိုအား ဆေးမကုကြရပါ။ ဝိကာလဘောဇနေ သိက္ခာပုဒ်သည် မောင်ပြုံးချိုအား အနည်းငယ်မျှ ဒုက္ခဝေဒနာ မဖြစ်စေပါ။ လူဝတ်ကျောင်း ဘဝက မကြာခဏ စားသောက်တတ်သော မောင်ပြုံးချိုသည် ရဟန်းဝတ်ဖြင့် ရှိနေစဥ် နေလွဲညစာ မစားပါဘဲလျက် ဆာလောင်မွတ်သိပ်ခြင်း မရှိ။ ကျန်းမာရွှင်လန်းလျက် ပေါ့ပါးသွက်လက်နေလေသည်။ ဦးခေမာစာရ ယူဆောင်လာသည့် လျက်ဆားကို နှစ်ခါသုံးခါ အလှူခံ၍ လျက်လိုက်ရသည်မှအပ မည်သည့်ဆေးဝါးကိုမျှ မမှီဝဲရပေ။ အသင့်ဆောင်ထားသည့် ထန်းလျက်၊ ဆေး၊ သကြား စသည်များကိုလည်း မသုံးဆောင်လိုက်ရပေ။ ထိုဆေးအဖြစ် ဆောင်ထားသည့် ပစ္စည်းများကို လူဝတ်လဲခါနီးမှ သိမ်အောက်နေ ဦးပဥ္စင်းကြီးနှင့် ဂိလာန ရဟန်းတစ်ပါးအား လှူဒါန်းခဲ့ရလေသည်။

ထိုနေ့တွင်လည်း နေ့တိုင်းကဲ့သို့ပင် မွန်းတိမ်းသောအခါ သုံးပါးစလုံး သိမ်အောက်တွင် နေနိုကြသည်။ အချိန်ရသမျှ ရှုမှတ်မှုဖြင့် နေကြသည်။ မောင်ပြုံးချိုသည် စကြံလျှောက်ရင်း တံခါးပေါင်ကို ကျော်ကာ ဆန်သယ်နေကြသည့် လုပ်သားပုရွက်ဆိတ်နက်ကလေးများကို ကြည့်မိပြန်သည်။ သူတို့သည် သံစည်ထဲမှဆန်များကို အမှုန့်ဖြစ်စေ၍ သယ်နိုင်သမျှ မရပ်မနား သယ်ယူနေကြတုန်းပင် ရှိသည်။ သူတို့သည် မောင်ပြုံးချိုတို့ ရောက်မလာမီ မည်သည့်နေ့ရက်လောက်ကမှ စ၍ သယ်ယူနေကြသည် မသိ။ ယခုလည်း မမောမပန်း သယ်ယူနေကြတုန်းပင်။ စက်ရုံ အလုပ်ရုံများမှာကဲ့သို့ အချိန် သတ်မှတ်ပြီး

သူ့အဆိုင်းနှင့်သူ သယ်ယူကြသလော။ သို့တည်းမဟုတ် သည်လိုပင် နားနေခြင်း မရှိဘဲ တစ်သမတ်တည်း သယ်ယူနေကြသလော။ အိပ်ချိန် စားချိန်ပင် ရှိကြပါ၏လော မပြောတတ်။ ပုရွက်ဆိတ်တို့၏ သဘာဝကိုလည်း သူ မသိ။ သူတို့သိုလှောင်ခန်းတွင်မူ ဆန်မှုန့်တွေ အတော်ပင် စုမိဆောင်းမိ ရှိနေပေတော့မည်။ သူတို့လုပ်ငန်းကို ဖျက်ဆီးနှောင့်ယှက်မှု မပြုလျှင် သံစည်ထဲမှ ဆန်တွေ အားလုံး အမှုန့်ဖြစ်ကာ ကုန်ခန်းသွားသည်အထိ သယ်ယူနေကြမည်လောဟု တွေးနေမိလေသည်။ ညနေစောင်း ကျောင်းကြီးပေါ်သို့ ပြန်ရောက်လာကြ၍ မကြာမြင့်မီ ဦးသုမန၏ ဒကာမကြီးနှင့် ဆယ်ကျော်သက်မျှသာ ရှိသေးသည့် သားဖြစ်သူတို့ ရောက်လာကြသည်။ မိခင်ဖြစ်သူက ရှင်သာမဏေဝတ်လိုသူ သားကို လိုက်ပို့ခြင်း ဖြစ်သည်။ ဖခင်ဦးသုမနက ကြိုက်ပုံမပေါ်။

"တပည့်တော်ထွက်မှ သာမဏေဝတ်ဖို့ ပြောထားခဲ့တာ ဘုရား၊ အခု လိုက်လာတော့ တပည့်တော် စီမံထားတာတွေ တစ်မျိုးတစ်မည် ဖြစ်ကုန်တာပေါ့"ဟု ဦးသုမနက ညည်းညူနေလေသည်။ သို့ရာတွင် သူသည် အတွင်းသဏ္ဌာန်တွင် ဖြစ်ပေါ်လာသည့် စိတ်ဝေဒနာကို သတိနှင့် ယှဉ်ကာ ငြိမ်းသတ်လိုက်လေသည်။

"ကဲ ကဲ၊ ဆရာတော်ကြီးဆီ ခေါ်သွားပြီး လိုအပ်တာတွေ လုပ်ပေးလိုက်ကြပါတော့"

ရိပ်သာတွင် ဝေယျာဝစ္စ ဆောင်ရွက်နေသူ ဒကာကြီးအား တာဝန်လွှဲအပ်လိုက်လေသည်။ "တပည့်တော်က ဒီလို ရဟန်းဝတ်နေတုန်း ရင်းနှီးတဲ့ လူတွေ ဘယ်သူကိုမှ မတွေ့ချင်ဘူးဘုရား၊ ဒီထဲမယ် လူသာမန်ဘဝက ဇနီးဟာ အရင်းနှီးဆုံးပေါ့။ ဒါကြောင့် သင်္ကန်းဝတ်နေတဲ့ခါ သူ့ကို မတွေ့ချင်ဆုံးပဲ" ဟု ဦးသုမနက ဆိုလေသည်။

၃

နောက်တစ်နေ့နံနက်။

အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသောအခါ ဒုလ္လဘ ရဟန်းသုံးပါးသည် ဦးဓမ္မာစာရ၏ အခန်းတွင် စုရုံးမိကြသည်။ တရားဓမ္မများကို ဆွေးနွေးကြသည်။

ဦးသုမနသည် ရဟန်းအဖြစ်မှ သိက္ခာချ၍ လူဝတ်လဲတော့မည် ဖြစ်သည်။ သုံးပါး စုံစုံညီညီ နောက်ဆုံးအကြိမ်အဖြစ် တရားဓမ္မများကို ဆွေးနွေးကြခြင်း ဖြစ်လေသည်။ သူသည် ဆရာတော်ကြီးထံချဉ်းကပ်ရန် ထွက်ခွာသွားသည်။

များမကြာမီ သူသည် သင်္ကန်းကို လက်ကတော့ထိုး ဝတ်ရုံလျက် မုန့်ဆီကြော်ပန်းကန်ကို ကိုင်ကာ ရဟန်းနှစ်ပါးရှိနေရာ ဦးခေမာစာရအခန်းသို့ ရောက်ရှိလာလေသည်။ သူသည် မိမိနှင့် သီတင်းသုံးဖော် နှစ်ဦးအား ဦးသုံးကြိမ်ချကာ မုန့်ပန်းကန်ကို ကပ်လှူပြီးလျှင် “တပည့်တော်အား ရှင်သာမဏေအဖြစ် အသိအမှတ်ပြုတော်မူပါဘုရား”ဟု လျှောက်ထားလေသည်။

ဦးသုမနသည် ဆရာတော်ထံတွင် ရဟန်းသိက္ခာများကို ချခဲ့လေသည်။ ၂၂၇ သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းထားရသည့် ရဟန်း မဟုတ်တော့ပြီ။ သာမန်ရှင်သာမဏေတစ်ပါးအဖြစ်သို့ ရောက်ရှိသွားလေပြီ။ ရဟန်းဘဝမှ သာမဏေအဖြစ်သို့ လျှောဆင်းရာတွင် အခြားအတူနေ ရဟန်းများကလည်း မိမိအား သာမဏေအဖြစ် အသိအမှတ်ပြုကြရမည်။ ထို့ကြောင့် ရှင်သုမနက မိမိသည် ရဟန်း မဟုတ်တော့ပါ။ ရဟန်းသိက္ခာများကို ခွာချလိုက်ပြီ ဖြစ်သောကြောင့် ရှင်သာမဏေတစ်ပါးဟုသာ အသိအမှတ်ပြုပါတော့ရန် သီတင်းသုံးဖော်များအား လျှောက်ထားနေခြင်း ဖြစ်လေသည်။

ရှင်သုမနသည် အလားတူ လျှောက်ထားရန် သိမ်အဆောက်အအုံရှိ ရဟန်းများထံသို့ ထွက်ခွာသွားလေသည်။

နောက်တစ်ကြိမ် ဦးခေမာစာရ၏ ကျောင်းခန်းသို့ သူ ပြန်လာသောအခါ လူဝတ်ကြောင်နှင့် ဖြစ်နေလေပြီ။

ရဟန်းဝတ်ဖြင့် အတူတကွ သွားလာ ကျင့်ကြံနေထိုင်ခဲ့သူ တစ်ဦးအား ရုတ်တရက် ဆိုသလို လူဝတ်ကြောင်ဖြင့် တွေ့မြင်လိုက်ရသောအခါ ဦးပဉ္စင်းကြီး မောင်ပြုံးချို၏စိတ်ထဲတွင် ခံစားမှုတစ်မျိုး ဖြစ်ပေါ်လာသည်။ ဝမ်းနည်းသလိုလို လွမ်းသလိုလို ဝေဒနာတစ်မျိုးကို ခံစားရလေသည်။

မောင်ပြုံးချိုသည် ထိုဖြစ်ပေါ်လာသည့် ဝေဒနာကို သတိကပ်၍ ရှုနေလိုက်သည်။ မမြဲသည့် သဘောတရားကို မြင်လာသည်။ လွမ်းစိတ်လည်း

မမြဲ၊ ဝမ်းနည်းစိတ်လည်းမမြဲ၊ ဝတ်ဆင်ထားသည့် သင်္ကန်းလည်း မမြဲ၊ အင်္ကျီ၊ လုံချည်၊ အဝတ်အထည်များသည်လည်း မမြဲ၊ မြင်မြင်သမျှသော ပစ္စည်းများသည်လည်း မမြဲ၊ ဓာတ်ကြီးလေးပါး ပေါင်းဆုံ ဖြစ်ပေါ်နေသော ခန္ဓာကိုယ်သည်လည်း မမြဲ မမြဲ မမြဲ။

ဦးပဥ္စင်းကြီး မောင်ပြုံးချို ကိုယ်တိုင်ပင်လျှင် ယခု ဝတ်ရုံထားသည့် လျှော်တေ သင်္ကန်းများကို မကြာမီ စွန့်ခွာတော့မည် မဟုတ်တုံလော။

ဤသို့ဆိုလျှင် ဦးခေမာစာရ တစ်ပါးသာ ကျန်ရစ်တော့မည်။ သူသည် ရဟန်းဝတ်ဖြင့် ၁၀ ရက် ပြည့်အောင် နေလိမ့်ဦးမည်။

၄

ရဟန်းဝတ်ဖြင့် ကိုးရက်မြောက်သောနေ့။

အရှေ့တောအုပ်ဆီမှ ဥဩတွန်သံ ကြားရသည်။ နေတိုင်းလည်း သည်အချိန်တွင် သည်အသံကို ကြားရမြဲ။ သို့သော် သည်နေ့ ကြားရသော ဥဩသံသည် ပို၍ လွမ်းစရာ ကောင်းနေလေသည်။

ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် နေ့စဉ် နေ့တိုင်းလိုပင် ပြုဖွယ် ကိစ္စများကို ဆောင်ရွက်နေသည်။

နေ့ဆွမ်းဘုဉ်းပေးပြီးသောအခါ ကိုးရက်လုံး ဆွမ်းကိစ္စများကို တာဝန်ယူဆောင်ရွက်ခဲ့ကြသော အမျိုးသား အမျိုးသမီးများအား ကျေးဇူးစကား ဆိုသည့် အနုမောဒနာ ပြုသည်။

"ဦးပဥ္စင်းကြီး အဖို့တော့ အခု ဘုဉ်းပေးပြီးတဲ့ ဆွမ်းဟာ ရဟန်းဝတ်နဲ့ နောက်ဆုံးဘုဉ်းပေးတဲ့ ဆွမ်းပဲ၊ ဒီနေ့ ညနေပိုင်းမယ် ဦးပဥ္စင်းကြီး သိက္ခာချတော့မှာပါ၊ ကိုးရက်လုံး ဆွမ်းဘောဇဉ် ချိုချဉ်ရသာတို့ ကပ်လှူခဲ့ရတဲ့ ကောင်းမှုကို ဦးပဥ္စင်းကြီး သာဓုအနုမောဒနာ ပြုပါတယ်၊ အလိုရှိအပ်တောင့် တအပ်တဲ့ ဆုနဲ့ ပြည့်စုံကြပါစေ"

ဆွမ်းဝတ် ဒါနရှင်များသည် ရိုသေစွာ ရှိခိုးကန်တော့လိုက်ကြလေသည်။

ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် ကျောင်းကြီးပေါ်သို့ တစ်ပါးတည်း တက်လာခဲ့ပြီးလျှင် တစ်နေရာတွင် ထိုင်လျက် ရှုမှတ်မှုဖြင့် နေသည်။ သို့သော် သူ့စိတ်သည် မတည်ငြိမ်တော့။ အထူးပင် လှုပ်ရှားလျက် ရှိလေသည်။ လူဝတ်

လဲရတော့မည် ဖြစ်သောကြောင့် အတွေးမျိုးစုံ ဝင်ရောက်နှောင့်နေသည်။ သူ့ခန္ဓာကိုယ်သည် သင်္ကန်းဝတ်ဖြင့် ကျောင်းတွင်ပင် ရှိနေသေးသော်လည်း သူ့စိတ်သည် ကိစ္စမြားမြောင် လူတို့ဘောင်သို့ ရောက်နေလေပြီ၊ မတည်ငြိမ်သည့်စိတ်သည် ကျောင်းနှင့်အိမ်၊ အိမ်နှင့် ကျောင်း ကူးလူး ပြေးလွှားနေလေသည်။

ရဟန်းဝတ်ဖြင့် ကိုးရက်လုံးလုံး စိတ်အေးချမ်းသာစွာ တရားခမ္မနှင့်နေခဲ့ရသည်များကို ဆင်ခြင်မိသောအခါ၌လည်း ဝမ်းမြောက်ပီတိ ဖြစ်ရသည်၊ ရဟန်းတို့ စောင့်ထိန်းအပ်သည့်သိက္ခာပုဒ်များကို မကျိုးမပေါက်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ ဝိပဿနာတရားများကိုလည်း တတ်အားသမျှ ပွားများနိုင်ခဲ့သည်။

စုစုတင် ၁၃ ပါးအနက် အချို့ကို ဆောက်တည်နိုင်ခဲ့သည်။ အိမ်မှုကိစ္စအဝဝသည် သူ့ကို လာ၍ အနှောင့်အယှက်မပြု။ ပြင်ပလောကနှင့်လည်း အဆက်အသွယ်ပြတ်သကဲ့သို့ ဖြစ်နေခဲ့သည်။ ဆွေမျိုးသားချင်း မိတ်သင်္ဂဟတို့အကြောင်းကိုလည်း သူ မကြားရ။ သတင်းစာ၊ ရေဒီယိုနှင့်လည်း ဝေးနေခဲ့သည်။ ပြည်တွင်းပြည်ပသတင်းများကိုလည်း သူ မသိ။ သာရေး၊ နာရေးကြော်ငြာများကိုပင် မမြင်ရ၊ မည်သူ့သားသမီးများ ထိမ်းမြားလက်ထပ်ကြ၍ မည်သူတွေ အနိစ္စရောက်သည်ကိုလည်း မဖတ်ရ။ ထိုထိုသော ပြည်ပနိုင်ငံများတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး စသည့် အရေးပေါင်းစုံနှင့် ပတ်သက်ပြီး လှုပ်ရှား ဆူပူနေကြသည်များလည်း သူ မသိ။ သတ်ကြ ဖြတ်ကြ တော်ကြ၊ သေကြ ပျက်စီးကြသည်များကိုလည်း သူ မကြား၊ ထိုထို ဤဤ အလီလီသော လောဘ၊ ဒေါသ၊ မောဟမီးတို့သည် နည်းများမဆို သူ့ကို လာ၍ အရှိန်ဟပ်ကြမြဲ ဖြစ်သည်။ ယခုမူ ထိုမီးများကို မြင်လည်း မမြင်၊ ကြားလည်း မကြား၊ တွေးလည်း မတွေး၊ ထို့ကြောင့် အေးချမ်းမှုကို ရရှိလေသည်။

"အသက်ထက်ဆုံး သည်လို နေသွားရသော်ကောင်းလေစွ"

မောင်ပြုံးချိုသည် မကြာခဏပင် ဤသို့ အောက်မေ့မိသည်။ သို့သော် သူမနေနိုင်ပါ။ လူ့ဘဝ၊ လူ့သံယောဇဉ်၊ လူ့ကိစ္စ၊ လူ့တာဝန်များသည် သူ့

အား မလွတ်နိုင်အောင် ချည်နှောင်ထားဆဲ ဖြစ်ပါသည်။ ထိုထို ဤဤ အလီလီသော နှောင်ကြိုးကြီးငယ် အသွယ်သွယ်တို့သည် သူ့ကို ငင်လျက်ရှိလေသည်။

ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် ဆရာတော်ကြီးထံ ချဉ်းကပ်၍ ဦးသုံးကြိမ်ချပြီးလျှင် ဤသို့ ရှိသေစွာ လျှောက်ထားလေသည်။

"ဘုရားတပည့်တော်အား ရဟန်းအဖြစ်မှ သိက္ခာချပေးတော်မူပါဘုရား"

ဆရာတော်ကြီးသည် ရဟန်းအဖြစ်မှ သိက္ခာချ၍ သာမဏေအဖြစ်သို့ ကူးပြောင်းရာတွင် ပြည့်စုံရမည့် အင်္ဂါခြောက်ပါးကို ဟောကြား ရှင်းလင်းတော်မူသည်။

သိက္ခာချလိုသော ရဟန်းသည်...

(၁) သူကိုယ်တိုင်က သိက္ခာချလိုသော ဆန္ဒ ရှိရမည်။

(၂) သိက္ခာချမည့်အကြောင်းကို မိမိ နားလည်သလို ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ နှုတ်မှ မြွက်ဟ ရွတ်ဆိုရမည်။

(၃) ထိုစကားရပ်များကို ပစ္စုပ္ပန်ကာလဖြင့် ရွတ်ဆိုရမည်။

(၄) သိက္ခာချနေသည့် အကြောင်းကို ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိစေရမည်။

(၅) သိက္ခာချနေသည့် အခြင်းအရာကို ကြားသူမြင်သူတို့ ချက်ချင်း သိရှိနားလည်သွားစေရမည်။

(၆) သိက္ခာချနေစဉ် ရူးသွပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းမှ ကင်းလွတ်ရမည်။

ဦးဓမ္မရက္ခိတဘွဲ့ခံ ဦးပဥ္စင်းကြီး မောင်ပြုံးချိုသည် အင်္ဂါခြောက်ပါးနှင့်အညီ သိက္ခာချသည်။ ဆရာတော်ကြီးက ပါဠိ မြန်မာ နှစ်ဘာသာဖြင့် တိုင်ပေးသည်များကို စိတ်နှလုံး တည်ငြိမ်စွာဖြင့် လိုက်ဆိုသည်။

"ကဲ သာမဏေ ဖြစ်သွားပါပြီ၊ အတက်ခက်ပေမယ့် အဆင်းကတော့ မြွယ်တယ်" ဟု ဆရာတော်ကြီးက အမိန့်ရှိလေသည်။

သာမဏေ မောင်ပြုံးချိုအား ဒကာပေးသောအားဖြင့် ဆရာတော်ကြီး၏ ခမန်းကို ရှင်းလင်းစေသည်။ မောင်ပြုံးချိုသည် နံရံတွင် ထောင်ထားသည့်

တံမြက်စည်းကို ယူလျက် အခန်းကို ရှင်းလင်းသည်။ ပြီးလျှင် ဆရာတော်ကြီးက ရှင်ဓမ္မရက္ခိတအား လူဝတ်လဲခွင့် ပြုလိုက်လေသည်။

လောကုတ္တရာ လမ်းကြောင်းပေါ်တွင် ကိုးရက်မျှသာ လျှောက်ခဲ့သည့် မောင်ပြုံးချို ယခု သူသည် လူဘဝ အစကတည်းက လျှောက်လာခဲ့သည့် လောကီလမ်းကြောင်းပေါ်သို့ ပြန်ရောက်သွားလေပြီ။

နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ရေးအတွက် ရဟန်းဝတ်ဖြင့် အစပျိုးခဲ့သော ဝိပဿနာတရားများကို ဆက်လက် အားထုတ်ရန် ဆရာတော်ကြီးက မှာကြားတော်မူသည်။

နေသည် အနောက်ဘက်သို့ ယွန်းစပြုနေလေပြီ။ သရက်ပင်များ အုပ်ဆိုင်းနေသော ရိပ်သာပရိဝုဏ်သည် သာယာအေးမြသည်။ သစ်ပင်များထက် ရဟန်းသုံးပါး၏ အရိပ်သည် ပို၍ အေးမြသည်။ ထိုအရိပ်များတွင် မောင်ပြုံးချိုတို့ ကိုးရက်မျှ ခိုလှုံခဲ့ရသည်။

ထိုအေးရိပ်သာမှ ထွက်ခွာလာသော မောင်ပြုံးချိုသည် အပူငွေ့ တရှိန်ရှိန် ထနေသည့် လမ်းမကြီးကို လှမ်းမျှော် တွေ့မြင်နေရသည်။

# အဘိုးကြီးအိုခါးမကုန်း

၁

နံနက် စောစော

"ဘိက္ခုနံ၊ ပဋ္ဌဝဂ္ဂိနံ၊ ဣလသိပတန နာမကော၊ မိဂဒါယေ" အိမ်ဦးဘုရားခန်းဆီမှ တင်မကြီး၏ မွှေစကြာ ရွတ်ဆိုသံကို ကြားရလေပြီ။ ဤသို့လျှင် နံနက်တိုင်းပင် စောစောထ၍ သရဇ္ဈာယ်နေကျ ဖြစ်သည်။ တိုးတိုး မဟုတ်။ ခပ်ကျယ်ကျယ်ကလေးရွတ်ဆိုတတ်သည်။ သူ၏ ရွတ်သံဖတ်သံကို လူတွေသာမဟုတ်၊ နတ်၊ သိကြား၊ ဗြဟ္မာတွေပါ နာယူနိုင်ရန် ခပ်ကျယ်ကျယ် ရွတ်ဆိုနေဟန် တူသည်။

အတော်ပဲ။ စောစော ထလိုသူ မောင်ပြုံးချိုအတွက် နှိုးစက်နာရီ ထားရန်မလိုတော့ပေ။ မရှေးမနှောင်းပင် "ပဲပြုတ်" ဟူသော အသံက လမ်းထိပ်ဆီမှ ထွက်ပေါ်လာသည်။ သည်အချိန်မှပင် ခြံဝင်းအတွင်းမှ ငှက်ကလေးတွေ၏ "စိုစီ စိုစီ" မြည်သံများကို ကြားနေရလေသည်။

မောင်ပြုံးချိုသည် အိပ်ရာမှ လူးလဲ ထလိုက်သည်။ ကိုယ်လက်သုတ်သင်ပြီးသော် ရာသီဥတုနှင့် သင့်လျော်သော အဝတ်အစားများကို လဲလှယ်ပြီးလျှင် လမ်းလျှောက်တုတ်ကို ကိုင်ကာ လှေကားမှ ဆင်းလာခဲ့လေသည်။ သူသည် အခန်းထောင့်တွင် ထောင်ထားသည့် ဂေါက်သီး အိတ်ကြီးကို လှမ်းကြည့်လိုက်မိသည်။ အိတ်ထဲတွင် ဂေါက်သီးတုတ်တွေ အပြည့်။

"ကျုပ်တို့ကို မသုံးတော့ဘူးလား"

သူတို့က ညှိုးငယ်စွာ လှမ်းပြောလိုက်သလိုလို။

"ငါ ပင်စင်စားဟော့၊ မင်းတို့အတွက် အကုန်အကျမခံနိုင်တော့ဘူ
မင်းတို့ကို ရောင်းပစ်တော့မလို့"

ဤသို့လျှင် စိတ်ထဲမှ ပြန်ပြောရင်း အိမ်ပြင်ဘက်သို့ ထွက်လာခဲ့ေ
သည်။

သူသည် စရိတ်အကုန်အကျ အသက်သာဆုံး ကျန်းမာရေး လေ့ကျ
ခန်း ပြုလုပ်ရန် ဖြစ်သည်။

လမ်းလျှောက်ခြင်း....။

ခြံဝင်းအပြင်သို့ ထွက်လာသောအခါ နံနက်ခင်း သန့်ရှင်းအေးမြသေ
လေသည် သူ့မျက်နှာကို ပက်ဖျန်းလိုက်လေသည်။

၂

မောင်ပြုံးချိုသည် နံနက်တိုင်း လမ်းလျှောက်နေကျ ဖြစ်သည်။ သည်ရပ်ကွ
သို့ မရောက်မီ စမ်းချောင်းတွင် နေစဉ်ကလည်း သည်လိုပင် လမ်းလျှေ
ထွက်လေ့ရှိသည်။ ရှမ်းလမ်းမှသည် သမ္ဘတအိမ်တော်ကို ပတ်ပြီး ပြည်လမ်း
ကြီးမှ လှည့်လာတတ်သည်။ တစ်ခါတစ်ရံလည်း အိမ်တော်ကို ဦးတိုက်လျှ
ရှိသည့် လမ်းတိုကလေးမှ ခရေပင်များအောက်တွင် ကလေးတွေနှင့် အပြိ
ခရေပန်း ဝင်ကောက်လိုက်သေးသည်။ ခရေပန်းနှင့် မောင်ပြုံးချိုသည် ငယ်ေ
ကတည်းက အကျွမ်းတဝင် ဖြစ်ခဲ့သည်။

ပြည်ထောင်စုရိပ်သာသို့ ပြောင်းရွှေ့လာသောအခါ၌လည်း လမ်
လျှောက်မပျက်။ ရွှေတိဂုံဘုရား ကုန်းတော်ကို တက်ရောက်သည့်အခါ တ
သည်။ တစ်ခါတစ်ရံ ကုန်းတော်ကို ပတ်၍ လျှောက်သည်။ တစ်ခါတစ်ရံလည
တော်လှန်ရေး ပန်းခြံထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

မောင်ပြုံးချိုသည် ယခု နေထိုင်ရာ ရပ်ကွက်သို့ ရောက်ရှိနေသည်မှ
သုံးမိုး လွန်ခဲ့ပြီ။ ထိုရပ်ကွက်ကို "ဘိုးဘွားတို့ ရပ်ကွက်" ဟု ခေါ်ရပေမည်
ဘဘကြီးတို့စုဝေးရာဒေသ ဟုလည်း ခေါ်ဆိုနိုင်သည်။ အသက်အရွယ်အားဖြ
၆၀ ပြည့်၍ အငြိမ်းစား ယူနေကြသည့် ဝန်ထမ်းဟောင်းကြီးများ တော်တော်မျ
များ နေထိုင်ကြသည်။ စစ်ဘက်နယ်ဘက်တွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသူေ

ဖြစ်ကြသည်။ ပြည်သူ့ဝန်ထမ်း မလုပ်ခဲ့ဖူးသော်လည်း တစ်နှယ်ငင် တစ်စင်ပါ သားသမီးများနှင့်အတူ ပါလာသူများလည်း ရှိသည်။

ထိုအရပ်သို့ မောင်ပြုံးချို ရောက်လာစက တစ်ဦးတည်း လမ်းလျှောက်လေ့ရှိသည်။ သူသည် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်က တစ်နေရာတည်း သုံးနှစ်ထက် ပိုမနေခဲ့ရ။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရ၍ ဒေသသစ်သို့ရောက်သည့်အခါတိုင်း ပတ်ဝန်းကျင်ကို ပထမဆုံး လေ့လာသည်။ ယခုလည်း ထိုအလေ့အကျင့်ကို ဖျောက်မရ။ အိမ်သစ်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီး နောက်တစ်နေ့နံနက်စောစောတွင် စ၍ လမ်းလျှောက်ထွက်ခဲ့သည်။ ဟိုလမ်းဝင်၊ သည်လမ်းထွက် ခြေဦးတည့်ရာ လျှောက်ခဲ့သည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က လယ်ကွင်းပြင်တွင် စတင် တည်ထောင်ခဲ့သော ထိုမြို့သစ်သည် အတော်စည်ကားနေလေပြီ။ တိုက်အိမ်ပုံစံတွေ ကလည်း ဆင်တူဖြစ်နေသောကြောင့် ကြည့်၍ တစ်မျိုး ကောင်းသည်။ ခြံဝင်းတိုင်းလိုလိုတွင် အုန်းပင်တွေနှင့် ပတ်လည်ဝိုင်းနေသည်။ အုန်းပင်အချို့သည် အသီးအပွင့်တွေနှင့် ဖြစ်နေလေပြီ။ သီးပင် ပန်းပင်တွေနှင့် မြိုင်နေသည်။ အချို့ခြံဝင်းထဲတွင် မြက်ခင်းစိမ်းလဲ့လဲ့များကို တွေ့ရသည်။ အချို့ခြံဝင်း အတွင်းမှာကား မြက်ပင် ပေါင်းပင်တွေနှင့် ရှုပ်ထွေးနေသည်။

ဤသို့လျှင် သုံးလေးရက်ခန့် တစ်ယောက်တည်း လမ်းလျှောက် နေခဲ့ရာမှ တစ်ခုသောနံနက်ခင်းတွင် စုပေါင်း လမ်းလျှောက်နေကြသော ပုဂ္ဂိုလ်တွေနှင့် တွေ့ရလေသည်။ သူတို့အထဲတွင် မောင်ပြုံးချို၏ သိဟောင်း ကျွမ်းဟောင်းများ ပါသည်။ မသိမကျွမ်းသူများလည်း ပါသည်။

"ဘယ်တုန်းက ပြောင်းလာတုံး"

မောင်ပြုံးချိုကို သိသူများက လှမ်း၍ နှုတ်ဆက် မေးမြန်းကြသည်။

"နှစ်ရက် သုံးရက်ပဲ ရှိသေးတယ်" ဟု မောင်ပြုံးချိုက ဖြေသည်။

"အခု ဘာလုပ်နေတုံး"

"ပင်စင်ယူပြီလေ"

"မနက်တိုင်း လမ်းလျှောက်သလား"

"ဟုတ်ကဲ့"

"ဒီလိုဆို ကျွန်တော်တို့အဖွဲ့ထဲ ဝင်ပါ"

"ဘာအဖွဲ့လဲ"

"လမ်းလျှောက်လူငယ်အဖွဲ့"

"ဝင်ကြေး ဘယ်လောက်တုံး၊ လစဉ်ကြေးကကော"

"ဝင်ကြေး မရှိ၊ လစဉ်ကြေး မရှိ၊ အလကား"

သူတို့တစ်တွေ မောင်ပြုံးချို၏ အမေးကို ပြိုင်တူဖြေကြသည်။

"ဒီလိုဆို ဝင်တယ်ဗျို့"

မောင်ပြုံးချိုက ဟစ်ကြွေးလိုက်လေသည်။ ဝင်ကြေးတွေ လစဉ်ကြေးတွေ သတ်မှတ်ထားလျှင် စဉ်းစားရဦးမည်။ အခုတော့ စဉ်းစားရန် မလိုတော့ပြီ။ အိမ်ရှင်မနဲ့ တိုင်ပင်နေဖို့ မလို။

ထိုနေ့မှ စ၍ မောင်ပြုံးချိုသည် ဘဘကြီးတို့၏ လမ်းလျှောက်လူငယ်အဖွဲ့ဝင်တစ်ဦး ဖြစ်သွားလေသည်။

အဖွဲ့ဝင်တွေထဲတွင် အရွယ်ရင့်သူတွေက များသည်။ အသက် ၆၀ ကျော် ၇၀ တွင်းတွေ၊ ၇၀ ကျော်ပြီး ၈၀ နား ကပ်နေသူတွေကိုလည်း တွေ့ရသည်။ ခေါင်းဖြူနေသူများ၊ အစွယ်ကျိုးနေသူများ၊ ခေါင်းလည်း ဖြူ၊ အစွယ်လည်း ကျိုးနေသည့် ခေါင်းဖြူစွယ်ကျိုးများ၊ ထိပ်ပြောင်နေသူများ။ အချို့လည်း လူအိုသာ ဆိုရသည် သန်တုန်း၊ မြန်တုန်း၊ ဖျတ်လတ်တုန်း။ ပုံစံအမျိုးမျိုးကို တွေ့ရပေမည်။ အရပ်အမောင်းအားဖြင့် ပိန်သူ၊ ဝသူ၊ ပုသူ၊ ရှည်သူ၊ ဝမ်းဗိုက်ပူသူ၊ ခါးသေးသူ၊ ခါးတုတ်သူ၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံအဖုံဖုံကို စုံအောင် မြင်ရသည်။ အသားအရောင်အားဖြင့်လည်း ဖြူဖြူ၊ လတ်လတ်၊ ဝါဝါ၊ မည်းမည်း၊ အမျိုးမျိုးကွဲနေကြသည်။ ဤသည် စက္ခုအာရုံတွင် ထင်လာသမျှကို ခွဲခြား၍ ပြလိုက်ခြင်း ဖြစ်ပါသည်။

သောတအာရုံတွင် လာတိုးသည့်အသံများကိုလည်း သုံးသပ်ရပေဦးမည်။ လမ်းပေါ်တွင် လူစုံလာလျှင် အသံမျိုးစုံကို နားသောတ ပန်ဆင်ရပေလိမ့်မည်။ တိုးတိုးပြောတတ်သူများ ပါသလို ကျယ်ကျယ်ပြောရမှ အားရသူလည်း ရှိသည်။ ကရားရေလွှတ် တတွတ်တွတ်ပြောတတ်သူ ရှိသလို ခပ်ဆိုင်း

ဆိုင်း ဖြည်းဖြည်းပြောသူလည်း ရှိသည်။ သူတစ်ပါးပြောနေသည်ကို မစောင့်နိုင်ဘဲ ဆန္ဒစောလွန်းပြီး ဝင်ပြောတတ်သူလည်း ရှိသည်။ အမျိုးမျိုး အဖုံဖုံ လူတွေ စုံလင်လှပါသည်။

ဘိုးဘိုး၊ ဘဘတို့နှင့် နင်လား ငါလား အားပြိုင်ကာ လမ်းလျှောက်နေသူ လူရွယ်တစ်ဦးသာ ပါဝင်လေသည်။ သူသည် ကုန်သည်လောကမှ ဖြစ်သည်။ ဟိုယခင် ၁၈ ရာစုနှစ်အတွင်းက အင်္ဂလိပ်ကုန်သည်တွေ မြန်မာပြည်အတွင်း ဝင်လာသလို သူလည်း ဘဘကြီးတို့ အဖွဲ့အတွင်းသို့ ဖောက်ထွင်းဝင်ရောက်လာခြင်း ဖြစ်သည်။ ရည်ရွယ်ချက်ချင်းတော့ တူမည် မဟုတ်ပါ။ ဘဘကြီးတို့ သူ့ကို လိုအပ်သလို အသုံးပြုနေကြသည်။ မြို့ထဲသို့ အလွယ်တကူ မထွက်နိုင်သော ဘဘကြီးတို့က လိုချင်တာရှိလျှင် သူ့ကို မှာကြသည်။ ဘီစကွတ်မုန့်၊ လက်ဖက်ခြောက်၊ အကိုက်အခဲပျောက် လိမ်းဆေး၊ စားဆေး အမျိုးမျိုး၊ စွပ်ကျယ်အင်္ကျီ စသည်များ။ အချို့ပစ္စည်းများ သူ့ဆိုင်မှ ယူလာသည်။ အချို့ကို ပြင်ပမှ တကူးတက ဝယ်ယူလာရသည်။ ဘဘကြီးတို့သည် တစ်ဦးတည်းသော အဖွဲ့ဝင်လူငယ်ကို လက်ကသုံးတောင်ဇေ့သဖွယ် အသုံးပြုကြသည်။ သူကလည်း စေတနာထက်သန်စွာနှင့် ပုံပိုး ကူညီပေးသည်။

နံနက်စောစော ခြောက်နာရီခန့်တွင် ဘဘကြီးတွေ နေအိမ်အသီးသီးမှ ထွက်လာကြသည်။ မိုးရာသီဆိုလျှင် ထီးကိုယ်စီ ကိုင်စွဲလျက်၊ ဆောင်းနှင့်နွေတွင် လမ်းလျှောက်တုတ်ကိုယ်စီနှင့် သံသုမာလမ်းမကြီးမှ နှင်းဆီကုန်းမီးရထားလမ်းအထိ ဆက်သွယ်ထားသော လမ်းပြောင်ပြောင်တွင် ဆုံကြသည်။ ထိုလမ်းသည် ပေလေးငါးရာခန့်သာ ရှည်လျားသည့် လမ်းတိုကလေး ဖြစ်၍ မော်တော်ယာဉ် အဝင်အထွက် နည်းသည်။ ခပ်စောစော ရောက်နေသူ ရှိသလို အတန်နောက်ကျမှ ထွက်လာသူလည်း ရှိသည်။ နောက်မှ ရောက်လာသူသည် စောစောရောက်၍ လျှောက်နေသူများနှင့် ဆုံမိသောအခါ လက်ယာလက်ကို မြှောက်၍ “မင်္ဂလာပါ” ဟု နှုတ်ခွန်းဆက်ကြသည်။ အရင်ရောက်နေသူများကလည်း “မင်္ဂလာပါ” ဟု ရွတ်ဆိုကာ လက်ကိုမြှောက်၍ပင် ပြန်လှန်နှုတ်ခွန်းဆက်ကြသည်။ လက်ချည်းသက်သက် ဖြစ်ချင် ဖြစ်မည်။ ထီးတုတ်ကိုင်စွဲထားသည့် လက်လည်း ဖြစ်နိုင်သည်။ သည်လို အပြန်အလှန် မင်္ဂလာ

စကားကို ရွတ်ဆိုကာ နှုတ်ခွန်းဆက်သပြီးသောအခါ နောက်မှ ရောက်လာသူလည်း အရင်ရောက်နေသူများနှင့် ရောနှောကာ လျှောက်သွားလေသည်။

သူတို့သည် “မင်္ဂလာပါ” ဟု မြည်တမ်းထားကြသည့်အလျောက် မင်္ဂလာစကားများကို ပြောဆိုကြသည်။

တိုင်းနှင့်ပြည်နယ် အသီးသီးတွင် အထွက်တိုးစပါးတွေ အားကြိုးမာန်တက် စိုက်ပျိုးနေကြပုံ။

ကျန်းမာရေးဝန်ကြီးဌာနက ဆရာဝန်ငါးရာကျော်ခန့်အပ်ပြီး ကျေးလက်ဒေသများသို့ပါ တာဝန်ထမ်းဆောင်ရန် စေလွှတ်သည့် အကြောင်း။

ဂုန်လျှော်တွေ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေကြသည့် သတင်း။

လအတွင်း ဆီဈေး သုံးလေးကျပ် ကျဆင်းသွားသည့် အကြောင်း။

နှမ်း အထွက်ကောင်းသည် ဟူသော သတင်း။

ရပ်ကွက် သမဝါယမက ကောက်ကြီးဆန်တွေ ထုတ်ပေးနေပါသတဲ့။

စနေနေ့တွင် ရေနံဆီ ထုတ်ပေးတော့မည် ဆိုပဲ။

ခုတလော သဃ်န်းကျွန်းမီးရထား အချိန်မှန်နေသည့်အကြောင်း။

ဂျူနှစ်စီမံကိန်းအကြောင်း၊ ဆိုးသွမ်းသူတွေ ဖမ်းဆီးမိသည့် သတင်း။

သားတွေ သမီးတွေ မြေးတွေ မြစ်တွေ စာမေးပွဲအောင်ကြသည့် အကြောင်း။

လွတ်လပ်ရေးတိုက်ပွဲအဆင့်တွင် ပါဝင် ဆောင်ရွက်ခဲ့သူများ နိုင်ငံဂုဏ်ရည်တွဲ့နှင့် ထောက်ပံ့ငွေများ ချီးမြှောက်သည့် အကြောင်း စသည် စသည်တို့ ဖြစ်လေသည်။

သို့သော် သူတို့သည် နေ့ရှိသရွေ့ အချိန်ရှိသရွေ့ မင်္ဂလာစကားကိုချည်း ပြောမနေကြနိုင်ပါ။ ကြုံတွေ့နေကြရသည့် မင်္ဂလာမမည်သည့် အကြောင်းကိစ္စများကိုလည်း ပြောကြ ဆိုကြ ဆွေးနွေးကြပါသည်။

လူငယ်လောကတွင် ဘိန်းဖြူအန္တရာယ် ကြီးမားနေသည့် အကြောင်း။

ညဥ့်နက်သန်းခေါင် လင်းအားကြီး အသံချဲ့စက် ဆူညံသည့် အတွက် အိပ်မရပါဘူးတဲ့။

မြို့ထဲတွင် မော်တော်ယာဉ်ချင်း တိုက်မိသဖြင့် ထိခိုက်ဒဏ်ရာ ရရှိကြသည့် အကြောင်း။

ရပ်ကွက် သမဝါယမနှင့် ပတ်သက်သည့် အဆင်မပြေမှုများ။

လဗိမာန်၏ မျက်နှာပြင်ကဲ့သို့ ဖုထစ် ချိုင့်ခွက်တွေ ထူပြောလှသည့် လမ်းမကြီး အကြောင်း။

ရပ်ကွက်လူထု အမြဲလိုလို ရင်ဆိုင်နေကြရသည့် ရောဂါစွဲ၊ မြေအခြေအနေ၊ အနံ့အသက်တွေ သယ်ဆောင်လာသည့် လေအကြောင်း၊ လျှပ်စစ်မီးမကြာခဏပျက်သည့်အကြောင်း ရေ၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါး အမြဲလိုလို ဖြစ်ပျက်ဖောက်ပြန်နေသည့်အကြောင်း၊ ရေမြောင်းတွေ ပိတ်နေ၍ ရေမစီးနိုင်ဘဲ ပုပ်စော်နံနေသည့်အကြောင်း။

ဤသို့လျှင် စကားပြောရင်း၊ ဆွေးနွေးရင်း၊ ဝေဖန်ရင်း စုပေါင်း လမ်းလျှောက်ကြသည်။

နောက်ဆုံး စာရင်းအရ စုပေါင်း လမ်းလျှောက်နေသူပေါင်း ၂၀ ကျော်သွားလေပြီ။ လူတွေကလည်း ပေါင်းစုံ၊ တိုင်းပြည်တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူနေသူတွေ များသည်။ ဌာနပေါင်းစုံ၊ နောက်ခံသမိုင်း ဘဝအတွေ့အတွေ့တွင် နှစ်ပေါင်းများစွာ ကျင်လည်လာခဲ့သူများ ဖြစ်သဖြင့် အတွေ့အကြုံမျိုးစုံ၊ အတွေးအခေါ် အယူအဆတွေကလည်း အဖုံဖုံ၊ ဘာသာရေးဆိုင်ရာနှင့် ပတ်သက်ပြီး ခံယူချက်ချင်း ကွဲပြားသကဲ့သို့ နိုင်ငံရေး သဘောတရားအယူအဆတွင်လည်း တူကြသည်မဟုတ်။ ထို့ကြောင့် လမ်းလျှောက်ရင်း ကိုယ့်ခံယူချက်ကို ကိုယ် ဖွင့်ဟကြသည်။ ကိုယ့်အယူအဆကို ကိုယ် ပြောဆိုတင်ပြကြသည်။

သည်လိုအခါများတွင် "အင်း" လိုက်ကာ နားထောင်နေသူများ ရှိသကဲ့သို့ "ခင်ဗျား ပြောတာ မဟုတ်သေးပါဘူး" ဟု ဆိုကာ စောဒက တက်သူလည်း ရှိသည်။ သည်တော့ ငြင်းကြ၊ ခုံကြသည်။ ဆူဆူညံညံ ဖြစ်လာတတ်သည်။

ဤသည်လျှင် ပျော်စရာ လောက။

ဘဘကြီးတို့ အသက် တစ်ပြန်လောက် ပြန်ငယ်သွားသည့် အချိန်။

၃

သည်ကနေ့ မောင်ပြုံးချို လမ်းလျှောက် ထွက်ခဲ့သည်မှာ စောနေသည်။

မိုးကုန်စ ဆောင်းအကူးမို့ လမ်းဘေး မြက်ပင်များပေါ်တွင် နှင်းတွေ စိုနေသည်။

သူ ဤအရပ်တွင် နေထိုင်ခဲ့သည်မှာ သုံးနှစ်ပင် ပြည့်တော့မည်။ ခြံဝင်းတွေ အတွင်းမှ အုန်းပင်ငယ်တို့သည် ကြီးထွားလာခဲ့လေပြီ။ သူရောက်စက အိမ်တစ်အိမ်ရှေ့မှ လဲမှို့ပင်များ၏ ပင်စည်သည် လက်မောင်းသာသာမျှသာ ရှိသေးသည်။ ယခုဆိုလျှင် သူတို့ပင်စည်များသည် ထွာဆိုင်မက ကြီးထွားလာခဲ့လေပြီ။ မနှစ်ကပင် အသီးတွေ ပြွတ်သိပ် တွေ့ခဲ့သည်။ ခြံစည်းရိုးတွင် စိုက်ထားသည့်ပုဏ္ဏရိက်ပင်များလည်း ခါးစောင်းခန့် မြင့်တက်နေလေပြီ။ ပွင့်နီ၊ ပွင့်ဝါတွေနှင့် မြိုင်နေကြကုန်သည်။ ခြံဝင်း တစ်ခုတွင် စည်းရိုးပတ် လည်၌ ဗိုလ်ကတော် မျက်ခုံးပင်များသည် တစ်နှစ်ကျော်အတွင်း တစ်ရပ်ခန့် မြင့်တက်လာပြီး ဖူးပွင့်ဝေဆာလျက် ရှိလေပြီ။ သည်အပင်များကို မြင်သောအခါ မောင်ပြုံးချိုသည် သူ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ရှမ်းပြည်နယ် တောင်ကြီးကို လွမ်းမိလေသည်။

ဆက်လျှောက်သွားသောအခါ နှစ်ခန်းတွဲ တိုက်သစ်လေးလုံးကို လှမ်းမျှော်ကြည့်မိသည်။ သူ ရောက်စက ထိုတိုက်လေးလုံးသည် အပြီးမသတ်သေး။ တစ်ပိုင်းတစ်စဖြင့် ရပ်ထားသည့် တိုက်လေးလုံးသည် လယ်ကွင်းများ အလယ်တွင် ညှိုးငယ်စွာ တည်ရှိနေခဲ့သည်။ စိုတစ်ခါ ခြောက်တစ်လှည့်၊ ပွတစ်မျိုး၊ အေးတစ်ဖုံ၊ အမျိုးစုံသော ရာသီဥတုဒဏ်ကြောင့် ညိုတစ်ကွက်၊ မည်းတစ်ကွက်၊ ရေညှိတွေ တက်စွဲပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့သည်။ သစ်ပင်နွယ်ပင်တွေလည်း နံရံတွင် ကပ်ရပ်ပေါက်ရောက်နေသေးသည်။ မောင်ပြုံးချိုတို့သည် ထိုမြင်ကွင်းကို ကြည့်ရင်း "ဗိဿနိုးမြို့ဟောင်း တစ်နေရာ" ဟု သမုတ်ထားကြလေသည်။

ယခုမူ တိုက်လေးလုံးသည် သစ်သစ်လွင်လွင်နှင့် လှလှပပ ဖြစ်နေလေပြီ အိမ်ရှင်တို့လည်း ပြောင်းရွှေ့ရောက်ရှိနေကြလေပြီ။ မြေဖို့ ခြံခတ်ပြီး ပန်း

စင်တွေ၊ အလှပင်တွေ စိုက်ပျိုးထားကြလေပြီ။ ဝင်းခြံတစ်ခုအတွင်းဝယ် စင်ပေါ်သို့ နွယ်တက်စ ပြုနေပြီဖြစ်သော ဘူးပင်များကိုပင် တွေ့နေရလေသည်။

သူသည် ဆက်လက်လျှောက်လာပြီး ဝဲဘက်သို့ ချိုးဝင်လိုက်လေသည်။

စပါးပင် စိမ်းစိမ်းလဲ့လဲ့တို့ ယိမ်းနွဲ့နေသည်ကို ခမ်းလှမ်းလှမ်းမှ တွေ့မြင်ရသည်။ အနီးသို့ ရောက်သောအခါ စပါးနှံတွေနှင့် ပြည့်နေသည့် ကောက်ပင်များသည် လမ်းလျှောက်နေသူများကို အလေးပြုသကဲ့သို့ ဦးညွှတ်နေကြသည်ကို တွေ့ရသည်။

"စပါးတွေ သိပ်ကောင်းတာပဲ"

မောင်ပြုံးချိုသည် စိတ်ထဲမှ ကျူးရင့်နေမိသည်။

"ကိုတင်တော့ ဒီနှစ် ဟန်ကျပြီ"

မိုးဦးကျကတည်းက နွားနှင့် ဖက်ရုန်းခဲ့ရသူ လယ်သမား ကိုတင်အတွက် ဝမ်းမြောက်ရလေသည်။

သူသည် တစ်ဦးတည်းပင် လျှောက်နေကျ လမ်းပေါ်တွင် သွားချည်ပြန်ချည် လျှောက်နေသည်။ လမ်းဘေး ဝဲယာတွင် အသီးအနှံတွေနှင့် ပြည့်နေသည့် စပါးလယ်ကွင်းကြီးအတွင်း မြင့်မားသော ကောက်ပင်တို့သည် လေဝှေ့လိုက်တိုင်း ယိမ်းကနေသလိုလို။

သူသည် လယ်ကွင်းအလယ်မှ ကိုတင်၏တဲကို လှမ်းမျှော်ကြည့်မိသည်။

ကိုတင်သည် တဲပေါက်ဝတွင် ရပ်လျက် လယ်ကွင်းကြီးကို ကြည့်နေသည်။ သူသည် အချိန်ကျ၍ရိတ်သိမ်းရောင်းချပြီးလျှင် ရမည့်ငွေတွေကို မှန်းဆတွက်ချက်နေဟန် တူသည်။ မည်သို့ သုံးစွဲမည်ကို စိတ်ကူးနေသည်။

ထိုခဏ၌ လမ်းလျှောက်ဖော်တွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ သူတို့သည် ထုံးစံအတိုင်း နှုတ်ဆက်ကြပြီး ထွေရာလေးပါးစကားပြောရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြလေသည်။

ပြောကြ ဆိုကြ ငြင်းကြ ခုန်ကြသည်မှာလည်း ဆူဆူညံညံ။

တစ်နာရီခန့် ကြာသောအခါ ဈေးထွက်လာကြကုန်ပြီ။ နေကလည်း ဆန်းနှစ်ဖျားခန့် မြင့်တက်နေလေပြီ။

ယနေ့အဖို့ တော်လောက်ပြီ။

တစ်ဖက်သို့ ကွေ့လိုက်ကြသည်။ လမ်းထိပ်ကို ရောက်သော် နှုတ်ဆက်ပြီး လူစုခွဲလိုက်ကြလေသည်။

သည်အထဲမှ နှစ်ဦးသုံးဦးက ဈေးဘက်သို့ ထွက်ခွာသွားကြသည်။ ဇနီး ဈေးဝယ်ထွက်သွားသည်ကို လိုက်ကြိုရဦးမည်။ ဈေးခြင်းတောင်းကို ဝိုင်းကူကာ ဆွဲရဦးမည်။

နောက်တစ်နေ့ နံနက်တွင် သူတို့တစ်တွေ သည်လိုပင် သည်နေရာတွင် ဆုံကြဦးမည်။ သည်လမ်းပေါ်တွင် သည်လိုပဲ စုပေါင်းလမ်းလျှောက်ကြဦးမည်။

အဘိုးကြီးအို ခါးမကုန်း

မနက်ခင်းတိုင်း လမ်းလျှောက်တုန်း

နောင်နှစ်ခါ တန်ဆောင်မုန်း

ဆက်လက် လျှောက်ပါဦး (အုံး)။

**မန်းတင်**